www.burmeseclassic.com

UNITY

# သက်ရှိရာဇဝင်

## ဒေါက်တာမောင်မောင်



ဦးသိမ်းမောင်
ဗိုလ်ချုပ်ကြီးနေဝင်း
ဦးကျော်ငြိမ်း
ဦးဗဆွေ
ဗိုလ်မှူးအောင်
ဗိုလ်ခင်မောင်ကလေး
ဦးထွန်းဝင်း
သခင်ချစ်မောင်
ဦးသန်းအောင်

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

UNITY

ပြည်မြို့ ရွှေဆံတော်ဘုရားတွင် "မည်သူမျှ ဖိနပ် မစီးရ" ဟူသော ဆိုင်းဘုတ်သည် အင်္ဂလိပ်လက်အောက် မြန်မာပြည်၌ ဦးစွာ မြင်တွေ့ကြရ၏။

– နိုင်ငံတော်တရားဝန်ကြီးချုပ် ဦးသိမ်းမောင်မှ

သူသည် စာရေးဆရာတစ်ယောက်၊ တက္ကသိုလ်ပါမောက္ခတစ်ယောက်နှင့်သာ တူနေသည်။ ဘာနှင့်ပဲတူတူ သူ၏အညာသားမှု မပျက်ဘဲ ကော်ဖီကို ပန်းကန်လုံးမှ ပန်းကန်ပြားထဲသို့ လောင်း၍ထည့်ပြီးမှ သောက်သည့်အကျင့်ကို ကျွန်တော်မြင်၍ မှတ်မိလိုက်သည်။

– ဦးကျော်ငြိမ်းမှ

ရဲဘော်သုံးကျိပ်ဝင်အဖြစ်နှင့်၊ ဗမာ့လွတ်လပ်ရေးတပ်မတော် ဦးစီးတစ်ဦးအနေနှင့် စစ်ရေးဖြင့်တိုက်ခဲ့သော ဗိုလ်မှူးအောင်။ ဖက်ဆစ်ဂျပန်တို့ကို တော်လှန်ရာတွင် တိုက်ပွဲများဆုံရာ လမ်းကြောင်းကြီးများအလယ်မှ ရှပ်ချုံစွာတိုက်ခဲ့သော ဗိုလ်မှူးအောင်။ စစ်ပြီးခေတ်လွတ်လပ်ရေးအင်အားစုတို့ကို ဗိုလ်ချုပ်အောင်ဆန်းနှင့် ယှဉ်တွဲ၍ ခေါင်းဆောင်ခဲ့သော ဗိုလ်မှူးအောင် . . .

– ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဗိုလ်မှူးအောင်မှ

"အစိုးရဆိုတာ ရန်သူမျိုးငါးပါးအပါအဝင်လို့ ဆိုထုံးရှိနေတာကို ပြည်သူတွေပါ အစိုးရအဖြစ် ဝင်ပြီးပါဝင်စေခြင်းဖြင့် အဲဒီဆိုထုံးနှင့် အစွဲကို ပပျောက်အောင် လုပ်ရမယ်"

– ဗိုလ်ခင်မောင်ကလေးမှ

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူ များအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ခိုင်မာသောဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ခံယူချက်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

---

စာအုပ်အမှတ် (၆၇)

# သက်ရှိရာဇဝင်

## ဒေါက်တာမောင်မောင်

(ဒုတိယအကြိမ်)

UNITY
အမှတ် ၅၊ ရတနာသိခ်လမ်း၊ စမ်းချောင်း၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၁၃၀၉၇၇

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၃၁၀၁၂၉၀၆၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၁၀၁၀၆၀၇၁၁

မျက်နှာဖုံးဒီဇိုင်း

ခွန်ကျော်စွာ

ပုံနှိပ်ခြင်း

ပထမအကြိမ် - သမာမိတ္တအပြည်ပြည်ဆိုင်ရာ ပညာရေးစာအုပ်
ဖြန့်ချိရေးဌာန၊ ၁၉၅၆ ခုနှစ်

ဒုတိယအကြိမ် - UNITY Publishing House

၂၀၁၁ ဩဂုတ်လ

အတွင်းဖလင်

A7 Group

စာအုပ်ချုပ်

ကိုမြင့်

အုပ်ရေ - ၅၀၀

ထုတ်ဝေသူ


ဦးသန်းဆွေ (၀၃၉၂၀) UNITY စာပေ၊
၃၆၊ အပေါ်ဆုံးထပ်၊ ဟသ်ာတလမ်း၊ စမ်းချောင်း၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ

ဦးဝင်းကျော်ထွန်း၊ မုံရွေးပုံနှိပ်တိုက်
အမှတ် ၁၄၀၊ ၄၅ လမ်း၊ ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

**တန်ဖိုး - ၁၈၀၀ ကျပ်**

၉၂၃.၁
မောင်မောင်၊ ဒေါက်တာ
သက်ရှိရာဇဝင်/ဒေါက်တာမောင်မောင်။
- ရန်ကုန်၊
UNITY စာပေ၊ ၂၀၁၁။
၁၆၂ - စ၊ ၂၁ × ၁၃.၂ စင်တီ။
(၁) သက်ရှိရာဇဝင်



ဒေါက်တာမောင်မောင် ( ၁၉၂၅ - ၁၉၉၄ )

၁၉၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်တွင် မန္တလေးမြို့၌ ဖွားသည်။ အဖမှာ အထက်တန်းရှေ့နေ ဦးဆင့်၊ အမိမှာ ဒေါ်အေးတင် ဖြစ်သည်။ မွေးချင်း ခုနှစ်ယောက်အနက် တစ်ဦးတည်းသောသားဖြစ်သည်။ အစ်မနှစ်ယောက်၊ နှမလေးယောက်ရှိသည်။

၁၉၃၉ ခုနှစ်တွင် မန္တလေးမြို့ ဗုဒ္ဓသာသနာ့နုဂ္ဂဟ အထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်း စာမေးပွဲကို အသက် ၁၄ နှစ်ဖြင့် အောင်မြင်ခဲ့သည်။ အသက်မပြည့်၍ တက္ကသိုလ်ဝင်ခွင့် မရခဲ့ပေ။ သို့သော် မန္တလေး ဥပစာကောလိပ်ကျောင်းအုပ်ကြီး မစ္စတာမာရှယ်၏ ခွင့်ပြုချက်ဖြင့် ဥပစာသိပ္ပံတန်းများကို တက်ရောက် သင်ယူခွင့်ရခဲ့သည်။ ဂျပန်ခေတ် ၁၉၄၃ ခုနှစ်တွင် ရန်ကုန်မြို့ တာမွေရပ် ဗိုလ်ရှင်းရေအိုးစင်လမ်း တာစစ်ဌာနက စစ်ဆေးသော တက္ကသိုလ်စာမေးပွဲကို ဝင်ရောက်ဖြေဆိုရာ သုံးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။

၁၉၄၃ ခုနှစ်တွင် ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ)ထောက်ပံ့ရေးတပ်သို့ တပ်သားအဖြစ် ဝင်ရောက်သည်။ ၁၉၄၄ ခုနှစ်တွင် မင်္ဂလာဒုံစစ်တက္ကသိုလ် စတုတ္ထပတ်ဗိုလ်လောင်းသင်တန်း တက်ရောက်သည်။

၁၉၄၅ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်တွင် ဗိုလ်သင်တန်းဆင်း၍ စစ်ဝန်ကြီးရုံး စစ်ပညာဌာနနှင့် စစ်ဥပဒေဌာနများတွင် ဒုဗိုလ်အဖြစ် တာဝန်ပေးအပ်ခံရသည်။ ဂျပန်တော်လှန်ရေးတွင် ဟသ်ာတခရိုင်နှင့် မျိုးချစ်ဗမာ့တပ်မတော်

www.burmeseclassic.com

www.burmeseclassic.com



တိုင်း(၁) စစ်ဌာနချုပ်၊ ပဲနွယ်ကုန်းတို့၌ တပ်များသိမ်းသည်အထိ အမှုထမ်းခဲ့သည်။ တော်လှန်ရေးပြီး၍ တပ်များဖျက်သိမ်းချိန်တွင် စာပေထုတ်ဝေရေး လုပ်ငန်းများလုပ်ဆောင်ရန် တပ်မှ ထွက်ခဲ့သည်။ တော်လှန်ရေးအတွင်း အင်္ဂလိပ်ဘာသာဖြင့် The Forgotten Army (၁၉၄၆)ကို ရေးသားခဲ့သည်။ စစ်ပြီးနောက် ဒီးဒုတ်ဂျာနယ်အယ်ဒီတာ ဒီးဒုတ် ဦးဘချို၏ အမှာစာနှင့် ထုတ်ဝေခဲ့သည်။ ရန်ကုန်ရီဗျူးဂျာနယ်၊ ဘားမိစ်ရီဗျူးဂျာနယ်၊ နေ့ရှင်းသတင်းစာများတွင်လည်း အင်္ဂလိပ်ဘာသာဖြင့် စာများရေးသားခဲ့သည်။

ဒုတိယကမ္ဘာစစ်ပြီးစ ပထမဦးဆုံးအကြိမ်ကျင်းပသည့် ၁၉၄၆ ခုနှစ် ဩဂုတ်လ ရန်ကုန်တက္ကသိုလ်စာမေးပွဲကို ပြင်ပမှ ဝင်ရောက်ဖြေဆိုကာ ဝိဇ္ဇာဘွဲ့ကို အင်္ဂလိပ်စာဂုဏ်ထူးဖြင့် ရခဲ့သည်။ ၁၉၄၆ ခုနှစ် စက်တင်ဘာလတွင် အင်္ဂလိပ်စာဌာန နည်းပြအဖြစ် ဆောင်ရွက်သည်။ ထိုသို့ ဆောင်ရွက်နေစဉ် ပြန်ကြားရေးဌာန ညွှန်ကြားရေးဝန် ဦးသန့်၏ဖိတ်ခေါ်ချက်ဖြင့် တက္ကသိုလ်မှ ထွက်၍ **နယူးတိုင်းအော့ဖ်ဘားမား** သတင်းစာ အယ်ဒီတာအဖြစ် ၁၉၄၇ တွင် တာဝန်ယူခဲ့သည်။ "မြန်မာနိုင်ငံ လွတ်လပ်ရေး ကြေညာစာတမ်း"မူကြမ်းကို အင်္ဂလိပ်ဘာသာဖြင့် တာဝန်ယူရေးသားခဲ့ပြီး ဦးခင်ဇော်(K)နှင့် ဦးသန့်တို့က တည်းဖြတ်ပေးခဲ့သည်။ ထိုနှစ်မှာပင်ရန်ကုန်တက္ကသိုလ်မှ B. L. ဥပဒေဘွဲ့ကို ပထမအဆင့်ဖြင့် ရရှိခဲ့သည်။ ၁၉၄၈ တွင် မြန်မာပြည် မီးရထားဌာနဘုတ်အဖွဲ့ လက်ထောက်အတွင်းဝန်အဖြစ် တာဝန်ထမ်းဆောင်သည်။ ၁၉၄၉ အောက်တိုဘာလတွင် "သတင်းဖြန့်ချိရေးပညာ" ပညာတော်သင်အဖြစ် လန်ဒန်သို့ သုံးနှစ်ကျော် ပညာသင် သွားရောက်ခဲ့သည်။ လန်ဒန်တွင် သတင်းစာပညာသင်ကြားနေစဉ် လင်ကွန်းအင်း (Lincoln's Inn) ဥပဒေသင်တန်းကျောင်းမှ ဘာရစ်စတာ ဝတ်လုံဘွဲ့ (Barrister-at-Law) ရသည်။ လန်ဒန်စကူးအော့ဖ်အီကောနောမစ်မှ (L.L.M) ဥပဒေသင်တန်းကိုမူ ငွေကြေးအခက်အခဲကြောင့် ပြီးဆုံးအောင် မသင်ယူနိုင်ခဲ့ပါ။ သို့သော် ဟော်လန်နိုင်ငံ ယူးထရက် (Utrecht) တက္ကသိုလ်ပါမောက္ခ ဗာဇီး(J.H.W. Verzijl)ထံတွင် ဥပဒေပါရဂူဘွဲ့အတွက် ကျမ်းပြုခဲ့သည်။ ကျမ်းမှာ"ကမ္ဘာ့မိသားစုများထဲမှ မြန်မာနိုင်ငံ" ဟု အမည်ရသော (Burma in the Family of Nations) ဖြစ်၍ ၁၉၅၆ တွင် ဟော်လန်နိုင်ငံမှ ပုံနှိပ်ထုတ်ဝေခဲ့ပြီး အပြည်ပြည်ဆိုင်ရာဥပဒေဘာသာရပ်ဖြင့် ဥပဒေပါရဂူဘွဲ့ (LL.D.) ရရှိခဲ့သည်။



၁၉၅၃ တွင် မြန်မာပြည်ပြန်ရောက်၍ Guardian အင်္ဂလိပ်မဂ္ဂဇင်းကို စတင်တည်ထောင်သူများတွင် တစ်ဦးအပါအဝင်ဖြစ်သည်။ ၁၉၅၃ မှ ၁၉၅၅ ခုနှစ်တိုင် ရှေ့နေချုပ်အဖြစ် ဆောင်ရွက်သည်။ ၁၉၅၅ တွင် ရာထူးမှ နုတ်ထွက်၍ ဝတ်လုံလိုက်သည်။ ၁၉၅၈-၆၀ အိမ်စောင့်အစိုးရလက်ထက်တွင် လက်ထောက်ရှေ့နေချုပ်အဖြစ် တာဝန်ပေးအပ်ခံရသည်။ ထို့နောက် ရန်ကုန်တက္ကသိုလ်တွင် ဥပဒေကထိကအဖြစ် ဆောင်ရွက်သည်။ ၁၉၆၀ စက်တင်ဘာလမှ ၁၉၆၂ ဇူလိုင်လတိုင် အမေရိကန်ပြည်ထောင်စု ယေးလ်တက္ကသိုလ် နိုင်ငံရေးသိပ္ပံနှင့် အရှေ့တောင်အာရှ လေ့လာရေးဌာနတွင် ဧည့်ကထိကအဖြစ် ဆောင်ရွက်သည်။ ထိုသို့ဆောင်ရွက်နေစဉ် အင်္ဂလိပ်ဘာသာဖြင့် A Trial in Burma [ The Assassination of Aung San ] (၁၉၆၂) နှင့် Aung San of Burma (၁၉၆၂)တို့ကို ရေးသားပြုစုခဲ့ပြီး ဟော်လန်နိုင်ငံတွင် ပုံနှိပ်ထုတ်ဝေခဲ့သည်။ ၁၉၆၂ ဇွန် ၁၁ တွင် ယေးလ်တက္ကသိုလ်မှ ဥပဒေပါရဂူ "Doctor of Juridical Science" ဘွဲ့ ပေးအပ်ခံရသည်။

၁၉၆၂ ဇူလိုင် ၁၁ တွင် တော်လှန်ရေးအစိုးရက တရားသူကြီးရာထူး ပေးအပ်ခဲ့သည်။ ၁၉၆၅ တွင် နိုင်ငံတော်တရားသူကြီးချုပ်အဖြစ် တိုးမြှင့်ခန့်ထားခဲ့သည်။ ထို့နောက် တော်လှန်ရေးကောင်စီဝင်၊ တော်လှန်ရေးအစိုးရအဖွဲ့ဝင်၊ တရားရေးဝန်ကြီး၊ နိုင်ငံတော်ကောင်စီဝင် စသည့် တာဝန်များကို ထမ်းဆောင်ခဲ့သည်။

၁၉၈၈ ခုနှစ် ဩဂုတ်လ ၁၉ ရက်တွင် နိုင်ငံတော်သမ္မတရာထူး ခန့်အပ်ခံရသည်။ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာ ၁၈ ရက်တွင် နိုင်ငံတော်သမ္မတရာထူးမှ အငြိမ်းစားယူခဲ့သည်။

၁၉၄၇ ခုနှစ်၊ ဒီဇင်ဘာ ၃ ရက်တွင် ဟင်္သာတမြို့ ပါလီမန်အမတ် ဦးသန်းတင်၊ ဒေါ်ကျင်မြတို့၏သမီး ဒေါ်ခင်မြင့်နှင့် လက်ထပ်၍ သားသုံးဦး၊ သမီးလေးဦး ထွန်းကားသည်။ နိုင်ငံတော်က ၁၉၇၅ ခုနှစ်တွင် လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်) နှင့် ၁၉၈၄ တွင် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်) ကို ချီးမြှင့်ခဲ့သည်။

၁၉၉၄ ခုနှစ် ဇူလိုင်လ ၂ ရက်တွင် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ် မေခလမ်း၊ အိမ်အမှတ် ၁၆ (က) ၌ ကွယ်လွန်ခဲ့သည်။

*

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမောင်မောင် ရေးသားပြုစုခဲ့သော စာပေလက်ရာများမှာ မြန်မာဘာသာဖြင့် **သွေးနီ**(၁၉၄၆)၊ **တို့ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ** (၁၉၅၈)၊ **သက်ရှိရာဇဝင်** (၁၉၅၆)၊ **နိုင်ငံတော်လုပ်ကြံမှု [ပြည်ထောင်စုနှင့် ဦးစော]** (၁၉၆၃)၊ **မြန်မာ့နိုင်ငံရေးခရီးနှင့် ဗိုလ်ချုပ်ကြီးနေဝင်း** (၁၉၆၉)၊ **သားမောင် စစ်သည်သို့** (၁၉၇၃)၊ **တရားဥပဒေ အထွေထွေဗဟုသုတ** (၁၉၇၄)၊ **ပြည်သူ့ ဝန်ထမ်းသားသမီးများသို့** (၁၉၈၇)တို့ ဖြစ်သည်။

အင်္ဂလိပ်ဘာသာဖြင့်စာအုပ်များမှာ The Forgotten Army (1946), Burma's Teething Time(1949), London Diary (1952), Grim War against the KMT (1953), Burma in the Family of Nations (1956), Burma's Constitution (1959), A Trial in Burma (The Assassination of Aung San) (1962), Aung San of Burma (1962), Law and Custom in Burma and the Burmese Family(1963), Burma and General Ne Win(1969), To a Soldier Son (1974), The1988 Uprising in Burma (1999) တို့ ဖြစ်ပါသည်။

□

## စာရေးသူ

စာရေးသူသည် စစ်အတွင်း မြန်မာ့တပ်မတော်တွင် အမှုထမ်း၍ တော်လှန်ရေးတွင် ပါဝင်ဆင်နွှဲခဲ့၏။ ရန်ကုန်တက္ကသိုလ်၌ အင်္ဂလိပ်စာ နည်းပြဆရာလုပ်ပြီး ဥပဒေဘွဲ့ကို ယူခဲ့သည့်အပြင် အင်္ဂလိပ်သတင်းစာကြီးတစ်စောင်၏ အယ်ဒီတာအဖြစ် လုပ်ကိုင်ခဲ့ဖူး၏။ ထို့နောက် လန်ဒန်မြို့နှင့် ဟော်လန်နိုင်ငံတို့တွင် သတင်းစာ အတတ်နှင့် ဥပဒေပညာများကို ဆည်းပူးခဲ့၍ လန်ဒန်မှ ဝတ်လုံဘွဲ့ကို ယူ၏။ ဟော်လန်မှ အပြည်ပြည်ဆိုင်ရာဥပဒေ ဒေါက်တာဘွဲ့ကို ယခုနှစ်တွင် ယူရန် ရှိနေ၏။ GUARDIAN အင်္ဂလိပ်မဂ္ဂဇင်းကို စတင် တည်ထောင်ခဲ့သည့်အပြင် အင်္ဂလိပ်လို စာအုပ်၊ ဆောင်းပါးများ ရေးသား၏။ ယခုအခါ တစ်ဖက်က ဝတ်လုံလိုက်ရင်း စာရေးကာ မဂ္ဂဇင်း၊ စာအုပ် စသည်တို့ကို ပြုစုထုတ်ဝေလျက် ရှိ၏။

|ပထမအကြိမ်ထုတ် (၁၉၅၆) တွင် ပါရှိသော စာရေးသူအကြောင်း|

www.burmeseclassic.com

## မာတိကာ


| | | စာမျက်နှာ |
|---|---|---|
| - | ပထမအကြိမ် ထုတ်ဝေစဉ်က စာရေးသူ၏အမှာစာ | ၁၁ |
| - | စာအုပ်တိုက်၏အမှာ | ၁၃ |
| ၁။ | ဦးသိမ်းမောင် (နိုင်ငံတော်တရားဝန်ကြီးချုပ်) | ၁၄ |
| ၂။ | ဗိုလ်ချုပ်ကြီးနေဝင်း (ကာကွယ်ရေးစစ်ဦးစီးချုပ်) | ၃၄ |
| ၃။ | ဦးကျော်ငြိမ်း (စက်မှုလက်မှုဌာနဝန်ကြီး) | ၅၂ |
| ၄။ | ဦးဗဆွေ (ကာကွယ်ရေးနှင့် သတ္တုတွင်းဌာနဝန်ကြီး) | ၇၀ |
| ၅။ | ဗိုလ်မှူးအောင် (ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ) | ၉၀ |
| ၆။ | ဗိုလ်ခင်မောင်ကလေး (ပြည်ထဲရေးဌာနဝန်ကြီး) | ၁၀၀ |
| ၇။ | ဦးထွန်းဝင်း (ပြန်ကြားရေးဌာနဝန်ကြီး) | ၁၁၄ |
| ၈။ | သခင်ချစ်မောင် (ပြည်သူ့လုပ်ငန်းဌာနဝန်ကြီး) | ၁၃၈ |
| ၉။ | ဦးသန်းအောင် (ပညာရေးဌာနဝန်ကြီး) | ၁၅၀ |


## ပထမအကြိမ် ထုတ်ဝေစဉ်က
## စာရေးသူ၏ အမှာစာ

မြန်မာပြည်၌ စာအုပ်စာတမ်းများကို စုဆောင်းသိမ်းဆည်းသော ဝါသနာ၊ စာရွက်ပေရွက်၊ သတင်းစာဟောင်းများအထိ စုဆောင်းသိမ်းဆည်းသောဝါသနာ မရှိကြပါ။ ထို့ကြောင့် မြန်မာပြည်ခေတ်တစ်ခေတ်အကြောင်းကို သုတေသန လုပ်လိုလျှင် အတော်ပင် ခက်ခဲပါသည်။ ဥပမာအားဖြင့် ၁၃၀၀ ပြည့်နှစ် အရေးတော်ပုံများအကြောင်းကို စေ့စုံစွာလေ့လာလိုလျှင် ရှာဖွေစရာ အလွန်နည်းပါး၍ နေပါသည်။ ဒါကို ထားပါဦး။ ဗမာ့လွတ်လပ်ရေးတပ်မတော်ခေတ်၊ ဂျပန် တော်လှန်ရေး၊ ဖဆပလ အလံတော်အောက်မှနေ၍ မြန်မာ့လွတ်လပ်ရေးသို့ နောက်ဆုံးအဆင့် ချီတက်ခဲ့ကြပုံတို့ကို ရာဇဝင်အနေနှင့် ရေးသားရန်အတွက် ပင်လျှင် သုတေသနလုပ်စရာ စာပေများ၊ မှတ်တမ်းဝင်အချက်အလက်များ ရှားပါး၍နေပါပြီ။

ယခု မျက်မှောက်ခေတ်သည် မြန်မာ့ရာဇဝင်ကို ပြင်ခဲ့၊ ပြုခဲ့သောခေတ် ဖြစ်ပေသည်။ ကောင်းကောင်း ဆိုးဆိုး သည်ခေတ်၏ အရောင်အဝါတို့သည် နောင် အနှစ်တစ်ရာကုန်လျှင်လည်း မြန်မာ့ရာဇဝင်တွင် ဟပ်၍ပင် ရှိပါဦးမည်။ သည်ခေတ်ကို ပြင်ခဲ့၊ ပြုခဲ့ကြသော ပုဂ္ဂိုလ်တို့အကြောင်းကို လေ့လာဆည်းပူး၍ အသက်ဝင်၍နေကြသော ရာဇဝင်အပိုင်းများဟုဆိုလျှင် ဆိုနိုင်ပေသော ထိုပုဂ္ဂိုလ်တို့၏ အတ္ထုပ္ပတ္တိကို ခပ်တိုတိုနှင့်ရေးကာ 'Profile' ခေါ် ရုပ်ဖော် ဆောင်းပါးများကို ကျွန်တော် ပါဝင်ထူထောင်ခဲ့သော 'GUARDIAN' အင်္ဂလိပ် လစဉ်မဂ္ဂဇင်းတွင် ထည့်သွင်းရေးသားခဲ့ပါသည်။ ကျွန်တော့်စေတနာမှာ ရာဇဝင်မှတ်တမ်းကလေးများအဖြစ် တင်ထားရန်နှင့် ယခုခေတ်လူငယ်များအဖို့ အားကျစဖွယ်ဖြစ်စေအောင် လယ်သမား၊ အလုပ်သမားက သမ္မတဖြစ်နိုင်သော ဤခေတ်တွင် အားတက်၍ ကြိုးစားကြလေအောင် သွယ်ဝိုက်သောနည်းဖြင့် အားပေးခြင်းလည်း ဖြစ်ပါသည်။

အတ္ထုပ္ပတ္တိများကို သုတေသနပြု၍ ရေးသားရသည်မှာ မလွယ်ကူခဲ့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂိုလ်ကျော်တို့မှာ အလုပ်မအားလပ်ကြ။ တွေ့ဆုံရပြန်လျှင်လည်း သူတို့အကြောင်းကို သူတို့ ပွင့်ပွင့်ပြည့်ပြည့် မပြောလိုကြ။ သို့ရာတွင် ဖော်ရွေစွာနှင့် ကူညီကြသည်ကိုပင် ကျေးဇူးတင်ရပါသည်။

ဤစာအုပ်ကို ထုတ်ဝေသူများကပင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု၏ အတ္ထုပ္ပတ္တိကို စာအုပ်တစ်အုပ်သတ်သတ် ထုတ်ဝေပြီးဖြစ်သဖြင့် ကျွန်တော့်အဖို့ တာဝန်တစ်ခု ပေါ့သွားပါသည်။ သာမန်အားဖြင့် အတ္ထုပ္ပတ္တိပေါင်းစုံစာအုပ်တစ်အုပ်တွင် ဦးနုကို ချန်လှပ်ခဲ့၍ လုံးဝ မဖြစ်နိုင်ပါ။ ဦးနု၏ အတ္ထုပ္ပတ္တိကို တိုတိုနှင့် အကွက်မိအောင်၊ စုံလင်အောင် ရေးဖို့မှာလည်း မလွယ်ကူပါ။

ဤစာအုပ်ပါ အတ္ထုပ္ပတ္တိများမှာ အင်္ဂလိပ်လိုရေးပြီးသော 'Profile' များမှ တိုက်ရိုက်ဘာသာပြန်များမဟုတ်ကြဘဲ အင်္ဂလိပ်မူများကို မှီး၍သာ ရေးပါသည်။ ဖြည့်စွက်ပြင်ဆင်ခြင်းမှာလည်း ရှိပြီး ဦးဗဆွေနှင့် ဦးသန်းအောင်တို့၏ အတ္ထုပ္ပတ္တိများမှာ အသစ် မြန်မာလိုမူရင်းထား၍ ရေးသားပါသည်။ အခွင့်အခါသင့်ပါက နောင်လည်း ဤသို့ အခြားသော အတ္ထုပ္ပတ္တိများကို စုပေါင်း၍ ဤထုတ်ဝေသူများကပင် ဆက်လက်၍ ရိုက်နှိပ်ဖြန့်ဖြူးကြရန် အစီအစဉ်ရှိပါသည်။ ဒုတိယစာအုပ်တွင် ဝန်ကြီးများဖြစ်ကြသော သခင်တင်၊ ဆမားဒူးဝါးဆင်ဝါနောင်၊ ဦးရာရှစ် စသူတို့အပြင် ဒေါ်ခင်ကြည်နှင့် အခြားပုဂ္ဂိုလ်ကျော်ပညာရှင်တို့၏ အတ္ထုပ္ပတ္တိများကို ထည့်သွင်းဖို့ ရည်ရွယ်ပါသည်။ ယခုစာအုပ်တွင် ၎င်းတို့ထဲမှ တချို့တို့ မပါဝင်ရသည်မှာ ၎င်းပုဂ္ဂိုလ်တို့ အလုပ်များလွန်းနေကြ၍၊ ကျွန်တော် တွေ့ဆုံခွင့် မကြုံကြိုက်ခဲ့ရ၍ ဖြစ်ပါသည်။

ဤစာအုပ်ကို ပြုစုရာတွင် ဝိုင်းဝန်း၍ ကူညီကြသူများမှာ ဖော်မပြနိုင်အောင် များပြားကြပါသည်။ တစ်ဦးစီ၏ နာမည်ကို ထုတ်ဖော်၍ ကျေးဇူးမတင်နိုင်သော်လည်း အားလုံးကို လှိုက်လှဲစွာကျေးဇူးတင်ပါသည်။ အထူးအားဖြင့်ဆိုလျှင် စစ်ရုံးချုပ်မှ ဗိုလ်မှူးကြီး မောင်မောင်၊ ဗိုလ်မှူးကြီး အောင်ကြီးတို့နှင့် 'အိုးဝေ' အယ်ဒီတာချုပ် ဦးညိုမြ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဦးစောဦးတို့ကို အားကိုးခဲ့ရပါသည်။ ထုတ်ဝေသူများဖြစ်သော 'သမာမိတ္တ' ၏ ကြိုးစားမှုကြောင့်လည်း အချိန်တိုတိုနှင့် ဤစာအုပ် ဖြစ်ပေါ်၍လာနိုင်ခြင်း ဖြစ်ပါသည်။

၅၅ – ဘားလမ်း၊ ရန်ကုန်မြို့၊ မောင်မောင်
နိုဝင်ဘာလ၊ ၁၉၅၅ ခုနှစ်။

## စာအုပ်တိုက်၏ အမှာစာ

ဆရာကြီးဒေါက်တာမောင်မောင် ရေးသားပြုစုသော ၁၉၅၆ ခုနှစ် (ပထမအကြိမ်)ထုတ် သက်ရှိရာဇဝင် စာအုပ်မှာ ဒေါက်တာမောင်မောင် အသက် ၃၀ ဝန်းကျင်အရွယ်ခန့်က ထိုခေတ်၏ ထိပ်တန်းနိုင်ငံရေးသမားများ၊ တပ်မတော်ခေါင်းဆောင်များအကြောင်း (၁၉၅၄-၅၅) ခုနှစ်များတွင် တွေ့ဆုံမှတ်တမ်းတင်ထားသော သမိုင်းမှတ်တမ်းစာအုပ် ဖြစ်ပါသည်။

သက်ရှိရာဇဝင် စာအုပ်ပါ ပုဂ္ဂိုလ် ၉ ဦးအပြင် ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်၊ ဦးချန်ထွန်း၊ Daw Pyu La Mac Phsu ဦးလှမောင်၊ ဦးထိန်လင်း၊ ဦးဝမ်ကိုဟော၊ ဦးသန့်၊ သခင် သန်းထွန်း၊ M.A. ရာရှစ်၊ ဒေါက်တာအေးမောင်၊ ဦးမြင့်သိန်း၊ ဆရာဇာခုပ်၊ ဦးညိုမြ (မောင်သုမန)၊ J.S. ဖာနီဗယ်၊ ဗိုလ်မှူးကြီးဘသန်း၊ ကုလသမဂ္ဂတွင် အထွေထွေအတွင်းရေးမှူးချုပ်၏ အခန်းကဏ္ဍ စသည့် 'Profile' များကိုလည်း ၁၉၅၄ ခုနှစ်မှ ၁၉၆၁ ခုနှစ်များအတွင်း GUARDIAN မဂ္ဂဇင်း၌ အင်္ဂလိပ်ဘာသာဖြင့် ရေးသားခဲ့ပါသည်။

နိုင်ငံရေး၊ စစ်ရေး၊ တရားရေး၊ စာပေ၊ ယဉ်ကျေးမှု၊ ကုလသမဂ္ဂ စသည်ဖြင့် နယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များအကြောင်း မှတ်တမ်းတင်ထားခြင်း ဖြစ်ပါသည်။ (UNITY စာအုပ်တိုက်အနေဖြင့် ဖော်ပြပါပုဂ္ဂိုလ်များအကြောင်း ဆရာကြီးဒေါက်တာမောင်မောင် အင်္ဂလိပ်ဘာသာဖြင့် ရေးသားခဲ့သည်များကို မိသားစု၏ ခွင့်ပြုချက်ဖြင့် မြန်မာဘာသာသို့ ပြန်ဆိုထုတ်ဝေနိုင်ရန်လည်း စီစဉ်လျက်ရှိပါသည်။ )

ဆရာကြီးသည် စစ်သား၊ နိုင်ငံရေးသမား၊ ကျောင်းဆရာ၊ သတင်းစာဆရာ၊ ဥပဒေပညာရှင်၊ နိုင်ငံတော်တရားသူကြီးချုပ်၊ နိုင်ငံတော်သမ္မတတစ်ဦးအနေဖြင့် သာမက ဘာသာရပ်နယ်ပယ်အလိုက် စာအုပ်ပေါင်းများစွာကိုလည်း ရေးသားပြုစုခဲ့သူဖြစ်ပါသည်။

ဆရာကြီးဒေါက်တာမောင်မောင် စုစည်းတည်းဖြတ်သည့် Aung San of Burma (Myanmar) စာအုပ်နှင့် ယခုစာအုပ် သက်ရှိရာဇဝင် တို့ကို ထုတ်ဝေခွင့်ပြုသော ဆရာကြီး၏ဇနီး ဒေါ်ခင်မြင့်နှင့် မိသားစုဝင်များအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း လေးစားစွာ ဖော်ပြအပ်ပါသည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



# ဦးသိပ်းမောင်

## (နိုင်ငံတော်တရားဝန်ကြီးချုပ်)

## (၁၇ ဇူလိုင် ၁၈၉၀ – ၁၁ မတ် ၁၉၇၅)

တစ်ချိန်က မြန်မာပြည်သည် နိုင်ငံခြားသားတို့၏ တံတွေးခွက်တွင် ပက်လက်မျောခဲ့၏။ ထိုအချိန်မှာ ၁၉၄၉ ခုနှစ်ဖြစ်လျက် ရောင်စုံသူပုန်များ ထကြွသောင်းကျန်းချိန် ဖြစ်၏။ မြန်မာအစိုးရမှာလည်း မီးအမျိုးမျိုးဝိုင်းရံလျက် ရန်ကုန်မြို့အတွင်းမှ အပြင်သို့ထွက်ရန်ပင် ခက်ခဲသောအချိန် ဖြစ်ပေသည်။ ထို့ကြောင့် နိုင်ငံခြားသားများက မြန်မာအစိုးရဆိုသည်မှာ 'ရန်ကုန်အစိုးရသာဖြစ်သည်' ဟု ပြောင်လှောင်သရော်ခဲ့ကြပေသည်။ လွတ်လပ်ခါစ မြန်မာပြည်ကလေး ကိုးရိုးကားရားဖြစ်နေပုံမှာ သူတို့အဖို့ ရယ်စရာ၊ ပြက်လုံးထုတ်စရာဖြစ်နေ၏။ မလိုသူ ပုရောဟိတ်ဆရာကြီးများကလည်း ဤမနူးမနပ် နိုင်ငံကလေးသည် ကြာကြာခံနိုင်မည်မဟုတ်ဟု ဟောကိန်းထုတ်နေကြသောအချိန်ဖြစ်လေသည်။

ထိုအချိန်မှာ မြန်မာပြည်အဖို့ ကံဆိုးမိုးမှောင်ဆိုက်ရောက်လျက် စိုးရိမ်ဖွယ် ဖြစ်သည်မှာ အမှန်ပင်ဖြစ်၏။ မြန်မာ့တပ်မတော်မှ လက်တစ်ဆုပ်စာမျှသော စစ်သည်တော်များကို ဟိုပို့ သည်ပို့နှင့် နည်းနည်းနှင့် ကျဲကျဲဝိုင်းရသောအချိန်ပေတည်း။ ကျဆုံးခါနီးမြို့ကို ကယ်ရ၊ ကျဆုံးပြီးမြို့မှ သူပုန်ကို မောင်းထုတ်ရနှင့် လက်မလည်နိုင်အောင် ကာကွယ်နေရချိန်ဖြစ်၏။ အင်းစိန်၌ တိုက်ပွဲဆင်ရ၏။ ပဲခူး၌ ခံစစ်ထိုးရ၏။ ပြည်လမ်းတစ်လျှောက်၌ တရစပ်တိုက်ရ၏။ မန္တလေးမြို့တွင်း၌ပင် အိမ်ကြိုအိမ်ကြားတိုက်ပွဲများ ဖြစ်ခဲ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာအစိုးရနှင့် နိုင်ငံရေးခေါင်းဆောင်တို့မှာ ထိုအချိန်အခါက လူထု စိတ်ဓာတ်ခိုင်မြဲစေရန် အရိုးကြေအရေခန်းစေကာမူ အနိုင်မခံ အရှုံးမပေးသော စိတ်ဓာတ်များ ပြန့်ပွားစေရန် လုံးပန်းနေရချိန်ဖြစ်၏။ တစ်နှစ်အတွင်း ငြိမ်းချမ်းရေး ရစေမည်ဟူသော အဓိဋ္ဌာန်ဖြင့် ပြည်တွင်းစစ် မီးတောက်မီးလျှံများကို တစ်ပြည်လုံး ရှိုင်းပင်းငြိမ်းသတ်ကြစေရန် လှုံ့ဆော်အားပေးရချိန်ဖြစ်၏။ ဤမျှ ကြီးလေးသော တာဝန်ကြီးများကို နေ့မအားညမအား မရမနေ၊ မဖြစ်မနေ ဖြစ်နိုင်သော နည်းဖြင့် အားလုံး ကြိုးပမ်းဝန်ထမ်းကြရချိန် ဖြစ်၏။

ဤသို့ အပြေးအလွှား ဖြစ်ကတတ်ဆန်း လုံးပန်းကာကွယ်ကြရသော ခေတ်ပျက်ကြီးတွင် မယိမ်းမယိုင် ကျောက်တိုင်ကျောက်တုံးကြီးသဖွယ် ကြံ့ခိုင် တည်ကြည်စွာ စခန်းသွားမှုကို မြန်မာနိုင်ငံ တရားလွှတ်တော်ရုံး၌သာလျှင် မြင်တွေ့နိုင်လေသည်။ တရားလွှတ်တော်များမှ တရားဝန်ကြီးများကား ဣန္ဒြေ မပျက်၊ တရားမပျက်၊ ဂတိလိုက်စားခြင်း ကင်းမဲ့စွာဖြင့် ပြည်သူတို့၏ အမှုအခင်းများကို ဒီမိုကရေစီထုံးတမ်းဥပဒေများနှင့် လျော်ညီစွာ စီရင်ဆုံးဖြတ်လျက် ရှိနေခဲ့ပေသည်။ အခြားသူများ ဒေါသမောဟကြီးကာ စိတ်မငြိမ်နိုင်ရှိချိန်တွင် တရားဝန်ကြီးများ၏ တည်ငြိမ်မှုကား မပျက်။ ကြောက်လန့်စိုးရိမ်ဖွယ် ဘေးဘယာများ ဝိုင်းရံနေချိန်၌ ၎င်းတို့ကား တုန်လှုပ်ချောက်ချားခြင်းမှ ကင်းရှင်းကြကုန်၏။

ရန်ကုန်မြို့အပြင်မှ အမြောက်သံများကို ကြားနေရ၏။ အစိုးရအဖွဲ့ဝင်များကိုယ်တိုင် ဗရုတ်ဗရက်ဖြစ်နေချိန်တွင် မသင်္ကာသူများကို ပြောက်သောက်ဖမ်းဆီးခဲ့ရာတွင် တရားဝန်ကြီးများက တရားသဖြင့် စစ်ဆေးစီရင်ကာ အပြစ်မရှိသူများကို လွှတ်ပစ်၏။ ပြည်သူလူထု၏ အခွင့်အရေးတို့ကို အခါခပ်သိမ်း ဥပဒေအရ ဖြောင့်မှန်စွာ စီရင်ဆုံးဖြတ်ခြင်းတည်းဟူသော တရားသစ္စာကို စောင့်ထိန်းကာ တရားသူကြီးများကား အေးအေးနှင့်မှန်မှန်ပင် ရုံးထိုင်အလုပ်လုပ်လျက် ရှိကြပေသည်။ တစ်ပြည်လုံး၏ အသည်းစွဲ ဗိုလ်ချုပ်အောင်ဆန်းအား လုပ်ကြံသူကိုပင် တရားဥပဒေအရ အချိန်ယူကာ ထုချေခွင့်၊ အယူခံခွင့် စသော အခွင့်အရေးအမျိုးမျိုးကို ပေးကာ စစ်ဆေးစေခဲ့လေသည်။

ထိုအချိန်က 'ရန်ကုန်အစိုးရ' ကို ပြက်ရယ်ပြုခဲ့ကြသော နိုင်ငံခြားသားတို့မှာ နိုင်ငံတော် တရားလွှတ်တော်များကိုကား မထိမဲ့မြင်မပြုဝံ့ကြချေ။ လိုင်းဂယက် အမျိုးမျိုးတို့ ပုတ်ခတ်ချိန်တွင် ကျောက်ဆောင်ကြီးသဖွယ် တည်ရှိခဲ့သော တရားဌာနကြီးသည်ကား ဒီမိုကရေစီတရားဓမ္မတို့၏ ခိုလှုံရာပင် ဖြစ်ခဲ့တော့၏။ ထိုအချိန်က တရားလွှတ်တော် တရားဝန်ကြီးချုပ်ဖြစ်သူ ယခုအချိန်၌ နိုင်ငံတော်တရားဝန်ကြီးချုပ်ဖြစ်သူ သတိုးသီရိသုဓမ္မ ဦးသိမ်းမောင်ကား ဤသို့ တည်ကြည်ကြံ့ခိုင်ခဲ့သော တရားဌာနကြီး၏ ကြီးစွာသော အစိတ်အပိုင်းတစ်ခု ပေတည်း။



ငယ်စဉ်က ဓားပြတိုက်မှုတစ်ခုနှင့် ကြုံကြိုက်ခဲ့ရာမှ ဦးသိမ်းမောင်၏ ဘဝလမ်းစဉ်သည် ပြောင်းလဲကာ တရားဥပဒေဘက်သို့ ရောက်လာခဲ့ခြင်းဖြစ်၏။ သို့မဟုတ်လျှင် နိုင်ငံတော်တရားဝန်ကြီးချုပ်လောင်းသည် ယခုအချိန်၌ မထင်မရှား ကျေးရွာတစ်ခုတွင် မိရိုးဖလာ တိုက်သူကြီးရာထူးနှင့်ပင် တင်းတိမ်လျက် ရှိနေပေမည်။ ဦးသိမ်းမောင်၏ မိဘများဖြစ်သော ဦးဘိုးစန်နှင့် ဒေါ်သောင်းတို့မှာ ပေါင်းတည်နယ်၊ ကျောင်းကုန်းရွာမှ ရိုးရာတိုက်သူကြီးများ ဖြစ်၏။ ထို့ကြောင့် ၁၈၉၀ ခု၊ ဇူလိုင်လ ၁၇ ရက်တွင် မွေးဖွားသော သားဖြစ်သူ မောင်သိမ်းမောင်မှာလည်း ထုံးစံအတိုင်း မိရိုးဖလာရာထူးကို ဆက်ခံဖွယ်ပင် ရှိ၏။ ကံအားလျော်စွာ ထိုရွာ၌ ဓားပြတိုက်ခံရသဖြင့် အဖ ဦးဘိုးစန်သည် ရွာ၌မနေတော့ဘဲ မြို့သို့ ရာသက်ပန်ပြောင်းရွှေ့နေထိုင်ရန် ဆုံးဖြတ်၏။ ထို့ကြောင့် မောင်သိမ်းမောင်မှာ ပေါင်းတည်မြို့ အင်္ဂလိပ်ကျောင်းတွင် စာပေ သင်ကြားနိုင်ခဲ့လေသည်။

ကျောင်းသားဘဝ၌ ဦးသိမ်းမောင်မှာ စာကိုသာ စွဲမြဲကြိုးစားခဲ့သဖြင့် ဆုအမျိုးမျိုးနှင့် စကောလားရှစ် ထောက်ပံ့ငွေများကိုရခဲ့၏။ ကာလကတ္တား တက္ကသိုလ်ဝင် စာမေးပွဲ၌ မြန်မာထဲမှ ပထမတန်းပိုင်းတွင် ဦးစွာ အောင်မြင်ခဲ့သူမှာ ဦးသိမ်းမောင်ပင် ဖြစ်ပေ၏။ ဆုငွေများရရှိကာ ဆက်လက်သင်ကြားခဲ့ရာ ပါဠိဘာသာဂုဏ်ထူးတန်းတွင် ဘီအေစာမေးပွဲကို ပထမပိုင်းမှပင် အောင်မြင်ပြန်၏။ ကာလကတ္တားတက္ကသိုလ်မှ စကောလားရှစ်ဆုများ ဆက်လက်ပေးကာ အထက်တန်းဘွဲ့ထူးများဆွတ်ခူးရန် အခွင့်အရေးပေးသော်လည်း ငြင်းပယ်ကာ ဦးသိမ်းမောင်သည် ဘိလပ်သို့သွားခဲ့၏။ ကိန်းဘရစ်တက္ကသိုလ်နှင့် လင်းကွန်းဝတ်လုံရိပ်သာများကို တက်ရောက်၍ ဥပဒေပညာရပ်များကို စိတ်ဝင်စားစွာ ဆည်းပူးလေသည်။ အချိန်ရှိသမျှ ပိဋကတ်တိုက်ထဲတွင် လေ့လာကာ ဥပဒေဆိုသည်မှာ အခြားသောပညာရပ်များလို အံ့သြစရာ၊ ကြည်နူးစရာ အချက်တို့နှင့် ပြည့်နှက်လျက်ရှိသည်ကို ကြုံတွေ့နေ၏။ ထိုအချိန်က ဘိလပ်ရှိ အခြားသော မြန်မာပညာတော်သင်တို့မှာ စာမေးပွဲ၌ တဖုန်းဖုန်းကျရှုံးကာ

www.burmeseclassic.com



အိမ်သို့ငွေမှာ၍ ဖြုန်းနေသူများသာ ပေါလေသည်။ ဦးသိမ်းမောင်မှာကား ထိပ်တန်းမှ မှန်မှန်အောင်မြင်လျက် ရှိနေလေ၏။ ဝတ်လုံနောက်ဆုံးစာမေးပွဲများကိုလည်း သူများထက် အချိန်စောကာ ပထမတန်းမှ အောင်မြင်သည်သာမက ဆုငွေ ၅၀၀ နှင့် ဂုဏ်ထူးလက်မှတ်တို့ကိုပါ စုပေါင်းချီးမြှင့်ခြင်းခံရလေသည်။

၁၉၁၃ ခုနှစ်၌ လန်ဒန်မြို့တွင် ဦးသိမ်းမောင်နှင့် တစ်ချိန်တည်း ဝတ်လုံစာမေးပွဲ ပြီးစီးအောင်မြင်သူများမှာ ယခု နိုင်ငံတော်သမ္မတကြီး ဦးဘဦး၊ ကုန်သည်များမှတ်ပုံတင်ဌာနဥက္ကဋ္ဌကြီး ဦးဘကြားနှင့် ဝတ်လုံတော်ရ ဦးဘကျင်တို့ ဖြစ်ကြ၏။

ဝတ်လုံဦးသိမ်းမောင်သည် ရန်ကုန်မြို့သို့ အမြန်ပြန်ကာ မိမိပညာရေးအတွက် တင်ရှိခဲ့သော ချစ်တီးကြွေးများကို ပြန်ဆပ်နိုင်ရန် ဝတ်လုံအလုပ်စတင်ရ၏။ ပြည်ထဲရေးဝန်ကြီးဟောင်း ဦးခင် (ဆာမောင်ခင်)နှင့်အတူ ဦးစွာပူးတွဲအလုပ်သင်ရ၏။ သို့သော် ရန်ကုန်မြို့တွင် နာမည်ကြီးဝတ်လုံတော်ရများသာ တွင်ကျယ်လျက် ဝတ်လုံပေါက်စများအဖို့ ရတ်တရက် တိုးနိုင်ရန် ခက်သဖြင့် ဦးသိမ်းမောင်သည် များမကြာမီ ပြည်မြို့သို့ ပြောင်းရွှေ့ခဲ့လေသည်။ ချစ်တီးကြွေးများမှာ သူ့အပေါ်၌ ဝန်လေးနေ၏။ အမြန် ပြန်ဆပ်လို၏။

"ဘယ်ကိုရောက်ရောက် လူကြီးသူကြီးများကို အလေးပြုဖို့ မမေ့လေနှင့်။ မာနမထားလေနှင့်။ ကိုယ်ကအရင် စတင်နှုတ်ဆက် ပြုစုပါလေ" ဟု ဦးမေအောင်က မှာကြားလိုက်၏။ ပြည်မြို့သို့ရောက်ချိန်တွင် ထိုစကားအတိုင်း ဦးသိမ်းမောင်သည် ဆရာတော် သံဃာတော်များနှင့်တကွ မြို့မိမြို့ဖများထံ တစ်အိမ်တက်တစ်အိမ်ဆင်း သွားရောက်မိတ်ဆက်ကာ အဆုံးအမ၊ အနိုင်းအစေ၊ အကူအညီတို့ကို ပွားများစေလေသည်။ ချစ်တီးကြွေးပူသဖြင့် အမှုများများလိုက်နိုင်ရန် မျက်နှာလုပ်ခြင်း၊ လောကွတ်ကြွယ်ခြင်းကား မဟုတ်ပေ။ ဦးသိမ်းမောင်သည် အတ္တဟိတ ပရဟိတသဘောကို စင်ကြယ်စွာဖြင့် ထိထိရောက်ရောက် ကျင့်သုံးစမြဲ ဖြစ်၏။ ထိုသို့သောဂုဏ်ပုဒ်တို့ကြောင့် များမကြာမီပင် ဦးသိမ်းမောင်သည် ပြည်မြို့၏ အသည်းစွဲဝတ်လုံတစ်ဦး ဖြစ်လာ၏။

ဘိလပ်ပြန်တို့မည်သည် မာနကြီးတတ်၏။ ဂုဏ်ပကာသန အဆင့်အတန်း မြင့်သူများဖြစ်၏။ သမက်ဖမ်းလိုသူပေါများလျက် ဘိလပ်ပြန်ဝတ်လုံတော်ရများ ဈေးကောင်းချိန်ဖြစ်၏။ ၎င်းတို့မှာ လူထုနှင့်ဆက်ဆံလိုခြင်း မရှိဘဲ



ကလပ်တွင် အရက်ကလေးတမြမြနှင့် ဘိလပ်လေပန်းနေတတ်ကြသည်သာများလေသည်။ ဦးသိမ်းမောင်မှာကား ဤသို့သော ဘိလပ်ပြန်မျိုးမဟုတ်ဘဲ ရိုးရိုးကုပ်ကုပ်နှင့် မြန်မာပီသစွာ နေထိုင်တတ်သူ ဖြစ်၏။ အမှုတစ်ခု၏ အောင်မြင်ရေးအတွက် ကာယကံရှင်အမှုသည်ထက်ပင် သူက ပိုမိုစိုးရိမ် ကြိုးစားတတ်သူဖြစ်၏။ ၎င်းပြင် ငွေရလျှင်ပြီးရောဟု သဘောမထားတတ်ဘဲ စင်ကြယ်ရိုးဖြောင့်သော အမှုများကိုသာ ရွေးချယ်ဆောင်ရွက်တတ်၏။ အမှုတစ်ခုကို လက်ခံခဲ့လျှင်လည်း အစစအရာရာ အသေးစိတ်လေ့လာ ဆောင်ကြဉ်းပေးသည်သာတည်း။ အမှုသည်တိုင်း သူ့ကို ယုံကြည်အားထားကြ၏။ လေးစားသူများ တစ်စတစ်စ ပေါများလာ၏။ ပြည်မြို့သည် သူ့အဖို့ ဝတ်လုံလိုက်ရာ စီးပွားရေးဒေသ မဟုတ်တော့ဘဲ သံယောဇဉ်များ ကျယ်ပြန့်လာ၏။ အမှန်အားဖြင့် ပြည်မြို့သည် ဦးသိမ်းမောင်၏ ဘဝအခြေစိုက်ရာ ဘူမိနက်သန်မြို့ကြီး ဖြစ်လာ၏။

ထိုခေတ်က ဘုရားကျောင်းကန်များ၌ "ဥရောပနှင့် အမေရိကန် လူမျိုးများမှအပ ဖိနပ်စီးခွင့်မပြု" ဟူသော ဆိုင်းဘုတ်များကို မြင်တွေ့ရစမြဲဖြစ်၏။ အနောက်တိုင်းသားများ စိုးမိုးအုပ်ချုပ်ခြယ်လှယ်သော ခေတ်ဖြစ်၍ ဤသို့မတရားသော ခွဲခြားမှုကိုပင် မြန်မာလူထုက လျစ်လျူရှုကာ လက်ခံကြရသော အဖြစ်သို့ ရောက်နေ၏။ ပြည်မြို့ ရွှေဆံတော်စေတီကြီးမှာလည်း အများနည်းတူ လိပ် ကန် လူဖြူတို့၏ စော်ကားမှုကို သည်းခံရရှာလေသည်။ ကျွန်သဘောက် ဘဝ၌ ဤအဖြစ်မျိုးကို ခံရစမြဲဟုပင် လူထုက နှလုံးပိုက်ကြ၏။ ဘွတ်ဖိနပ်ကြီးများနှင့် အင်္ဂလိပ်စစ်သားများ၊ နိုင်ငံခြားသားများသည် မြန်မာတို့ အထွတ်အမြတ်ထားသော ဘုရားကျောင်း ပရိဝုဏ်များအတွင်း၌ မဆောင်မထား စော်ကားသွားလာကြသည်ကို ဦးသိမ်းမောင်ကား မရှုဆိတ်ပေ။ ထို့ကြောင့် ရိုးရိုးနှင့်ပြတ်သားသော တော်လှန်မှုကလေးကို စထွင်လိုက်လေသည်။ ၎င်းမှာ ဘုရားကျောင်းကန်တို့မှ ဆိုင်းဘုတ်များတွင် "မည်သူမျှ ဖိနပ်မစီးရ" ဟူသော စာလုံးများကိုသာ ရေးသား၍ ယခင်က ထိုဆိုင်းဘုတ်များပေါ်တွင် ပါရှိသော ခြွင်းချက်တို့ကို ပယ်ဖျက်လိုက်ခြင်းပင်တည်း။

ထို့ကြောင့် ပြည်မြို့ရွှေဆံတော်ဘုရားတွင် "မည်သူမျှ ဖိနပ်မစီးရ" ဟူသော ဆိုင်းဘုတ်သည် အင်္ဂလိပ်လက်အောက် မြန်မာပြည်၌ ဦးစွာမြင်တွေ့ကြရ၏။ ပြည်မြို့တစ်ရပ်လုံးမှာ သူတို့၏ ဘုရားဂေါပက ဝတ်လုံကလေးက

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ ရိုးရိုးနှင့်ထိရောက်စွာ တစ်မျိုးလုံးဂုဏ်ငယ်မှုကို ပြုပြင်လိုက်သဖြင့် နှစ်ထောင်းအားရ ကျေနပ်ကြ၏။ အနောက်တိုင်းသား လိပ် ကန် တို့မှာကား ထိုကိစ္စကို မနှစ်မြို့ကြချေ။ သို့သော် ၎င်းတို့မှာလည်း ယဉ်ကျေးသော နိုင်ငံများမှ လာရောက်သူများဖြစ်၍ မြန်မာ့ထုံးတမ်းစဉ်လာအရ မခံမရပ်နိုင်သော ကိစ္စတစ်ခုကို နှစ်ရှည်လများ ကျူးလွန်ခဲ့ကြပြီးနောက် ရပ်တန်းက ရပ်သင့်သော အချိန်သို့ ဆိုက်ရောက်နေကြောင်း သတိပြုမိကြလေသည်။ သို့သော် ရန်ကုန်မြို့ရှိ ဗြိတိသျှအာဏာပိုင်များကမူ ခြွင်းချက်များ ဆက်လက်ထားရှိစေရန် စက်ပုန်းခုတ်ကြသေး၏။

မြန်မာပြည်သို့ တိုင်းခန်းလှည့်ရန်လာသော အိန္ဒိယဘုရင်ခံချုပ်သည် ရွှေဆံတော်ဘုရားကိုလည်း ကြည့်ရှုလိုရာ ၎င်းအတွက် အထူးအခွင့်အရေးအနေဖြင့် ဖိနပ်စီးခွင့်ပြုရန် ဂေါပကလူကြီးများထံ အကြောင်းကြားလေသည်။ ဦးသိမ်းမောင်နှင့်တကွ ဘုရားလူကြီးများ၏ ပြန်ကြားချက်တွင် ဘုရင်ခံချုပ်ပင် ဖြစ်စေ၊ မင်းဆွေမင်းမျိုး၊ ဆင်းရဲချမ်းသာမရွေး မြတ်စွာဘုရားရှေ့တော်တွင် မည်သူမျှ ဖိနပ်မစီးဘဲ တူညီစွာ အလေးပြုကြမည်ဟု ရေးသားပါရှိလေသည်။ ရွှေဆံတော်မှ ဆိုင်းဘုတ်မဖြုတ်သဖြင့် ဘုရင်ခံချုပ်မှာလည်း ထိုဘုရားကို ရှောင်ကွင်းသွားလေသည်။

အင်းဝဘုရင်များလက်ထက်မှစ၍ ဖိနပ်ချွတ်ရသော ပြဿနာမှာ အင်္ဂလိပ် မြန်မာဆက်ဆံရေးကို အထူးပင် မပြေမပြစ် ဖြစ်စေခဲ့၏။ ထိုကိစ္စမှာ အမှန်အားဖြင့် ဖိနပ်ချွတ်သင့် မချွတ်သင့် အချေအတင်ပြဿနာကလေး မဟုတ်ဘဲ မြန်မာလူထုတစ်ရပ်လုံး၏ အမျိုးသားစိတ်ဓာတ်နှင့် ဆက်စပ်နေ၏။ နိုးကြားတက်ကြွလာခဲ့သော မြန်မာအမျိုးသားစိတ်ဓာတ်သည် နိုင်ငံခြားသားတို့၏ လွှမ်းမိုးခြယ်လှယ်မှုတို့ကို လက်မခံလိုတော့ပေ။ တိုင်းရင်းသားနှင့် လူဖြူတို့၏ အခွင့်အရေး ခွဲခြားမှုများကို အလိုမရှိတော့ချေ။ ဘုရား၌ မြန်မာများနည်းတူ ဖိနပ်ချွတ်ကြရန်သာမက အစစအရာရာ တန်းတူညီမျှသော အခွင့်အရေးများ စတင် တောင်းဆိုခြင်းပင် ဖြစ်လေသည်။

ဖိနပ်ချွတ်ပြဿနာသည် ဦးသိမ်းမောင်အား ချက်ချင်းပင် မြန်မာတစ်ပြည်လုံး၌ ဂုဏ်သတင်းပျံ့နှံ့ ကျော်ကြားစေ၏။ မိမိအဖို့၌ မြန်မာလူမျိုးတစ်ဦးအနေဖြင့် မတော်သောကိစ္စတစ်ခုကို လမ်းအတိုင်း အမြန်ကန့်ကွက်ခဲ့ခြင်းသာဖြစ်၏။ နာမည်ကြီးလို၍ လုပ်သောကိစ္စ မဟုတ်ချေ။



၁၉၁၈ ခုနှစ်တွင် ဦးသိမ်းမောင်သည် ပြည်မြို့မှ ရန်ကုန်မြို့သို့ ပြောင်းရွှေ့၍ ဝတ်လုံလိုက်၏။ ရန်ကုန်၌လည်း ဖိနပ်ချွတ်ပြဿနာကို ဆက်လက်ဆောင်ရွက်ရသဖြင့် နာမည်ကြီးသည်ထက်ကြီးကာ သူ့အား "ဖိနပ်သိမ်းမောင်" ဟု အများက ခေါ်ကြ၏။ ထိုဘွဲ့ထူးမှာ မတင့်တယ်လှသော်လည်း ဦးသိမ်းမောင်သည် ရယ်ရယ်မောမောလက်ခံခဲ့၏။ လူဖြူများက ဖိနပ်မချွတ်ဘဲ ဆက်လက်တက်ရောက်နေသော ဘုရားကျောင်းကန်များအတွက် "ဖိနပ်သိမ်းမောင်"ကပင် ကယ်ဆယ်တားဆီးပေးရန် ဟိုကခေါ် သည်ကခေါ်နှင့် ဖြစ်နေလေသည်။

တစ်ကြိမ်က ဘုရင်ခံဖြစ်သူ ဆာရယ်ဂျီနယ်ကရက်ဒေါက်သည် ငလျင်လှုပ်၍ ပြိုလဲသော ပဲခူးရွှေမော်ဓောစေတီတော်ကြီးကို သွားရောက်ကြည့်ရှုရာတွင် ဖိနပ်မချွတ်ဘဲ ကုန်းတော်ပေါ်သို့ တက်ခဲ့၏။ ထိုကိစ္စကို ဂေါပကလူကြီးများက ရန်ကုန်မြို့ ဝိုင်အမ်ဘီအေအသင်းသို့ တိုင်ကြားရာတွင် ၎င်းအသင်း အတွင်းရေးမှူးမှာ "ဖိနပ်သိမ်းမောင်" ပင် ဖြစ်နေ၏။ ဦးသိမ်းမောင်သည် ရန်ကုန်မြို့ ဂျူဘလီခန်းမကြီး၌ မြို့လုံးကျွတ်အစည်းအဝေးကြီးခေါ်ယူကာ အကြီးအကျယ် အရေးယူတော့၏။ နိုင်ငံခြားသားများ ဖိနပ်ချွတ်သင့်ကြောင်းကို မိမိ၏ဝတ်လုံဗဟုသုတမျိုးစုံတို့ဖြင့် အစွမ်းကုန် ရှင်းလင်းတင်ပြလေသည်။ ထိုဂျူဘလီလူထုစည်းဝေးပွဲကြီးမှ အမျိုးသားဆန္ဒပြမှုကြီးသည် ဖိနပ်ချွတ်ရေး ပြဿနာကို အပြီးသတ်အောင်မြင်စေ၏။ ထိုအချိန်မှစ၍ လူဖြူတို့သည် ဘုရင်ခံမှအစ ၎င်းတို့၏ အစေခံများပါမကျန် မြန်မာဘုရားကျောင်းကန်များ၌ ဖိနပ်မစီးကြတော့ချေ။

ထိုဂျူဘလီညီလာခံသည် ဖိနပ်ပြဿနာကို ပြီးဆုံးစေခဲ့သည်သာမက မြန်မာတို့၏ အမျိုးသားနိုင်ငံရေးခေတ်သစ်ကို ဖွင့်လှစ်ပေးလိုက်သကဲ့သို့ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် မြန်မာလူထုသည် တညီတညွတ်စုရုံးကာ မိမိတို့၏ လိုလားချက်ကို တစ်သမတ်တည်းတောင်းဆိုရာ အာဏာပိုင် ဗြိတိသျှတို့နှင့် ၎င်း၏စစ်ပုလိပ်များ၊ စိန်ပြောင်းလက်နက်များမှာ ဘာမျှမတတ်နိုင်ဘဲ လူထုဆန္ဒကို လိုက်လျောရ၏။ လူထုအာဏာကို အစိုးရအင်အားစုများ မလွန်ဆန်နိုင်သောအချက်ကို ထိုဂျူဘလီစည်းဝေးပွဲမှ လက်တွေ့မျက်စိဖွင့်ပေးလိုက်၏။

အင်အားပြရာ၌ အနိုင်ရသော မြန်မာအမျိုးသားတို့မှာ "ကောင်းမှန်းသိသာအိတစ်ိစိ"ဟူသော စကားပုံကဲ့သို့ ဖိနပ်ကိစ္စ၌သာမက အခြားသော တိုင်းရင်းသား နစ်နာမှုများအတွက်လည်း ဤနည်းအတိုင်းပင် ဆက်လက်ဆန္ဒပြလိုကြ

www.burmeseclassic.com

www.burmeseclassic.com



လေသည်။ ဝိုင်အမ်ဘီအေ အသင်းမှာ ယခင်က ဘာသာရေး ဝေယျာဝစ္စကိစ္စများ၌သာ စိတ်ဝင်စားခဲ့သော်လည်း ယခုမူ နိုင်ငံရေးသဘောတရားများ သက်ဝင်လာ၏။ ထိုအချိန်က ဝိုင်အမ်ဘီအေ အသင်းတစ်ခုသာလျှင် မြန်မာပိုင်းမှ ခေတ်မီပညာတတ်ပုဂ္ဂိုလ်များ စုဝေးရာအရပ် ဖြစ်နေသဖြင့် သက်ဆိုင်ရာ အာဏာပိုင်တို့က ဂရုစိုက်လေးစား၏။ အုပ်ချုပ်ရေးကိစ္စများ၊ ဥပဒေသစ်များမှ စ၍ ပြည်သူလူထုနှင့်ပတ်သက်သော အရေးကြီးသည့် ကိစ္စများတွင် အစိုးရရုပ်ကွက်မှ ဝိုင်အမ်ဘီအေအသင်း၏ ထင်မြင်ချက်များကို တင်ကြိုတီးခေါက်လေ့ရှိ၏။ ထို့ကြောင့်ပင် ဝိုင်အမ်ဘီအေအသင်း၏ အတွင်းရေးမှူးဖြစ်သူ ဦးသိမ်းမောင်မှာ မိမိသည် ဘုရားတရားရေးဘက်တွင် အကျိုးဆောင်တတ်သော သာမန်ဝတ်လုံတော်ရကလေးဘဝမှ အဓိက မြန်မာ့နိုင်ငံရေးခေါင်းဆောင်တစ်ဦး အဖြစ်သို့ ရောက်မှန်းမသိရောက်နေသည်ကို ကြုံတွေ့ရတော့၏။ ဤသို့သော တိုးတက်မှုကို ဦးသိမ်းမောင်က မကန့်ကွက်ချေ။

ထိုခေတ်က နိုင်ငံရေးမှာ အေးဆေးငြိမ်သက်၏။ ဒေါက်တာဘမော်၊ ဦးပု၊ ဆာပေါ်ထွန်း အစရှိသော ဝတ်လုံများ၊ အလုပ်အကိုင်ဖြင့် စားနိုင်သောက်နိုင်သူများ ဝင်ရောက်စခန်းသွားချိန်ဖြစ်၏။ ပညာဗဟုသုတ အဆင့်အတန်းမြင့်သူများ ခေါင်းဆောင်ချိန်ဖြစ်သဖြင့် နိုင်ငံရေးဟောပြောပွဲများမှာ အသိအမြင်ကျယ်ပြန့်စေလျက် အစအရာရာတွင် သိက္ခာမပျက် ဣန္ဒြေကောင်းစွာဖြင့် ပြောဆိုဆက်ဆံကြသောခေတ်ဖြစ်၏။ နာမည်ကြီး ခေါင်းဆောင်များမှာ ပညာရှိပရိသတ်တို့၏ အကြိုက်ဖြစ်နေ၏။ ဦးသိမ်းမောင်မှာလည်း ထိုအချိန်က လူကြိုက်များသော ထိပ်သီးခေါင်းဆောင်ကြီးများစာရင်းတွင် အပါအဝင်ဖြစ်၏။ သို့သော် ဦးသိမ်းမောင်၌ အခြားသော နိုင်ငံရေးသမားများကဲ့သို့ ပရိယာယ်ဝေဝုစ်များ မရှိချေ။ မိန့်ခွန်းပြောကြားရာ၌ လေးလေးဆေးဆေးနှင့် မှန်ကန်ပြတ်သားစွာ အလိုအပိုမရှိအောင်သာလျှင် ပြောတတ်လေသည်။ လူပြိန်းအကြိုက်ခေါင်းဆောင်မျိုးကား မဟုတ်ချေ။ မြန်မာပရိသတ်ကလည်း မြင်တတ်သိတတ်သူများဖြစ်၍ ဦးသိမ်းမောင်၏ ရိုးဖြောင့်ဖြူစင်မှုကိုပင် နှစ်သက်ကြလေသည်။

ဦးသိမ်းမောင်သည် ရွေးကောက်ပွဲများ၌ ပါဝင်ဆင်နွှဲခဲ့ရာ အလွယ်တကူပင် အနိုင်ရရှိစမြဲဖြစ်၏။ ရွေးကောက်ပွဲအနိုင်ရရှိရန် မိမိပိုက်ဆံအကုန်ခံခဲ့သည် မရှိပေ။ ဦးသိမ်းမောင်၏သဘော၌ အများအကျိုးကို တကယ်သည်ပိုး ရွက်ဆောင်သူသည် မဲဆွယ်မဲဝယ်လုပ်ရန်မလိုဟု ယူဆ၏။ သူ့အဖို့၌ မှန်နေ၏။



ခေါင်းဆောင်က မဲမဆွယ်ရဘဲ မဲဆန္ဒရှင်များကသာလျှင် ခေါင်းဆောင် ဦးသိမ်းမောင်ကို ရွေးချယ်တိုက်တွန်း တင်မြှောက်ခဲ့ကြလေသည်။

၁၉၁၉ ခုနှစ်က ဖေပုရှိန် (ဦးဘဘော၊ ဦးပု၊ ဦးထွန်းရှိန်)တို့ အဖွဲ့သည် အုပ်ချုပ်ရေးစည်းမျဉ်းသစ်များ တောင်းဆိုရန် ဘိလပ်သို့သွားခဲ့ကြ၏။ ၁၉၂၀ ခုနှစ်တွင် ဦးထွန်းရှိန် ကွယ်လွန်ခဲ့ရာ နောက်တစ်ကြိမ် ဘိလပ်သို့သွားရန် ရှိနေသော မြန်မာကိုယ်စားလှယ်တော်အဖွဲ့ဝင် ဦးထွန်းရှိန်၏ နေရာတွင် ဦးသိမ်းမောင်အား အများသဘောတူ ရွေးချယ်ထည့်သွင်းခဲ့လေသည်။ ထိုအချိန်က ဦးသိမ်းမောင်မှာ အသက် ၂၉ နှစ်သာ ရှိသေးသော်လည်း ထိပ်သီးဝံသာနု ခေါင်းဆောင်ကြီး သုံးဦးအနက် တစ်ဦးအပါအဝင် ဖြစ်နေ၏။

လန်ဒန်မြို့သို့ ထိုအချိန်က သွားရောက်ခဲ့ကြသော မြန်မာကိုယ်စားလှယ်တော်များ၏ လှုံ့လကြောင့် မြန်မာပြည်သည် ဒိုင်အာကီ အုပ်ချုပ်ရေးအဆင့်အတန်း တက်နိုင်ခဲ့သည်။ ကျေနပ်မှုမရှိခဲ့စေကာမူ တိုးတက်မှုကား ရှိခဲ့ပေသည်။ လန်ဒန်မြို့ အစိုးရရုပ်ကွက်တွင် မြန်မာခေါင်းဆောင်တို့၏အသံကို ဦးစွာကြားနာကြစေခြင်းဖြစ်၏။ မြန်မာခေါင်းဆောင်တို့၏ မနေမနား တိုက်တွန်းဆော်ဩမှုကြောင့် ဘိလပ်အမတ်များက ပါလီမန်တွင် မြန်မာပြည်အရေးကို မေးခွန်းထုတ်ရန် စီစဉ်ခဲ့ကြလေသည်။ ဦးသိမ်းမောင်တို့ကိုယ်တိုင် ပါလီမန်သို့ တက်ရောက်ကာ မျှော်လင့်ချက်ကြီးစွာဖြင့် စောင့်ဆိုင်းနားထောင်ကြ၏။ သို့သော် ဘိလပ်သားများအဖို့ မြန်မာပြည်မှာ ဝေးလံသော နိုင်ငံငယ်ကလေးသာ ဖြစ်၏။ ကြီးစွာသော အိန္ဒိယအင်ပိုင်ယာကြီး၏ သေးငယ်သော အစိတ်အပိုင်းတစ်ခုသာဖြစ်၏။ ဘိလပ်အမတ်များမှာ အခြားပိုမိုအရေးကြီးသောကိစ္စများနှင့် အလုပ်ရှုပ်နေကြသောကြောင့် ထိုနေ့က ပါလီမန်တွင် တက်ရောက်သူများ နည်းပါးနေ၏။ လိုအပ်သော အမတ်ဦးရေ အပြည့်အစုံ တက်ရောက်ခြင်းမရှိသဖြင့် မြန်မာပြည်ပြဿနာကို ဆွေးနွေးခွင့်မရတော့ဘဲ နစ်မွန်းသွားခဲ့ပေသည်။ အေးချမ်းသော ဘိလပ်ရာသီဥတုတွင် ထိုနေ့က ပါလီမန်မှ စိတ်ပျက်စွာ ထွက်လာခဲ့ရသော မြန်မာများအဖို့ ပို၍အေးစက် အနေခက်သလို ထင်မိကြတော့၏။

ဒိုင်အာကီအုပ်ချုပ်ရေးသစ် ပေါ်ပေါက်ချိန်တွင် မြန်မာပြည်နိုင်ငံရေးလောကမှာ နှစ်ခြမ်းကွဲသွား၏။ ဒိုင်အာကီကို လုံးဝအလိုမရှိသော လှိုင်ပုကျော် အဖွဲ့က ခွဲထွက်သွား၏။ ဦးသိမ်းမောင်အပါအဝင်ဖြစ်သော ၂၁ ဦးမှာ ဒိုင်အာကီ စနစ်သစ်ကို စမ်းသပ်အသုံးပြုရင်း ထိုထက် ပိုမိုကောင်းမွန်သော

www.burmeseclassic.com

www.burmeseclassic.com



အခွင့်အရေးများ ဆက်လက်တောင်းဆိုလိုကြ၏။ ထိုအချိန်မှစ၍ ဦးသိမ်းမောင်မှာ နိုင်ငံရေးသံသရာ၌ စုန်ချည်ဆန်ချည်နှင့် ရေစီးတစ်ခါ ရေသာတစ်လှည့်ဆိုသလို အမျိုးမျိုး လျှော်ခတ်ခဲ့ရ၏။ ၁၉၂၂ ခုနှစ်မှ ၁၉၃၁ ခုနှစ်အထိ ရန်ကုန်မြူနီစီပယ် လူကြီးဖြစ်၏။ ၁၉၂၂ ခုနှစ်မှ ၁၉၂၅ ခုနှစ်အထိ ရန်ကုန်မြူနီစီပယ် ပညာရေး အဖွဲ့ဥက္ကဋ္ဌ ဖြစ်ခဲ့၏။

၁၉၃၁ ခုနှစ်တွင် ရန်ကုန်မြို့တော်ဝန်ဖြစ်ခဲ့၏။ ၁၉၃၃ ခုနှစ်တွင် လန်ဒန်မြို့သို့ ထပ်မံသွားရောက်ကြသော မြန်မာကိုယ်စားလှယ်တော်အဖွဲ့၌ လည်း ဦးသိမ်းမောင်ပါဝင်ခဲ့၏။ ထိုမျက်နှာစုံညီ ညီလာခံသို့ တက်ရောက်သူ များတွင် ထိပ်သီးခေါင်းဆောင် ကိုယ်စားလှယ်မျိုးစုံ ပါဝင်ကြ၏။ မြန်မာပြည် နှင့် အိန္ဒိယပြည်တို့၏ ခွဲရေးတွဲရေးကို အဓိကထား၍ ဆွေးနွေးသော ညီလာခံ ဖြစ်လေသည်။ တွဲရေးသမားများအဖို့ အထူးတလည်ပြောကြားရန် အချက် အလက်များ နည်းပါးလေသည်။ ထို့ကြောင့် ခွဲရေးကို အလိုရှိသူ ဦးသိမ်းမောင် သည် မြန်မာပြည်၏ စိတ်နေသဘောထား လိုလားချက်များကို အများဆုံး တင်ပြပြောဆိုရသူ ဖြစ်လေသည်။

ထို့နောက် အိန္ဒိယပြည် ဗဟိုလွှတ်တော်တွင် မြန်မာအမတ်သုံးဦး တင်မြှောက်ရန် အခွင့်ပေါ်လာ၏။ ဦးသိမ်းမောင်၊ ဦးဘစီနှင့် ဒေါက်တာ သိမ်းမောင်တို့ကို ရွေးချယ်တင်မြှောက်ခဲ့ကြ၏။ ဒေလီမြို့တွင် အိန္ဒိယအမျိုးသား များနှင့်အတူ လွှတ်တော်တက်ကြရာမှ မြန်မာအမတ်သုံးဦးတို့သည် မိမိတို့နှင့် ရည်ရွယ်ချက်ချင်းတူညီသော အိန္ဒိယကွန်ဂရက်အဖွဲ့၌ အသင်းသားအဖြစ် ပါဝင်ခဲ့ကြလေသည်။ ထင်ရှားသော အိန္ဒိယခေါင်းဆောင်ကြီးများဖြစ်သည့် ပဏ္ဍစ်ပန့်၊ ယခု မဒရပ်ဘုရင်ခံဖြစ်နေသော ရှရီရာပက်ကပ်နှင့် မစ္စတာဂျင်းနား အစရှိသူတို့မှာ ထိုစဉ်က ဦးသိမ်းမောင်တို့နှင့်အတူ ရင်းနှီးစွာ တွဲဖက်ဆောင် ရွက်ခဲ့ကြသူများပေတည်း။ အိန္ဒိယလွှတ်တော်တွင် မြန်မာအမတ်များ တင်သွင်း ရန် ကြိုးစားခဲ့သောကိစ္စမှာ မဟာဗောဓိကို ဗုဒ္ဓဘာသာဝင်များသို့ လွှဲအပ်ပေးရန် ဥပဒေဖြစ်၏။ ထိုကိစ္စမပြီးဆုံးမီပင် မြန်မာပြည်နှင့် အိန္ဒိယပြည်တို့အား ခွဲခြား လိုက်သဖြင့် အိန္ဒိယလွှတ်တော်၌ မြန်မာအမတ်များ သက်တမ်းကုန်ဆုံးကာ မဟာဗောဓိဥပဒေမှာ တန်းလန်းကျန်ရစ်ခဲ့၏။

၁၉၃၆ ခုနှစ်တွင် ဦးသိမ်းမောင်သည် ပညာရေးဝန်ကြီးဖြစ်လာ၏။



ဝတ်လုံဘဝ၌ အစစအရာရာတွင် ဂနသေချာသကဲ့သို့ ဝန်ကြီးအဖြစ်၌လည်း မိမိဌာနနှင့် သက်ဆိုင်သော အမှုတွဲဖိုင်တွဲတို့ကို ခရေစေ့တွင်းကျ ကြည့်ရှုလုပ်ကိုင် တတ်၏။ ဖြီးဖြန်း၍မရသော ဝန်ကြီးဖြစ်၏။

ထို့နောက် အုပ်ချုပ်ရေးသစ် ရောက်လာသဖြင့် ပြည်လုံးကျွတ်ရွေး ကောက်ပွဲများ ကျင်းပကာ လွှတ်တော်သစ် ဖွဲ့စည်းကြ၏။ လွှတ်တော်သစ်တွင် ဦးသိမ်းမောင်မှာ အရွေးခံရသော်လည်း အင်္ဂလိပ်နှင့် ကုလားအမတ် အုပ်စုများက ခြယ်လှယ်နေသည်ကို တွေ့ရ၏။ လွှတ်တော်တွင်း၌ ခြေရှုပ်မှု၊ မဲရောင်းဝယ်မှု၊ ခြေထိုးမှု၊ ခွက်စောင်းခုတ်မှု စသည်တို့သည် ဦးသိမ်းမောင်အား စိတ်ပျက်စေ၏။ ထို့ကြောင့် "နိုင်ငံရေးလောကမှာ ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ" ဖြစ်သည်ဟု ဆုံးဖြတ်ပြောကြားကာ ထိုဘဝကို စက်ဆုပ်စွာ စွန့်ပယ်ခဲ့လေသည်။

၁၉၃၇ ခုနှစ်တွင် ရာထူးခန့်ထားရေး ကော်မရှင်အဖွဲ့ဝင်လူကြီး ဖြစ်လာ ၏။ ၁၉၃၈ ခုနှစ်တွင် ဦးသိမ်းမောင်သည် မြန်မာလူမျိုးထဲမှ ပထမခန့်အပ်ခြင်း ခံရသော အစိုးရရှေ့နေချုပ်ကြီးဖြစ်လာ၏။ အစိုးရရှေ့နေချုပ်ဘဝ၌ လွှတ်တော် တက်ရ၏။ လွှတ်တော်ဥက္ကဋ္ဌအား ဥပဒေစည်းမျဉ်းတို့နှင့် ပတ်သက်သမျှ ကိစ္စတို့တွင် အကြံဉာဏ်ပေးရ၏။ ပါတီနိုင်ငံရေးနှင့် မပတ်သက်တော့ဘဲ အုပ်ချုပ်ရေးစည်းမျဉ်းတို့နှင့် ကိုက်ညီစေရန်သာ တာဝန်ယူရသောကြောင့် လွှတ်တော်တက်ရခြင်းမှာ ဦးသိမ်းမောင်အဖို့ ယခင်ကလောက် ရှုပ်ထွေး စိတ်ညစ်မှုများ မရှိတော့ပေ။ သို့သော် အမတ်များက ကိုးရိုးကားရား မေးခွန်း ထုတ်တတ်၏။ တစ်ခါတစ်ရံ ပုတ်ခတ်စရာ ဓားစာခံများ ရှားပါးချိန်တွင် ရှေ့နေချုပ် ဦးသိမ်းမောင်ကို ဝိုင်း၍ ထုကြ၏။

တစ်ချိန်က အမတ်တစ်ဦးသည် ဦးသိမ်းမောင်မှာ ရွှေတိဂုံဘုရားလူကြီး ဖြစ်၍ ရှေ့နေချုပ် မဖြစ်သင့်ဟု ကန့်ကွက်၏။ ရှေ့နေချုပ်ဆိုသည်မှာ မည်သည့် ဂေါပကအဖွဲ့နှင့်မျှ မပတ်သက်ရဟုဆိုကာ ဦးသိမ်းမောင်သည် ဘုရားလူကြီး ဖြစ်၍ ဘုရားနှင့်ပတ်သက်သော ကိစ္စတွင် ဘုရားဘက်သို့ အဂတိ လိုက်စား မည်ကို စိုးရိမ်ရကြောင်း ပြောကြားခဲ့လေသည်။ မည်သို့ပင်ဖြစ်စေကာမူ ဦးသိမ်း မောင်သည် ရှေ့နေချုပ်အဖြစ်ဖြင့် တရားဥပဒေအရပ်ရပ်ကို ခေါက်မိသူဖြစ်သဖြင့် အမတ်တို့၏ ကတ်သီးကတ်သတ်မေးမြန်းမှု၊ ချောက်တွန်းမှု အရပ်ရပ်တို့ကို အလွယ်တကူပင် ဖြေရှင်းကျော်လွှန်နိုင်ခဲ့ပေသည်။ စာအုပ်ကြီးများကို လှန်လှော လှေလာနေစရာမလိုဘဲ တစ်မုဟုတ်အတွင်း ပြန်လှန်ရှင်းလင်းနိုင်ခဲ့သည်သာ

www.burmeseclassic.com

www.burmeseclassic.com



များ၏။ ထိုအချိန်က လွှတ်တော်မိန့်ခွန်းများတွင် စာတတ်ပေတတ်ပုဂ္ဂိုလ်များ ပေါလျက်ရှိ၏။ ရိုတ်စပီးယားနှင့် အိုမာခယမ်စသော ပညာရှိကြီးများကို ကိုးကား ရွတ်ဆိုသူများရှိခဲ့ရာ အတိုက်အခံနှင့် အချေအတင် ပြောဆိုရခြင်းမှာ မလွယ် ကူချေ။

စစ်ဖြစ်၍ သေကျေပျက်စီးကာ မြန်မာပြည်၌ လင်းတများ ပျော်ရွှင်စွာ ပျံဝဲချိန်သို့ ဆိုက်ရောက်လာ၏။ စစ်တလင်းအဖြစ်ခံရသော မြန်မာပြည်တွင် ဆုံးရှုံးနစ်နာကြေကွဲစရာ သာဓကများကား ပေါလှစွာ၏။ မြို့ကြီးရပ်ကြီးများကို စွန့်ခွာ၍ ကျေးရွာများသို့ အစုလိုက်အပြုံလိုက် ပြောင်းရွှေ့ခိုလှုံကြရသော ခေတ်ပျက်ခေတ်ဆိုးပေတည်း။ ယနေ့ဘယ်လိုနေ၍ မနက်ဖြန်ခါ ဘာဖြစ်မှန်း မသိနိုင်ကြသော ကာလတည်း။ သို့သော် ဤသို့သော အချိန်မျိုး၌ပင် အချင်းချင်း ချောက်တွန်းမှု၊ မနာလိုမှုများကို လက်မလျှော့နိုင်သူများရှိကြသေး၏။

ဦးသိမ်းမောင်သည် ပေါင်းတည်မြို့သို့ ပြောင်းရွှေ့နေထိုင်ရာတွင် ၎င်း၏ ရှေ့နေချုပ်ရာထူးကို လုယူလိုသူများက ဘုရင်ခံထံကပ်၍ ကုန်းချောစကား ပြောကြားကြ၏။ အရေးကြုံလျှင် သက်လုံမကောင်းဘဲ မိမိ၏တာဝန်ဝတ္တရား များကို စွန့်လွှတ်ထွက်ပြေးသူ ဦးသိမ်းမောင်၏နေရာတွင် လူသစ်ခန့်ထားသင့် သည်ဟု တွန်းကြ၏။ သို့သော် ဗြိတိသျှဘုရင်ခံမှစ၍ စစ်ဗိုလ်ကြီး အရာရှိကြီး များမှာလည်း အခြေအနေမလှသည်ကို ကောင်းစွာသိရှိလျက် ဣန္ဒြေကို ဆည်နေ ကြရသော်လည်း သူတို့ကိုယ်တိုင် ရန်ကုန်မှ အမြန်ထွက်ခွာကာ လွတ်ရာသို့ သွားလိုကြ၏။ ဘုရင်ခံမှာလည်း မကြာမီ ရန်ကုန်မှ ဆုတ်ခွာသွားရာ ဦးသိမ်း မောင်နှင့် မန္တလေးမြို့တွင် ဆုံမိလေသည်။ ဘုရင်ခံနှင့် ဆာပေါ်ထွန်းတို့က ၎င်းတို့နှင့်အတူ အိန္ဒိယပြည်သို့ လေယာဉ်ပျံနှင့်လိုက်ခဲ့ကြရန် ပြော၏။ ဦးသိမ်း မောင်က ငြင်းပယ်လေသည်။ သူ့အဖို့၌ ဗြိတိသျှအစိုးရအား ဤမျှ သစ္စာကျိုးနွံ ရန် အကြောင်းမရှိဟု ယူဆ၏။ သူသည် မြန်မာလူမျိုးဖြစ်၍ မြန်မာပြည်မှာ သာလျှင် ဆိုးတူကောင်းတူနေရပေမည်။

ဦးသိမ်းမောင်သည် စစ်ကိုင်းတောင်ရိုးဘက်သို့ ကူးကာ အေးဆေးစွာ နေထိုင်၏။ တစ်ပြည်လုံး သချိုင်းကုန်းဖြစ်နေချိန်၌ပင် ခြေထိုးသူ၊ ရာထူးလု သူများ ရှိနေသည်ကို စိတ်နာမိ၏။ သို့သော် လောကဓံတရားတို့နှင့် မကင်းနိုင် သောဘဝတွင် ဦးသိမ်းမောင်သည် စစ်ကိုင်းတောင်ရိုး၌ များစွာ ရောင့်ရဲတင်းတိမ် ၏။ သံဃာတော်များကို နေ့စဉ် ဆွမ်းကွမ်းပြုစုခြင်း၊ ဧရာဝတီမြစ်အတွင်း၌



ရေချိုးခြင်း၊ ပူအိုက်သော နေ့လယ်နေ့ခင်းတို့၌ ကျောင်းကန်ရိပ်သာများတွင် ဆရာတော်များနှင့် တရားဓမ္မလေ့လာ ဆွေးနွေးရခြင်းတို့မှာ သာယာ၏။

ဦးသိမ်းမောင်၏ အိမ်သားတစ်စုတွင် သူ၏ရုံးအရာရှိများ ပါဝင်၏။ ရှေ့နေချုပ်ရုံးမှ ဝန်ထောက် ဦးချန်ထွန်းနှင့် အခြားစာရေးစာချီ မိသားစုများ ဖြစ်၏။ စစ်မီးလျှံများ ပြင်းထန်ခဲ့သော်လည်း စစ်ကိုင်းတောင်ရိုး ဦးသိမ်းမောင် တို့ ခိုလှုံရာကို ရှောင်ကွင်းသွား၏။ ဦးသိမ်းမောင်၏ အိမ်သားစုအဖို့၌လည်း ပြင်ပလောကတွင် အဘယ်မျှ ဖောက်ပြန်ပျက်ပြားလျက် ရှိစေကာမူ အချင်းချင်း ချစ်ခင်အားထားလျက် သိပ်သည်းစည်းလုံးစွာရှိကြလေသည်။

စစ်ကိုင်းတောင်ရိုးမှ ချန်ကေရှိတ်၏ တရုတ်စစ်တပ်များ ဖြတ်သွားရာ တွင် လုယက်ဖျက်ဆီးမှုများ အနံ့အပြားပြုလုပ်ခဲ့ကြသော်လည်း ဦးသိမ်းမောင် တို့မှာ ကံကောင်းထောက်မ၍ လွတ်ခဲ့၏။ တိုက်ပွဲများ အေးငြိမ်းရပ်စဲသွား ချိန်၌ "လွတ်လပ်ရေးပြင်ဆင်မှုကော်မတီ"တွင် ပါဝင်ရွက်ဆောင်ရန် ဦးသိမ်း မောင်အား ရန်ကုန်သို့လာရန် အကြောင်းကြားစာရရှိ၏။ စစ်ကိုင်းချောင်၌ ကမ္မဋ္ဌာန်းဘာဝနာများ လေ့လာမွေ့လျော်နေရခြင်းကို မစွန့်လွှတ်လိုသော်လည်း တာဝန်ဝတ္တရားအလျောက် ရန်ကုန်သို့ ဆင်းခဲ့လေသည်။ စစ်၏ကြမ်းကြုတ် ရက်စက်မှုများကို ကြောက်ရွံ့ခဲ့သော ဦးသိမ်းမောင်သည် ဂျပန်များကိုကား မကြောက်ချေ။ စစ်တပ်များမှ ရှောင်တိမ်းပုန်းကွယ်သော်လည်း စစ်နိုင်သူ ဂျပန်ဗိုလ်ချုပ်များနှင့် မျက်နှာချင်းဆိုင်ရာ၌ကား ဦးသိမ်းမောင်သည် ရဲရင့် တည်ကြည်၏။ လွတ်လပ်ရေးပြင်ဆင်မှုကော်မတီ၌ ဦးသိမ်းမောင်သည် စကား အပြောဆုံး စောဒကအတက်ဆုံးပုဂ္ဂိုလ်ဖြစ်၏။ ဂျပန်တို့ကပေးသော လွတ်လပ် ရေးသည် အဓိပ္ပာယ်ရှိမည်ဟု မယူဆချေ။ သို့သော် ဦးသိမ်းမောင်က ရယ် သွမ်းသွေးကာ ဂျပန်များကို စမ်းကြည့်ချင်လေသည်။

ဦးသိမ်းမောင်က သဘာပတိလုပ်သူ ဂျပန်စစ်ဗိုလ်ချုပ်ကို "ဤလွတ်လပ် ရေးကော်မတီ၌ လွတ်လပ်စွာဆွေးနွေးခွင့် ရှိပါသလားခင်ဗျား"ဟု မေး၏။ သဘောထားကြီးမားဟန်ဆောင်သူ ဂျပန်ဗိုလ်ချုပ်က "ရှိတာပေါ့"ဟု ဆိုသော် ဦးသိမ်းမောင်မှစ၍ မြန်မာခေါင်းဆောင်အဖွဲ့ဝင်တို့သည် ဟိုဟိုသည်သည် ရှည်လျားစွာမေးမြန်း၊ အချေအတင်ပြောကြလေတော့သည်။ မည်သို့သော အုပ်ချုပ်ရေးစည်းမျဉ်း ရေးဆွဲမည်လဲ။ သမ္မတနိုင်ငံ ထူထောင်မလား။ ရှင်ဘုရင် တင်မြှောက်မလား။ စည်းမျဉ်းပြည်ထောင်စုစနစ်လား။ ဗဟိုအစိုးရစနစ်လား။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့လျှင် ၁၄ ရက်မျှကြာသော်လည်း ဘာမျှပြီးဆုံးခြင်းမရှိသော ကော်မတီ စည်းဝေးပွဲပြုလုပ်ခဲ့ကြ၏။ ဂျပန်တို့မှာ ငြီးငွေ့မောပန်းလာကြ၏။ ဦးသိမ်းမောင်နှင့် ဆာမြဘူးတို့ကား တခိခိကြိတ်၍ရယ်ကာ ဂျပန်များ အနေခက်အောင် သူတို့က စကားကြောရှည်၏။ လုပ်နေကြ၏။

နောက်ဆုံး၌ ဂျပန်သေနာပတိကြီးက ဦးသိမ်းမောင်တို့အား ခေါ်ယူ၍ ဆူပူကာ ဤကိစ္စကို အမြန်အပြီးသတ်ရန် ပြော၏။ ဂျပန်ဘုရင်မင်းမြတ် အစိုးရက မြန်မာပြည်ကို မကြာမီ လွတ်လပ်ရေးပေးမည်ဖြစ်၍ အုပ်ချုပ်ရေး စည်းမျဉ်းတစ်ခုကို အမြန်ပြီးစီးအောင် ရေးဆွဲရမည်ဖြစ်ကြောင်း ရှင်ဘုရင်ဖြစ်စေ၊ သမ္မတဖြစ်စေ၊ အဓိပတိဖြစ်စေ ခေါ်ချင်သလို ခေါ်နိုင်ကြောင်း အုပ်ချုပ်ရေး စည်းမျဉ်းကို ဖြစ်သလို အမြန်ပြီးစေ၍ စဉ်းစားမှုကို နောက်မှလုပ်ရန် အမိန့်တော် ရှိလေသည်။ ဦးသိမ်းမောင်နှင့် အဖွဲ့ဝင်တို့မှာ ဤသို့ ကြားနာရသဖြင့် များစွာ ရယ်ချင်ကြလေသည်။

ဂျပန်တို့က မြန်မာပြည်လွတ်လပ်ကြောင်း ကြေညာပြီးနောက် ဦးသိမ်းမောင်သည် တရားဌာနဝန်ကြီးဖြစ်လာ၏။ ဂျပန်အစိုးရက သူ၏ရုံးတွင် သူလျှို လုပ်စေရန် ဂျပန်အရာရှိတစ်ဦး ခန့်ထားစေရာ ဦးသိမ်းမောင်က ထိုနိပ္ပွန် မာစတာကလေးအား "ပညာရှိညှဉ်းဆဲနည်း"ဖြင့် မနေနိုင်အောင် ဖန်တီးလိုက် ၏။ ထိုလူငယ် ဂျပန်ဥပဒေအကြံပေးအရာရှိအား မြန်မာနှင့်ဂျပန် ဥပဒေများကို လေ့လာညှိနှိုင်း၍ မြန်မာရှေ့နေများ အလွယ်တကူဖတ်ရှု သုံးစွဲနိုင်စေရန် ရက်စွဲ ဥပဒေကျမ်းတစ်ခု ပြုစုရေးသားရန် တာဝန်ပေးအပ်လိုက်လေသည်။ ဂျပန် အရာရှိက "ကောင်းပါပြီ"ဟု ပြောကြားပြီး နောက်ဘယ်အခါမျှ ပေါ်မလာ တော့ချေ။ ဂျပန်ခေတ်တွင် ချမ်းချမ်းစီးစီး ဗုံးခိုကျင်းများ၌ ဝင်ရောက်ခိုလှုံရင်း ဦးသိမ်းမောင်သည် ထိုဂျပန်ဥပဒေအကြံပေးအရာရှိကလေးကို မကြာခဏ သတိရကာ ရယ်မောမိ၏။

နိပ္ပွန်မာစတာများနှင့် ခွဲခွာချိန်ဆိုက်ရောက်လာ၏။ ၎င်းတို့ စစ်ရေးမလှ သည်မှာ ထင်ရှားလျက် မဟာမိတ်များ ပြန်ဝင်လာကြကုန်ပြီ။ မြန်မာတို့၏ တော်လှန်ရေးလည်း စတင်ခဲ့သဖြင့် ဂျပန်တို့မှာ နေရာတကာ မရှုမလှခံစားကြရ ချိန် ဖြစ်၏။ ဂျပန်များ ရန်ကုန်မှ ဆုတ်ခွာမည်ဖြစ်ရာ ဗိုလ်မှူးဟီရာအိုကာက မြန်မာအစိုးရဝန်ကြီးအဖွဲ့ဝင်များကို အတူလိုက်ပါကြရန် ခေါ်ဆိုနေ၏။ ဂျပန် တို့က မြန်မာရဲဘော်ဝန်ကြီးများကို အကာအကွယ်ပေးလို၍ ခေါ်ဆိုလေဟန်



အကြောင်းပြသော်လည်း အမှန်မှာ ဝန်ကြီးများကို ဓားစာခံ လိုက်ပါစေခြင်း ဖြစ်၏။

နောက်ဆုံးအကြိမ် ကျင်းပသော ကယ်ဘိနက်စည်းဝေးပွဲတွင် ဦးသိမ်းမောင်က ပွင့်လင်းစွာ ဝေဖန်ပြောဆို၏။ ဝန်ကြီးအဖွဲ့ဝင်များက ကိုယ်လွတ် ရုန်းပြေးကြမည်ဆိုလျှင် အထူးပင် ရာဇဝင်ရိုင်းမည် ဖြစ်၏။ ယခုလိုအခါမျိုး တွင် လူထုတစ်ရပ်လုံး ကြောက်လန့်စိုးရိမ်လျက်ရှိစဉ် ရန်ကုန်မြို့၌ အစိုးရ မရှိလျှင် များစွာ အရုပ်ဆိုးပေမည်။ ဂျပန်များကမူ သူတို့သည် ပြန်လည် ထိုးစစ်ဆင်မည်ဖြစ်ကြောင်း၊ ရန်ကုန်မြို့၌ တိုက်ပွဲပြင်းထန်မည် ယူဆ၍ လုံခြုံမှု မရှိကြောင်းများကို ပြောပြကာ အတူလိုက်ရန်သာ တိုက်တွန်းနေ၏။ ဦးသိမ်းမောင်ကား ပြတ်သားစွာပင် မလိုက်ပါနိုင်ဟုဆိုကာ ရန်ကုန်မြို့၌ နေရစ်၏။ ဒေါက်တာဘမော်နှင့် အခြားဝန်ကြီးတို့မှာကား ဂျပန်တို့ဆုတ်ခွာရာတွင် အတူ လိုက်ပါသွားကြရ၏။ ညအချိန်တွင် ဂျပန်များ တိတ်တဆိတ် ထွက်ခွာသွားကြ ရာ ရန်ကုန်မြို့မှာ ခြောက်သွေ့ကျန်ရစ်၏။

နေ့ရက်အတော်ကြာမြင့်စွာပင် ရန်ကုန်မြို့မှာ ခြောက်ကပ်ကပ်ဖြစ်နေ၏။ တစ်နေ့သ၌ ဗိုလ်ခြသေ့ဆိုသူ ပေါ်ပေါက်လာကာ ဦးသိမ်းမောင်နှင့် ဦးဘဦး စသောလူကြီးများကို ဖိတ်ခေါ်ကာ ငြိမ်းချမ်းရေးဖွဲ့စည်းရေးကော်မတီ ဖွဲ့စည်း ရန် ဆွေးနွေးကြ၏။ သို့သော် စည်းဝေးပွဲကျင်းပချိန်၌ပင် ဗုံးကြဲလေယာဉ်များ ပေါ်လာကာ တရစပ်ပစ်ခတ်တော့ရာ ဗိုလ်ခြသေ့သည် စားပွဲအောက်သို့ ဒိုင်ဗင်ထိုးဝင်၍ လေယာဉ်ပျံများ ပြန်သွားမှသာ ပြန်ထွက်လာတော့၏။ အစည်း အဝေး ရုပ်သိမ်းလိုက်ရပြီးနောက် ဗိုလ်ခြသေ့မှာလည်း ကြက်ပျောက်ငှက်ပျောက် ပေါ်မလာတော့ချေ။

ဗြိတိသျှတို့ ရန်ကုန်သို့ ရောက်လာကြ၏။ သူတို့သည် မျက်နှာထား ခပ်တင်းတင်းဖြစ်လျက် စစ်နိုင်သူ၊ ကယ်တင်သူ ကျေးဇူးရှင်ကြီးများအသွင်သို့ ဆောင်နေကြ၏။ ၎င်းတို့မှာ အများအားဖြင့် ဗိုလ်ခြသေ့ကဲ့သို့ ဂိုက်ထွားကြ၏။

ဦးသိမ်းမောင်၏ ဇာတ်လမ်းမှာ ဆက်လက်စခန်းသွားလျက်ပင် ရှိ၏။ သူ၏ပညာဂုဏ်၊ သမာဓိဂုဏ်၊ နာယကဂုဏ် စသည်တို့ကြောင့် မိမိကိုယ်ကို မည်သည့်အခါမျှ ထင်ပေါ်ရန်၊ တိုးတက်ရန် ဖန်တီးခြင်းမပြုသော်လည်း အစဉ်တစိုက်ပင် မြန်မာနိုင်ငံ၏ ထိပ်သီးနေရာများသို့ အလိုအလျောက်ရောက်ရှိ ကာ သိက္ခာမပျက် သိမ်မွေ့စွာပင် ကျရောက်သမျှ တာဝန်များကို ရွက်ဆောင်

www.burmeseclassic.com

www.burmeseclassic.com



တရားဝန်ကြီးချုပ် ဦးသိမ်းမောင်၊ ပြင်သစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်
ဦးဝမ်ကိုဟောနှင့် ညှိသည်တော် မစ္စတာအက်တလီတို့ ရွှေတိဂုံစေတီတော်တွင် -



ခဲ့ပေသည်။ သူ့ကို မနာလိုသူများလည်း ရှိစမြဲပင်။ အင်္ဂလိပ်များ ပြန်ဝင်လာကြပြီးနောက် သူနှင့် ဂုဏ်တုဂုဏ်ပြိုင်လုပ်ခဲ့သူများက သစ္စာဖောက်ဟု သမုတ်ကာ ဦးသိမ်းမောင်အား နာလန်မထူနိုင်အောင် အပြုတ်ဆော်ကြ၏။

ဦးသိမ်းမောင်ကား တုန်လှုပ်ခြင်းမရှိဘဲ ခပ်အေးအေးပင် နေထိုင်၏။ ထို့နောက် ဗိုလ်ချုပ်အောင်ဆန်း ရောက်လာကာ ဦးသိမ်းမောင်အား အမျိုးသားလွတ်လပ်ရေးတိုက်ပွဲ၌ ဝင်နွှဲစေ၏။ လွတ်လပ်ရေးကြိုတင်ပြင်ဆင်မှုများ ထပ်မံလုံးပန်းရပြန်၏။

မြန်မာပြည်လွတ်လပ်ချိန်၌ ဦးသိမ်းမောင်သည် တရားလွှတ်တော်တရားဝန်ကြီးချုပ် ဖြစ်လာ၏။ ၁၉၅၂ ခုနှစ်တွင် ဒေါက်တာဘဦးက နိုင်ငံတော်သမ္မတကြီးအဖြစ်သို့ ရောက်ရှိခဲ့ရာတွင် ဦးသိမ်းမောင်သည် နိုင်ငံတော်တရားဝန်ကြီးချုပ်အဖြစ်ဖြင့် ၎င်း၏နေရာကို ဆက်ခံခဲ့၏။ တိုင်းရင်းသားဝတ်လုံများအဖို့ အထွတ်အထိပ်ဖြစ်သောရာထူးပေတည်း။ ကျောင်းကုန်းရွာမှ တိုက်သူကြီး၏သားမှာ အတော်ပင် ခရီးတွင်ခဲ့ပြီဟု ဆိုရပေမည်။

လွတ်လပ်သော ဤခေတ်သစ်တွင် နိုင်ငံတော်တရားဝန်ကြီးချုပ် ဦးသိမ်းမောင်နှင့် ဇနီးတို့ နေ့စဉ်လိုပင် ထမင်းစားပွဲများ တက်ရောက်နေရသဖြင့် သူတို့အိမ်၌ မီးခိုးတိတ်ကာ အတော်ပင် စရိတ်သက်သာပေမည်ဟု သတင်းစာဆရာတစ်ဦးက နောက်ပြောင်၍ ပြောခဲ့ဖူး၏။ ပွဲလမ်းသဘင်များသို့ တာဝန်ဝတ္တရားအလျောက် တက်ရောက်ရစေကာမူ ဦးသိမ်းမောင်မှာ ပကာသနထောင်လွှားမှုမရှိဘဲ ရိုးရိုးကုပ်ကုပ်ပင် နေတတ်၏။ ပင်နီအပေါ်အင်္ကျီနှင့် တောင်ရှည်ပုဆိုးကို နှစ်သက်သူဖြစ်၏။ အိမ်တွင် မြန်မာထမင်းဟင်းကိုသာ အမြဲမှီဝဲလျက် သစ်သီးဝလံများ သုံးဆောင်ရာ၌လည်း မြန်မာသီးနှံများကိုသာ သုံးဆောင်၏။ မိရိုးဖလာ မြန်မာပီသစွာ ဦးသိမ်းမောင်သည် လူကြီးသူကြီးများကို ရိုသေကိုင်းရှိုင်း၏။ သူတစ်ထူး၏ ကျေးဇူးကို မေ့လျော့သည်မရှိ။

ဆာမောင်ခင်က ဦးသိမ်းမောင်အား ပြည်မြို့မှ ရန်ကုန်သို့ ပြောင်းကာ မိမိနှင့်အတူ ဝတ်လုံလိုက်ရန် ခေါ်ယူရာတွင် "မစိုးရိမ်ပါနှင့်၊ ရန်ကုန်ရောက်ပြီး ၃ လအတွင်းမှာ မောင်သိမ်းမောင်ရဲ့ အခြေအနေမခိုင်လုံရင် ငါ့လခတစ်လစာကို စိုက်လျော်ပါ့မယ်"ဟု အားပေးခဲ့ပုံများကို သတိရရှိနေ၏။ ပြည်မြို့သို့သွားရာတွင် မြို့မိမြို့ဖများနှင့် သံဃာတော်များကို အမြဲတစေ ဆည်းကပ်ရန် သွန်သင်သူ ဦးမေအောင်၏ ကျေးဇူးကိုလည်း မမေ့နိုင်ချေ။ "သူ့ကြောင့်သာ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



ဘုရားလူကြီးဖြစ်ပြီး ဖိနပ်ချွတ်တိုက်ပွဲဝင်နိုင်ခဲ့ခြင်း ဖြစ်တယ်။ နို့မဟုတ်ရင် ကျွန်တော်ဟာ အပေါင်းအသင်းနည်းပါးတဲ့ တောဝတ်လုံကလေးဘဝမှာ မထင်မရှား တင်းတိမ်ရောင့်ရဲနေမိမှာပဲ"ဟု စားမြုံ့ပြန်၏။

သို့လျှင် မိမိအား ကျေးဇူးကြီးငယ် ပြုဖူးသူတို့အား ဦးသိမ်းမောင်သည် အမြဲအောက်မေ့ တသတတ်၏။ ဦးသိမ်းမောင်သည် ဘာသာရေးကိစ္စများ၌ အထူးကိုင်းရှိုင်း အားကိုးရသော ဗုဒ္ဓဘာသာဒါယကာကြီးတစ်ဦးဖြစ်၏။ ဘာသာရေးအတွက် သူ၏ရွက်ဆောင်ချက်များမှာ များလှစွာ၏။ ဖိနပ်ကိစ္စမှစ၍ ရွှေတိဂုံဝတ္ထုကံမြေပေါ်ရှိ နယ်ချဲ့အင်္ဂလိပ်သချိုင်းများကို ရှင်းလင်းပယ်ရှားခြင်း၊ ဘုရားမြေကို သိမ်းပိုက်ထားသော အင်္ဂလိပ်စစ်တပ်များကို ပြောင်းရွှေ့စေခြင်း၊ သံဃါယနာတင်ပွဲကြီးအတွက် လုံးပန်းခြင်း၊ တောင်တန်းသာသနာစသော ဗုဒ္ဓဝါဒ ဖြန့်ဖြူးရေး၊ မြန်မာပြည်၌ ဗုဒ္ဓဘာသာကို တက္ကသိုလ်မှစ၍ စာသင်ကျောင်းများတွင် လေ့လာသင်ကြားစေခြင်းစသော ကြိုးပမ်းမှု၊ အောင်မြင်မှု အရပ်ရပ်တို့ကို ထောက်ရှု၍ သူသည် မှတ်တမ်းတင်ထိုက်သော သာသနာ့ ဒါယကာကြီးတစ်ဦးဖြစ်သည်မှာ ထင်ရှားနေ၏။

အခွင့်ကြုံတိုင်း မငြင်းမခိုဘဲ ထမ်းဆောင်ခဲ့သော သူ၏အမျိုးသားတာဝန်များကို ယခုအချိန်၌ ပြန်ပြောင်းကြည့်ရှုမည်ဆိုလျှင် မျက်စိတစ်ဆုံး ရှည်လျားများပြားသော မှတ်တိုင်ကျောက်တိုင်များသဖွယ် ဖြစ်တော့၏။ ဥပဒေရေးရာများ၌လည်း အင်္ဂလိပ်ခေတ်က ဟိုက်ကုတ်တရားဝန်ကြီးချုပ်ဖြစ်သူ ဆာဂိုင်းရပ်တလက်က ခန့်အပ်သော ဗုဒ္ဓဘာသာ ဥပဒေဖြတ်ထုံး စီရင်ပြုစုရေးကော်မတီတွင် ဦးသိမ်းမောင်ပင် ပါဝင်လုံးပန်းခဲ့ပေသည်။ သံဃဝိနိစ္ဆယကောင်စီ ဥပဒေကိုလည်း ရေးဆွဲခဲ့၏။ ဗုဒ္ဓသာသနာအဖွဲ့လုပ်ငန်းများကိုလည်း ယခုတိုင်မပြတ်မလပ် ရွက်ဆောင်နေ၏။ အခြားကုသိုလ်ဖြစ် အသင်းအဖွဲ့များဖြစ်သော အဆုတ်နာနှင့် ကုဋ္ဌနူနာကယ်ဆယ်ရေးစသော ကိစ္စများတွင်လည်း ဦးသိမ်းမောင်ပါဝင်လေသည်။ ယခင်ခေတ်က ပညာရှင်များသည် အေးအေးဆေးဆေးနှင့် ဥပဒေရေး၊ ဘာသာရေးပြဿနာများကို အချိန်ယူကာ သုတေသနပြုလုပ်နိုင်ခဲ့၏။ စာပေကျမ်းဂန်များ ပြုစုရာ၌လည်း အကျိုးကျေးဇူးကို မျှော်ကိုးမှုမရှိဘဲ တာဝန်၌မွေ့လျော်ပျော်ရွှင်စွာ အမှုထမ်းနိုင်ခဲ့၏။

ဦးသိမ်းမောင်၏ ဘဝခရီးကို သုံးသပ်မည်ဆိုလျှင် တစ်သက်လုံး အများအကျိုးကို ရွက်ဆောင်ရာမှ သူ့အကျိုးလည်း အလိုအလျောက် ပြည့်စုံအောင်မြင်ခဲ့သော လမ်းစဉ်ကို မြင်တွေ့ရ၏။ မြန်မာဗုဒ္ဓဘာသာ ယဉ်ကျေးမှုတရားများအရ ကျင့်သုံးကြီးပွားခဲ့သူပေတည်း။ အမိမြန်မာပြည်၏ သားကောင်းရတနာ တစ်ဦးပီသပါပေ၏။ တိုင်းပြည်ကလည်း ဦးသိမ်းမောင်အပေါ်တွင် ထူးခြားသော ခင်မင်မြတ်နိုးမှုများပြသခဲ့ပေသည်။ လက်ရှိနိုင်ငံတော် တရားဝန်ကြီးချုပ်ရာထူး၌ ဦးသိမ်းမောင်သည် ယမန်နှစ်က အလုပ်သက်တမ်းစေ့ကာ ပင်စင်ယူချိန် ဆိုက်ရောက်ခဲ့သော်လည်း သူ့အားလက်မလွှတ်လိုခြင်း၊ စေတနာမေတ္တာပိုခြင်းတို့ကို ထင်ရှားစေလိုသဖြင့် သူ့အတွက် အထူးတလည် ပြည်ထောင်စုတရားစီရင်ရေး အက်ဥဒေကို လွှတ်တော်နှစ်ရပ်လုံး၏ သဘောတူညီချက်ဖြင့် ပြင်ဆင်ကာ ဦးသိမ်းမောင်အား ဤထိပ်သီးတရားဌာနရာထူး၌ ဆက်လက်ရွက်ဆောင်စေရန် စီစဉ်ပေးခဲ့ကြပေသည်။

ဦးသိမ်းမောင်သည် မြန်မာပြည်၏ အထွတ်အထိပ်ဖြစ်သော နိုင်ငံတော်သမ္မတရာထူးကို တက်လှမ်းမည်လော။ သူ့အဖို့ နောက်တစ်ဆင့်တက်လှမ်းလိုပါက ထိုရာထူးတစ်ခုသာလျှင် ကျန်ရှိနေပေတော့သည်။ လက်လှမ်းမီလျက်ရှိနေချေပြီ။ သို့တည်းမဟုတ် ဦးသိမ်းမောင်သည် လက်ရှိနိုင်ငံတော်တရားဝန်ကြီးချုပ်အဖြစ်ဖြင့်ပင် တိုင်းပြည်အား ဆက်လက်၍ ထိန်းသိမ်းစောင့်ရှောက်သွားမည်လော။ ဦးသိမ်းမောင်က မည်သို့ဆုံးဖြတ်စေကာမူ တိုင်းပြည်အဖို့ကား အကျိုးကျေးဇူးများမည်သာတည်း။

❐



www.burmeseclassic.com

www.burmeseclassic.com



# ဗိုလ်ချုပ်ကြီးနေဝင်း

(ကာကွယ်ရေးစစ်ဦးစီးချုပ်)

[1](၁၄ မေ ၁၉၁၁– ၅ ဒီဇင်ဘာ ၂၀၀၂)

ရန်ကုန်မြို့ စမ်းချောင်းရပ် စမ်းချောင်းလမ်းမှ အမှတ် ၇၇ သည် ခြေတံရှည်များပေါ်၌ မယိုင့်တယိုင်တည်ရှိသော ပျဉ်ထောင်အိမ်ကြီးဖြစ်ပါသည်။ ၎င်းအိမ်၌ ၁၉၄၅ ခုနှစ် ဇွန်လလောက်က ကျွန်တော်သည် ဟသ်ာတနယ် တော်လှန်ရေးတာဝန်များမှ ပြန်ခဲ့ပြီး ဗိုလ်ချုပ်နေဝင်းထံ သတင်းပို့ရန် ရောက်ခဲ့လေသည်။ ဗိုလ်ချုပ်သည် ထိုအခါက မြစ်ဝကျွန်းပေါ်ဒေသ၌ တော်လှန်ရေးတပ်တို့ကို ဦးစီးကွပ်ကဲခဲ့ပြီး ရန်ကုန်သို့ ပြန်လည်ရောက်ရှိကာ တပ်မတော်၏ရေးရေး၊ မြန်မာ့နိုင်ငံရေးတို့ကို ကင်းထောက်လျက်ရှိလေသည်။ ခေတ်ပြောင်းခေတ်လွှဲတွင် ကျွန်တော်တို့တပ်သားတွေ၊ ပြောက်ကျားတပ်တွေ တော်တော်မျက်နှာငယ်နေကြသည်။ အင်္ဂလိပ်တွေ ပြန်ရောက်ပြီဖြစ်၍ ဂျပန်ကို မာစတာခေါ်ခဲ့သော အလိုတော်ရိသမားများသည် အင်္ဂလိပ်ကိုပြေး၍ သခင်ခေါ်ကာ သခင်မင်းများ မြန်မာပြည်၌ မရှိကြစဉ်အခိုက်အတန့်တွင် သူတို့အား ဘီအိုင်အေတပ်တွေက နှိပ်စက်ပုံ၊ ဂျပန်တွေက နှိပ်စက်ပုံကို တိုင်တောကြလို့ကောင်းတုန်း။ သခင်တွေနှင့် သစ္စာရှိသော လူကလေးများ ပြန်ပေါင်းထုပ်၍ ကောင်းကြတုန်း။ မြန်မာ့တပ်တော်သားများ ပြောက်ကျားများမှာ တောတောင်တို့တွင် တိုက်ခိုက်၍ မြို့သို့ပြန်လာကြလျှင် မျက်စိသင်္ကေယ်နှင့် ပုလိပ်ကပင် သူတို့ကို မသင်္ကာသော အကြည့်မျိုးနှင့် ကြည့်ကြသည်။ တချို့သောပုလိပ်တို့က အခြေအနေကြည့်၍ ဟိန်းဟောက်ချင်ကြသည်။

---

၁။ မြန်မာသမိုင်းအဖွဲ့ဝင် ဦးကျော်ငြိမ်း ရေးသားပြုစုသော ၁၉၉၈ ခုနှစ်ထုတ် ရဲဘော်သုံးကျိပ် စာအုပ်၊ စာမျက်နှာ ၅၅ တွင်မူ ၆ ဇူလိုင် ၁၉၁၀ ဟု ဖော်ပြထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုမသေမချာအချိန်၌ ဗိုလ်ချုပ်အောင်ဆန်းသည် တာဝါလိန်းအိမ်တွင် သူ့အိမ်သားများနှင့် အေးဆေးစွာ အချိန်ကောင်းကို စောင့်ရင်းနေလေသည်။ ကျွန်တော်တို့ ဝင်ထွက်သွားလာရတာ အင်မတန် လွယ်ကူခဲ့လေသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် အကြိမ်ကြိမ်တွေ့ဆုံခဲ့ရပြီး တစ်ကြိမ်တစ်ကြိမ်လျှင် ကြာမြင့်စွာ ပြောဆို ဆွေးနွေးခဲ့ရ၏။ ဖဆပလခေတ်သို့ ကူးပြောင်းသောအချိန်ကျမှ တာဝါလိန်းအိမ်၌ ညည့်သည်မစဲ။ တော်လှန်ရေးကို နယ်များ၌ အပြင်းအထန် လုပ်ခဲ့ရ၍ ဂျပန်ကင်ပေလိုက်၍ ပြေးနေရာမှ ယခုမှရန်းထွက်လာရသည်ဆိုသည့် မျိုးချစ်ပုဂ္ဂိုလ်တွေလည်း တအုန်းအုန်း ပေါ်ထွက်လာကြလေသည်။

စမ်းချောင်း၌ ဗိုလ်ချုပ်နေဝင်းခိုနေသော အိမ်မှာလည်း ကျွန်တော်ရောက်သွားသည့် ညနေခင်းတွင် တိတ်ဆိတ်၍နေလေသည်။

အထက်ထပ်သို့တက်လျှင် ချောင်ကျကျ အခန်းမှောင်မှောင်၌ ဗိုလ်ချုပ်နှင့် ဗိုလ်ခင်မောင်ကလေးတို့ ကြမ်းပေါ်၌ထိုင်ကာ ထမင်းအေးအေးကို ဟင်းတစ်ခွက်နှစ်ခွက်နှင့် ခြောက်ကပ်ကပ်စားနေကြသည်ကို တွေ့ရသည်။ ဆီမီးမှိန်မှိန်သည် ဖျော့တော့သော အလင်းရောင်ကို စိတ်မပါတပါ ပေးနေ၏။ ဆီမီးရောင်သည် ဗိုလ်ချုပ်တို့၏ နိုင်ငံရေးကံဇာတာကဲ့သို့ ညှိုးမှိန်မှိန်ရှိ၍နေသည်။ ထိုအချိန်က ဗိုလ်ချုပ်တို့ကို သစ္စာဖောက်သူပုန်များအဖြစ် အရေးယူ၍ ကြီးလေးသော အပြစ်ဒဏ်များပေးရန် အင်္ဂလိပ်၏အလိုတော်ရိကြီးများ၊ နိုင်ငံရေးစားဖားကြီးများက များစွာလိုလား၍ နေချိန်ဖြစ်ခဲ့၏။ ဗိုလ်ချုပ်တို့ကို မျိုးချစ်သူရဲကောင်းများအဖြစ် ချီးကျူးကြမည်လော။ စစ်သုံ့ပန်းများအဖြစ်နှင့်ပင် ဖမ်းဆီးအရေးယူတော့မည်လော။ ဗိုလ်ချုပ်နေဝင်းအဖို့မှာမူကား ထို သို့လော သို့လော ပြဿနာသည် မပေါ်ပေါက်ခဲ့။ တစ်ကြိမ်က ပေါ်ပေါက်ခဲ့ပါလျှင်လည်း ထိုအကြိမ်သည် ရေးမဆွ သူငယ်စဉ်အခါက ဖြစ်ခဲ့ပေလိမ့်မည်။ သူ့အဖို့ ခပ်ငယ်ငယ်ရွယ်ရွယ်ကပင် ဆုံးဖြတ်ချက်ကို ချမှတ်ပြီးဖြစ်၏။ သူ့လမ်းကို သူခင်းပြီးဖြစ်၍ ထိုလမ်းအတိုင်း မမိုတ်မသုန် ချီခဲ့၏။ ကျောင်းသားကတည်းကပင် ဗိုလ်ချုပ်နေဝင်းလောင်းလျာ မောင်ရှုမောင်သည် စိတ်ဓာတ်ပြင်းခဲ့၏။ တစ်ခုခုလုပ်မည်ဆိုလျှင် မဆုတ်တမ်း လုပ်တတ်၏။ မဖြစ်မနေ ကြိုးစား၏။

မောင်ရှုမောင်သည် ပြည်ခရိုင် ပေါင်းတလည်သားဖြစ်၍ ၁၉၁၁ ခုနှစ်၊ မေလ ၁၄ ရက်နေ့ဖွားဖြစ်၏။ သူ့ဖခင် ဦးဖိုးခသည် မြေတိုင်းဌာန၌ အမှုထမ်းခဲ့၏။ ၎င်းနောက် လွှတ်လပ်ရေးကို စုံမက်သူပီပီ အလုပ်မှထွက်၍ ကုန်သည်



ပွဲစားလုပ်ကာ ကိုယ့်မင်းကိုယ့်ချင်းနေထိုင်ခဲ့၏။ အမိ ဒေါ်မိလေးမှာလည်း ဘက်ညီလှ၏။ လခစားအလုပ်တို့ ဂုဏ်ပကာသနတို့ကို မမက်မော။ ကျယ်ပြန့်အောင်မြောက်သောဘဝ၊ လွတ်လပ်သောဘဝကိုသာမက်မော၏။ ၎င်းမိဘနှစ်ပါးမှ ထိုလွတ်လပ်သောစိတ်၊ ကျဉ်းမြောင်းသောဘဝကို မလိုလားသောစိတ်တို့သည် မောင်ရှုမောင်သို့ ပြည့်ဖြိုးစွာ သက်ဆင်းဝင်ရောက်ခဲ့၏။ မောင်ရှုမောင်သည် ကစားခုန်စားကို ဝါသနာပါခဲ့၏။ အထူးသဖြင့် ဘောကန်ဘက်တွင် ချွန်၏။ ပညာဉာဏ်လည်း ထက်မြက်၏။ သူ၏ရှေ့ရေးကို သူ့မိဘနှစ်ပါးတို့ မျှော်ကြည့်ကြလျှင် ဘာပဲဖြစ်ဖြစ် ဘယ်ကမ်းကိုဆိုက်ဆိုက် မောင်ရှုမောင်သည် အိုင်စီအက်စ်၊ ဘီစီအက်စ် စသော အစိုးရရာထူးတို့ကို တမ်းတမည်မဟုတ်။ ကိုယ့်ထူးကိုယ်ချွန်၊ ကိုယ့်ပညာ၊ ကိုယ့်သတ္တိ စွမ်းရည်ကို အားကိုး၍ ဆရာဝန်ကြီးတစ်ဦး ဖြစ်လာမည်လော၊ အင်ဂျင်နီယာကြီးတစ်ဦး ဖြစ်လာမည်လော။ တပ်မတော်ဗိုလ်ချုပ်ကြီးတစ်ဦး ဖြစ်လာမည်ကိုတော့ မိဘများ တွေးမိကြမည် မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ထိုခေတ်၌ရှိသော စစ်တပ်လက်တစ်ဆုပ်မှာ အင်္ဂလိပ်တို့က ဦးစီး၍ များသောအားဖြင့် ကြေးတန်းစားများနှင့်သာ ပြည့်၏။ စစ်သားကို မျိုးချစ်ရဲဘော်တစ်ဦးအနေနှင့် မမြင်ကြရသေး။ လွတ်လပ်သော မြန်မာနိုင်ငံနှင့် မြန်မာ့တပ်မတော်ကြီးကို အိပ်မက်မက်ကြည့်ဖို့ကား စောခဲ့သေး၏။

မောင်ရှုမောင် ရန်ကုန်တက္ကသိုလ်သို့ရောက်၍ ဥပစာသိပ္ပံပညာများကို ဆည်းပူးနေသောအချိန်၌ကား ခေတ်သည် ပြောင်းလဲ၍လာလေပြီ။ အမျိုးသားစိတ်တို့သည် တိုင်းပြည်၌ တက်ကြွ၍ လာကုန်ပြီ။ ဒို့ဗမာသခင်အစည်းအရုံး၊ ဒို့ဗမာသီချင်း၊ နဂါးနီစာပေ စသည်တို့သည် တစ်လှမ်းပြီး တစ်လှမ်း မြန်မာလူထုကြီးကို အင်္ဂလိပ်အား ပုန်ကန်တော်လှန်ရေးစခန်းသို့ လွှဲမရှောင်သာအောင် ပို့ပေးနေလေပြီ။ မောင်ရှုမောင်သည် ဥပစာတန်းမှပင် ကျောင်းမှထွက်၍ စာပို့နှင့် ကြေးနန်းဌာန၌ စာရေးဝင်လုပ်ရင်း အပြင်မှ သခင်များနှင့် ဆက်သွယ်မိ၏။ တစ်စတစ်စနှင့် သခင်ရှုမောင် ဖြစ်၍လာ၏။ သူ့အလုပ်နှင့် အပြင်မှ တော်လှန်ရေးအလုပ်တွေမှာ အင်မတန်အဆင်ပြေလှ၏။ သူသည် အင်္ဂလိပ်တို့က ကြေးနန်းနှင့် ထိပ်တန်းလျှို့ဝှက်ပေးပို့သော သတင်းအမိန့်များကို ရဲဘော်သခင်များသို့ မပျက်မကွက်ပေးခဲ့၏။ နယ်မှသခင်များကို ဖမ်းဆီးရန် ကြေးနန်းဖြင့် ရန်ကုန်မှ အမိန့်ပေးလျှင် ထိုအမိန့်ကို နယ်သခင်များက သခင်ရှုမောင်ထံမှ

www.burmeseclassic.com

www.burmeseclassic.com


တစ်ဆင့် ကြိုတင်၍ ရရှိကာ ကြိုတင်ပြင်ဆင်မှုများ၊ ကြိုတင်၍ ရပ်ဖျောက်မြေလှိုးခြင်းများ လုပ်ခွင့်ရကြ၏။

သို့နှင့် ဥပရောပတိုက်၌စစ်ဖြစ်၊ သခင်အောင်ဆန်းတို့ ဂျပန်ပြည်ရောက်ရဲဘော်သုံးကျိပ်ရာဇဝင်ပေါ် ဗမာ့လွတ်လပ်ရေးတပ်မတော်ခေတ်သို့ဝင်၊ သခင်ရှုမောင်သည်လည်း ရဲဘော်သုံးကျိပ်ဝင်အဖြစ် ဂျပန်ပြည်၌ စစ်ပညာကို အပူတပြင်း လေ့ကျင့်ခဲ့ရ၏။

ဂျပန်တို့သည် မျိုးချစ်မြန်မာလူငယ်များအား သေချာစွာ အကဲခတ်၍ခေါင်းဆောင်မှုစွမ်းရည် ရှိမည့်သူများကို စစ်ဦး စီးများဖြစ်ရန် လေ့ကျင့်ပေး၏။ ထိုအထဲမှပင် တပ်ကိုကွပ်ကဲအုပ်ချုပ်ရန်၊ စစ်ရေး ချုပ်များကို ဦးစီးရန် စသည်ဖြင့်ခွဲ၍ သင်ကြားလေ့ကျင့်ပေးခဲ့၏။ ခေါင်းဆောင်အဖြစ် ရည်မှန်းသော သခင်အောင်ဆန်း၊ သခင်ရှုမောင် စသူတို့ကို ပို၍စုံလင်စွာ ပညာသင်ကြားပေးပြီးပို၍ကြမ်းတမ်းသော လေ့ကျင့်ခန်းများကို ပေး၏။ ဗိုလ်ချုပ်လုပ်မည့်သူများဆိုပြီး ဘဝင်မမြင့်ရအောင် စစ်ပညာလေ့ကျင့်ခန်းများအပြင် စိတ်ဓာတ်ကျိုးနွံစေသော လေ့ကျင့်ခန်းများကို ပေးခဲ့ကြ၏။ ဥပမာအားဖြင့် ရဲဘော်တို့၏ထမင်းအိုးများကို အလှည့်ကျထမ်းပိုးယူစေခြင်း၊ စစ်တန်းလျားများ၊ အိမ်သာများကို သန့်ရှင်းစေခြင်း။

ရဲဘော်သုံးကျိပ် ဂျပန်ပြည်သို့ရောက်ရှိစက ဂျပန်နှင့် အင်္ဂလိပ်–အမေရိကန်တို့ စစ်မဖြစ်ကြသေး၊ ဟန်ဆောင်ပြုံးပြုံး၍ ငြိမ်းချမ်းရေးစကားကမ်းလှမ်း၍ နေကြသေးသဖြင့် ရဲဘော်တို့ကို ပွင့်လင်းစွာ ဂျပန်အစိုးရအနေနှင့်လက်မခံခဲ့ကြ။ စစ်တပ်နှင့် ရေတပ်တို့ပါဝင်၍ မြန်မာပြည်ဘက်သို့ ဂျပန်စစ်ဦးလှည့်ရန် လိုလား၍ ကြိုတင်ပြင်ဆင်နေကြသော မိနာမိ အဖွဲ့အစည်းတစ်ခုကလက်ခံ၍ နေရေးထိုင်ရေးကို စီစဉ်ပေး၏။ စစ်ပညာသင်ကြားပေးခြင်းစသည်တို့ကို ပြုလုပ်ပေး၏။ ထို့ကြောင့် အစဦးတွင် ရဲဘော်များကို ဂျပန်လိုဝတ်စားပေး၍ ဂျပန်အိမ်များ၌ တည်းခိုစေ၏။ ဟိုတယ်ကြီးများ၌ ထားပေး၏။ ဂျပန်နာမည်များ တပ်ဆင်ပေးကာ ဂျပန်တွေအဖြစ် ရုပ်ဖျောက်၍ နေစေ၏။ သခင်ရှုမောင်မှာ ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဦးစီးရန် နာမည်ကောင်းကို ဗေဒင်ကိန်းခန်းအရ ရေးကြရာတွင် ဗိုလ်နေဝင်းဟူ၍ အမည်သစ်ကိုယူခဲ့၏။ ဂျပန်ကပေးသော ဂျပန်နာမည်သည် "တကစုကိ စုစုမု"ဟူ၍ ဖြစ်လေသည်။



ဗိုလ်ချုပ်နေဝင်းသည် ဟိုင်နန်ကျွန်း၌ ၁၉၄၁ ခုနှစ်၊ ဩဂုတ်လမှအောက်တိုဘာလအထိ၊ ဖော်မိုဆာကျွန်း၌ ဒီဇင်ဘာလကုန်အထိ စစ်ပညာများကို လေ့ကျင့်သင်ကြားခဲ့ရ၏။ ပညာများသည်စုံ၏။ ခြေလျင်တပ်ရင်း တပ်မဟာများကို အုပ်ချုပ်ခြင်း၊ ဦးစီး၍ တိုက်ခိုက်ခြင်းတို့အပြင် ရန်သူစစ်ကြောင်း၏နောက်ပိုင်း၌ ဝင်ရောက်၍ တံတားဖျက်ခြင်း၊ သူပုန်ထစေခြင်း၊ ပြောက်ကျားတိုက်ခိုက်ခြင်းစသည်တို့ လေ့လာဆည်းပူးခဲ့ရ၏။ ပညာစုံသောအခါ ဗိုလ်နေဝင်းခေါင်းဆောင်သော ရဲဘော်ငါးယောက်ကို ရှေ့ပြေးအနေနှင့် မြန်မာပြည်တွင်းသို့စေလွှတ်ကာ ပုန်ကန်ထကြွမှုများကို ပြုစေမည်ဟု ညွှန်ကြားလွှာရ၏။ ဝမ်းသာလိုက်ကြရသည့်ဖြစ်ခြင်း။ ပြန်ရက်ကိုမျှော်ခဲ့ရသည်မှာ ကြာပြီ။ ပြည်တော်ကိုပြန်ချင်လှကြပြီ။ တိုက်ပွဲဝင်ချင်လှကြပြီ။ သို့ရာတွင် ညွှန်ကြားချက်ရပြီးပြီးချင်းဗိုလ်နေဝင်းတို့တစ်စု မထွက်ကြရသေး။ ဂျပန်ကုန်းတပ် ဦးစီးများနှင့် ရေတပ်ဦးစီးများက ရဲဘော်သုံးကျိပ်ကို အကြိတ်အနယ် လုနေကြသေးသည်။ စစ်တပ်ကလည်း ရဲဘော်တွေကို လိုချင်၊ ရေတပ်ကလည်း လိုချင်၊ အင်မတန်ဈေးကောင်းသောအချိန်။

နောက်ဆုံးတွင် ဗိုလ်ချုပ်နေဝင်းတို့၏ ရှေ့ပြေးတပ်ဖွဲ့သည် မြန်မာပြည်တွင်းသို့ ဝင်ရောက်ဖြစ်ကြလေသည်။ တောတောင်ကို ကျော်ဖြတ်၍ ရန်ကုန်သို့ရောက်ကြလျှင် (ဘီ၊ အာရ်၊ ပီ) ဗမာ့တော်လှန်ရေးအဖွဲ့၏ ခေါင်းဆောင်ဖြစ်သူ သခင်ကျော်ငြိမ်းနှင့် သူ့အဖွဲ့သားများကို ဆက်မိကြသည်။ ရန်ကုန်၌ပုန်းလျှိုးကာ စောင့်စားနေခဲ့ကြရသော ရဲဘော်များအဖို့ ဗိုလ်နေဝင်းတို့ ရောက်လာကြခြင်းသည် အားတိုးဆေးကြီးသဖွယ် ဖြစ်ခဲ့လေသည်။ ဗိုလ်နေဝင်းတို့ယူဆောင်၍လာကြသည့် ပစ္စတိုအိတ်ဆောင်သေနတ်ကလေးများသည်ပင် ရောမလက်နက်တိုက်ကြီးတစ်ခုသဖွယ် အားတက်စရာ ဖြစ်ခဲ့လေသည်။ ယခင်ကသစ်သားသေနတ်များနှင့် ဖြစ်သလို စစ်လေ့ကျင့်ရေးများကို လုပ်ခဲ့ကြရသည်။ ယခုမူ လက်နက်အစစ်များကို ကိုင်တွယ်၍ ကြည့်ရ မြင်ရပြီ။ အင်္ဂလိပ်တွေဖနောင့်နှင့်တင်ပါး တစ်သားတည်းနေအောင် ပြေးဖို့သာပြင်ရော့။

ဗိုလ်ချုပ်နေဝင်းတို့တစ်တွေသည် တော်လှန်ပုန်ကန်မှုကို စိုင်းပြင်းကြသည်။ ဝါဒဖြန့်စာရွက်စာတမ်းများကို ဖြန့်ဝေကြသည်။ အင်္ဂလိပ်တပ်များမှမြန်မာရဲဘော်များကို သိမ်းသွင်းကြသည်။ လက်နက်များ ရရာနည်းဖြင့် စနေထိုင်ကြသည်။။ ပဋ္ဌမံပြောက်ကျားစစ်ကို ဆင်နွှဲကြသည်။ ဤသို့နှင့် ရန်ကုန်မှ

www.burmeseclassic.com

www.burmeseclassic.com



တစ်လက်မမျှ ဆုတ်ခွာ၍ မပေးဟု ကြုံးဝါးကြသော အင်္ဂလိပ်တပ်များ၊ ပဲခူးမှ အလုံးအရင်းဖြင့်ခံကာ ဂျပန်ကို တွန်းလှန်မည်ဟု ကြွားသော အင်္ဂလိပ်သေနာပတိများသည် အလုံးအရင်းဖြင့် ကစဉ့်ကလျား ဆုတ်ခွာထွက်ပြေးကြရလေသည်။ စစ်အရှုံးကြီး ရှုံးရခြင်း၏ အကြောင်းရင်းတစ်ခုမှာ မြန်မာ့လွတ်လပ်ရေးတပ်မတော်နှင့် မြန်မာလူထုကြီး၏ အုံကြွတော်လှန်မှုပင် ဖြစ်လေသည်။

နောက် ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးသည် စစ်ကြောင်း အကြောင်းကြောင်းမှ ထိုးဝင်၍ ဇန်ကောက်၊ ဇင်းမယ်ဘက်က တက်၍ လာကြပြီး ရန်ကုန်၌ပင် ဗိုလ်ချုပ်အောင်ဆန်းတို့၊ ဗိုလ်နေဝင်းတို့ ရဲဘော်သုံးကျိပ်ဝင်တွေ၊ မြန်မာပြည်မှ အသင့်စောင့်စား၍ နေကြသော ဘီ၊ အာရ်၊ ပီ နှင့် အခြားတော်လှန်ရေးအင်အားစုတွေ ဆုံမိကြလေသည်။ ထိုမှတစ်ဆင့် အထက်မြန်မာပြည်သို့ စစ်ကြောင်းကြီးနှစ်ကြောင်းခွဲ၍ ချီတက်တိုက်ခိုက်ကြသည်မှာလည်း မဟောင်းလှသေးသော မြန်မာ့ရာဇဝင်၏ တောက်ပြောင်သော အခန်းတစ်ခန်းဖြစ်သည်။ ဘီအိုင်အေ၏ အောင်လံအောက်၌ မျိုးချစ်လူငယ်များ စုရုံးမိကြလေသည်။ ကျောင်းသား၊ ကျောင်းဆရာ၊ ကုန်သည်၊ လယ်သမား၊ အလုပ်သမားမကျန် တပ်မတော်သို့ အစုအပြုံလိုက် ဝင်ရောက်ကြကာ လက်နက်မျိုးစုံကိုင်ဆောင်၍၊ စစ်ဝတ်မျိုးစုံဝတ်ဆင်ကြ၍ တပ်တွေချီတက်ကြလေသည်။ တပ်ထဲလိုက်ပါသူများထဲတွင် လူဆိုးသူဆိုးတွေလည်း ပါခဲ့သည်။ ကြွားဝင့်၍ တပ်ထဲဝင်ကြသူများလည်း ပါခဲ့သည်။ နိုင်ငံရေး ရန်သူများကို နှိပ်စက်လိုကြ၍ အခွင့်အရေးကောင်းတစ်ခုဟု မြင်ကာ ဝင်ရောက်ကြသူများလည်း ပါခဲ့သည်။ ဘုန်းကြီးတွေလည်း လူဝတ်လဲ၍ အသဲအမဲလိုက်ပါလာကြတာတွေ တွေ့ရသည်။ လူမျိုးစုံ၊ ဘာသာစုံ လိုက်ပါလာကြသော တပ်မတော်ကြီးတွင် တစ်ခုကောင်းတာ့ရှိသည်။ ထိုဟာသည်ကား ရဲဘော်တိုင်း၏ စိတ်ဓာတ်ပြင်းထန်ခြင်းပင် ဖြစ်ပေသည်။ တစ်ခါတစ်ခါတွင် စိတ်ဓာတ်များသည် ပြင်းထန်လွန်း၍ပင် နေခဲ့၏။

ဗိုလ်ချုပ်နေဝင်းသည် ဘီအိုင်အေ တပ်မဟာတစ်ခုကို ဦးစီး၍ အထက်မြန်မာပြည်သို့ ချီတက်ခဲ့၏။ ၎င်းနောက် တပ်တွေကိုရုပ်၍ ဗမာ့ကာကွယ်ရေးတပ်ဟူ၍ လျှော့ပေါ့ကာ အယောင်အဆောင်လောက်သာထားရှိနိုင်ခဲ့၏။ ဂျပန်တို့သည် ဗမာ့တပ်မတော် ကြီးထွား၍လာမည်ကို မလိုလားကြ။ သေးသိမ်စွာ ဟန်ပြမျှသာထားရှိလိုကြ၏။ ဗမာ့တပ်မတော်၏ ပြင်းပြသော စိတ်ဓာတ်ကို



လည်း အထူးကြောက်ရွံ့ကြလေသည်။ ရဲဘော်ငါးသောင်းခန့်အထိ နေ့ချင်း ညချင်း ကြီးထွား၍လာခဲ့သော ဗမာ့လွတ်လပ်ရေးတပ်မတော်ကို တပ်ရင်းသုံးခုမျှသာရှိ၍ တပ်မဟာတစ်ခု ပျော့ပျော့လောက်အထိ လျှော့ပေါ့၍ ထားရှိရ၏။ ဗိုလ်နေဝင်းသည် ၎င်းတပ်ရင်းတစ်ရင်းကို ဦးစီး၍ ရခိုင်ပြည်၌ တပ်စွဲကာ အမှုထမ်းခဲ့၏။

ဂျပန်တို့သည် တပ်မတော်နှင့်လူထု ရင်းနှီး၍ သွားကြမှာကို စိုးရိမ်ပူပန်သဖြင့် ရခိုင်၊ ပျဉ်းမနား အစရှိသော နေရာများ၌သာ တပ်များကိုဖြန့်၍ ထားစေလေသည်။

ရဲဘော်အပေါင်းတို့သည် ဂျပန်ကိုတော်လှန်ရမည့် အချိန်ကိုသာ မျှော်လင့်စောင့်စား၍ နေကုန်၏။ ထိုအချိန်သည် တရွေ့ရွေ့နှင့် မှန်မှန်ကြီး နီးကပ်၍ လာလေသည်။ ၁၉၄၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် ဂျပန်က စိတ်တက်ကြွ၍နေသော မြန်မာကို ကျေနပ်နှစ်သိမ့်စေသောသဘောဖြင့် လွတ်လပ်ရေးပေး၏။ လွတ်လပ်ပြီဆိုလျှင် လွတ်လပ်ရေးကို ကာကွယ်ထိန်းသိမ်းရန် ဗမာ့တပ်မတော်ကြီးတစ်ခု လိုအပ်ပြီဟုဆိုကာ ဗိုလ်ချုပ်အောင်ဆန်းနှင့် စစ်ဦးစီးများသည် တပ်မတော်ကိုချဲ့၏။ လေတပ်၊ ရေတပ်များကိုပင် တည်ထောင်ရန် အစပျိုး၏။ လွတ်လပ်ရေးရပြီဆိုလျှင် ဗိုလ်ချုပ်အောင်ဆန်းသည် စစ်ဝန်ကြီးအဖြစ် ဝန်ကြီးအဖွဲ့၌ အမှုထမ်းရသဖြင့် ဗိုလ်မှူးကြီးနေဝင်းသည် စစ်သေနာပတိအဖြစ် တာဝန်လွှဲ၍ယူရ၏။ စစ်သေနာပတိအဖြစ်နှင့် တပ်တွေတိုးချဲ့ရန် လက်နက်ခဲယမ်းမီးကျောက် ပိုမိုပြည့်လုံစေရန် စသည်တို့ကို ကြိုးပမ်းကြရင်းနှင့်ပင် ဂျပန်ကို တော်လှန်ဖို့ပြင်ဆင်ခဲ့၏။ ဗိုလ်နေဝင်း၏ရုံးခန်း၌ တော်လှန်ရေး စာပေများ ရိုက်နှိပ်သိုလှောင်ကြ၏။ တော်လှန်ရေးဆွေးနွေးမှုများကို ပြုလုပ်ကြ၏။ စစ်သေနာပတိ၏ရုံးခန်းသည် တော်လှန်ရေးဌာနချုပ်ကြီးတစ်ခု ဖြစ်၍ နေခဲ့၏။

အမှန်ဆိုသော် ၁၉၄၃ ခုနှစ် နောက်ပိုင်းကပင် တော်လှန်ရေးကို စတင်ပြင်ဆင်ခဲ့၏။ အခြေအနေအားဖြင့် စောလွန်းနေသေး၍ အကြိမ်ကြိမ်အခါခါ ရက်ရွှေ့ခဲ့ကြရ၏။ တစ်ခါကဆိုလျှင် ရက်ချိန်းပေး၍ ထကြွတော်လှန်ကြရန် ပြုလုပ်ပြီးမှ ရက်ရွှေ့ရသဖြင့် စာအားဖြင့် ညွှန်ကြားခြင်းမပြုနိုင်၊ လူလွှတ်လျှင်လည်း နယ်မှတပ်များက မယုံကြည်ကြမည်စိုး၍ ဗိုလ်နေဝင်းကိုယ်တိုင်

www.burmeseclassic.com

www.burmeseclassic.com



မျိုးချစ်မြန်မာ့တပ်မတော် ဗိုလ်ချုပ်နှစ်ဦး - နေဝင်း နှင့် အောင်ဆန်း



ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်ဝင်အချို့
ရှေ့တန်း (ဝဲမှယာ) - ဗိုလ်ဇေယျ၊ ဗိုလ်မှူးအောင်၊ နာဂအိ၊ ဗိုလ်တေဇ၊ ဗိုလ်မိုးကြိုး၊ ဗိုလ်နေဝင်း၊ ဗိုလ်လရောင်

www.burmeseclassic.com

www.burmeseclassic.com



တပ်စစ်ဆေးရန် ထွက်သယောင်ပြု၍ နယ်များသို့ အဆောတလျင် လိုက်၍ ပိတ်ခဲ့ရ၏။ မန္တလေးမှ ဗိုလ်ဗထူးကား အခြေအနေအရ ဂျပန်များ ညပ်၍ ပိတ်မိနေသည်တစ်ကြောင်း၊ မဟာမိတ်တပ်များကလည်း ရွှေဘိုဘက်မှ ထိုး၍ စစ်ဆင်လာကုန်ပြီဖြစ်၍ တော်လှန်ရေးကို မစောင့်နိုင်တော့ဘဲ ၁၉၄၅ ခုနှစ်၊ ဖေဖော်ဝါရီလထဲ၌ပင် စ၍ ဂျပန်ကို တိုက်ခိုက်ရင်း ရှမ်းတောင်ရိုးများထဲသို့ ဝင်ရောက်သွားရလေသည်။ မန္တလေး၌ ဗိုလ်ဗထူးတော်လှန်လျှင် ရန်ကုန်၌ ဂျပန်များက ဗမာ့တပ်မတော်ကို အတော်သံသယဖြစ်ကာ စောင့်ကြည့်ခဲ့ကြလေသည်။ သို့ရာတွင် ဗိုလ်ချုပ်အောင်ဆန်းတို့၊ ဗိုလ်ချုပ်နေဝင်းတို့၏ ပရိယာယ်ကြောင့် အဆင်ပြေကာ မတ်လ ၂၇ ရက်နေ့၌တပ်မတော်တစ်ခုလုံး တစ်မျိုးသားလုံး တိုင်းပြည်တစ်ဝန်း၌ ထ၍ ဂျပန်ကို စစ်ပြုတော်လှန်ကြလေသည်။

တော်လှန်ရေးအတွင်း၌ ဗိုလ်နေဝင်းသည် မြစ်ဝကျွန်းပေါ်ဒေသကို ဦးစီးတာဝန်ယူ၏။ အလုံးစုံခြုံသော် စစ်ရေးအားဖြင့်ဆိုလျှင် မြန်မာပြည်တစ်ဝန်းလုံးရှိ တော်လှန်ရေးအင်အားစုတို့ကို ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ဦးစီးဗိုလ်ကြီးများတွင် ဗိုလ်အောင်ကြီး (ယခု မြန်မာ့တပ်မတော် စစ်ဦးစီးချုပ်) ပါဝင်၍ တပ်မှူးများထဲတွင် ဗိုလ်ကြီးတင်ဖေ (ယခု ဗိုလ်မှူးကြီး၊ မြန်မာ့တပ်မတော် စစ်ထောက်ချုပ်)တို့ ပါဝင်ခဲ့ကြလေသည်။ နိုင်ငံရေးအကြံပေးပုဂ္ဂိုလ်မှာ ယခု အလံနီသခင်စိုးကြီးပင် ဖြစ်ခဲ့၏။ သခင်စိုးသည်လည်း ထိပ်သီးဝါဒဆရာကြီးဖြစ်သည့်အလျောက် နိုင်ငံရေးအားဖြင့် မြစ်ဝကျွန်းပေါ်တိုင်းအပြင် တစ်နိုင်ငံလုံးကို ခြုံ၍ ကိုင်၏။

တော်လှန်ရေးရာဇဝင်ကို တိကျမှန်ကန်စွာ ရေးသားသောအခါ မြစ်ဝကျွန်းပေါ်တွင် ဖြစ်ပျက်ခဲ့သမျှတို့ကို စာစောင်ဖွဲ့၍ မော်ကွန်းတင်စရာတွေ အပြည့်ရှိသည်။ စွန့်စားကြိုးပမ်းခဲ့ကြတာတွေ၊ သခင်စိုးတို့တစ်သိုက်က သူတို့ ပါတီအင်အားစုဖို့ကိုသာ မဲ၍လုံးပန်းခဲ့ကြတာတွေ၊ ဆင်းရဲခဲ့ကြရတာတွေ၊ အောင်ပွဲဆင်တဲ့အခါ ပျော်ခဲ့ကြရတာတွေ၊ ညဉ့်နက်သန်းခေါင်အထိ စစ်ရေး၊ နိုင်ငံရေး ဆွေးနွေး ပြင်ဆင်ခဲ့ကြတာတွေ၊ သခင်စိုးကြီးက အိန္ဒိယရှိ အင်္ဂလိပ်တပ်တွေကို သူ့တပည့်မကလေးတွေ သုံးစွဲဖို့ နှုတ်ခမ်းနီဆိုးဆေး၊ ပေါင်ဒါ၊ အင်္ကျီ၊ ပိုးထည်စတွေ လေထီးနဲ့ ချပေးဖို့မှာတာကို ဒေါသတကြီး ရန်ဖြစ်ကြ



ရပြီး သခင်စိုးကို နှိမ်ထားခဲ့ရတာတွေ၊ နောက်ဆုံးမှ လိုတဲ့လက်နက်တွေ လေထီးနဲ့ ချပေးခဲ့တာတွေ၊ အင်္ဂလိပ်တွေ ဝင်လာတော့ သခင်သန်းထွန်းတို့က မြစ်ဝကျွန်းပေါ် ဗမာ့တော်လှန်ရေးတပ်တွေ အင်္ဂလိပ်တွေကို ဆော်ကြမတဲ့လို့ မျက်နှာလိုမျက်နှာရ သွားပြီးသတင်းပေး၊ ကုန်းချောလို့ တပ်တွေကို လက်နက်သိမ်းကြတာတွေ၊ ဒါတွေကို တစ်နေ့တွင် ရာဇဝင်ဆရာတို့ လွန်ခဲ့သော နှစ်တွေတွင် မြုပ်ကွယ်၍နေရာမှ တူးဖော်၍ တင်ပြနိုင်ကြလိမ့်မည်ဟုသာ မျှော်လင့်ရပေသည်။

မြန်မာ့တော်လှန်ရေးအကြောင်းကို ကမ္ဘာသို့ အသံလွှင့်ခဲ့သည်။ ဆက်လက်၍ စည်းရုံးရေးကို စိုင်းပြင်းခဲ့သည်။ တိုင်းပြည် စပ်ကူးမတ်ကူးတွင် စမ်းချောင်း၊ တာဝါလိန်းစသော နေရာများမှာ ခို၍ လုပ်စရာတွေကို လုပ်ခဲ့သည်။ ထိုအချိန်က ဗိုလ်ချုပ်အောင်ဆန်းတို့၊ ဗိုလ်ချုပ်နေဝင်းတို့ကဲ့သို့သော ထိပ်တန်းစစ်ခေါင်းဆောင်များကို အင်္ဂလိပ်တို့က ဖမ်းဆီး၍ သူပုန်များအဖြစ် အရေးယူမည်လော။ သို့မဟုတ် မဟာမိတ်များအဖြစ် ပျူငှာစွာ ဆက်ဆံကြမည်လော။ ဒါတွေကို မသိကြရသေးမီ မိတ်ဆွေအတုများက ခပ်ရှောင်ရှောင်နေကြ၊ အလိုတော်ရိများက အင်္ဂလိပ်ကို သွား၍ မျက်နှာလုပ်ကြ။ ဘီအိုင်အေတွေ ဆိုးခဲ့ကြပုံတွေကို လုပ်ကြံ၍၊ ချဲ့ထွင်၍ တိုင်တန်းကြ။ ဒါတွေကြောင့် ဗိုလ်နေဝင်း မတုန်လှုပ်ခဲ့။

သို့နှင့် စမ်းချောင်းအိမ်ခြေတံရှည်တွင် ကျွန်တော် ဗိုလ်ချုပ်နေဝင်းနှင့် တွေ့ခဲ့ရစဉ်က ခေတ်အကူးအပြောင်းတွင် ကံအနည်းငယ် မှေးမှိန်လျက်ရှိနေသောအခါ ဖြစ်ခဲ့၏။ သို့ရာတွင် အပြောင်းအလဲသည် မကြာလိုက်။ မဟာမိတ်တပ်များသည် မြန်မာပြည်မှ ယိုးဒယား၊ မာလာယုကျွန်းတို့သို့ ဂျပန်ကို ထိုးစစ်ဆင်ရန် ရှိနေခဲ့ကြသေးသည်။ စစ်သည် မပြီးသေး။ တောင်ငူမှ ညောင်လေးပင်၊ မော်ချီမှ ပဲခူးတောင်ရိုးတစ်လျှောက်လုံး၊ စစ်တောင်းမြစ်တစ်လျှောက်လုံး ဂျပန်တွေ အလုံးအရင်းနှင့် ဖောက်ထွက်ကာ ယိုးဒယားဘက်သို့ကူး၍ နေကြသေးသည်။ မြန်မာ့တော်လှန်ရေး မျိုးချစ်တပ်များကို သုံးစရာ ကျန်သေးသည်။ ရှေ့ဦးစစ်ကြောင်းများသို့ လွှတ်ကာ အတိုက်ခိုင်းရဦးမည်။ ထိုတွင်မကသေး မဟာမိတ်တို့ထဲမှ ဦးစီးဗိုလ်ချုပ် မောင့်ဘက်တန်တို့မှာ အမြော်အမြင်ကြီးသူတွေ ဖြစ်ကြသည်။ အိန္ဒိယပြည်သို့ဆုတ်ခွာကာ ဆင်းမလား တောင်ပေါ်မြို့သာယာမှ မြန်မာပြည်ကိုအုပ်ချုပ်ခဲ့ကြသော ဘုရင်ခံ ဆာဒေါမန်စမစ်တို့ကဲ့သို့

www.burmeseclassic.com

www.burmeseclassic.com



နယ်ချဲ့သွေးဆူသောသူများ မဟုတ်ကြ။ မြန်မာကို မိတ်ဖွဲ့၍ လွတ်လပ်ရေးပေးကာ ဗြိတိသျှဓနသဟာယနယ်အတွင်း၌ နေစေချင်သူ၊ ရှေ့ရေးကို မျှော်တတ်သူတွေ ဖြစ်ကြ၏။ သို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းတို့၊ ဗိုလ်နေဝင်းတို့ကို မိတ်ဖွဲ့ကြ၏။ မျက်နှာချိုသွေးကြ၏။ တော်လှန်ရေး ပြောက်ကျားတို့ကို မျိုးချစ်ဗမာ့တပ်မတော်ဟူ၍ ကင်ပွန်းတပ်ကာ စစ်လက်နက် ရိက္ခာများပေး၍၊ ဖွဲ့စည်း၍ တိုက်ပွဲသို့စေလွှတ်ကြလေသည်။ ထိုအချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းသည် တပ်မှ ခွဲခွာ၍ ပိုမိုကျယ်ပြန့်သော နိုင်ငံရေးနယ်သို့ ဝင်ရောက်ကာ ဖဆပလ အဖွဲ့ကြီးကို ဦးစီး၍ မြန်မာ့လွတ်လပ်ရေးအရယူရန် ဆုံးဖြတ်ပြီးဖြစ်၍ တပ်မတော်ကို ခေါင်းဆောင်ရန်အတွက် ဗိုလ်နေဝင်းနှင့် စစ်ခေါင်းဆောင်တချို့သာ ရှိကြလေသည်။

တပ်များကို ပဲခူးမှ တောင်ငူဘက်အထိ ဖြန့်၍ ဂျပန်အား နောက်ဆုံးတိုက်ခိုက်ကြသောအခါ ဗိုလ်ချုပ်နေဝင်းသည် ပဲခူးကို ဌာနချုပ်အဖြစ် ထားရှိကာ မျိုးချစ်မြန်မာ့တပ်မတော်များကို ဦးစီးခေါင်းဆောင်၍ မဟာမိတ်တပ်များနှင့် ဆက်သွယ်ပူးပေါင်းခဲ့သည်။ ထိုအတွင်းမှာပင် တပ်များ၏ ရှေ့ရေးအတွက် သီဟိုဠ် (သီရိလင်္ကာ) နိုင်ငံ၊ ကန္ဒီမြို့ရှိ မဟာမိတ်စစ်ဌာနချုပ်သို့ ဗိုလ်ချုပ်မောင့်ဘက်တန်နှင့်တကွ ဗိုလ်ချုပ်စလင်း(မ်)စသော စစ်ခေါင်းဆောင်ကြီးများနှင့် ဆွေးနွေးပွဲသို့ ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်ချုပ်နေဝင်း၊ ဗိုလ်လကျာ၊ ဗိုလ်ဇေယျ (ယခုကွန်မြူနစ် ဗိုလ်ချုပ်)၊ ဗိုလ်ဇော်မင်း (ယခု ဗိုလ်မှူးချုပ်ကျော်ဝင်း)၊ ဗိုလ်ကျော်ဇော (ယခု ဗိုလ်မှူးချုပ်)၊ ဗိုလ်မောင်မောင် (ယခု ဗိုလ်မှူးကြီး)၊ စောဘဦးကြီး (ကွယ်လွန်သူ ကရင်ခေါင်းဆောင်)၊ ဦးဘဆော (ထိုစဉ်က ဖဆပလ အတိုင်ပင်ခံခေါင်းဆောင်ကြီး)နှင့် ဦးညိုထွန်း (ရခိုင်ပြောက်ကျား ခေါင်းဆောင်) တို့ သွားရောက်ခဲ့ကြရ၏။ ဆွေးနွေးပွဲများမှ မျိုးချစ်မြန်မာ့ တပ်မတော်ကို ပြန်လည်ဖွဲ့စည်းပေးသော မြန်မာ့တပ်မတော်ထဲသို့ သိမ်းသွင်း၍ လွတ်လပ်သော မြန်မာပြည်၏ တပ်မတော်ကြီးကို အစပျိုးရန် ဖြစ်ပေါ်ခဲ့၏။ ဗိုလ်နေဝင်းသည် ဆက်လက်၍ တပ်များကိုအုပ်ချုပ်ရန် တာဝန်ယူ၍ တပ်သစ်များ ဖွဲ့စည်းရာတွင် ဦးဆောင်ခဲ့၏။

"အဲဒီကစပြီး တစ်ဆက်တည်းလိုပဲ လွတ်လပ်ရေးရ၊ သူပုန်တွေထ၊ တပ်တွေထဲက သစ္စာဖောက်ကြ၊ ပုန်ကန်ခြားနားကြ၊ ကျန်ရှိနေတဲ့ မြန်မာ့တပ်မတော်က လူတစ်စုက ပြန်ပြီး ခံစစ်ကတိုက်စစ်ဆင်ကြ၊ တိုက်ရင်းခိုက်ရင်းနဲ့



တပ်တွေချဲ့ကြ၊ အားစုရင်းနဲ့ စည်းကမ်းကျနခေတ်မီတဲ့ တပ်မတော်ကြီးကို ထူထောင်ကြ၊ ဒါတွေကို လုပ်နိုင်ခဲ့တာ၊ ဒီလိုခေါင်းဆောင်မှုကို ပေးနိုင်ခဲ့တာ ဗိုလ်ချုပ်နေဝင်းတစ်ယောက်သာ ရှိပါတယ်။ တခြားဘယ်သူမှ လုပ်နိုင်ခဲ့မှာ မဟုတ်ဘူး"

ထိုသို့ ဗိုလ်ချုပ်၏လက်ရုံးသဖွယ်ဖြစ်သော ဗိုလ်မှူးကြီးအောင်ကြီးက ကျွန်တော့်အား နောက်ကြောင်းပြန်ရင်း ပြောပြခဲ့ဖူးသည်။ မှန်ပေသည်။ ဗိုလ်ချုပ်အောင်ဆန်းတို့ ကျဆုံးပြီး မြန်မာပြည်မှာလည်း မီးတွေဝိုင်း၊ ရန်သူများသည် ရန်ကုန်ဟိုတယ်နားတွင် စုဝေးကြ၍ ရန်ကုန်တွင် သူပုန်တွေ တွေ့ဆုံကြတော့မလို၊ ထိုအချိန်မှာ ဗိုလ်ချုပ်နေဝင်းတို့ ဗိုလ်အောင်ကြီးတို့သည် ပြည်လမ်းရှိ စစ်ရဲတပ်ရင်းထဲမှ အုတ်တိုက်တစ်တိုက်ကို စစ်ဌာနချုပ်လုပ်ကာ လူတွေစု၊ လက်နက်တွေစု၊ တိုက်ပွဲထွက်နှင့်။ တစ်ကြိမ်တွင် ရက်လေးဆယ်လုံးလုံး ညမအိပ် နေ့မအိပ်နှင့် တိုက်ခိုက်ခဲ့ကြရလေသည်။ ထိုရက်လေးဆယ်သည် မြန်မာ့ရာဇဝင်ကို ပြောင်းစေသည့်အချိန်ကာလ၊ မြန်မာ့လွတ်လပ်ရေးကို မတိမ်းရအောင် ထိန်းခဲ့သည့် အချိန်ကာလဖြစ်ခဲ့၏။

ထိုတိုက်ပွဲတွေသည် ရာဇဝင်တွင် သွေးနီဖြင့်ရေး၍ တောက်ပြောင်သော အခန်းတစ်ခန်းဖြစ်၍ နေပြီး ထိုခေတ်၏အသေးစိတ်ကို ရာဇဝင်ဆရာတို့ တူးဆွဖော်ထုတ်ကြပါလိမ့်မည်။ သို့ရာတွင် ထိုခေတ်၌ ထိုသို့ခေါင်းဆောင်မှုကို ပေးနိုင်ခဲ့သော ဗိုလ်ချုပ်နေဝင်း၌ မည်သို့သောစွမ်းရည်များ ရှိပါသနည်း။ ယုံကြည်မှုတွေ အကွဲကွဲအပြိုပြိုဖြစ်နေသော ခေတ်ဆိုးကြီးထဲတွင် သူ့အား ရဲဘော်စစ်သည်တော်များနှင့် တိုင်းပြည်က ဘာကြောင့် ယုံကြည်ကြပါသနည်း။ အဖြေမှာ မလွယ်ကူလှပါ။ ဗိုလ်ချုပ်၏ ချစ်စရာ၊ ကြည်ညိုစရာ အကွက်ကလေးများတွင် ရှာရပါမည်။

ဗိုလ်ချုပ်ကို ရဲဘော်တို့က အဘ ဟု ချစ်ခင်စွာ ခေါ်ကြသည်။ သူသည် စစ်ခေါင်းဆောင်ပီပီ ရဲဘော်များအား ညာတာဂရုစိုက်၏။ သူစားသလို ရဲဘော်တွေ စားရမှ ကျေနပ်၏။ ဘိအိုင်အေခေတ်တွင် အညာကမြို့တစ်မြို့၌ တပ်ချကြစဉ် မြို့ရှိ မြို့မိမြို့ဖများက သူ့အား ဗိုလ်ချုပ်ဟု အရေးတယူ မျက်နှာလိုအားရ ကျွေးမွေးဧည့်ခံကြပြီး သူ့ရဲဘော်များကို ထမင်းထုပ်ပို့ရန် မေ့သဖြင့် ဗိုလ်ချုပ်ဒေါပွကာ ဆူပူကြိမ်းမောင်း၍ ထမင်းပွဲမှထွက်ကာ ရွာသားတော်သွင်း လူကြီးအရာရှိများကို ကြိမ်လုံးဆွဲကိုင်၍ လိုက်မှု၏။

www.burmeseclassic.com

www.burmeseclassic.com



တပ်ရင်းမှူးဘဝနှင့်ဆိုလျှင် ညအခါ စစ်ဆေးရုံကို အမှတ်မဲ့ဝင်ကာ ရဲဘော်တွေကို ဖူလုံစွာ ကျွေးမွေးစောင့်ရှောက်ခြင်း ရှိ မရှိ ဂရုစိုက်၍စစ်ဆေးတတ်၏။ ရဲဘော်တွေနှင့်အတူ ထမင်းစား၊ သူ့ဗိုလ်များနှင့်အတူ ကြမ်းပြင်ပေါ် အိပ်ခြင်း စသည်တို့ကို ပြုတတ်၏။ တပ်ရင်း ထမင်းချက်ရုံ၊ အိမ်သာ စသည်တို့ကို စစ်စစ်ပေါက်ပေါက် စစ်ဆေးတတ်၏။

ရဲဘော်တစ်ဦးကို တွေ့ဖူးမြင်ဖူးလျှင် သူ၏နာမည်၊ ကိုယ်ရေးရာဇဝင်က အစ စွဲစွဲမြဲမြဲသတိရတတ်၏။ နှစ်ပေါင်းများစွာကြာမှ ပြန်တွေ့ရသော ရဲဘော်တစ်ဦးကို နာမည်ခေါ်၍ နှုတ်ဆက်တတ်၏။

ရဲဘော်တွေ၊ သူ့အောက်မှ အရာရှိတွေ၏ သားမယားများကိုပါ ဂရုစိုက်စောင့်ရှောက်ထောက်ပံ့တတ်၏။ ရဲဘော်များနှင့် သူတို့၏ ဇနီးဆွေမျိုးတို့ပါ သူ့ထံသို့ ဝင်ထွက်၍ သူတို့၏ဒုက္ခကို ဖွင့်ချအကူအညီတောင်းရန် ဝန်မလေးခဲ့ကြ။

ဗိုလ်ချုပ်နေဝင်းသည် ရဲဘော်များအား ညှာတာသလောက် စည်းကမ်းကြီး၏။ စည်းကမ်းဖောက်သူကို ဥပဒေအရ မထောက်မညှာ အရေးယူတတ်၏။ သူချမှတ်သော စည်းကမ်းများကို သူကစ၍ ရိုသေစောင့်ထိန်း၏။ နံနက် ၅ နာရီထ၍ တပ်တွေကျန်းမာရေး လေ့ကျင့်ရမည်ဆိုလျှင် လေ့ကျင့်ရေးကွင်းထဲသို့ ဗိုလ်ချုပ်ကိုယ်တိုင် အရင်ဆုံး ရောက်တတ်၏။ အချိန်ကိုလည်း လေးစား၏။

စည်းကမ်းဖောက်သူများကို ရင်းနှီးသူ၊ ဝေးသူ မထောက်။ ဥပဒေအရ အရေးယူ၏။ တင်းမာ၏။ ဤသို့မပြုက နောင်တွင် ရာဇဝင်နှင့်ချီ၍ တပ်မတော်ကြီးစည်းကမ်းပျက်တော့မည်ဟု သူဆို၏။

ဗိုလ်ချုပ်သည် စိတ်တို၏။ မြန်ဆန်၏။ ခေတ်ကြီးပျက်လုလုတွင် လက်တစ်ဆုပ်စာသာကျန်တော့သော တပ်မတော်သည် နိုင်ငံခြားမှလည်း လက်နက်ဝယ်မရသဖြင့် အတော်အကျပ်ရိုက်၍ နေခဲ့စဉ်ပင်လျှင် ရန်ကုန်ရှိ နိုင်ငံခြားစစ်သားများနှင့် တွေ့ဆုံလျှင် ဗိုလ်ချုပ်သည် တည်ငြိမ်၍ ဣန္ဒြေရှိစွာ ဆက်ဆံ၏။ အလျှော့မပေး။ အရှုံးမခံ။

ဗိုလ်ချုပ်သည် ဖြောင့်မှန်၍ စေတနာစင်၏။ မဖြောင့်၍ စေတနာမရှိသူကို မနှစ်မြို့။ မလိုလား။ လက်အောက်ငယ်သားများကို ဖိနှိမ်၍ သူ့အား အလိုတော်ရိလုပ်သူများကို စက်ဆုပ်၏။ သူမှားနေလျှင် သူ့အားပြန်လှန်ချေပလျက် အကျိုးအကြောင်းနှင့် ပြောပြနိုင်သော သူ၏အရာရှိများကို လေးစားလိုလား၏။ သူ့အနားၾ ရွှေနားတော်သွင်းအရာရှိများကို မထား။ သတ္တိရှိရှိ မှန်ရာကိုပြောတတ်၍ စေတနာနှင့် လုပ်တတ်သူများကိုသာထား၏။ ၎င်းအရာရှိများကို တာဝန်များလွှဲပေး၍ စွမ်းအားရှိသလောက် လွတ်လပ်စွာ လုပ်ကိုင်စေ၏။



၁၉၄၉ ခုနှစ် ဧပြီလတွင် ဗိုလ်ချုပ်နေဝင်းအား ဒုတိယဝန်ကြီးချုပ်အဖြစ် ပြည်ထဲရေးဌာနနှင့် ကာကွယ်ရေးဌာနတို့ကို အုပ်ချုပ်ရန် တာဝန်ပေးသောအခါ တာဝန်အနေနှင့် အမှုထမ်းခဲ့၏။ ခြောက်လအချိန်စေ့လျှင် တပ်သို့ပြန်ခဲ့၏။ သူသည် စစ်သား၊ တပ်မတော်၌သာမွေ့လျော်၏။ နိုင်ငံရေးအာဏာကို မခုံမင်။ တပ်တွေက နိုင်ငံရေးအာဏာလုသည့် နိုင်ငံခြား တိုင်းနိုင်ငံတို့၏ ထုံးဓလေ့ကို နှစ်နှစ်ကာကာ မုန်းတီး၏။ စစ်တပ်သည်သာလျှင် သူ၏ဘဝ။

ရဲဘော်၏အဘအနေနှင့်သာ မဟုတ်။ စစ်သေနာပတိအနေနှင့် စစ်ရေးစစ်ရာ အုပ်ချုပ်မှုတို့တွင် ထိုးထွင်းဉာဏ်ထက်မြက်လှ၏။ သွက်လက်စွာ၊ ထက်မြက်စွာ စိတ်ကူးဆုံးဖြတ်၍ ပြတ်သားရှပ်ချွံစွာ မအောင်မြင်ရင်မနေ လုပ်ကိုင်တတ်၏။ တပ်တွေကို အရေးပေါ်အားဖြင့် အတင်းချဲ့ရန်နှင့် တပ်ချဲ့ရင်းပင် တိုက်ပွဲသွင်းရန် ဖြစ်ပေါ်ခဲ့စဉ်က ရှေးထုံးစာအုပ်ကြီးများကို လက်ကိုင်ပြုသော အချို့ဗိုလ်မှူးများက မဖြစ်နိုင်ဟု အတိုက်အခံပြုကြသည်ကို နားမယောင်ဘဲ တစ်နှစ်လျှင် တပ်ရင်း ၁၂ ရင်းမျှ စု၍၊ လေ့ကျင့်၍ တိုက်ပွဲသွင်းနိုင်အောင် စီမံနိုင်၏။ တိုက်ပွဲဆင်းရင်း လက်တွေ့လေ့ကျင့်ခန်းများယူစေကာ ရဲဘော်သစ်များကို သုံးသုံးသင်သင် ပြုလုပ်သွားသောနည်းကို ဗိုလ်ချုပ်နေဝင်းက ထွင်လိုက်၏။ နောက်နှစ်များ အတန်ကြာမှ အင်္ဂလိပ်က မာလာယုကျွန်းတွင် စမ်း၏။ အမေရိကန်တို့က ကိုရီးယားစစ်ပွဲတွင် စမ်း၏။

ဤသို့ ခေါင်းဆောင်မှုစွမ်းရည်များ၊ ရဲဘော်၏အဘအင်္ဂါနှင့် ညီညွတ်မှုများကြောင့် ရဲဘော်နှင့် လူထုတို့၏ ယုံကြည်မှုကိုခံယူကာ တကယ့်ခေတ်ထဲ၌ တပ်မတော်ကို ခေါင်းဆောင်၍ တိုင်းပြည်ကို ကယ်တင်ခဲ့နိုင်သော ဗိုလ်ချုပ်နေဝင်းဖြစ်ပေသည်။

ဗိုလ်ချုပ်နှင့်တွေ့ဆုံ၍ တစ်ခါက ကျွန်တော် တပ်မတော်၏ ရှေ့ရေးစီမံကိန်းများအကြောင်း မေးခွင့်ရခဲ့၏။ ထိုအခါက ဗိုလ်ချုပ်သည် အတော်ကြာအောင် တပ်မတော်အတွက် သူ၏မျှော်လင့်ချက်တွေ၊ စီမံကိန်းတွေအကြောင်းကို အားပါးတရပြောပြခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com

ပြည်သူ့တပ်မတော်ကြီး ဖြစ်လာစေဖို့ ပြုပြင်ချက်တွေ၊ လူတိုင်း အချိန်အပိုင်းအခြားနှင့် စစ်မှုထမ်းစေ၍ စစ်သား၊ အရပ်သားဟူ၍ ခွဲခြားမှုတွေ၊ ခွဲခြားစိတ်တွေ ပျောက်ပြယ်အောင်ပြုရန် စီမံကိန်းတွေ၊ စစ်သားဟောင်းများအတွက် ရှေ့ရေးမှုလုံမှုတွေဖန်တီးရန် စီမံကိန်းတွေ၊ ဒါတွေကို ဝဝကြီးဆွေးနွေးပြီးလျှင် ဗိုလ်ချုပ်က တိုင်းပြည်သို့ မှာလိုက်လေသည်။

"တပ်မတော်က ရှိနေပါပြီ။ စိတ်ဓာတ်လွင်လွင်နှင့် တိုင်းပြည်အမှုကို ထမ်းနေပြီ။ လူထုကလည်း တပ်တွေ ရှိနေတာပဲ၊ တို့တာဝန်ကုန်ပြီဆိုပြီး ပစ်မထားဘဲ တိုင်းပြည်ကာကွယ်ရေးမှာ စိတ်ဝင်စားဖို့၊ ဝင်ရောက်ပါဝင်ပြီး တပ်မတော်နှင့်လက်တွဲပြီး လုပ်ကိုင်ဖို့ လိုတယ်"

❒

www.burmeseclassic.com

www.burmeseclassic.com



# ဦးကျော်ငြိမ်း
## (စက်မှုလက်မှုဌာနဝန်ကြီး)
## (၁၉ ဇန်နဝါရီ ၁၉၁၃ - ၂၉ ဇွန် ၁၉၈၆)

အညာသား ဝန်ကြီးဦးကျော်ငြိမ်းသည် အညာသားဆန်ဆန် ကော်ဖီပန်းကန်ပြားထဲသို့ ကော်ဖီကို လောင်းငှဲ့ထည့်ရင်း အားပါးတရ ကျွန်တော်နှင့် ပြောစရာ၊ ဆွေးနွေးစရာတို့ကို ဆွေးနွေးပြောဆိုလေသည်။ သူ့ကိုကြည့်လျှင် ဖဆပလ အဖွဲ့ချုပ်ကြီး၏ ထိပ်တန်းခေါင်းဆောင် နိုင်ငံရေးသမားတစ်ဦးနှင့်လည်း မတူပါ။ အစိုးရအဖွဲ့၏ ဝါဒလုပ်ငန်းတို့ကို ကြီးကိုင်သော ဝန်ကြီးတစ်ဦးဟူ၍လည်း မထင်ရပါ။ ကော်လာတပ်ထားသော ရှပ်အင်္ကျီကို ဖိုသီဖတ်သီဝတ်၍၊ ခါးမှ လုံချည်ကို ဖြစ်သလို လုံးကာထွေးကာချည်၍ သူသည် စာရေးဆရာ တစ်ယောက်၊ တက္ကသိုလ်ပါမောက္ခတစ်ယောက်နှင့်သာ တူနေသည်။ ဘာနှင့်ပဲတူတူ သူ၏အညာသားမှုမပျက်ဘဲ ကော်ဖီကို ပန်းကန်လုံးမှ ပန်းကန်ပြားထဲသို့ လောင်းငှဲ့ထည့်ပြီးမှ သောက်သည့်အကျင့်ကို ကျွန်တော်မြင်၍ မှတ်မိလိုက်သည်။ ကျေနပ်လိုက်မိသည်။ ဘယ်ဘဝ ဘယ်စခန်းသို့ရောက်ရောက်၊ ဘယ်လောက်မြင့်မားသော အခြေအနေသို့ ရောက်ရောက် ကိုယ့်နဂိုဇာတိမှ ထုံးတမ်းစဉ်လာများ၊ မူများကို လွယ်ကူစွာ မစွန့်သူသည် ဘဝ၏တက်တုံကျတုံ သောရေလှိုင်းတို့၏ပုတ်ခတ်မှုကို ခံနိုင်ရမည်။ လောက၏ပြက်ရယ်မှု၊ ကလိမှုတို့ကို တည်ငြိမ်စွာ ခံနိုင်ရမည်။ ထိုသို့ ပန်းကန်ပြားမှစောင်း၍ ကော်ဖီသောက်တတ်သော ဦးကျော်ငြိမ်း၏ အကျင့်မှဆက်၍ ကျွန်တော် အတွေးနယ်ကျဲမိသည်။

www.burmeseclassic.com



မောင်ကျော်ငြိမ်းသည် ရှေ့နေဦးဖိုးတုတ်၊ ဒေါ်သုံတို့၏သားဖြစ်၍ ပျဉ်းမနားဇာတိ၊ ၁၉၁၃ ခုနှစ်ဖွား ဖြစ်လေသည်။ ဦးဖိုးတုတ်သည် ဝိုင်အမ်ဘီအေ သာသနာရေးအသင်းကြီး၏ မြို့နယ်ခေါင်းဆောင်တစ်ဦး ဖြစ်ခဲ့၏။ ၎င်းအသင်းသည် သာသနာရေးနှင့်စ၍ နိုင်ငံရေးနှင့် ဇာတ်သိမ်းခဲ့ရ၏။ ထိုခေတ်၏ တက်ကြွသော မြန်မာပြည်တွင် ဘာနှင့်စစ နိုင်ငံရေးနှင့်ဆုံးတတ်၏။ မောင်ကျော်ငြိမ်းအဖို့မှကား နိုင်ငံရေး တက်ကြွသောမိဘတို့၏ အရိပ်ကိုခိုလှုံ၍ နိုင်ငံရေးနယ်ထဲသို့ မွေးကတည်းက ရောက်လာသည်နှင့်တူ၏။ ဖခင်ကြီးသာမဟုတ်၊ မိခင် ဒေါ်သုံမှာလည်း တကယ့်အာဇာနည်ဖြစ်၏။ သူလုပ်တာကို အောင်မှ ကြိုက်၏။ သူ့စိတ်ကို သူသိ၏။ တိကျပြတ်သား၏။ မောင်ကျော်ငြိမ်းသည် သူ့မိခင်ထံမှ ထိုသတ္တိစွမ်းရည်များကို အမွေအနှစ်အဖြစ် ခံယူလိုက်ရလေသည်။

ကျောင်းသားဘဝသည် မောင်ကျော်ငြိမ်းအဖို့ မြန်မာပြည်အနှံ့အပြားသို့ တစ်ကျောင်းဝင် တစ်ကျောင်းထွက် နယ်လှည့်ဘဝဖြစ်ခဲ့သည်။ ပျဉ်းမနားမှ ဒိုက်ဦးသို့။ ကသာမြို့မှ ၁၉၃၀ ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲအောင်၍ မန္တလေးဥပစာကောလိပ်သို့။ ကောလိပ်၌ သူသည် သိပ္ပံပညာရပ်များကို ဆည်းပူးလေသည်။ သိပ္ပံပညာရပ်များသည် ထူးဆန်းကျယ်ဝန်းလှ၏။ ကောလိပ်ကျောင်းသားဘဝသည်လည်း ထူးဆန်းကျယ်ဝန် လှ၏။ မောင်ကျော်ငြိမ်းသည် ကျယ်ပြန့်ရာ စားကျက်၌ မြူးထူးစွာ ပျော်မွေ့ရ၏။ ကောလိပ်ကျောင်းတွင် စာကြည့်တိုက်ကလည်း ကြီး၏။ စာအုပ်ကြီးများကလည်း ထူထဲ၏။ ပညာများကလည်း နုံလှပါ၏။ မောင်ကျော်ငြိမ်းသည် စာအုပ်ကြီးကြီး ထူထူတွေကို လူမြင်သူမြင် စွဲကိုင်၍ သွားလာပြီး သူ့အခန်းရောက်လျှင် မြိန်ရှက်စွာ ဖတ်တတ်၏။ သူသည် စာကြမ်းပိုးဘဝ၌ ပျော်မွေ့သလောက် အဟောအပြော အစည်းအရုံးတွင်လည်း ပါတတ်၏။ စကားအချေအတင်ပြောခြင်းတွင် ဝါသနာပါ၏။ နဂိုအားဖြင့် ရှက်တတ်သူဖြစ်သော်လည်း စင်မြင့်ပေါ်သို့ရောက်လျှင် သူသည် ရဲရင့်၍ လာတတ်၏။ ပရိသတ်၏ သြဘာသံသည် သူ့၏အားတိုးဆေး၊ ရဲဆေးဖြစ်သည်။ သူသည် တိကျပြတ်သားစွာ ပြောတတ်သောပညာကို လောကဓာတ်ပညာ၊ သိပ္ပံပညာ စသည်တို့မှရသည်ဖြစ်မည်။ ဖွယ်ဖွယ်ရာရာ၊ ရွှန်းရွှန်းဝေဝေ ပြောတတ်ခြင်းမှာကား စာအုပ်ကြီးတွေက ဖြည့်ထားသဖြင့် ပြည့်ပြည့်ဖြိုးဖြိုး ရှိသော သူ့ပညာဗဟုသုတကြောင့် ဖြစ်မည်။



စည်းရုံးရေး၊ ပုန်ကန်တော်လှန်ရေးအတွက် ပထမဆုံးအခွင့်အရေး ပေါ်ပေါက်သည်မှာကား မန္တလေးကောလိပ်၌ပင် ဖြစ်လေသည်။ ထိုစဉ်က မန္တလေးဥပစာကောလိပ်ကို အင်္ဂလိပ်အစိုးရက အင်တင်တင် ဖွင့်ပေးထားခဲ့ခြင်းသာ ဖြစ်၏။ အစိုးရအဖို့ ကျောင်းတွေ၊ တက္ကသိုလ်တွေသည် စာရေးစာချီ အောက်တန်းအရာရှိများကို လိုသလောက် ထုတ်လုပ်ပေးရန် စက်ရုံကြီးများသာဖြစ်၏။ ထူးကဲသောပညာများကို ပေးဖို့မရည်ရွယ်။ သည်စက်ရုံကြီးတွေထဲကပင် ရုပ်ချွံသောခေါင်းဆောင်များ ထွက်ပေါ်လာနေသည်ကို မရှုစိမ့်။ မလိုလား။ ထို့ပြင် သီပေါမင်းနန်းတော်သည် မန္တလေးကောလိပ်၏ မြင်ကွင်းအတွင်း၌ အထင်းသား ရှိနေသည်။ ဒါသည် နေရာမကျ။ သီပေါကို ဘယ်သူကမျှ မလွမ်းပေမင့် သူ့နန်းတော်ကြီးကို ကြည့်လျှင် မြန်မာတွေ တလောတုန်းက လွတ်လပ်ခဲ့ကြသည်ကို ကျောင်းသားတွေ သတိရစေသည်။ ကျောင်းသားတွေ၏ စိတ်ကို ဆွပေးနေသည်။ ဒါကြောင့်ပင် အစိုးရက ဘဏ္ဍာရေးကျပ်တည်းသည်ဟု ဆင်ခြေပေးကာ ကောလိပ်ကို ပိတ်ပစ်ရန် စီစဉ်လေသည်။ စီစဉ်သံကို ကြားလျှင် ကျော်ငြိမ်းတို့၊ သိန်းဖေ (တက်ဘုန်းကြီး)တို့၊ လှမောင်(ယခုသံအမတ်)တို့က သပိတ်သံပေး၍ တော်လှန်ကြသည်။ မြို့မိမြို့ဖများကလည်း လှုငယ်တွေကို ထောက်ခံအားပေးကြသည်။ မန္တလေး၌ ဘုန်းကြီးကျောင်း၊ ဘုရားပုထိုးပေါပါသည်။ ထိုနေရာများသို့ သပိတ်စခန်းချလျှင် မြို့ကနေ၍ သပိတ်သူရဲကောင်းများကို တစ်သက်လုံး ကျွေးမွေးထားမည်။ သို့ရာတွင် ခဏသာ သပိတ်သံပေးလိုက်ရပါသည်။ အာဏာပိုင်များသည် မျက်လုံးပြူး၍ လေသံပျော့၍ ကျောင်းကို မပိတ်ကြတော့ဘဲ အလျှော့ပေးကြသည်။

ရန်ကုန်တက္ကသိုလ်၌ ကိုကျော်ငြိမ်းသည် အင်္ဂလိပ်စာဂုဏ်ထူးယူပြီး ဝိဇ္ဇာတန်းသို့ပြောင်း၍ တက်သည်။ လောကဓာတ်ပညာ၏ ထူးဆန်းထွေပြားသောအတွေ့မှ အင်္ဂလိပ်စာပေ၏ နူးညံ့နက်ရှိုင်းခြင်းကို ခံစားရှုသည်။ နိုင်ငံရေးသို့ ညွတ်လာပြီဖြစ်၍၊ စည်းရုံးခြင်း၏ တန်ခိုးအာနိသင်ကို မန္တလေးကောလိပ်၌ အရသာတွေ့ခဲ့ရပြီးဖြစ်၍ အင်္ဂလိပ်စာပေနှင့်အတူ နိုင်ငံရေးရာဇဝင်ပညာကို နက်နဲစွာ လေ့လာရပြီ။ လွတ်လပ်ရေးစာပေ၊ ကမ္ဘာ့ပုန်ကန်မှုအကြောင်းကို အားရဝမ်းသာစွာ ဖတ်ရှုရပြီ။

စည်းရုံးရေးလုပ်ငန်းများသည် ရန်ကုန်တက္ကသိုလ်၌ စည်းရုံးမည့် အာဇာနည်တို့ကို စောင့်လင့်နေရသောအခါဖြစ်၏။ တက္ကသိုလ်သမဂ္ဂ အမှုဆောင်

www.burmeseclassic.com

www.burmeseclassic.com



များ ဆိုသည်မှာလည်း အာဏာပိုင်များ၊ ပါမောက္ခများနှင့် ရင်းနှီးမှုကိုရာ၍ အိုင်စီအက်စ်ရာထူး ဘီစီအက်စ်ရာထူးတွေကို မျှော်လင့်နေသူများသာ များ၏။ သမဂ္ဂမှာအမှုဆောင်များ၏ ကလပ်ကြီးသဖွယ် ဖြစ်၏။ အမှုဆောင်များစွာတို့သည် ကလပ်ကိုမှီ၍ ဆရာတွေနှင့် ရင်းနှီးရ၏။ မျက်နှာသာ ရ၏။ အိုင်စီအက်စ် စာမေးပွဲများတွင် ကြင်နာသော ထောက်ခံစာများကို ရတတ်ကြ၏။ မျက်နှာဖြူ ကျောင်းအုပ်ကြီး၊ သူ့ဇနီးနှင့် သူတို့၏ခွေးကလေးတို့ကို ဖွဲကောင်းကောင်းနှင့် ညနေလမ်းလျှောက်ထွက်ချိန်တွင် အင်းလျားကန်စောင်းမှ စောင့်စား၍ ရိုသေစွာ နှုတ်ဆက်တတ်သော ကျောင်းသားလိမ္မာများကို ကျောင်းအုပ်ကြီးက ချစ်ခင်တတ်၏။ အိုင်စီအက်စ်ဘဝထူးသို့ တင်ပို့တတ်၏။ ထိုခေတ်ထဲသို့ ကျော်ငြိမ်းတို့ ဆူလောင်ပူလောင်လှသိုက် တိုးဝင်လာလိုက်သည်မှစ၍ တက္ကသိုလ်မြေအတွင်းရှိ ဘောလုံးရိုက်ကွင်းများ၊ အင်းလျားကန်စောင်း လမ်းလျှောက်စားကျက်တို့၌ သာယာခဲ့သော ဘဝသည် တုန်လှုပ်စွာ ပျက်ပြားရလေသည်။

တက္ကသိုလ်သမဂ္ဂကို ကျော်ငြိမ်းတို့ သိန်းဖေတို့လှုသိုက်တွေ စ၍ ဖြိုကြ၏။ အစဦးနှစ်၌ သူတို့လူနည်းစုသာ သမဂ္ဂအမှုဆောင်အဖွဲ့အတွင်းသို့တိုး၍ ဝင်ရောက်နိုင်၏။ အဖွဲ့ထဲတွင်လည်း လူနည်းစုဖြစ်နေသဖြင့် အရာမရောက်လှ။ မဲခွဲလျှင် အပြတ်အသတ် ရှုံးရသောဘဝ၌ သည်းခံ၍နေရ၏။ တစ်ခါက ကျောင်းအငြိမ့်ပွဲတစ်ခုတွင် ပွဲကြည့်နေသော သိန်းဖေအား အာဏာပိုင်တို့၏ အလိုတော်ရိ ကျောင်းသားများက လှည့်ဖြား၍ ပွဲပြင်မှောင်ရိပ်သို့ ခေါ်သွားကာ လက်သီးစာကျွေးကြ၏။ အသံအုပ်၍ မှောင်ရိပ်၌ ထိုသို့စော်ကားလိုက်ခြင်းသည် အသံဟိန်း၍ တက္ကသိုလ်နယ်မြေတွင် ဖုံးဖိ၍မရအောင် ပေါ်ထွက်လာလေသည်။

နောက်တစ်နှစ် ရွေးကောက်ပွဲတွင်ကား ကျော်ငြိမ်းတို့လှုသိုက်တွေ တပ်ချီ၍ အောင်ပွဲခံကြရ၏။ ကိုကြီးနု (ယခုဝန်ကြီးချုပ်)က ဥက္ကဋ္ဌ၊ ကိုသိဟန် (ယခု စစ်ရုံးချုပ် ပစ္စည်းဝယ်မှုညွှန်ကြားရေးဝန်)က အတွင်းရေးမှူး၊ ကိုထွန်းတင် (ယခု ပြည်ထောင်စု လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ)စသူတို့ တက်၍လာ၏။ အမှုဆောင်ဟောင်းများ၏ ဂိုဏ်းကြီးလည်း ပြိုပျက်၍ ပြေးရ၏။

ကိုကျော်ငြိမ်းသည် မြန်မာ့လွတ်လပ်ရေးတိုက်ပွဲရာဇဝင်တွင် မားမား မတ်မတ် ကျန်ရစ်ခဲ့ပြီးဖြစ်သည့် ၁၉၃၆ ခုနှစ် ကျောင်းသားသပိတ်ကြီး ဖြစ်ပေါ်ချိန်၌ သမဂ္ဂအမှုဆောင်တစ်ဦးမဟုတ်။ နောက်ပိုင်းမှ ကြိုးကိုင်လျက် တတိယနှစ်



ဂုဏ်ထူးတန်းသို့ ရောက်ပြီဖြစ်၍ စာဖတ်ကာ နောက်ဆုံးစာမေးပွဲကို ဝင်ဖို့ ပြင်နေစဉ် သပိတ်အရေးတော်ပုံ ပေါ်လာ၏။ သပိတ်တပ်တွေချီပြီး သပိတ်သံတွေ ညံလာလျှင် စာအုပ်ပုံတွေအကြားမှာ အင်္ဂလိပ် စာဟောင်းပေဟောင်းများကို စာမေးပွဲအလို့ငှာ လေးစားစွာ မိတ်ဖွဲ့နေရသော ကိုကျော်ငြိမ်းသည် နောက်ဆံတစ်ချက်မတင်းတော့ဘဲ သပိတ်စခန်းသို့ မြန်းလေတော့သည်။ ထို့ကြောင့် သူသည် သာမန်အားဖြင့် သုံးနှစ်သာကြာသည့် ဂုဏ်ထူးတန်းတွင် လေးနှစ်ကြာမှ စာမေးပွဲအောင်၍ ဘွဲ့ကိုရ၏။ သူ့လိုထက်မြက်မှုနှင့် ဆိုလျှင် ဂုဏ်ထူးကောင်းကောင်းနှင့် အောင်ဖို့ရှိသည်ကို တတိယတန်းဂုဏ်ထူးနှင့် အောင်၏။

“လေးနှစ်နေတော့ တတိယတန်းဂုဏ်ထူးနှင့် ထွက်ရင် သုံးနှစ်တည်းသာနေရရင် စတုတ္ထတန်းဂုဏ်ထူးနဲ့ထွက်မှာပဲ”ဟု လွတ်လပ်ရေးရပြီးခါစတွင် ဝန်ကြီးဦးကျော်ငြိမ်းက တက္ကသိုလ်ကျောင်းသားအစည်းအဝေး၌ ဟောသည်ကို ကျွန်တော်ကြားဖူး၏။ သို့ရာတွင် ထိုသို့လေးနှစ်တွင် တတိယတန်းနှင့် အောင်သည်မှာ ဂုဏ်ထူးတစ်ရပ်ပါပေ။ စာမေးပွဲ၌ ရှုပ်ချွစွာ အောင်ဖို့မခက်ခဲလှပါ။ သာမန်ဉာဏ်နှင့် ကြိုးစားမှုရှိလျှင် ဖြစ်နိုင်ပါသည်။ ဆရာကြီးကို မှန်မှန်ဆလံပေးလျှင်လည်း ရတတ်ပါသည်။ အမျိုးသားအတွက် ကိုယ်ကျိုးစွန့်လွှတ်၍ ယုံကြည်မှုနှင့် ကြိုးစားခဲ့ခြင်း၏ ဆုတံဆိပ်ဖြစ်သော တတိယတန်း ဂုဏ်ထူးကို မက်မောလောက်ပါပေသည်။

တက္ကသိုလ်နယ်မြေသည် ကိုကျော်ငြိမ်းအတွက် တိုက်ပွဲအတိတော့ ဖြစ်၍ မနေပါ။ ကြိုးပမ်းမှုတွေ၊ နိုင်ငံရေးစိတ်ဓာတ်တွေနှင့်သာ ဆူလောင်၍ မနေပါ။ သာယာမှုကလေးတွေ၊ အေးချမ်းမှုကလေးတွေလည်း စိတ်ကျေနပ်ဖွယ်ရာ ရှိခဲ့ပါသည်။

ဥပမာဆိုလျှင် အင်းလျားကျောင်းသူများအဆောင်သည် မဝေးလှသော နေရာ၌ တည်ရှိ၍နေပါသည်။ ထိုကျောင်းဆောင်မှ ချစ်ခင်တတ်သော လုံမပျိုများသည် ထုပိန်းသောမျက်မှန်ကို တပ်ဆင်၍ စာအုပ်ကြီးများကို ပိုက်လေ့ရှိသော ကိုကျော်ငြိမ်းကို ကြင်နာတတ်ကြပါသည်။ ဘီအေဂုဏ်ထူးလည်းဖြစ်၊ အင်္ဂလိပ်စာနည်းပြဆရာပေါက်စလည်းဖြစ်၍ အိုင်စီအက်စ်နိဗ္ဗာန်ဘဝထူးသို့ လှမ်းဝင်အံ့ဆဲဆဲဟုထင်ရသော ကိုကျော်ငြိမ်းကို သူတို့မျှော်လင့်ကြပါသည်။ တချို့မှာမူကား မျိုးချစ်စိတ်ရှိသူကလေးများပီပီ ကိုကျော်ငြိမ်းကို သပိတ်ခေါင်းဆောင်တစ်ဦး

www.burmeseclassic.com

www.burmeseclassic.com



အနေနှင့် ကြည့်ညိုလေးစားကြလေသည်။ ဘယ်လိုချစ်ချစ်၊ ကြည့်ညိုကြည့်ညို ကိုကျော်ငြိမ်းအဖို့တော့ မငြင်းရက်နိုင်ပါ။ သူ၏စာခွေများသည် အင်းလျား ကျောင်းဆောင်အပေါ်၌ ဝဲပျံကာနေတတ်လေသည်။ သူသည်လည်း ချစ်ခင်ယုယ မှုကိုခံလိုတိုင်း အင်းလျားသို့ ခြေဦးလှည့်တတ်လေသည်။

ထိုစဉ်အခါက မနွဲ့ ဆိုသော လုံမပျိုတစ်ဦးလည်း အင်းလျားဆောင်၌ ပညာရင်နို့သောက်စို့လျက် ရှိခဲ့ရာတွင် မနွဲ့သည် သပိတ်ခေါင်းဆောင် ကိုကျော်ငြိမ်းအား ကြည့်ညိုလေးစားခဲ့လေသည်။ ကိုကျော်ငြိမ်း၏ နိုင်ငံရေး အိပ်မက်မက်ခြင်းတို့ကို ပြူးကျယ်၍ တောက်ပသော မျက်လုံးကလေးများဖြင့် နားထောင်တတ်၏။ ကိုကျော်ငြိမ်းက တစ်ခါတစ်ခါတွင်မြို့ထဲ၌ လည်ပတ်ရင်း၊ တိုက်တာထည်ထည်ဝါဝါတို့ကို လက်ညှိုးထိုးပြရင်း ဒီနေရာတွေမှာ တို့တစ်တွေ နေရမှာပါကွာဟု ပါလာသော မိတ်ဆွေများကို ပြောပြလျှင် မနွဲ့က ကြွားဝါ သည်ဟု မထင်မှတ်။ သူ့ကတိကို ပေးနေသည်၊ သူတို့ရှေ့ရေးအတွက် ရည်မှန်း နေသည်ဟုသာ ထင်မှတ်ခဲ့၏။ မနွဲ့သည် ကိုကျော်ငြိမ်းကို ယုံကြည်၏။ မြန်မာပြည်လွတ်လပ်၍ မြန်မာတွေကြီးပွားတိုးတက်ကာ တင့်တယ်ထည်ဝါစွာ နေထိုင်ကြရဖို့ စခန်းသို့ ကိုကျော်ငြိမ်းနှင့်အတူ ယှဉ်တွဲ၍ သူပါချီတက်ချင်၏။

ကိုကျော်ငြိမ်းသည် အင်္ဂလိပ်စာနည်းပြဆရာလုပ်ရင်းနှင့် ဥပဒေပညာကို ဆည်းပူး၍ ဥပဒေဝိဇ္ဇာဘွဲ့ကို ၁၉၃၉ ခုနှစ်တွင် ရရှိ၏။ ကိုကျော်ငြိမ်းသည် ဦးကျော်ငြိမ်း ဖြစ်လာ၍ တက္ကသိုလ်ဘွဲ့ထူးနှစ်ခုကို ဆင်မြန်းကာ အလုပ်အကိုင် နှင့် ငွေဝင်လမ်းမှန်ကာ လုပ်ဖော်ကိုင်ဖက် နိုင်ငံရေးရဲဘော်များအလယ်တွင် ခေါင်းဆောင်ပေါက်စ ဖြစ်၍လာသော်လည်း သူ့မှာ တာဝန်ကြီးလှပေသည်။ သူသည် မိဘများကို ထောက်ပံ့ကူညီခဲ့၏။ သူ့မိတ်ဆွေကြီးများဖြစ်ကြသော ကိုလှမောင် တို့ကို တက္ကသိုလ်၌ ဆက်လက်ပညာသင်နိုင်ရန် ထောက်ပံ့ခဲ့၏။ အပြင်မှ သခင်နိုင်ငံရေးသမား လူငယ်တို့ကိုလည်း ထောက်ပံ့ရ၏။ ၎င်းတို့အထဲ၌ သခင်မြပါ ပါဝင်၏။ နိုင်ငံရေး ကြိုးပမ်းမှုများတွင် ဆင်းရဲနွမ်းပါးစွာ သွားလာ လှုပ်ရှားနေသော သခင်ရဲဘော်များကို ကျွေးမွေးပြုစုထောက်ပံ့ရ၏။ သူ၏ သံယောဇဉ်တွေကား ထုထည်ကြီးလှပေသည်။

နေ့၌ အကောက်ရုံးတွင် ရာပြတ်အရာရှိအဖြစ် အမှုထမ်းလျက်၊ ညပိုင်း ၌ သခင်များကို လက်ခံ၍ နိုင်ငံရေးဆွေးနွေးလျက်၊ တော်လှန်ရေးကို စိုင်းပြင်း လျက် ဇာတ်အမျိုးမျိုး ကပြရသည်။ နားရသည်မရှိ။ ထူးလှ၊ မြိန်ရှက်ဖွယ်



ကောင်းလှသည့် ပြည့်ကြွယ်လှသည့်ဘဝ။ အင်္ဂလိပ်အစိုးရ၏ ပုလိပ်များ၊ စုံထောက်များသည် အထူးသတိမူ၍ ကြပ်မတ်ကြပါသည်။ သို့ရာတွင် သူတို့ သည် အိပ်စက်ကြရသည်။ သခင်လူငယ် နိုင်ငံရေးသမားများသည် မအိပ်စက် ဘဲ နေနိုင်ကြသည်။ တိုက်ပွဲတွင် အိပ်စက်နေသူကို မအိပ်မနား ကြိုးပမ်းနေသူက နိုင်သွားတတ်သည်။

သခင်ကျော်ငြိမ်းတို့၊ သခင်အောင်ဆန်းတို့သည် အင်္ဂလိပ်ကို လက်နက် ကိုင်၍ တော်လှန်မှဖြစ်မည်။ ဥရောပတိုက်၌ ဖြစ်ပွားနေသော အင်္ဂလိပ်–ဂျာမန် စစ်ပွဲသည် မြန်မာအတွက် အခွင့်အခါကောင်းတစ်ခုဖြစ်သည်ဟု လုံးဝ ယုံကြည်ကြကာ (ဘီ၊အာရ်၊ပီ) ခေါ် ဗမာ့တော်လှန်ရေးတပ်ဦးကို ဖွဲ့စည်းကြသည်၊ ထိုအဖွဲ့၏ ဦးစီးခေါင်းဆောင်တို့မှာ သခင်အောင်ဆန်း၊ သခင်မြ၊ ဦးဗဆွေ (ယခု ကာကွယ်ရေးဌာနဝန်ကြီး)၊ သခင်ချစ် (တောခိုကွန်မြူနစ်ခေါင်းဆောင်) နှင့် သခင်ကျော်ငြိမ်းတို့ ဖြစ်ကြလေသည်။

နယ်ချဲ့ကို တိုက်ခိုက်တော်လှန်ခြင်းသည် ပြင်းထန်၍ လာလေသည်။ ဗမာ့ထွက်ရပ်ဂိုဏ်းကြီးကိုဖွဲ့၍ အင်္ဂလိပ်အား မျိုးချစ်လူထုက ပြည်နှင်ဒဏ်ကို ရာဇသံပေး၍ ခတ်ပြီ။ အင်္ဂလိပ်ကလည်း သခင်အောင်ဆန်းအား ငါးကျပ်တန်ဆု ထုတ်၍ ဖမ်းဝရမ်းဖြင့် လိုက်ပြီ။ အင်္ဂလိပ်အကျဉ်းထောင်တွင် အလဟဿ အချိန်မဖြုန်းလိုသော သခင်အောင်ဆန်းသည် မြေလျှိုး၍ ပြည်ပသို့ စစ်ကူရှာ ထွက်ပြီ။ သခင်နုကို ဖမ်းပြီ။ သခင်တွေကို တွေ့ရာမြင်ရာ၌ ဆွဲကုန်ပြီ။ ခေတ် သည် ရှေ့သို့ တစ်ဟုန်တည်းထိုးပြေးလေသည်။ သခင်အောင်ဆန်း၏ တာဝန် ကို သခင်ကျော်ငြိမ်းက ယူ၍ ဘီ၊ အာရ်၊ ပီကို စည်းရုံးခဲ့လေသည်။ နိုင်ငံခြား ဆက်သွယ်မှုများကိုလည်း အပူတပြင်း လိုက်လံရှာဖွေ၍ အနံ့အသက်မျှ ရလျှင် ပင် အသဲအမဲလိုက်ကြသည်။ သခင်လှဖေ(ဗိုလ်လကျာ)က ဂျပန်အဆက် ကို ရသည်။ သခင်နုက ယိုးဒယားနှင့် ဆက်မိသည်။ တရုတ်ပြည်ကလည်း မျှော်လင့်ချက်ကလေးများ ပေးကြသည်။

တချို့အဆက်တို့ကား ဆက်ဖို့လိုက်လေလေ ဆက်လို့မရလေလေ။ လေကိုလိုက်၍ ဖမ်းရသည်နှင့်တူ၏။ သည်လိုနှင့် သခင်အောင်ဆန်းသည် ဂျပန်ပြည်သို့ရောက်၍ ရဲဘော်သုံးကျိပ်ရာဇဝင်သည် အစပြုရ၏။ အောင်ဆန်း ရောက်လေရာသို့ နောက်ကြောင်းမှ ကျော်ငြိမ်းတို့ရဲဘော်တစ်စုက ထောက်ပံ့ ရ၏။ ကူညီညွှန်ကြားရ၏။ ဘီ၊ အာရ်၊ ပီသို့ မျိုးချစ်လူငယ်များ ဝင်ရောက်

www.burmeseclassic.com

www.burmeseclassic.com



လာကြသည်။ သူတို့ထဲမှပင် တစ်သုတ်ပြီးတစ်သုတ် ဂျပန်ပြည်သို့ အောင်ဆန်း ခေါ်ရာ လွှတ်ရသည်။ တဖွဲဖွဲ ဝင်ရောက်လာသူများထဲတွင် ကျောင်းသားတွေ အတော်များ၏။

၎င်းတို့အထဲမှ အောင်ကြီး (ယခုဗိုလ်မှူးကြီး)၊ ချစ်မောင် (ယခု ပြည်သူ့ လုပ်ငန်းဌာနဝန်ကြီး)တို့သည် စိတ်ထက်သန်၍ အင်္ဂလိပ်အစိုးရထံ စာရေးစာချီ ဝင်လုပ်ရင်းနှင့် လျှို့ဝှက်သတင်းတို့ကို ရအောင် ယူလာတတ်ကြ၏။ ညအခါ တွင် သူတို့တစ်တွေက သခင်ကျော်ငြိမ်းထံလာ၍ သတင်းပို့ကြသည်။ ကျော်ငြိမ်း သည် စစ်ဆင်ရေးဌာနချုပ် ဖြစ်နေသည်။ ဌာနချုပ်သည် အခြေအနေအလိုက် ရန်ကုန်မြို့တွင် ၁၂၁ လမ်း၊ ၁၂၅ လမ်း စသည့်နေရာတို့မှ ဗုံးကြောက်၍ ပြေးနေသောသူများ၏ လွှတ်နေသောအိမ်များ၌ တော်သလိုပြောင်းရွှေ့၍ ရုံးစိုက်ရ၏။ တစ်ရက်တွင် ရေကျော်၊ တစ်ရက်တွင် ဗဟန်း။

သခင်ကျော်ငြိမ်းသည် စက်ဘီးတစ်စင်းဖြင့် လှည့်ပတ်၍ စီမံလုပ်ကိုင် တတ်၏။ သူတို့ထဲမှ စစ်ပညာသင်ကြားရေးမှူးမှာ သံမဏိတပ်မှ ဆေးကျောင်း သားမောင်မောင် (ယခု စစ်လေ့ကျင့်ရေးမှူး ဗိုလ်မှူးကြီး)ဖြစ်၍ သူကတော့ အော်စတင်ကားလေး မချိတရိကို မောင်း၍ မြို့တွင်းမြို့ပြင် လျှို့ဝှက်စခန်း တွေမှ ရဲဘော်တွေကို မရောက်လာသေးသော လက်နက်အသေး၊ လက်နက်ကြီး များကို မည်သို့ပစ်ခတ်အသုံးပြုရမည်ကို သူ၏စာတွေ့ဗဟုသုတဖြင့် သင်ကြား ပြသပေး၏။ နေ့စဉ်နှင့်အမျှပင် သခင်ကျော်ငြိမ်းသည် လမ်းသို့ စက်ဘီးစီး ထွက်၍ ဂျပန်လေယာဉ်ပျံများမှ ကြဲချခဲ့သော စာရွက်များကို ကောက်ရ၏။ သတင်းကို မျှော်ရ၏။ လက်နက်တွေ ဘယ်တော့ရမည်ကို သိချင်ဇောကြီးနေ၏။ ရှေ့ရေးအတွက် ပြင်ဆင်လိုပြီ။ တိုက်နိုက်ချင်ပြီ။ လူမရှိတော့သော ရန်ကုန်မြို့ ကြီး ခေါင်ခေါင်တွင် ရဲဘော်တွေပုန်းအောင်း၍ စောင့်နေရတာကြာပြီ။

ဗိုလ်မောင်မောင်၏ စစ်ပညာသင်တန်းတွေလည်း ကုန်ဆုံး၍ နှစ်ပတ် သုံးပတ် ကျော်ပြီးပြီ။ တိုကျိုရေဒီယိုက မနှင်းဆီကတော့ တိုကျိုမှာ ဖူဂျီယားမား တောင်ကြီးဟာ ဖြူဖွေးတဲ့ နှင်းဦးထုပ်ကိုဆောင်းလို့။ ချယ်ရီပန်းတွေက ဝေဝေ ဆာဆာနဲ့ လှလိုက်တာတဲ့။

နောက်တော့ ဗိုလ်နေဝင်းနှင့် ရဲဘော်တွေ ပန္နတိုသေနတ်ကလေး နှစ်ဆယ်လောက်နှင့် ရောက်လာကြသည်။ သခင်ကျော်ငြိမ်းတို့အဖို့ ဒီလို ရောက်လာတာကိုပင် စစ်ကူတပ်မဟာကြီးတစ်ခု ရောက်လာတာနှင့်မခြား။



ပန္နတိုအလက်နှစ်ဆယ်နှင့် အင်္ဂလိပ်ကို ဆော်တော့မည်။ ပန္နတိုအလက်နှစ်ဆယ် ၏ ပြိုင်တူပစ်ခတ်သံသည် လန်ဒန်ကိုပင် သိမ့်သိမ့်တုန်စေမည်။ စစ်သင်တန်း တွေ ထပ်၍ အားတက်သရော ပေးကြပြန်သည်။ ဂျပန်ပြန် ဗိုလ်မှူးကြီးတွေက ပါကူ၍ သင်ပေးသည်။ ဗိုလ်ဇေယျ (ယခု ကွန်မြူနစ်သေနာပတိ) တို့ ဂျပန်ပြန် များကတော့ တော်ရာကို ရှောင်၍ ခိုနေကြသည်။ သွား၍ခေါ်သည်ကိုပင် လိုက်မလာကြ။ သို့နှင့် ရှိစုမဲ့စုလူနှင့် လက်နက်ကို ကိုင်ဆောင်ကာ သူပုန်ထကြရ လေသည်။

သူပုန်ထခြင်း၏ ပထမအောင်ပွဲမှာ အင်္ဂလိပ်ဖွဲ့စည်းထားသော စစ်တပ် များမှ လက်နက်ကိုင် မြန်မာရဲဘော် ၂၀၀ ခန့်ကို သခင်ကျော်ငြိမ်းတို့ သိမ်းသွင်း ဆွယ်ယူနိုင်ခဲ့ခြင်း ဖြစ်လေသည်။ ပထမနောက်ဆုတ်ပွဲမှာ သာယာဝတီစခန်းပင် ဖြစ်လေသည်။ ဗိုလ်နေဝင်းနှင့် သခင်ကျော်ငြိမ်းတို့သည် အင်္ဂလိပ်ထံမှ ခိုးယူ လုယူခဲ့သော မော်တော်ကားများဖြင့် သာယာဝတီသို့ တက်ကြလေသည်။ သာယာဝတီ၌ အင်္ဂလိပ်တို့ အနိုင်အမာတပ်စွဲလျက် ရှိသေးသည်ကို ထင်ရှားစွာ တွေ့ခဲ့ရ၍ ကားတွေကျန်ရစ်ကာ ခြေကုန်သုတ်၍ ဆုတ်ခွာခဲ့ရ၏။ တော်လှန် ရေးဟူသည် အောင်မြင်စွာဆုတ်ခွာခြင်းနှင့် ခရီးရှည်ကို ခြေစကြာယာဉ်စီး၍ နှင်ရခြင်းတို့ပါ ပါဝင်သော အောင်ပွဲ၊ ဆုတ်ပွဲနှင့် ဒွန်တွဲလျက်ရှိသည့်ကိစ္စပါကို။

သခင်ကျော်ငြိမ်းသည် အထက်မြန်မာပြည်၏ ဘီ၊ အာရ်၊ ပီ ခေါင်း ဆောင်အဖြစ် တာဝန်ယူ၍ မန္တလေးသို့တက်၏။ မန္တလေးတွင် တက်ဘုန်းကြီး သိန်းဖေသည် ခင်မောင်ကလေး (ယခု ပြည်ထဲရေးဌာနဝန်ကြီး ဗိုလ်ခင်မောင် ကလေး) နှင့် တွဲဖက်၍ ဆောင်ရွက်နေရာမှ ခင်မောင်ကလေးကို သူ၏တပည့် တပန်းအသွင်မြင်၍လာခဲ့၏။ ကိုသိန်းဖေသည် သူများကို တပည့်အဖြစ်၊ သူ့ ကိုယ်ကို ဆရာအဖြစ်၊ သူများကို နောက်လိုက်များအဖြစ်၊ သူ့ကိုယ်ကို ခေါင်းဆောင်အဖြစ် မြင်၍လာရန် မခက်ခဲလှ၊ အချိန်ကြာမြင့်စွာလည်း မလိုချေ။

သူသည် မန္တလေးမှနေ၍ ဖက်ဆစ်ဂျပန်တို့ကို တွန်းလှန်မည်။ လူထု ကို အလင်းပေးမည်။ လူထုသည် သူ့ကို တောင့်တလျက်ရှိသည်။ သူ၏ခေါင်း ဆောင်မှုကို မျှော်လင့်နေပြီ။ သူကဲ့သို့သော သူရဲကောင်းကို တမ်းတလျက် ရှိသည်။ ကောင်းလေစွ။ သံဃာအား ဘုရားမဆန်သာ။ လူထု၏ တင့်ငံ့ရှိသော အာသာကို ငါဖြည့်မည်။ ဤသို့သော စိတ်ကူးယဉ်ဖြင့် ကိုသိန်းဖေသည် သူပုန်းအောင်းရာနေရာများမှ စာရွက်စာတမ်းများ၊ အမိန့်ပြန်တမ်းများကို ထုတ်

www.burmeseclassic.com

www.burmeseclassic.com



ဝေ၏။ ဂျပန်များတက်လာ၍ ထိုစာရွက်များကိုတွေ့လျှင် ဗမာ့လွတ်လပ်ရေး တပ်မတော်မှ ဗိုလ်များ၊ တပ်သားများကို ငြိုး၍ ဖမ်းလားဆီးလားလုပ်၏။ သတ်ဖြတ်ကြ၏။ ထိုအခါ ကိုသိန်းဖေသည် လွတ်ရာသို့ တိမ်းရှောင်၍ တပ်မတော်၏အကူအညီဖြင့် အိန္ဒိယသို့ လစ်၏။ ထွက်ပြေးသည် မဟုတ်ပါ။ အာဇာနည်တို့မည်သည် မလိုရာ၌ အစွမ်းသတ္တိကိုပြ၍ အင်အားကို မဖြုန်းတီး စကောင်း။

သခင်ကျော်ငြိမ်းသည် ဖရိုဖရဲဖြစ်၍နေသော ခေတ်ကြီးထဲတွင် ကိုသိန်းဖေကဲ့သို့သော ပြဿနာပေါင်းများစွာကို တွေ့ခဲ့၊ ဖြေရှင်းခဲ့ရ၏။ သခင်စိုး တစ်ယောက်ကလည်း ရှိသေးသည်။ မန္တလေး၌ သခင်ကျော်ငြိမ်းကို ရှာဖွေပြီး သူ တရုတ်ပြည်သို့ သွားလို၍ ထောက်ခံစာ လက်မှတ်တစ်စောင် ရေးပေးရန် တောင်းခံလာသေးသည်။ ဧရာမ သူရဲကောင်း ကွန်မြူနစ်ကြီးတစ်ယောက်။

မြန်မာအစိုးရအဖွဲ့ကို ဖွဲ့၍ ဒေါက်တာဘမော်က ခေါင်းဆောင်ဖြစ်၊ တပည့်စားမများက တိုင်းမင်းကြီးတွေ ဘာတွေဖြစ်။ မြားနီ၊ မြားဝါ တံဆိပ်တွေ တပ်ဆင်၍ စားမဦးထုပ်ကို ဝတ်ဆင်ကာ ရာထူးတွေ ဝေခွဲ၍ အလှူကြီး ပေးနေကြသည့်အချိန်။ ဗိုလ်ချုပ်အောင်ဆန်းက ဂျပန်ကို တစ်နေ့ပြန်ချရမည်။ ဂျပန်ပေးတဲ့ လွတ်လပ်ရေးသည် ထိပ်ကလူနည်းစုသာ အရသာတွေ့၍ လူထု ကြီးမှာတော့ မွဲ၍ ငတ်၍ ဝဲစွဲနေပြီဟု အတိအလင်း ဖွင့်ချနေချိန်။ ဗမာ့ လွတ်လပ်ရေးတပ်မတော်မှ တစ်ဆင့်တစ်ဆင့် အနိမ့်ခံခဲ့ရသော တပ်မတော် ကြီးသည် ဂျပန်ကိုပို၍ မုန်းတီးကာ တော်လှန်ရေးစခန်းသို့ သည်းခံ၍ ဆောင့်လင့် နေကြချိန်။

သခင်ကျော်ငြိမ်းသည် ပထမ၌ ဝန်ကြီးချုပ်၏ အတွင်းဝန်၊ အဓိပတိ၏ အတွင်းဝန်အဖြစ် လူငယ်သစ်ခေါင်းဆောင်များနှင့် လူကြီးများ၊ စားမများနှင့် ညှိနှိုင်းရေးကို လုံးပန်းခဲ့သေးသည်။ မရ။ ညှိနှိုင်းတာလေးတွေကိုပင် စားမက ထင်းခွဲသလို ခွဲပစ်သည်။ သံသယတွေများ၍ ပါတီနိုင်ငံရေးအားစုခြင်းက ဖောကြီးနေခဲ့သည်။ သို့နှင့် တစ်စတစ်စကွဲ၍ ကွာဝေးခဲ့ကြရ၏။ လူငယ် ခေါင်းဆောင်များသာလျှင် ဆက်လက်၍ တော်လှန်ရေးကို စိုင်းပြင်းကြရ၏။

ထိုခေတ်အတွင်း၌ သခင်ကျော်ငြိမ်းအတွက် သာယာမှုတစ်ခုကား ရရှိခဲ့၏။ ထိုသာယာမှုကား "နွဲ့"ဖြစ်လေသည်။ လောကခရီးကို အတူယှဉ်တွဲ၍ လိုက်ပါလိုသော မနွဲ့ကို ကိုကျော်ငြိမ်းသည် မြန်မာပြည်ကို ဗမာ့လွတ်လပ်ရေး



တပ်မတော်ဝင်ပြီး အုပ်ချုပ်ရေးတွေ စခါစကပင် မော်လမြိုင်သို့ လိုက်၍ လက်ထပ်ကာ ရန်ကုန်သို့ခေါ်ယူခဲ့၏။ ရန်ကုန်ရောက်လျှင် အိမ်တစ်ဆောင် မီးတစ်ပြောင်နှင့် ယခင်က အင်္ဂလိပ်တွေ အပိုင်စီးထားသော ရွှေတောင်ကြားမှ တိုက်ကြီးတစ်တိုက်တွင် နေရ၏။ ပျော်ရွှင်သော အိမ်ထောင်တွင် သားသမီး ကလေးများသည် အချိန်မှန်စွာ ဆိုက်ရောက်လာကြ၍ ယခုမူ သားသမီး ၆ ဦးတို့၏ဖခင် မိခင် ဖြစ်နေကြပြီ။

သို့နှင့် ဂျပန်ကို တော်လှန်ဖို့ စိုင်းပြင်းကြရပြန်သည်။ ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ငယ်အား ယခင်က ဘီ၊ အာရ်၊ ပီ ကို စတင်တည်ထောင်ခဲ့သူများ ထဲမှပင် ဦးစီးခေါင်းဆောင်ကြသည်။ တော်လှန်ရေးစိတ်သည် ပြည်သူမှစ၍ တပ်မတော်၌ အရောင်ဟပ်၏။ အေအက်ဖ်အို ခေါ် ဖက်ဆစ်ဆန့်ကျင်ရေး အဖွဲ့က ထိုစိတ်ဓာတ်ကို လက်တွေ့တိုက်ပွဲသို့ ထိုးသွင်းပေးရန် လမ်းခင်းပေး၏။ လူထုနှင့် ခေါင်းဆောင်လူငယ်များသည် ဘက်ညီလက်ညီ တွဲ၍နေကြသည်။ အစိုးရအဖွဲ့ထဲမှ ဆိုလျှင်လည်း ဗိုလ်ချုပ်အောင်ဆန်းကိုသာ လူထုက ကြည်ညို လေးစားသည်။ ယုံကြည်အားကိုးသည်။ စုတ်နုပ်ငတ်ပြတ်နေသော လူထု သည် သူတို့လိုပင် စုတ်စုတ်ဝတ်၍ ဆင်းဆင်းရဲရဲနေ ရိုးရိုးကျင့်ကာ၊ ရဲရင့် တည် ကြည်သော စကားကို ပြောကာ၊ ရဲရင့်သော အတွေးအခေါ် အမြော်အမြင် ရှိသော ဗိုလ်ချုပ်အောင်ဆန်းကို လူထုက သူတို့ထဲမှ တစ်ဦးတစ်ယောက်လိုပင် ယူဆကြသည်။ ပိုးပုဆိုး၊ ချိတ်ပုဆိုးတောင်ရှည်နှင့် ရွှေရောင်တောက်ကာ လုပသော စာအုပ်ကြီးထဲမှ စကားတွေ လှိုင်လှိုင်အသုံးပြု၍ ဧရာမမိန့်ခွန်းကြီး များကို မြွက်ကြားတော်မူပေသော ခေါင်းဆောင်ကြီးများကို နှလုံးနာကြသည်။

စုတ်စုတ်ပြတ်ပြတ် ဆင်းဆင်းရဲရဲနှင့် ကုပ်၍ တကယ့်လွတ်လပ်ရေး အတွက် ဗိုလ်ချုပ်နှင့်အတူ ကြိုးပမ်းကြသူများထဲ၌ သခင်ကျော်ငြိမ်းသည် မားမားမတ်မတ်ရှိလေသည်။ သူသည် စိတ်ကူးကောင်း၊ အကြံဉာဏ်ကောင်း သမားဖြစ်သလောက် ဖွဲ့စည်းစီမံရေး၌လည်း ညံ့သူမဟုတ်။ လူ့သဘောကို သူသိသည်။ လူ့တန်ဖိုးမှန်ကို သူဖြတ်တတ်သည်။ စိတ်ရှည်၍ သည်းခံနိုင်သည်။ ထို့ကြောင့် လူတွေနှင့်လုပ်ရသော လုပ်ငန်းတို့တွင် သူအောင်မြင်တတ်သည်။

သခင်ကျော်ငြိမ်းသည် အဓိပတိကြီးနှင့် ဆက်လက်၍ နီးကပ်စွာ လုပ် ကိုင်၍ မဖြစ်နိုင်တော့သောအခါ ဒုတိယနိုင်ငံခြားရေးဝန်ကြီးအဖြစ် ပြောင်းရွှေ့ အမှုထမ်းသည်။ ထိုအချိန်က စစ်မီးဝိုင်းသော မြန်မာပြည်တွင် နိုင်ငံခြားရေးကိစ္စ

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ ဘာမျှမရှိသလောက် ဖြစ်လေသည်။ ရန်ကုန်မှာဆိုလျှင် မည်မည်ရရ နိုင်ငံခြားသံတမန်ဟူ၍ ဂျပန်သံအမတ်တစ်ဦးသာရှိ၏။ သို့ရာတွင် နိုင်ငံခြားရေးရုံး၌ အလုပ်အားသလောက် အေအက်ဖ်အိုကိစ္စက များလာသဖြင့် အတော်ပင်ဖြစ်၏။ ရုံး၌ပင် စည်းဝေးကြ၊ လျှို့ဝှက်သောစာတမ်းများကို ရိုက်နှိပ်ကြ။

တော်လှန်ရေးစဖို့ နယ်ခွဲကြသောအခါ သခင်ကျော်ငြိမ်းက ပျဉ်းမနားနယ်တွင် နိုင်ငံရေးတာဝန်ခံအဖြစ် သွားရောက်ရန်ဖြစ်ခဲ့၏။ ထိုနယ်တွင် စစ်ရေးတာဝန်ခံမှာ ရဲဘော်သုံးကျိပ်ဝင် ယခုကွန်မြူနစ် စစ်သေနာပတိတစ်ဦး ဖြစ်သော ဗိုလ်ရဲထွင်ဖြစ်၏။ သို့ရာတွင် ကွန်မြူနစ်ခေါင်းဆောင်တို့သည် သူတို့၏ရှေ့ရေးအတွက် ပျဉ်းမနားနယ်၌ နိုင်လုံစွာ စည်းရုံးနိုင်ရန် သူတို့ပါတီက လူကိုသာ နိုင်ငံရေးတာဝန်ခံအဖြစ် ရလို၏။ သခင်ကျော်ငြိမ်းကို မလိုလား။ ထို့ကြောင့် နောက်ဆုံး တပ်တွေဖြန့်၊ လူတွေ နယ်ဆင်းကြသောအခါမှ လိမ္မာပါးနပ်စွာ လှည့်ဖြားစီမံခြင်းဖြင့် သခင်ကျော်ငြိမ်းသည် ပျဉ်းမနားသို့ မသွားရ။ ရန်ကုန်၌ ဂျပန်တို့ ဖမ်းထားသော ဦးဗဆွေကို ကယ်တင်ထုတ်ယူရန်အတွက် ဦးလှမောင် (သံအမတ်)နှင့် အတူနေရစ်ရန် တာဝန်ကျရောက်သဖြင့် သခင်ကျော်ငြိမ်းသည် ရန်ကုန်၌ပင် ဗိုလ်ခင်ညို (ဝန်ကြီးဗိုလ်ခင်မောင်ကလေး၏ညီ၊ ယခုဗိုလ်မှူးကြီး)တို့နှင့်အတူ ကျန်ရစ်ခဲ့ရ၏။ သခင်သန်းထွန်းတို့ကတော့ ကျော်ငြိမ်းတို့ လူသိုက်ကို ဂျပန်သတ်လျှင် သတ်မည်။ မသေဘဲ ကျန်ရစ်လျှင်လည်း ဂျပန်အလိုတော်ရိအဖြစ် စွပ်စွဲခံ၍ နိုင်ငံရေးလုပ်ငန်းတွင် နာလန်ထူနိုင်မည်မဟုတ်တော့ဟူ၍ တွက်ဆကြလေသည်။

သို့ရာတွင် ကျော်ငြိမ်းမသေ။ ရန်ကုန်ကို ဂျပန်လက်မှ သိမ်းယူ၍ မဟာမိတ်တို့မလာခင်ပင် မြို့ကိုထိန်းရင်းနှင့် မြန်မာ့တော်လှန်ရေးကို ကမ္ဘာသို့တစ်ဆင့် ၁၉၄၅ ခုနှစ် မေလ ၅ ရက်နေ့တွင် ရန်ကုန်မြို့ အသံလွှင့်ရုံမှနေ၍ ဗိုလ်နေဝင်းနှင့်အတူ ကြေညာခဲ့နိုင်၏။ နိုင်ငံရေးအားဖြင့်လည်း ကျော်ငြိမ်းမသေ။ သခင်သန်းထွန်းတို့သာလျှင် အင်္ဂလိပ်၊ အမေရိကန်တို့ကို ခြေစုံဖက်ကာ မြန်မာ့တပ်မတော်သားများ၊ မျိုးချစ်ပြောက်ကျားများကို လက်နက်ချ၍ အညံ့ခံဝင်ရောက်ကြရန် ဆော်ဩလေသည်။ အင်္ဂလိပ်စစ်ဗိုလ်တို့အား ပြောက်ကျားများ၏ အတွင်းရေးစီမံချက်များကို တိုင်တောသတင်းပေးလေသည်။ ကွန်မြူနစ်သန်းထွန်းနှင့် ခေရှင်နယ်ချဲ့အင်္ဂလိပ်၊ အမေရိကန်တို့၏ ထူးခြားဆန်းပြား



သဘာဝနှင့် ဖီလာကြီးဖြစ်သော လက်ထပ်မင်္ဂလာပွဲတော်ကြီးကို စစ်ပြီးခေတ်တွင် တအံ့တဩမြင်လိုက်ကြရသည်။

အေအက်ဖ်အိုမှ ဖဆပလအဖွဲ့ကြီးပေါက်ဖွားလာသည်။ ဖဆပလကို ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သည်။ သခင်ကျော်ငြိမ်းတို့က ကြိတ်၍ဖွဲ့စည်းကြသည်။ အတွင်းရန် အပြင်ရန်များကို ဖြိုကြရသည်။ အပြင်ရန်ပြင်းထန်သလောက် အတွင်းရန်ကလည်း ကြီးကျယ်သည်။ သခင်သန်းထွန်းသည် ဖဆပလအဖွဲ့ချုပ်၏ အထွေထွေအတွင်းရေးမှူးအဖြစ်နှင့် အဖွဲ့၏သော့ချက်တို့ကိုကိုင်ကာ အဖွဲ့ကို ကွန်မြူနစ်တို့က သိမ်းပိုက်ရန် ကြံစည်ကြိုးစားခဲ့သည်။ သို့ရာတွင် အထမမြောက်။ ဗိုလ်ချုပ်၏အရှိန်အဝါက ပြင်းသည်။ ဦးကျော်ငြိမ်းတို့ကလည်း ကွန်မြူနစ်တို့၏ ခြေလှမ်းကို ကောင်းစွာမြင်၍ ကြိုတင်ကာကွယ်နိုင်ကြသည်။ နောက်ဆုံး၌ သခင်သန်းထွန်းတို့ပါတီကို ဖဆပလမှ ထုတ်ပယ်ရသည်အထိ ဖြစ်ခဲ့ရလေသည်။

သခင်သန်းထွန်း၏ အတွင်းရေးမှူးနေရာတွင် ဦးကျော်ငြိမ်းတက်၍ တာဝန်ယူလေသည်။ သို့နှင့် လန်ဒန်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် လေဘာခေါင်းဆောင် နန်းရင်းဝန် မစ္စတာအက်တလီတို့ ဆွေးနွေး၍ မြန်မာပြည်လွတ်လပ်ရေးအတွက် အုတ်မြစ်ချကြစဉ်ကလည်း ဗိုလ်ချုပ်အနား၌ ဦးကျော်ငြိမ်းရှိခဲ့လေသည်။ လန်ဒန်မှ ပြန်လာကြ၍ လွတ်လပ်သော မြန်မာပြည်၏ အခြေခံဥပဒေကို ရေးဆွဲကြရာတွင်လည်းကောင်း၊ ပြည်သစ်တည်ရေးအတွက် အစစအရာရာ ပြင်ဆင်ကြရာတွင်လည်းကောင်း ဦးကျော်ငြိမ်းသည် အရေးပါအရာရောက်သော နေရာများမှ ပါဝင်ခဲ့ရသည်။

ဦးကျော်ငြိမ်း ဝန်ကြီးအဖွဲ့သို့ ပြည်ထဲရေးဌာနဝန်ကြီးအဖြစ်နှင့် စ၍ဝင်ရောက်ရသည်။ ထိုမှ မကြာခဏ နိုင်ငံခြားရေးရုံးသို့ ပြောင်း၍သော်လည်းကောင်း၊ ပေါင်း၍သော်လည်းကောင်း လုပ်ကိုင်ခဲ့ရသည်။ သို့ရာတွင် တိုင်းပြည်တကယ်ဗလောင်းဗလဲဖြစ်ချိန်များ၌မူ ဦးကျော်ငြိမ်းသည် တာဝန်ကျရာ ပြည်ထဲရေးဌာန၌ ဥပဒေမဲ့ဖြစ်နေသမျှတို့ကို နှိပ်ကွပ်ရန်အတွက် နာမည်ကောင်းမရသော အလုပ်တို့ကို လုပ်ခဲ့ရလေသည်။ ဗိုလ်ချုပ်တို့ လုပ်ကြံခံရသောအချိန်၌ သူသည် ဥရောပတိုက်ရှိ ဇူးရစ်မြို့တော်၌ တိုင်းပြည်ကိစ္စနှင့် ရောက်၍နေခဲ့၏။ ထိုမှသတင်းကို ကြား၍ အလျင်အမြန်လှည့်ပြီး ရန်ကုန်သို့ပြန်ကာ ငြိမ်ဝပ်ပိပြားရေးကို ထိန်းသိမ်းရ၏။ ဗိုလ်ချုပ်တို့အား သတ်ဖြတ်ခဲ့သော လူသတ်သမားတို့ကို

www.burmeseclassic.com

www.burmeseclassic.com



တရားဥပဒေအရ စစ်ဆေးအရေးယူခြင်းကို ပြုရ၏။ တိုင်းပြည်ဖရိုဖရဲဖြစ်နေခိုက် အပြင်မှ အနှောင့်အယှက်ပယောဂများ မဝင်ရအောင် ဂရုစိုက် စောင့်ရှောက်ရ၏။ ထိုမှ တစ်ဆက်တည်းလိုပင် ဆူပူမှုများ၊ ပုန်ကန်ခြားနားမှုများ ဖြစ်ပွား၍ နှိပ်ကွပ်တားဆီးရေး ဥပဒေများကို ထုတ်ဆင့်ရသည်။ နိုင်ငံတော်သစ္စာဖောက်ဥပဒေကို ပြဋ္ဌာန်းရသည်။ လက်နက်ပုန်းများကို ဖော်ထုတ်ရန်အတွက် ဥပဒေတွေ ထုတ်ရသည်။ ပြည်ထဲရေးဝန်ကြီးအဖြစ်နှင့် ၎င်းဥပဒေတွေကို ထုတ်ပြန်ခြင်း၊ ဥပဒေအရ ကြပ်မတ်ဆောင်ရွက်ရခြင်းတာဝန်တို့သည် ဦးကျော်ငြိမ်းအပေါ်သို့ ကျရောက်လေသည်။ နှစ်မြို့ဖွယ်ရာ အလုပ်မဟုတ်။ သို့ရာတွင် ကျရောက်သောတာဝန်ကို မငြင်းဆန်နိုင်။ မမိုတ်မသုန် ဆောင်ရွက်ရသည်။ တိကျပြတ်သားစွာ လုပ်ကိုင်တတ်သော ဦးကျော်ငြိမ်းကို သူပုန်တို့က ရွံရှာ ရွံ့ကြောက်ကြ၏။ "ကျော်ငြိမ်းညစ်ပတ်တယ်၊ ဆိုရှယ်လစ်တွေ ညစ်ပတ်တယ်" ဟု နာကျင်စွာ အော်ဟစ်ကြ၏။

ဦးကျော်ငြိမ်းသည် ဘာမျှပြန်၍ ဖြေရှင်းခြင်းမပြု။ ဖြေရှင်းရန်လည်း အချိန်မရ။ တိုင်းပြည်သည် မီးတောက်၍နေသည်။ အရေးကြီးသည်က ၎င်းမီးတောက် မီးလျှံတို့ကို ငြိမ်းသတ်ရန် ဖြစ်လေသည်။ "ကွန်မြူနစ်တွေက မီးရထားတွေ မိုင်းဖုံးခွဲ၊ လူတွေသတ် လုပ်တာကိုတော့ ခွင့်လွှတ်ရမယ်။ အစိုးရက အကာအကွယ်အနေနဲ့ လူတချို့ကို ဖမ်းဆီးပြီးထားရတာကိုတော့ အစိုးရဟာ ဖက်ဆစ်ဆန်လာပြီ ဘာပြီနဲ့ အော်လို့မဆုံးကြဘူး။ ဒါတွေကိုရပ်ပြီး ဖြေရှင်းနေလို့လည်း မထူးပါဘူးဗျာ"ဟု ဦးကျော်ငြိမ်းက ကျွန်တော်နှင့် နောက်ကြောင်းပြန်ရင်း ပြောဆိုခဲ့လေသည်။

ထိုခေတ်ကြီးမှာ အိပ်မက်ဆိုးကြီးသဖွယ် ဖြစ်ခဲ့လေသည်။ အသက်ဘေးရန်မှာလည်း အမြဲတစေပင် နီးကပ်၍နေခဲ့၏။ ဦးကျော်ငြိမ်း၏အိမ်ရှင်မ ဒေါ်နွဲ့နွဲ့သည် သားသမီးကလေးများကို ပြုစုစောင့်ရှောက်ရသည်။ လင်သည်၏ စည်းရုံးရေး၌ ကူညီရသည်။ အချိန်မှန် စားရသောက်ရသည် မရှိ။ ရင်တမမနှင့်နေကြရသည်။ တစ်ခါတစ်ခါ စစ်တပ်မှ ရဲဘော်များဖြစ်ကြသော ဗိုလ်မောင်မောင်တို့တစ်တွေ ရောက်လာကြလျှင် ဒေါ်နွဲ့နွဲ့သည် အားနွဲ့သူမိန်းမသားဖြစ်သဖြင့် အားငယ်၍ မျက်ရည်ကျတတ်သည်။ "ရှင်တို့မှာတော့ စစ်တပ်တွေအကြားမှာ လုံလုံခြုံခြုံနဲ့၊ ကျွန်မတို့မှာတော့ အစောင့်အရှောက် မည်မည်ရရ ဘာတစ်ခုမှ ရှိတာမဟုတ်ဘူး"



ဦးကျော်ငြိမ်း၏ နိုင်ငံအတွက် ကြိုးပမ်းဆောင်ရွက်ခြင်းများသည် များခဲ့ပြီ။ ၁၉၄၉ ခုနှစ်၊ ဧပြီလတွင် ဆိုရှယ်လစ်တွေ ရာထူးမှ ထွက်ပေးပြီး သူပုန်တွေကို အလင်းသို့ ဝင်ရောက်ရန် ဖိတ်ခေါ်ခဲ့စဉ်က ဦးကျော်ငြိမ်းသည်လည်း ဆိုရှယ်လစ်ခေါင်းဆောင်အဖြစ် ရာထူးမှနုတ်ထွက်ခဲ့၏။ ထို့နောက် မကြာပါ။ သူပုန်တွေလည်း ပေါ်မလာကြ။ အစိုးရကလည်း အားနည်းနေ၍ လုပ်ကိုင်၍မဖြစ်။ ဦးကျော်ငြိမ်းနှင့် ဆိုရှယ်လစ်ခေါင်းဆောင်များ တစ်ယောက်စီပြန်၍ အစိုးရအဖွဲ့သို့ ဝင်ရောက်လာကြရသည်။ ဝန်ကြီးဘဝနှင့် ဦးကျော်ငြိမ်းကွာဝေးနေ၍မရ။ သည်သံသရာမှ မလွတ်။ ဝန်ကြီး ဝါအားဖြင့်ဆိုလျှင် ယခုအစိုးရအဖွဲ့တွင် ဦးနုမှလွဲလျှင် ဦးကျော်ငြိမ်းသည် အရင့်ဆုံးဖြစ်၏။ တစ်ကြိမ်က ဒုတိယဝန်ကြီးချုပ်အဖြစ်နှင့်တကွ၍ တာဝန်ယူဆောင်ရွက်ခဲ့ရ၏။

နိုင်ငံခြားသို့ တာဝန်နှင့် ခရီးလှည့်ခဲ့ရသည်များလည်း များလှပြီ။ ၁၉၄၈ ခုနှစ်ဆီလောက်က အစိုးရအဖွဲ့ကို သူပုန်ဝိုင်း၍ ဘေးကျပ်နံကျပ်ဖြစ်နေရစဉ် လက်နက်ခဲယမ်းမီးကျောက် ရှားပါးခက်ခဲစွာ လိုက်လံ၍ဝယ်ယူရန် ထွက်ခဲ့ရသည်မှ ၁၉၅၂ ခုနှစ်အတွင်းတွင် ဥရောပနိုင်ငံများနှင့် ယူဂိုဆလားဗီးယားနိုင်ငံများသို့ ချစ်ကြည်ရေးနှင့် စစ်နှင့်အုပ်ချုပ်မှုလေ့လာရန် မစ်ရှင်အဖွဲ့ကို ခေါင်းဆောင်ခဲ့ရသည်အထိ။

၁၉၅၄ ခုနှစ်အတွင်းတွင် ဂျပန်နှင့် စစ်ပြေငြိမ်းရေးနှင့် ဂျပန်နိုင်ငံမှ စစ်လျော်ကြေးရရှိရေးတို့အတွက် တိုကျိုမြို့သို့ အချိန်ကြာမြင့်စွာ သွားရောက်၍ ဆွေးနွေးခဲ့ရခြင်းများသည် ဦးကျော်ငြိမ်း၏ ထူးကဲသောအောင်မြင်မှုဟု ခေါ်ရမည်။ ဂျပန်များသည် စီးပွားရေးရာ၌ ပါးနပ်လိမ္မာ၏။ အမေရိကန်၏အထောက်အပံ့ကိုခံယူ၍ တိုးတက်လျက် စစ်ဒဏ်မှ ကောင်းစွာ နာလန်ထူလျက်ရှိ၏။ ၎င်းတက်သစ်စနေနှင့်တူသော ဂျပန်တို့နှင့် လျော်ကြေးကိစ္စကို ဈေးဆိုရသည်မှာ မလွယ်ကူ။ သည်းခံစိတ်ရှည်၍ ၁၃ ကြိမ်တိုင်တိုင် မျက်နှာစုံညီ ဂျပန်နိုင်ငံခြားရေးဝန်ကြီး၊ ဝန်ကြီးချုပ်တို့နှင့် ထိပ်တန်းဆွေးနွေးပွဲများလုပ်ပြီးမှ နောက်ဆုံးတွင် မြန်မာ့အတွက်လက်ခံနိုင်သော လျော်ကြေးကတိ အစီအစဉ်များကို ရရှိခဲ့လေသည်။ အတိုက်အခံများက ဆိုကြသည်။ ဂျပန်ထံမှ စစ်လျော်ကြေးသည် နည်းလှသည်။ ကျော်ငြိမ်းသည် တိုင်းပြည်ကို ဈေးပေါပေါနှင့် ချ၍ရောင်းခဲ့ပြီ။ သို့ရာတွင် ၎င်းအပြစ်တင်သူတို့သည် ကမ္ဘာ့နိုင်ငံရေးအခြေအနေတို့ကို ကောင်းစွာ မသိကြ။ ကမ္ဘာ့စစ်ပွဲကြီးတွေ ပြီးဆုံးတိုင်း၌ စစ်လျော်ကြေးကိစ္စတွေ ပေါ်ပေါက်

www.burmeseclassic.com

www.burmeseclassic.com



ဂျာမန် ဆိုရှယ်လစ်ခေါင်းဆောင်ကြီး ဒေါက်တာရှူမကားနှင့် ဦးကျော်ငြိမ်းတို့ တွေ့ဆုံခဲ့စဉ်က -



ခဲ့ရ၍ စစ်ရှုံးနိုင်ငံတွေကို ဖိ၍ညှစ်၍ မရ။ ယခုအခါမျိုးတွင် အရှေ့နှင့်အနောက် ဟူ၍ ခွဲခြားခြင်းမရှိ။ ကိုရီးယားတွင် စစ်ဖြစ်တော့ အမေရိကန်ပြည်မှ လူငယ်တွေ၏ သွေးသည် ရပ်ဝေးကိုရီးယားစစ်မြေ၌ ကျရသည်။ အရှေ့ပူလည်း အနောက် မချမ်းသာ။

ဦးကျော်ငြိမ်းသည် အတွေးသမားဖြစ်၏။ စာပေ၌ မွေ့လျော်၏။ ဘာသာရပ်မျိုးစုံနှင့်ပတ်သက်သော စာပေတို့ကို ဖတ်ရှုတတ်၏။ သူ့အိမ်ရှိ စာအုပ်ဗီရိုကြီးများထဲတွင် စာအုပ်တွေ အပြည့်အကျပ်ရှိ၏။ သူ့အိမ်ဝင်းထဲတွင်လည်း တဲထိုးကာ စာကြည့်ခန်းတစ်ဆောင် ဆောက်၍ထားသည်ကို ကျွန်တော် တစေ့တစောင်းကြည့်၍ မြင်တွေ့ခဲ့ရ၏။ ဦးကျော်ငြိမ်း၏ အတွေးအခေါ် အယူအဆတို့သည် ပွင့်လင်းပြတ်သား၏။ အာရှဆိုရှယ်လစ်ဗျူရို ညီလာခံကို ၁၉၅၄ ခုနှစ်ထဲက ကလောမြို့၌ ကျင်းပစဉ် "ကျွန်ုပ်တို့ ဆိုရှယ်လစ်များသည် ရှေးရိုးသမားစဉ်အတိုင်းသာ အနောက်နိုင်ငံများမှ နယ်ချဲ့သမားကြီးတို့ကို အာရုံစိုက်၍မနေကြသင့်။ ဆိုဗီယက်ရုရှားသည်လည်း ခေတ်သစ်နယ်ချဲ့သမားကြီး ဖြစ်သည်။ ဆိုဗီယက် နယ်ချဲ့နည်းမှာ ပို၍ပင် ပြောင်ကျအတင့်ရဲသဖြင့် ပို၍ ကြောက်စရာကောင်းသေးသည်" ဟု ဖွင့်ချသဖြင့် ဆိုရှယ်လစ်လောကနှင့် ကမ္ဘာနိုင်ငံရေး ရပ်ကွက်များတွင် အတော်ပင် တုန်လှုပ်ချောက်ချားသွားခဲ့ဖူး၏။ သို့ရာတွင် ဦးကျော်ငြိမ်းသည် မျက်နှာမလိုက်။ ဆိုဗီယက်နယ်ချဲ့နှင့် အနောက်နိုင်ငံနယ်ချဲ့စနစ် နှစ်မျိုးစလုံးကို ညီတူမျှတူပင် စက်ဆုပ်၏။ ထိုနှစ်မျိုးစလုံးကိုပင် အာရှတိုက်သားတို့ ရှုပ်ရှုပ်ချွံချွံ တွန်းလှန်ရမည်ဟု သူယူဆ၏။

ဦးကျော်ငြိမ်း၏ ရှေ့နိုင်ငံရေးလမ်းစဉ်တွင် အောင်မြင်မှုများသည် ကြယ်တာရာတို့ကို ကောင်းကင်၌ ဖြန့်ဖြူးထားသကဲ့သို့ တောက်ပလျက်ရှိကြသည်။ တစ်နေ့တွင် သူသည် မြန်မာပြည်၏ ဝန်ကြီးချုပ်ဖြစ်ရဦးမည်။ ဦးကျော်ငြိမ်းသည် ဒီမိုကရေစီဝါဒကို နှလုံးသွင်းသူဖြစ်သည့်အချက်သည် မြန်မာပြည်ရှေ့ရေးအတွက် ရင်အေးစရာပင် ဖြစ်တော့သည်။

❐

www.burmeseclassic.com

www.burmeseclassic.com



## ဦးဗဆွေ

(ကာကွယ်ရေးနှင့် သတ္တုတွင်းဌာနဝန်ကြီး)

(၇ အောက်တိုဘာ ၁၉၁၅ – ၆ ဒီဇင်ဘာ ၁၉၈၇)

ကျောင်းသားဘဝက မျိုးချစ်စိတ်ထက်သန်လွန်းလှ၍ "ကုလားထိုးသင်း"ကို ခေါင်းဆောင်တည်ထောင်ကာ ညမှောင်မိုက်မိုက်တွင် အသင်းဝင် လူငယ်တစ်သိုက်နှင့် ကုလားတွေကိုလိုက်၍ ထိုးပုတ်ခဲ့သောဗဆွေ။ ထိုမှတစ်ဆင့် နိုင်ငံရေးနားလည်မှုသဘောထား ကြီးမြင့်လာပြီး နိုင်ငံခြားသားတွေကို စီးပွားရေးပိတ်ဆို့မှုဖြင့် မြန်မာ့မြေပေါ်၌ မနေနိုင်အောင် ပြုလုပ်မည်ဟု မျိုးချစ်လူငယ်တွေစုကာ လက်ဖက်ရည်ဆိုင်၊ ကွမ်းယာဆိုင်တည်ထောင်၍ ကျောင်းအားချိန်များတွင် ဈေးထွက်ရောင်းခဲ့သော ဗဆွေ။ ကျောင်းသားခေါင်းဆောင် ဗဆွေ။ ရေနံမြေသပိတ်ခေါင်းဆောင် ဗဆွေ။ တော်လှန်ရေးသမားကြီး ဦးဗဆွေ။ ဆိုရှယ်လစ်ခေါင်းဆောင် ရဲဘော်ဗဆွေ။ ကျားကြီး ဗဆွေ။

သူ့အိမ်သို့ ကျွန်တော်တို့ရောက်သွားတော့ ဧည့်ခန်းတွင် ကျားရုပ်ကြီးတွေ ချိတ်ဆွဲထားတာကိုတွေ့ခဲ့ရသည်။ ၎င်းကျားကြီးတွေ၏ ရဲဘော် ကျားကြီး ဦးဗဆွေကား ဟိန်းဟောက်မာန်ဖီခြင်းမရှိ။ အေးဆေးဖော်ရွေ၏။ မှန်သုန်သလို မျက်နှာပေးမှ မကြာခဏ အပြုံးပန်းကလေးများသည် ဟက်ဟက်ပက်ပက် ပွင့်လာတတ်၏။ သူ့ချစ်ဇနီး ဒေါ်နုနုမှာလည်း ရွှင်ပြုံးကြည်လင်၏။ သားသမီးကလေးရှစ်ယောက်ကို ထိန်းသိမ်းစောင့်ရှောက်ရင်း၊ ကျားကြီးကို ပြုစုမွေးမြူရင်း ဒေါ်နုနုသည် အိမ်ရှင်မပီသစွာ အိမ်မှုကိစ္စအဝဝတို့ကို မနေမနား လုပ်ကိုင်နေ

www.burmeseclassic.com

www.burmeseclassic.com



တာ တွေ့ခဲ့ရ၏။ မြန်မာ့မျက်မှောက်ရာဇဝင်နှင့် ရင်းနှီးနီးကပ်စွာယှဉ်တွဲ၍ ထွက်ပေါ်လာသော အိမ်ထောင်တစ်ဆောင်ပါပေ။ သို့ရာတွင် မြန်မာပြည်ရှိ အိမ်ထောင်ပေါင်းများစွာကဲ့သို့ပင် ရိုးရိုးအေးအေး ပျော်ပျော်နှင့် မေတ္တာဖြင့် ဖုံးအုပ်သော အိမ်ထောင်ပါပေ။

ထားဝယ်မြို့နှင့် မိုင်ငါးဆယ်ခန့်ကွာဝေးသော အုန်းပင်ကွင်းရွာတွင် အဖ ဦးထွန်းလှိုင်၊ အမိ ဒေါ်ပဲလေးတို့မှ ၁၉၁၅ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့တွင် မောင်ဗဆွေကို ဖွားမြင်ခဲ့၏။ ထိုအချိန်၌ အုန်းပင်ကွင်းတစ်ဝိုက်တွင် သတ္တုတွင်းလုပ်ငန်းသည် တစ်မဟုတ်ချင်း တိုးတက်လာခဲ့၍ သူ့ထက်ငါ ဦးအောင် နေ့ချင်းညချင်း သူဌေးဖြစ်လိုသူတို့ ခြေချင်းရှုပ်လိမ်၍ နေကြချိန် ဖြစ်ခဲ့၏။ အလှူကြီးပေးသကဲ့သို့ တသိမ့်သိမ့်တည်ည ရွှေမိုးငွေမိုးရွာချိန် ဖြစ်ခဲ့၏။ သို့ရာတွင် ရွှေမိုးငွေမိုးတို့သည် မျက်နှာလိုက်ကြကုန်၏။

မျက်နှာဖြူ အင်္ဂလိပ်များသို့သာ ဦးညွတ်၍ ရွာချလေ၏။ တိုင်းရင်းသား ဗမာ၊ မွန်၊ ရှမ်းတို့မှာမူကား သတ္တုတွင်းများတွင် ကူလီ၊ လခစားအလုပ်သမားများအဖြစ်နှင့် မဝတဝသာ စားသောက်နေကြရ၏။ အလုပ်ပေါတာမှလွဲ၍ ဘာမျှသိပ်မထူးခြားလှ။ အင်္ဂလိပ်တွေ၊ တရုတ်ကုလားတွေ ဌေးဖို့ကိုသာ ပါရမီဖြည့်ကြရလေသည်။ ဒါတွေ၏အလယ်တွင် ကြီးပြင်းလာခဲ့သော မောင်ဗဆွေအဖို့ မျိုးချစ်စိတ်၊ နိုင်ငံခြားသားကို မုန်းစိတ်တို့မှာ အထူးသင်မှတ်၍ နေစရာမလို။ နိုင်ငံရေးဝါဒတို့ကို လေ့လာမိမှမဟုတ်။ မွေးကတည်းက သန္ဓေတည်သောစိတ်တွေ ဖြစ်ကြ၏။

ဗဆွေသည် ရွာဓလေ့အရ ရွာဘုန်းကြီးကျောင်းသို့သွားရောက်၍ တပည့်ခံကာ ပညာလေ့လာဆည်းပူးခဲ့၏။ ထိုမှ ရှင်သာမဏေပြုပြီး ရှင်လူထွက်ဗဆွေသည် ထားဝယ်အမျိုးသား မိန်းကလေးကျောင်းသို့သွား၏။ မိန်းကလေးတွေအကြား၌ ၂ နှစ်ကြာခဲ့ပြီးနောက် အရွယ်အားဖြင့်လည်း ထွားကြိုင်း၍ စိတ်ဓာတ်အားဖြင့်လည်း ပြင်းထန်ရင့်မာစ ပြုနေပြီဖြစ်သော မောင်ဗဆွေသည် အမျိုးသားအလယ်တန်းကျောင်းသို့ ပြောင်းရွှေ့၍ စာသင်၏။ ထိုမှအတန်းကုန်၍ အစိုးရအထက်တန်းကျောင်းသို့ တက်ရောက်ကာ ၁၉၃၆ ခုနှစ်တွင် ဆယ်တန်းစာမေးပွဲကို အခက်အခဲမရှိဘဲ အောင်မြင်ခဲ့၏။ ကျောင်းတိုင်း၌ မောင်ဗဆွေသည် ငယ်ငယ်နှင့်ပင် ဗိုလ်ကျခဲ့နိုင်သည်။ လူဆုကလေးတစ်ယောက်၊ မီးခဲတစ်ခဲဖြစ်ခဲ့သည်။ သူနှင့် ရင်းနှီးသော ရဲဘော်နှစ်ယောက်၊ သုံးယောက်ကို ရဲသုံးဘော်ဟု



အခြားကျောင်းသားများက ခေါ်စမှတ်ပြုတတ်ကြ၏။ ရဲသုံးဘော်ကို ကျောင်းသားများက ကြောက်ရွံ့ရိုသေကြ၏။ ခေါင်းဆောင်အဖြစ် အသိအမှတ်ပြုကြ၏။ နုနယ်သော ကျောင်းသူကလေးများကမူ လူစွမ်းကောင်းများ၊ ဗလကောင်း၊ သတ္တိကောင်းများကို တောင့်တတတ်ကြသည့် နဂိုမိန်းမသားဓလေ့အတိုင်း ခင်မင်အားကိုးလိုခဲ့ကြ၏။

ကျောင်းများ၌ ဗုဒ္ဓဘာသာအသင်းများကို တည်ထောင်ကြလျှင် ဗဆွေပါသည်။ ကျောင်းသားသမဂ္ဂအဖွဲ့ကို ဖွဲ့စည်းလျှင် ဗဆွေပါသည်။ လူငယ်များအသင်းအဖွဲ့တို့ကို ဖွဲ့စည်းလျှင် ဗဆွေခေါင်းဆောင်သည်။ မျိုးချစ်စိတ် ပြင်းထန်လွန်းသလောက် လူမျိုးခြားကို မုန်းတီးခြင်းလည်း ပြင်းထန်ခဲ့၏။ ငယ်ရွယ်သူဖြစ်၍ ချစ်တတ်မုန်းတတ်သည်။ ဖြူသည်မည်းသည်ကိုသာ မြင်တတ် သိတတ်သည်။ သည်းခံခြင်း နည်းပါးခဲ့၏။ စဉ်းစားဝေဖန်ဉာဏ်ကလည်း မရင့်သန်လှသေး။ အဖြူနှင့်အမည်းတို့အကြားတွင် အရောင်နု၊ အရောင်ရင့်အမျိုးစုံရှိနေနိုင်သေးသည်ကို မသိ၊ လက်မခံ။

ထို့ကြောင့်ပင် ဗဆွေတို့လူသိုက် “ကုလားထိုးသင်း”ကိုတည်ထောင်၍ ညညတွင် ကုလားတွေကိုချောင်း၍ ရိုက်ကြထိုးကြ လုပ်ခဲ့ကြသေးသည်။ အစတွင် အသင်းဝင်ပေါင်း ၃၀၊ ၄၀ ရှိခဲ့၍ ထားဝယ်မှ ကုလားတွေ တော်တော်ထိနိုက်လှုပ်ရှားခဲ့ကြ၏။ သို့ရာတွင် တစ်စတစ်စနှင့် အသင်းဝင်ဦးရေ နည်းပါးလာခဲ့လေသည်။ နောက်ဆုံးတွင် ဗဆွေတို့ခေါင်းဆောင်တစ်စုသာ မမောမပန်း ညညထွက်၍ ကုလားထိုးရင်း ကျန်ရစ်ခဲ့ရ၏။ တဖြည်းဖြည်းမောလာပြီး အမြင်မှန်ရလာကြသဖြင့် ဗဆွေတို့ပင် “ကုလားထိုးသင်း”ကို ဖျက်သိမ်း၍ ခေတ္တစစ်အေးကြေညာလိုက်ကြရသည်။

မြန်မာပြည်၏ ပြဿနာမှာ ကုလားတွေကို ထိုးပုတ်ခြင်းဖြင့် မပြေပျောက်၊ မြန်မာတွေ ဆင်းရဲနေရခြင်း၊ ကျွန်သက်ရှည်နေရခြင်းတို့မှာ ပိုမိုနက်ရှိုင်းစွာ ဖုံးဝင်နေသော ရောဂါဆိုးကြီးများ ဖြစ်ကြသည်။ ကုလားထိုးဖြင့်သာ ကုသ၍မရ။ တစ်ဆင့်တိုးတက်၍ နိုင်ငံရေးအမြင်ကျယ်ပြန့်လာသော ဗဆွေသည် ကုလားများကို ရိုက်နှက်ထိုးပုတ်ခြင်းမှ ချမ်းသာပေး၏။ သူတို့ကို စီးပွားရေးနည်းဖြင့် တိုက်နိုက်အံ့ဟု ဗဆွေသည် ရဲဘော်ကျောင်းသားများနှင့်အတူ လက်ဖက်ရည်ဆိုင်ဖွင့်ခြင်း၊ ဆံပင်ညှပ်ဆိုင်၊ ကွမ်းယာဆိုင်၊ ဈေးဆိုင်စသည်တို့ကို ပူးပေါင်း၍ ဖွင့်လှစ်ခြင်းဖြင့် အချိန်အားတွင် စီးပွားရေးတိုက်ပွဲ

www.burmeseclassic.com



များ ဆင်နွှဲခဲ့ကြသေး၏။ သမဝါယမလုပ်ငန်းများ၏ ရှေ့ပြေးလုပ်ငန်းကလေးများပင်တည်း။

သို့ရာတွင် ၎င်းနည်းမျိုးများနှင့်လည်း မြန်မာ့ရောဂါဆိုးကြီးတို့ကို ကုသ၍မရ။ တစ်ယောက်ကောင်း၊ နှစ်ယောက်ကောင်းနှင့် တိုက်၍မရသောတိုက်ပွဲ။ စိတ်ဓာတ်ပြင်းထန်ရုံမျှနှင့်လည်း မရသေး။ ပြင်းထန်သော စိတ်ဓာတ်တွေကို တစ်ပြည်လုံးသို့ ပျံ့နှံ့ပါစေဦး။ တစ်ပြည်လုံး အုံကြွနိုးကြားမှုတွေ ဖြစ်ပေါ်ပါစေဦး။ အုံကြွသောလူထုကို စည်းလုံး၍ တညီတညာတည်း ပန်းတိုင်တစ်ခုတည်းဆီသို့ ချီကြကုန်သော တပ်မဟာကြီးအဖြစ်သို့ ရောက်ပါစေဦး။ ထိုတပ်ကို ဦးစီးခေါင်းဆောင်ဖို့ ဦးစီးဗိုလ်ချုပ်တွေ ထွက်ပေါ်ပါစေဦး။

၁၉၃၆ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ပေါက်ဖွားသော ကျောင်းသားသပိတ်ကြီးသည် နယ်များသို့ တစ်ဟုန်ထိုးကူးစက်သွားလေ၏။ ကျောင်းသားတွေသည် ဤသို့စည်းစည်းလုံးလုံးနှင့် တိုင်းပြည်နှင့်ချီ၍ မစည်းလုံးခဲ့စဖူး။ ကိုနု၊ ကိုအောင်ဆန်းစသော တက္ကသိုလ်မှ သပိတ်ခေါင်းဆောင်များသည် ကျောင်းသားတပ်ဦးခေါင်းဆောင်များအဖြစ် မြန်မာ့လွတ်လပ်ရေးအင်အားစုကြီးများကို တပ်လှန့်၍ နှိုးကြသူတွေဖြစ်၏။ ကျောင်းသားတပ်ဦးသည် တပ်မကြီး၏ ရှေ့ပြေးတိုက်ကင်းဖြစ်၏။ သပိတ်တွေထဲတွင် ထားဝယ်မှ ကျောင်းသားခေါင်းဆောင် ကိုဗဆွေသည် သူ့နယ်၌ တွင်ကျယ်ခဲ့၏။ ရန်ကုန်မှ ကိုနုတို့နှင့်တွေ့ဆုံဆက်သွယ်ခဲ့၏။ ကိုနုတို့က ကျောင်းသားသပိတ်၊ ကျောင်းသားလောကကို ကျော်၍ မြန်မာပြည်လွတ်လပ်ရေးရဖို့ ပန်းတိုင်ကို မျှော်ကြည့်ကြပြီ။

ထို့အတွက် တက္ကသိုလ်ကိုဗဟိုပြု၍ လွတ်လပ်ရေးအင်အားစုတွေကို မွေး၍ ဆွပေးလိုကြပြီ။ တက္ကသိုလ်သို့ စိတ်ဓာတ်ကောင်းသောလူငယ်တွေကို ခေါ်ယူချင်ပြီ။ ခေါင်းဆောင်လောင်းတွေကို စုချင်ပြီ။ ဒါနဲ့ နယ်မှလူငယ်တွေကို စာကြိုးစားကြ၊ စာမေးပွဲအောင်အောင် လုပ်ကြ၊ မတောကြ မလေကြနှင့်ဦး၊ တက္ကသိုလ်သို့အရောက် ခရီးပြင်းနှင်ခဲ့ကြဟု စိတ်ချရ၊ အားကိုးရမည့် လူငယ်တွေကို ကိုနုတို့က ဆင့်ဆိုကြလေသည်။ ထားဝယ်မှ ကိုဗဆွေလည်း ၎င်းဆင့်စာကိုရ၍ စာကို တစ်လနီးပါး အကြိုးစားကြီး ကြိုးစား၍ ဆယ်တန်းအောင်ကာ ရန်ကုန်တက္ကသိုလ်သို့ ရောက်လာလေတော့သည်။

ကောလိပ်ကျောင်းသား ကိုဗဆွေသည် အနုနှင့် အကြမ်း ရောယှက်လျက်ရှိသော ဗဆွေဖြစ်လေသည်။ ဆယ်တန်းကျောင်းကတည်းကပင် သူသည်



အနုပညာတို့ကို နှစ်ခြိုက်ခဲ့၏။ စာရေးစာဖတ် ဝါသနာပါခဲ့၏။ ဟိုက်စကူးသန်းသန်း၊ မြင့်ဆွေ စသော ကလောင်နာမည်ဆန်းတွေကို လိုင်လိုင်ကြီးအသုံးချကာ စာနယ်ဇင်းတို့တွင် ဆောင်းပါး၊ ဝတ္ထု၊ ကဗျာများ ရေးသားထည့်သွင်းခဲ့၏။ သူ့စာပေတို့မှာ စကားလုံးပြောင်၏။ ကဗျာလေးချိုးတို့မှာလည်း အင်္ဂါမြောက်၍ ပညာပြည့်၏။ ဒဂုံမဂ္ဂဇင်း၊ ယုဝတီ၊ ကဝိမျက်မှန်၊ ကြီးပွားရေး၊ ဒီးဒုတ်ဂျာနယ် စသော ယခုအခါ ကွယ်လွန်ကုန်ကြပြီဖြစ်သော ဂျာနယ်၊ မဂ္ဂဇင်းကြီးတို့၌ ဗဆွေ၏လက်ရာတို့သည် ပြန့်ကျဲ၍ တောက်ပြောင်နေခဲ့၏။

တက္ကသိုလ်သမဂ္ဂ၏ "အိုးဝေ"မဂ္ဂဇင်းတွင်လည်း ဗဆွေ၏ ကလောင်လက်ရာတို့သည် ထင်ရှားစွာ ပေါ်ထွက်ခဲ့ဖူး၏။ သူ၏ "ကက်သရင်ဝွက်ထော်" အကြောင်း ဆောင်းပါးတွင် သူသည် မဲပြုံးပြုံးပြီးလျှင် အိုင်စီအက်စ်ရာထူးရှင်တွေကို မက်မော၍ ဒုက္ခရောက်သွားရသော အင်းလျားကျောင်းဆောင်သူ ဗိုလ်ဆန်ပြီး မနူးနပ်သော မကက်သရင်ဝွက်ထော်ကို လက်သံပြောင်ပြောင်နှင့် မညှာမတာ သရော်ထား၏။ ယခုအခါတွင် ကျားကြီးဟု တွင်နေသော ဦးဗဆွေသည် စာပေနယ်တွင်သာ ကျက်စားခဲ့ပါက စာရေးဆရာကြီးတစ်ဦး၊ မြန်မာ့ "ဘားနဒ်ရှော"ကြီးတစ်ဆူ ဖြစ်နေတော့မည်။ သို့ရာတွင် နိုင်ငံရေးက သူ့ကို တစ်စတစ်စဆွဲယူ၍ သွားလေသည်။ နိုင်ငံရေးသည် တပ်မက်သော ဇနီးသည်သို့မဟုတ် ရည်းစားသည်နှင့် တူ၏။ ပိုင်နိုင်ချင်၏။ ချစ်သူကို အကုန်လုံး ပိုင်ဆိုင်ချင်၏။ အပျောက်မခံနိုင်။ တခြားသူနှင့် ဝေ၍ မျှ၍ မယူနိုင်။ ထို့ကြောင့် ကိုဗဆွေသည် တစ်စတစ်စနှင့် စာပေနယ်မှ ဝမ်းနည်းစွာနောက်ဆံငင်၍ ခွဲခွာခဲ့ရ၏။

ယခုတိုင်လည်း ကျောင်းသားဘဝမှစ၍ ခွဲခွာခဲ့ရသော စာပေလောကကို တစ်ခါတစ်ခါ၌ လွမ်းဆွတ်မိသေးသည်။ ဝန်ကြီးအဖြစ်၊ ခေါင်းဆောင်အဖြစ် မိန့်ခွန်းပေးဖို့ရေးသားပြင်ဆင်လျှင် ထိသော၊ မိသော နိုင်ငံရေးစကားလုံးတွေကား ဒလဟော ထိုးဆင်း၍လာကြပါသည်။ သို့ရာတွင် စာပေအနှစ်အရသာနှင့် ပြည့်စုံသော စကားလုံးများကို အချိတ်အဆက် အကွက်မိအောင်မူကား တော်တော်ကြိုးစား၍ ညှစ်ထုတ်ရသည်။

စာပေ၌သာ မဟုတ်သေး။ သချာဘာသာ၌လည်း ထူးချွန်ခဲ့သဖြင့် တက္ကသိုလ်သို့ရောက်လျှင် ဆရာများက စာမေးပွဲအောင်အမှတ်များကို ထောက်ချင့်၍ သိပ္ပံပညာများကို ရွေးချယ်ဆည်းပူးကာ သချာဂုဏ်ထူးယူရန် အကြံပေးကြ

www.burmeseclassic.com



လေသည်။ သို့ရာတွင် နိုင်ငံရေးဘက်သို့ စိတ်ညွှတ်ပြီးဖြစ်သော ကိုဗဆွေသည် နိုင်ငံရေးဘက်တွင် အထောက်အထားဖြစ်မည့် ကမ္ဘာ့သမိုင်းရာဇဝင်၊ မနုဗေဒ စသည်တို့ကို ယူခဲ့လေသည်။ သို့ရာတွင် နာမည်ခံသာ ကျောင်းစာရင်းသွင်းထားသည်။ ကျောင်းတော့မတက်ပါ။ စာမေးပွဲလည်း မဖြေပါ။ အားလုံးစုစုပေါင်း ၅ နှစ်ခန့် တက္ကသိုလ်စာရင်းဝင်၍ တက္ကသိုလ်နယ်မြေ၌ နေထိုင်ကာ ကျောင်းသားသမဂ္ဂများကို ခေါင်းဆောင်၍ နိုင်ငံရေးကို လုပ်ကိုင်နေခဲ့သည့် အတွင်း၌ အမှတ်တရဆိုလျှင် ဥပစာအထက်တန်းစာမေးပွဲကို တစ်ကြိမ်တစ်ခါသာလျှင် လက်တည့်စမ်းဖူး၏။ စာမေးပွဲများကို ရာသက်ပန် သပိတ်မှောက်ထားခဲ့၏။

တက္ကသိုလ်၌ အနုပညာသမားဗဆွေနှင့် အကြမ်းသမား၊ နိုင်ငံရေးသမား၊ သူပုန်ဗဆွေတို့ လမ်းခွဲကြရလေသည်။ ကုလားထိုးဗဆွေသည် ကျောင်းတော်သို့ရောက်သည့်အခါ၌ပင် အကြမ်းသဘောကို နှစ်ခြိုက်ချင်ချင်ရှိခဲ့သည်။ တစ်ယူသန်ဂိုဏ်းတွေနှင့် တော်တော်နီးကပ်ခဲ့သေးသည်။ သို့ရာတွင် ထိုဂိုဏ်းတွေနှင့်လည်း တဖြည်းဖြည်း ဝေးကွာခဲ့သည်။ ကိုအောင်ဆန်းတို့၏ ဆွဲငင်မှုကို ပိုမို၍ အားသန်သောကြောင့်ဖြစ်၏။ တက္ကသိုလ်သို့ရောက်လျှင်ပင် ကိုအောင်ဆန်းက ဗဆွေအား ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂကို ခေါင်းဆောင်ရန် ဖိတ်ခေါ်၏။ ဗဆွေက ငြင်းဆန်ခဲ့၏။ သူ့ဝါသနာမှာ နောက်ပိုင်းမှ လုပ်စရာရှိတာလုပ်၍ ကြိုးကိုင်သင့်က ကိုင်မည်။ သို့ရာတွင် နာမည်ခံ၍ အထင်အပေါ် မလုပ်ချင်။ ရှေ့တန်းက နေရာမယူချင်။ ခင်အေးအေးပင် လူမမြင်ကွယ်ရာ လုပ်စရာတွေကို ဖို၍လုပ်ပေးချင်သည်။ သို့ရာတွင် ၁၉၃၈ ခုနှစ်တွင်ကား သူမငြင်းသာဘဲ ရွေးကောက်ပွဲမဝင်ဘဲနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂ၏ အထွေထွေ အတွင်းရေးမှူး ဖြစ်လာရ၏။

၁၉၃၈ ခုနှစ်သည် အရေးတော်ပုံနှစ်ဖြစ်လေသည်။ ကျောင်းသားသပိတ်၊ ဗိုလ်အောင်ကျော် ကျဆုံးခြင်း၊ မန္တလေး၌ အာဇာနည် ၁၇ ဦး ကျဆုံးရခြင်း၊ ရေနံမြေသပိတ်ကြီး။ ကိုဗဆွေသည် သမဂ္ဂအတွင်းရေးမှူးအဖြစ်နှင့် ထိုအရေးတော်ပုံ၏ အလယ်ဗဟိုတည့်တည့်တွင် ခေါင်းဆောင်လူငယ်စုနှင့်အတူ ရောက်ရှိ၍နေခဲ့ရသည်။ ထိုအချိန်၌ သူသည် ဘုံဝါဒ၊ မာ့က်စ်ဝါဒတို့ကို မြည်းကြည့်ပြီး၍ အရသာတွေ့နေပြီ။ ဘုံဝါဒကိုလက်ခံသော ထိုခေတ်က လူငယ်ခေါင်းဆောင်များနည်းတူ သူသည်လည်း ဘုံဝါဒသမားတစ်ဦး ဖြစ်လာပြီ။ ဘုံဝါဒ



သမား ဆရာကြီးများဖြစ်ကြသော သခင်စိုး၊ သခင်သန်းထွန်းတို့ကို ဆရာတင်ကာ သူတို့ထံမှ ပညာများကိုလည်း အမြတ်တနိုးလက်ခံခဲ့၏။ သခင်စိုးတို့၊ သခင်သန်းထွန်းတို့ တစ်ဖက်သတ် ကြည်ညိုကိုးကွယ်နေကြသော ရုရှားခေါင်းဆောင်ကြီး စတာလင်တို့၊ ကွယ်လွန်သူ လီနင်တို့ကိုကား လေးစားကြည်ညိုခဲ့၏။ ထိုခေတ်က ကိုဗဆွေသည် လောကနိဗ္ဗာန်တည်ဆောက်နေသူ စတာလင်ကို ချီးမွမ်းကြကုန်စို့၊ ပူဇော်ကြကုန်စို့၊ မှန်မြတ်လှသော သူတို့၏ လုပ်ငန်းများကို အတုယူ၍ ခေတ်သစ်ထူထောင်ရေးတွင် တစ်ဖက်တစ်လမ်းက ထမ်းဆောင်ကြကုန်စို့ဟူ၍ ဆောင်းပါးတစ်စောင်တွင် နှိုးဆော်ထား၏။

ရေနံမြေသပိတ်သမားများ ရန်ကုန်သို့ဦးလှည့်၍ တပ်ကြီးဖွဲ့ကာ ချီကြရာတွင် ကိုဗဆွေနှင့် သူ၏ရဲဘော်ဗဟိန်းတို့ တပ်ဦးမှ ခေါင်းဆောင်၍ လိုက်ပါလာခဲ့ကြလေသည်။ တပ်ကြီးသည် တရွေ့ရွေ့နှင့်ချီတက်ရင်း တဖွဲဖွဲဝင်လာကြသော ရဲဘော်သစ်များနှင့် အင်အားကြီးမားသည်ထက် ကြီးမား၍ လာလေသည်။ ခေါင်းဆောင်ကိုဗဆွေတို့၏ သတင်းများသည်လည်း ပျံ့နှံ့၍ ရေနံမြေအရေးတော်ပုံကြီးပြီးလျှင် ဗဆွေကို မြန်မာပြည်တစ်ဝန်းလုံးက သိကြလေးစားကြပြီးဖြစ်နေသည်။ သူ့ကို မကွေးမြို့အရောက်တွင် ပုလိပ်များက ရန်ကုန်အစိုးရအမိန့်အရ ဖမ်းဆီးလိုက်သေးသည်။ ထိုသို့ဖမ်းလိုက်မှပင် သူသည် ပို၍ပင် ကျော်စော၍ သွားသေးသည်။ အရေးတော်ပုံကြီးသည်လည်း ပို၍ပင် တင်းမာလာခဲ့သည်။

ကိုဗဆွေသည် ကျောင်း၌ နာမည်ခံသာ နေတော့သည်။ စာနှင့်ဝေး၊ စာသင်တန်းတွေကို စိမ်းကား၍ နိုင်ငံရေး၊ ကျောင်းသားများကို စည်းရုံးရေးတို့နှင့်သာ အချိန်ကုန်ရတော့သည်။ သူနိုင်ငံရေးကိုသာ အာရုံပြုနေသည်ကို သူ့မိဘများက သိကြပါသည်။ သို့ရာတွင် ကန့်ကွက်ခြင်းမရှိကြ။ သူတို့သားကို သူတို့အသိ။ ပြော၍လည်း ရမည်မဟုတ်။ လစဉ်မှန်မှန်သာ ငွေတင်ပို့ခဲ့ကြ၏။ ဒါနှင့်ပင် ၁၉၃၉ ခုနှစ်တစ်နှစ် ဗဆွေ ကျောင်းကထွက်၍ ထားဝယ်သို့ ပြန်ကာ အလုပ်အကိုင်လုပ်၍ တက္ကသိုလ်ကျောင်းတွင် မရှိနွမ်းပါးဖြစ်နေကြသော ရဲဘော်ဗဟိန်းနှင့် ထွန်းရှိန် (ဗိုလ်ရန်နိုင်)တို့ကို ထောက်ပံ့ခဲ့သေးသည်။ ရဲဘော်များကို ထောက်ပံ့ရန်အတွက် သူ့မိဘများဆီက ငွေမယူလို၊ အားနာ၏။

ထိုသို့ တစ်နှစ်နားပြီးနောက် ၁၉၄၀ ခုနှစ်တွင် ကျောင်းသို့ သမဂ္ဂကို ခေါင်းဆောင်ရန် အထူးခေါ်ယူခြင်းခံရ၍ ပြန်လာရ၏။ ထိုနှစ်၏နောက်ပိုင်း

www.burmeseclassic.com

www.burmeseclassic.com



တွင်ပင် စစ်ဖြစ်တော့မည်။ အားလုံး လှုပ်လှုပ်တည်းတည်းသာ ရှိတော့သည်။ ကိုဗဆွေသည် ကျောင်းသားများကို စည်းရုံးရေးက တစ်ဖက်၊ အင်္ဂလိပ်ကို တော်လှန်ပုန်ကန်ရန် ဖွဲ့စည်းထားသော ဘီအာရ်ပီ ခေါ် သူပုန်ပါတီအတွက် ထိရောက်စွာ လျှို့ဝှက်လုပ်ငန်းများကို လုပ်ကိုင်ရသည်က တစ်ဖက်နှင့်ပင် "နဂါးနီ"စာစောင်တွင် နိုင်ငံရေးဆောင်းပါးတွေကို မနေမနား ရေးရသေးသည်။ စာစောင်ထွက်ခါစ တစ်နှစ်ကဆိုလျှင် ကိုဗဆွေနှင့် နဂါးနီထွန်းရွှေတို့ နှစ်ယောက်သား စာစောင်တစ်ခုလုံးကို ကျုံး၍ရေးခဲ့ကြ၏။ သူတို့ရေးသမျှကိုသာ တခြားသော စာရေးဆရာများ၏နာမည်များ တပ်ဆင်ပေးကာ ဂျာနယ်တွင် ထည့်သွင်းဖော်ပြခဲ့ကြ၏။ ထို့ကြောင့် ထိုခေတ်က "နဂါးနီ"စာစောင်၏ လက်သံသည် မှန်၏။ ပြောင်၏။

ဘီအာရ်ပီတွင် သခင်မြက ခေါင်းဆောင်၍ သခင်ကျော်ငြိမ်း၊ ကိုဗဆွေ၊ သခင်ချစ်တို့က ဦးစီးအဖွဲ့ဝင်များဖြစ်ကြ၏။ ကိုဗဆွေက စစ်ရေးနှင့် စည်းရုံးရေးတို့ကို အဓိကတာဝန်ယူရသည်။ ကျောင်းသားခေါင်းဆောင်များထဲမှ ကိုမောင်မောင် (ယခုဗိုလ်မှူးကြီး)၊ ကိုအောင်ကြီး (ယခုစစ်ဦးစီးဗိုလ်မှူးကြီး)တို့သည် ကိုဗဆွေနှင့်အတူ လုပ်ဖော်ကိုင်ဖက်ရဲဘော်များ ဖြစ်ကြလေသည်။

ပုန်းလျှိုး၍ အင်္ဂလိပ်ကိုပုန်ကန်ဖို့ လုပ်ကြရသောအလုပ်မှာ မလွယ်ကူ။ ငွေရေးကြေးရေးကလည်း ခက်ခဲသည်။ စိတ်ဓာတ် အစစ်အမှန်ရှိသော ရဲဘော်များကိုလည်း ရခဲသည်။ လက်နက်၊ ခဲယမ်းမီးကျောက်ဆိုတာများတော့ မှုံလို့မှ ရှာစရာမရှိ။ စစ်ဖြစ်၍ ရဲဘော်သုံးကျိပ်တွေ၊ မြန်မာ့လွတ်လပ်ရေး တပ်မတော်မှ ရှေ့ပြေးတပ်တွေ မရောက်လာမီအတွင်းဆိုလျှင် ပစ်၍မရသော ခြောက်လုံးပြူး သေနတ်တစ်လက်ကိုသာ ကိုဗဆွေတို့တစ်သိုက် အားကိုးအားထားပြုခဲ့ကြရလေသည်။ ငွေကြေးအရလွယ်သော နည်းများကို မရှာဘူးမဟုတ်၊ ရှာကြည့်ခဲ့ကြသည်။ တစ်ခါက ကိုဗဆွေနှင့် သူ့လူယုံတော် ရဲဘော်တစ်သင်းတို့ ဓားပြတိုက်ထွက်ခဲ့ကြသေးသည်။ လူတစ်ယောက် ဘဏ်တိုက်မှငွေထုတ်ယူ၍ ပြန်လာမည်ဟု ကြားရ၍ လမ်းမှစောင့်ကာ လုကြသည်။ သို့ရာတွင် လူမှား၍ လုမိသဖြင့် ဘာမျှမရ။ တောင်းပန်၍ လွှတ်လိုက်ရလေသည်။ အကုသိုလ်နှင့် အကျိုးမပေး။ ငတ်ငတ်ပြတ်ပြတ်နှင့်သာ လုပ်စရာတွေကို လုပ်ခဲ့ရသည်။ ဂျပန်ပြည်သို့ လူငယ်လက်ရွေးစင်တစ်စုကို ယိုးဒယားမှ ဖြတ်ကျော်၍ ပေးပို့ဖို့ တာဝန်ကျသဖြင့် ကိုဗဆွေသည် အဖွဲ့မှပေးသော ဘဏ္ဍာငွေ လေးဆယ်ကျပ်



တိတိကိုပိုက်ကာ ဖြစ်သလိုကြံဖန်၍ ယိုးဒယားနယ်စပ်အရောက် သွားခဲ့လေသည်။ နောက်မှ နယ်စပ်ကိုမကျော်နိုင်။ ရန်ကုန်သို့ ပြန်လာခဲ့ရသည်။

စစ်ဖြစ်၍ ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီး ယိုးဒယားဘက်မှထိုးဝင်၍ လာချိန်တန်လျှင် ကိုဗဆွေသည် တနင်္သာရီနယ်၏ တော်လှန်ရေးခေါင်းဆောင်အဖြစ်နှင့် ထိုနယ်သို့ဆင်း၍ တာဝန်ယူ၏။ တပ်တွေထိုးဝင်၍ ရန်ကုန်ဘက်သို့ ချီကုန်လျှင်လည်း တနင်္သာရီနယ်ကိုသာ ထိန်းသိမ်းအုပ်ချုပ်နေခဲ့ရ၏။ အမှန်မှာ ဂျပန်တပ်တွေ မြန်မာပြည်တွင်းသို့ နက်နဲစွာဝင်ရောက်ကြရန်မဟုတ်။ အခြေအနေကိုကြည့်ကာ ပြည်ဝင်ဝမှနေ၍ မြန်မာ့တပ်မတော်ကိုသာ အားပေး၍ စေလွှတ်ရန် ဖြစ်၏။ အင်္ဂလိပ်ကိုနိုင်လျှင် မြန်မာ့လွတ်လပ်ရေးကို ချက်ချင်းကြေညာ၍ မြန်မာအချင်းချင်းစည်းရုံးပြီး ပြည်သစ်ထူထောင်ကြရန် ဖြစ်လေသည်။ သို့ရာတွင် ဂျပန်တို့ ကတိမစောင့်၊ လွယ်ကူစွာ စစ်နိုင်ကြလျှင် မြန်မာ့ရတနာတွေကို မက်မောကြသည်။ ပြည်ဝမှလှည့်၍ မပြန်ဘဲ ပြည်တွင်းသို့ ထိုး၍ဝင်ကြသည်။ မော်လမြိုင်သို့ စစ်ဦးရောက်လျှင်ပင် ဂျပန်တို့ ကတိဖျက်ကြပြီဖြစ်ကြောင်းကို ပေါ်လွင်ထင်ရှားစွာမြင်ကြရပြီ။ ဗိုလ်ချုပ်အောင်ဆန်းနှင့် တပ်မတော်ဦးစီးကြီးများ၊ ဦးကျော်ငြိမ်းတို့၊ ဦးဗဆွေတို့၊ ဘီအာရ်ပီခေါင်းဆောင်များက အင်္ဂလိပ်ကို အပြီးအပိုင်မနိုင်ရသေးမီပင် ဂျပန်ကို တော်လှန်ဖို့ စိတ်ကူးဝင်ကြရတော့သည်။

တနင်္သာရီကို အစဦး၌ ဂျပန်တို့က စင်ကာပူအစိုးရနှင့်တွဲ၍ ထားခဲ့ကြလေသည်။ ဂျပန်တွေ ရှေ့ဆောကြီးနှင့် ချီတက်သွားကြသောအခါ တနင်္သာရီတစ်နယ်လုံးတွင်မှ ကျိုးတိုးကျဲတဲ ဟိုမှာသည်မှာ ဂျပန်မြို့စောင့်တပ်စုကလေးအနည်းငယ်သာ ကျန်ရစ်လေသည်။ စင်ကာပူအစိုးရနှင့် နာမည်ခံအားဖြင့် တွဲ၍ထားသော်လည်း စင်ကာပူသည် ဝေးကွာလှလေသည်။ တနင်္သာရီနယ်အရေးကိစ္စတို့၌ စွက်ဖက်ခြင်းမရှိ။ ဦးဗဆွေနှင့် ရဲဘော်တို့သာလျှင် နယ်ခြားဗိုလ်ကြီးများဖြစ်၍ လပေါင်းများစွာ လွတ်လပ်ရေးရနေခဲ့ကြ၏။ ထိုလွတ်လပ်ရေးကို အခွင့်အခါယူ၍ ဦးဗဆွေတို့ ဂျပန်ကို တော်လှန်ကြဖို့ စိုင်းပြင်းကြလေသည်။ ထိုစိုင်းပြင်းခြင်းအကြောင်းကို ဂျပန်တို့ ကြားသိရလေသည်။ ဦးဗဆွေတို့ကို သူတို့၏ ရန်သူစာရင်းတွင် သွင်းကြလေသည်။ အင်္ဂလိပ်တွေ ကဆုန်ချ၍ ပြေးကြစဉ်ကလည်း ဦးဗဆွေကို အမုန်းကြီးမုန်း၊ အလန့်ကြီးလန့်ကာ ပြေးရင်း

www.burmeseclassic.com

www.burmeseclassic.com



လွှားရင်းက ဦးဗဆွေကို မြင်ရာနေရာတွင်သတ်စေဟု အမိန့်ထုတ်ပြန်ခဲ့ကြသည်။ ဂျပန်ဝင်ပြန်တော့ ခဏချင်းပင် ရန်သူစာရင်းသို့ ဝင်ရပြန်ပြီ။ ဒါတွေကို တနသ်ာရီဗိုလ်ကြီး ဗဆွေက မမှု။

လွတ်လပ်ရေးသည် နီးမလိုနှင့် ဝေးသေးသည်။ ဝေးသေးသည်ထင်ပေမင့် နီးချင်လျှင်လည်း နီးလာနိုင်သည်။ သို့ရာတွင် လွတ်လပ်ရေးရပြီဟု ပြောပြန်လျှင်လည်း လုံးဝမမှန်။ သည်လိုအချိန်တွင် ကိုဗဆွေသည် မနုနုကို တွေ့မြင်ချစ်ကြိုက်မိလေသည်။ ကိုဗဆွေမှာ ကတိသစ္စာတစ်ခု ပြုထားသည်။ မြန်မာပြည်လွတ်လပ်ရေး မရသေးသမျှ မိန်းမကိုမချစ်၊ အိမ်ထောင်မပြု၊ အချစ်ကိုဝေ၍မရ။ နိုင်ငံရေးဆိုသည်မှာ ပိုင်ဆိုင်လွန်းသည်။ ချုပ်ချယ်လွန်းသည်။ နိုင်ငံရေးကိုချစ်သော ကိုဗဆွေအတွက် မိန်းမကိုချစ်ဖို့ အသည်းမကျန်တော့။ သည်လိုသူထင်မှတ်ခဲ့ဖူးသည်။ မိန်းကလေးများကို အဝေးကသာပိုးပန်းခဲ့ဖူးပြီး အနီးကပ်၍ စွဲမြဲစွာ မချစ်ခဲ့။

မနုနုကတော့ ထူးသည်။ ကွန်ဗင့် ကျောင်းသူကလေး။ သွက်လက်၍ ပြုံးနေသည်။ ပွင့်လင်းသည်။ သူ၏ရယ်သံသည် ချိုမြသည်။ လောကကို ရယ်ရယ်မောမောနှင့် ရင်ဆိုင်တတ်သည်။ ဒါကို ကိုဗဆွေ နှလုံးတွေ့လေသည်။ သူပြုဖူးသော ကတိသစ္စာကို အားနာပါ၏။ သို့ရာတွင် လွတ်လပ်ရေးလည်း မဝေးတော့ပါ။ လွတ်လပ်ရေးရသည်အထိ စောင့်စားနေလျှင် မနုနုကို လွတ်သွားနိုင်သည်။ လွတ်၍မဖြစ်။

ဤသို့ အလင်းရလျှင် ကိုဗဆွေသည် ဆောလျင်စွာနှင့်ပင် သွယ်ဝိုက်ခြင်းမရှိဘဲ ချစ်ရေးဆိုလေသည်။ သူ့ကိုချစ်သည်။ သူ့အားချစ်တုံ့ပြန်မည်လော။ အဖြေမပေးပါနှင့်ဦး။ ဆွေးနွေးရှင်းပြပါဦးမည်။ ဗဆွေမှာ နှစ်ကိုယ်ကွဲ၍ ရှိပါသည်။ တစ်ယောက်သော ဗဆွေက ကျောင်းသားခေါင်းဆောင်၊ နိုင်ငံရေးခေါင်းဆောင်၊ မျိုးချစ်သူရဲကောင်း။ တစ်ယောက်သော ဗဆွေကား လူပေလူတေ လူမိုက်ဖြစ်သည်။ အချစ်ကင်းသောလောကတွင် လေလွင့်ခဲ့သည်။ နိုင်ငံရေးသမားတို့၏ တေပေမှုတွေဟူသမျှကို တင်းပြည့်ကျပ်ပြည့် တေပေခဲ့သည်။ ထို ဗဆွေ နှစ်ဆွေ ပေါင်းထားသော ကျုပ်ကို ချစ်ကြိုက်နိုင်ပါမည်လား။

သည်အမေးကို ဖွင့်ချ၍မေးသောအခါ မနုနုအဖို့ မလွှဲမရှောင်သာ၍ အဖြေကို အချိန်မဆိုင်းဘဲ ပေးရရှာသည်။ သူသည်ပြောင်ကျခြင်း၊ တဲ့တိုးကျခြင်းကို ကြိုက်နှစ်သက်ပါသည်။ ကိုယ်၏အပြစ်အနာအဆာတို့ကို ဖွင့်ဟ၍ ဝန်ခံ



သည့် သတ္တိသဘောကို ကြည်ညိုပါသည်။ သို့ရာတွင် မိန်းမသားပေမို့ အဖြေမပေးဘဲ အချိန်ဆွဲ၍ ဇဝေဇဝါလိုလုပ်နေချင်သေးသည်။ ထွေထွေရာရာကို စဉ်းစားခြင်း၊ ပူပန်ခြင်း၊ ရင်ဖိုရခြင်းတို့၏ အရသာကို ဝဝခံစားပြီးမှ အဖြေပေးချင်ပါသည်။ သို့ရာတွင် ကိုဗဆွေက လောသဖြင့် မဆိုင်းငံ့ဘဲ ခေါင်းကလေးကိုသာ ညိတ်လိုက်ရလေသည်။ မနုနု၏မိဘများကလည်း ရိုးသားသော ကိုဗဆွေကို ကြည်ဖြူကြသည်။ ဒါနှင့် စကားပြောထားခဲ့ကြပြီး ၁၉၄၅ ခုနှစ် နိုဝင်ဘာလထဲတွင် လက်ထပ်ကြလေသည်။ လက်ထပ်၍ သုံးလမျှကြာလျှင်ပင် တော်လှန်ရေးစတော့မည်ဖြစ်၍ မနုနုတို့ကို လုံခြုံရာတောရွာသို့ ပြောင်းရွှေ့ကြရသည်။ ဇနီးသည်ဘဝ ပူပူနွေးနွေးတွင် နိုင်ငံရေးသမားကို ယူမိသည့်အရသာကို စ၍ မြည်းရသည်။

တော်လှန်ရေးကို ကိုဗဆွေတို့တစ်တွေပဲ ပြန်၍စည်းရုံးစိုင်းပြင်းကြလေသည်။ တနသ်ာရီ၌ ဂျပန်များလိုက်၍ မနေသာတော့သောအခါ ကိုဗဆွေသည် ၁၉၄၂ ခုနှစ်အကုန်တွင် ရန်ကုန်သို့လာ၏။ နောက်ပြည်ထဲရေးဝန်ကြီး ဖြစ်လာသော သခင်မြက နေရာချထားပေးသဖြင့် ကောဘိုတိုင်ခေါ် မြို့ပြကာကွယ်ရေးတပ်ကို ဦးစီးရ၏။ ၎င်းတပ်ဖွဲ့သည် မြန်မာအစိုးရ၏ လက်အောက်ခံလည်း မဟုတ်။ ဂျပန်နှင့်လည်း တိုက်ရိုက်မပတ်သက်။ စေတနာ့ဝန်ထမ်းသဘောမျိုး ရပ်ကွက်အလိုက်ဖွဲ့စည်းတည်ထောင်ထားသော အဖွဲ့အစည်းဖြစ်လေသည်။

လေကြောင်းကာကွယ်ရေး၊ မြို့ရွာလုံခြုံရေး၊ မီးသတ် စသည်တို့တွင် စေတနာအလျောက် အမှုထမ်းကြတာဖြစ်လေသည်။ ရန်ပုံငွေဆို၍လည်း ဘာမျှမရှိ။ ရန်ကုန် ကန်တော်ကြီး အေးကျွန်းတွင် တဲများထိုးကာ ကောဘိုတိုင်ဗိုလ်ချုပ်ဦးဗဆွေက စခန်းချ၏။ ထိုစခန်း၌ပင် သင်တန်းများပေး၏။ စခန်း၌ တပ်သား ၄၀၊ ၅၀ ထက်ပို၍ ဘယ်အခါမျှ မရှိ။ သင်တန်းပြီးကြလျှင် ရပ်ကွက်များသို့ ပြန်ကြကာ စည်းရုံးကြခြင်းကြောင့် ဖြစ်လေသည်။ ကောဘိုတိုင်သည် ဦးလှကျော်ကြီးမှူးသော မီးသတ်အဖွဲ့၊ ဦးဘရီကြီးမှူးသော ရဲအဖွဲ့၊ ဦးလှမောင်ကြီးမှူးသော မြို့ပြကာကွယ်ရေးအဖွဲ့ စသည်တို့နှင့် ဆက်ဆံပူးပေါင်း၍ လုပ်ကိုင်၏။ ရဲအဖွဲ့မှဆိုလျှင် ရဲမှူးကြီးတစ်ယောက်၊ အင်စပက်တော်နှစ်ယောက်နှင့် လက်ထောက်အင်စပက်တော် ၁၁ ယောက်တို့ကို ကောဘိုတိုင်နှင့်ပူးတွဲ၍ လုပ်ကိုင်ရန် ဦးဗဆွေထံသို့ ပို့ပေး၍ထားလေသည်။

ကောဘိုတိုင်မှ လစာငွေ တစ်ပြားတစ်ချပ်မျှ မရသော်လည်း ဦးဗဆွေမှာ

www.burmeseclassic.com

www.burmeseclassic.com



ပူစရာမရှိ။ တစ်နေ့လျှင် ထမင်းတစ်နပ်သာစားခြင်းဖြင့် စားနပ်ရိက္ခာပြဿနာကို ဖြေရှင်း၏။ နေထိုင်စရာဆိုလျှင်လည်း ကန်တော်ကြီး အေးကျွန်းတစ်ခုလုံးကို အပိုင်စားရထားသည် မဟုတ်လော။ အရေးကြီးတာက ကေဘိုတိုင်ဗိုလ်ချုပ်ဖြစ်နေ၍ ဂျပန်များက လေးစားရိုသေကြသည်။ သံသယကင်းကြသည်။ ဗိုလ်ချုပ် အယောင်အဆောင်ကို အကာအကွယ်ပြုပြီး နောက်ပိုင်းမှ တော်လှန်ရေးလုပ်ငန်းများကို လွတ်လပ်စွာလုပ်ကိုင်နိုင်သည်။

ထိုသို့နှင့် ၁၉၄၃ ခုနှစ်အကုန်ပိုင်းသို့ တရွေ့ရွေ့ရောက်လေသည်။ တော်လှန်ရေးလုပ်ငန်းတွေ စသည်။ ဖက်ဆစ်တော်တော်လှန်ရေးအဖွဲ့ကို လျှို့ဝှက်စွာ ဖွဲ့စည်းကြသည်။ တပ်မတော်မှ ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်နေဝင်း၊ ဗိုလ်လက်ျာတို့ ဦးစီးအဖွဲ့တွင်ပါကြသည်။ ကွန်မြူနစ်ပါတီမှ သခင်စိုး၊ သခင်သန်းထွန်း၊ ကိုဗဟိန်း၊ ဘီအာရ်ပီခေါင်းဆောင်များထဲမှ ဦးကျော်ငြိမ်း၊ ဦးဗဆွေ၊ သခင်ချစ်။ ကွန်မြူနစ်များက ဝါဒသမားများသာဖြစ်၍ ထိရောက်သော အကူအညီ ဘာမျှမပေးကြ။ သူတို့က အရှေ့ကိုမျှော်၍ သူတို့ပါတီကြီးပွားဖို့သာ မျက်ခြည်မပြတ် လုံးပန်းကြသည်။ ကျန်သောသူတွေ တိုက်ကြခိုက်ကြပေစေ။ ဇွန့်စားကြပေစေ။ တိုက်ရင်းခိုက်ရင်း သေကျေပျက်စီးကုန်ကြမည်။ ကျန်ရစ်သူများကို သုတ်သင်ပစ်လိုက်ကြမည်။ ပြီးလျှင် ပါတီက အာဏာယူဖို့ လမ်းရှင်းပြီး၊ လမ်းခင်းပြီး ဖြစ်နေမည်။ တကယ်တမ်း နယ်ဆင်း၍စည်းရုံးကြရာတွင် ကွန်မြူနစ်များက ဘာမျှမထိရောက်။ တကယ့်စည်းရုံးရေးတာဝန်ခံများဆိုလျှင် သူတို့ဘက်မှ ၂၆ ယောက်သာ ရှိ၍ တစ်နိုင်ငံလုံးအတွက် ကျန်သော ၈၀၀ ကျော်ကို တပ်မတော်နှင့် ဘီအာရ်ပီက ထုတ်ပေးရလေသည်။

တော်လှန်ရေးကို ၁၉၄၃ ခုနှစ်နောက်ပိုင်းတွင် စတင်ဖို့ လုပ်ကြသည်။ အစီအစဉ်များ ပျက်ပြားခဲ့၏။ ၁၉၄၄ ခုနှစ်တွင်လည်း ထပ်မံကြိုးစားကြသည်။ တစ်ပိုင်းတစ်စနှင့် ပျက်ခဲ့ရ၏။ ၁၉၄၅ ခုနှစ်တွင်လည်း မတ်လ ၂၇ ရက်နေ့တွင် စတင်ရန်မဟုတ်။ ထို့ထက် အနည်းငယ်ဆိုင်းငံ့၍ စတင်ရန်ဖြစ်ခဲ့သော်လည်း အခြေအနေများကဖိသဖြင့် မတတ်သာဘဲ ၂၇ ရက်နေ့၌ပင် စလိုက်ကြရသည်။ ဖေဖော်ဝါရီလထဲတွင် ဗိုလ်ဗထူးက မန္တလေးမှစ၍ ဂျပန်ကို တိုက်ခိုက်လေသည်။ မတ်လထဲတွင် ပဲခူးရှိ ဗိုလ်ကျော်ဇော၏တပ်နှင့် တော်လှန်ရေးအတွက် ပြင်ဆင်ရာဌာနကြီးဖြစ်သော စံပြစစ်ကျောင်းကို ဂျပန်များက မသိမသာ ဝိုင်းညှပ်၍ထားပြီး ဖြစ်နေသည်။ ထိုကွင်းပိတ်ထဲမှ စောစော



ဖောက်ထွင်းမှ လွတ်မည်။ နောက်ကျလျှင် ဖိညှပ်၍ ပျက်စီးရတော့မည်ဟု ဗိုလ်ကျော်ဇောထံမှ အရေးတကြီးသတင်းပို့သဖြင့် မတ်လ ၂၇ ရက်နေ့တွင်ပင် ဖောက်ထွက်တော့၊ တပ်တွေဖြန့်၍ စစ်မျက်နှာအသီးသီးသို့ သွားနေကြတာလည်း ၂၇ ရက်နေ့မှာပင် ရောက်ရာနေရာက တော်လှန်ရေးစကြတော့ဟု အမိန့်ကို ပြင်လိုက်ရလေသည်။ ထို့ကြောင့်ပင် ယခုတပ်မတော်တွင် ဗိုလ်မှူးကြီးများအဖြစ် ဆက်လက်၍ အမှုထမ်းနေကြသော ဗိုလ်မောင်မောင်၊ ဗိုလ်သိမ်းမောင်၊ ဗိုလ်ချစ်မြိုင်စသည့် တပ်မှူးများဆိုလျှင် မင်းလှ၊ ပဲခူးရိုးမ စသော နေရာတို့၌ အဆောတလျင် တပ်ဖျောက်၍ တော်လှန်ရေးကို စတင်ကြရလေသည်။

ကွန်မြူနစ်များသည် တော်လှန်ရေးအတွင်း၌ပင် ဂျပန်ကို ချမ်းသာပေး၍ မြန်မာလူငယ်ခေါင်းဆောင်များကို အပြတ်တိုက်ရန်အတွက် စီမံပြီးဖြစ်လေသည်။ ပျဉ်းမနားနယ်၌ တာဝန်ကျသော ဦးကျော်ငြိမ်းကို သုတ်သင်မည်။ ရန်ကုန်၌ တာဝန်ယူမည့် ဦးဗဆွေကို ဂျပန်တွေသတ်လျှင် သတ်မည်။ မသတ်လျှင်လည်း တခြားနည်းဖြင့် သေစေမည်။ တခြားခေါင်းဆောင်များကိုလည်း အလားတူ ရှင်းလင်းဖို့ စီမံကြပြီးဖြစ်လေသည်။ ရန်ကုန်၌ ဦးဗဆွေကို ဂျပန်တို့က မတ်လ ၃၁ ရက်နေ့တွင် ဖမ်းလိုက်ကြ၏။ ဦးကျော်ငြိမ်းတို့လည်း နယ်သို့မဆင်းဖြစ်ကြတော့။ ရန်ကုန်၌ပင် စည်းရုံး၍ ရဲဘော်ကြီးဗဆွေ လွတ်မြောက်ရေးအတွက်ကိုပါ ကြိုးစားကြမည်ဟု ဦးလှမောင် (ယခု ပီကင်းမြို့ မြန်မာသံအမတ်ကြီး)နှင့် အတူ နေရစ်ခဲ့ကြ၏။

ဂျပန်တို့သည် ဦးဗဆွေကို ရိုရိုသေသေဆက်ဆံကြသည်။ နှိပ်စက်ကလူ မပြုကြ။ စိတ်အားဖြင့် နွမ်းပါးအောင်၊ ဖျော့တော့၍လာအောင်ကိုသာ အမျိုးမျိုး ချော့မော့ကြ၊ ပရိယာယ်ဆင်ကြလေသည်။ သို့ရာတွင် ဦးဗဆွေကား မပျော့။ ချောက်ချင်ကြလျှင်လည်း ချောက်ကြ။ မကြောက်။ အင်္ဂလိပ်က ကြိုးမိန့်ပေး၍ သေစေပြီးသောဗဆွေ၊ တွေ့မြင်ရာ၌ အသေသတ်စေရန် အမိန့်ပေးပြီးသော ဗဆွေ၊ တစ်သက်တွင်တစ်ခါသာ သေနိုင်သည်။ သေပြီးသော ဗဆွေသည် ထပ်၍တစ်ခါမသေနိုင်။ ဤအတွေးဖြင့် ဦးဗဆွေသည် ပြုံးပြုံးနှင့် တည်ငြိမ်စွာပင် ဂျပန်၏ အကျဉ်းသမားအဖြစ် နေနိုင်ခဲ့လေသည်။ ဂျပန်က သူ၏ကိုယ်ရေးရာဇဝင်ကို အရေးခိုင်းသဖြင့် အင်္ဂလိပ်ဘာသာဖြင့် စာတစ်ရွက်ပြီး တစ်ရွက် ရေးပေးခဲ့၏။ သူ့အတ္ထုပ္ပတ္တိကို သူ ဒီတစ်ခါလောက် စေ့စေ့စပ်စပ်လင်

www.burmeseclassic.com



အောင် မရေးစဖူး။ ရေး၍ အရသာမတွေ့ဖူးခဲ့။ အကျဉ်းထောင်၌ ၂၄ ရက် တိတိ စံမြန်းခဲ့ပြီးနောက် ဂျပန်တို့က လွှတ်ပေးသဖြင့် ဧပြီလ ၂၄ ရက်နေ့တွင် ထောင်မှ အလင်းသို့ ထွက်ခဲ့ရ၏။ ဂျပန်တို့၏ တွက်ကိန်းအရဆိုလျှင် ဗဆွေ သည် ဂျပန်ကိုလည်း တော်လှန်မည်။ တော်လှန်ပေစေတော့။ ဂျပန်တွေ ဆုတ်ခွာ နေကြရပြီ။ ရန်ကုန်မှ ပြေးရပြီဖြစ်၍ မထူးတော့။ ဗဆွေသည် မြန်မာ့လွတ်လပ် ရေး တိုက်ပွဲတွင် သူ၏ ရန်သူဟောင်းဖြစ်သော အင်္ဂလိပ်ကိုပါ တော်လှန်လိမ့် ဦးမည်။ ဒါကို ဂျပန်တို့က လိုလားလေသည်။

ရန်ကုန်တွင် တပ်တွေ ဖရိုဖရဲဖြစ်နေ၏။ တော်လှန်ရေးအဖွဲ့များသည် အကွဲကွဲနှင့် ခေါင်းဆောင်ရှာနေကြ၏။ ၎င်းအင်အားစုတွေကို စုပေါင်းလိုက် လျှင် ရဲဘော် ၂,၀၀၀ ကျော်ရှိသော တပ်ကြီးတစ်တပ် ဖြစ်လာလေသည်။ ၎င်းတပ်နှင့်ပင် မေလ ၁ ရက်နေ့၌ ရန်ကုန်ကို ဦးဗဆွေတို့က ဦးစီး၍ သိမ်းပိုက်လိုက်ကြ၏။ သိမ်းပိုက်ပြီး ပြဿနာမျိုးစုံကို ဖြေရှင်းပေးခဲ့ရသေးသည်။ အိန္ဒိယအမျိုးသားတပ်မှ လူပေါင်း ၂၀,၀၀၀ ကျော်ကို ဘောက်ထော်၊ သင်္ကန်းကျွန်း တို့၌ နေရာချထားပေးကာ ထောင်ထဲမှ လွတ်လာသော အင်္ဂလိပ်၊ အမေရိကန် စစ်သုံ့ပန်းများကို ကျွေးမွေးကြည့်ရှုရ၏။ ၎င်းတို့တပ်တွေ ပြန်လာခါနီး၌ ဗိုလ်ကျချင်သလို အရိပ်အယောင်များ ပြကြတာကိုလည်း ဆုံးမ၍ သူ့နေရာနှင့် သူ နေတတ် ထိုင်တတ်အောင် ပြသခဲ့ရ၏။

ရဲရင့်သော အင်္ဂလိပ်တပ်များသည် အလုံးအရင်းနှင့် ရန်ကုန်သို့ဝင်မလာ ကြမီ ရန်ကုန်ကို ရန်သူရှင်းရန်အတွက် အကွက်စေ့ ဗုံးကြဲဖို့ ပြင်ဆင်နေကြတာ ကိုလည်း ဘေးကင်းပါပြီ၊ မြန်မာ့တော်လှန်ရေးတပ်ပေါင်းစုက ရန်ကုန်ကို သိမ်းပိုက်ပြီးပါပြီဟု သတင်းပို့ကာ ရန်ကုန်မြို့ကြီးကို ကယ်ဆယ်လိုက်ကြရ သေး၏။ အင်္ဂလိပ်တပ်ဦးကလူတွေ၏ ကြွားဝါခြင်း၊ မြန်မာကို နှိမ်လိုခြင်း၊ မြန်မာ့တော်လှန်ရေးတပ်များကို အထင်သေးသလိုလုပ်ခြင်းတို့နှင့်လည်း တွေ့ကြုံ လိုက်ရသေးသည်။ တစ်ခါတစ်ခါ၌ ချက်ချင်းပင် အင်္ဂလိပ်ကို တော်လှန် တိုက်ခိုက်လိုစိတ်များ တဖွားဖွားပေါ်ထွက်ခဲ့ကြရသည်။ အံကြိတ်၍သာ စိတ်ကို ထိန်းသိမ်းခဲ့ရသည်။ အင်္ဂလိပ်ကို အချိန်မကျခင် ပုန်ကန်မိသဖြင့် မြန်မာ့ရာဇဝင် တွင် ဗဆွေအမှားတော်ပုံဟူ၍ အရာမထင်ရစ်ခဲ့စေချင်။

အင်္ဂလိပ်ကို နှစ်နှစ်ကာကာ ချစ်၍ စစ်မြေပြင်မှ ပြန်လာကြသူများကား သခင်သန်းထွန်းတို့ ကွန်မြူနစ်ဆရာကြီးများပေတည်း။ အင်္ဂလိပ်၊ အမေရိကန်



မဟာမိတ်တို့ကို အကြွင်းမရှိထောက်ခံကြ၊ လက်နက်တွေချကြတော့၊ လက်နက် ကိုင်တော်လှန်ရေးကားပြီးဆုံးပြီ၊ မဟာမိတ်တို့နှင့် ယှဉ်တွဲ၍ လွတ်လပ်ရေးဆီသို့ ချီတက်ကြကုန်စို့ဟု ဆရာကြီးများက ဩဝါဒပေးကြလေသည်။ သူတို့ကြောင့် ပင်လျှင် လက်နက်ကိုင်တော်လှန်ရေးစခန်းကို ရပ်တန့်ခဲ့ကြရသည်။ မြစ်ဝကျွန်း ပေါ်မှ တပ်တွေကို ဖျက်ခဲ့ကြရသည်။ မဟာမိတ်တို့ကို အချစ်ကြီးချစ်နေကြသော ကွန်မြူနစ်ဆရာကြီးတို့သည် ရန်ကုန် ဝင်ဝင်ချင်းပင် သူ၏ပါတီကို ထူထောင်၍ ပါတီအင်အားစုကြလေတော့သည်။ သင်တန်းတွေပေး၍ စမ်းချောင်း ဗားကရာ ကွန်မြူနစ်ပါတီတွင် ရဲဘော် ရဲမေများသည် တအုန်းအုန်း တသောသော နှင့် လွတ်လပ်ကြ ပျော်ရွှင်ကြလေသည်။ ပါတီ၏ ကြယ်နီသည် တောက်ပ၍ နေပါပကော။

ထိုမှ နောက်အဖြစ်အပျက်တို့သည်ကား မကြာသေးမီက ရာဇဝင်တွေ ဖြစ်ပါသည်။ စာဖတ်သူ၏ စိတ်တွင် လတ်ဆတ်စွာ မှတ်မိနေသော အချက်တွေ ဖြစ်ပါသည်။ ကွန်မြူနစ်တွေသည် ဖဆပလ၏ ခေါင်းဆောင်မှုကိုဝင်၍ လုဖို့ ကြိုးစားကြ၏။ ဗိုလ်ချုပ်အောင်ဆန်းကို ဖယ်ရှားဖို့ကြိုးစားကြ၏။ မရတော့ ဖဆပလကို ဖြိုဖျက်ဖို့လုပ်ကြ၏။ သည်တွင်မှ ဦးဗဆွေတို့တစ်တွေသည် ဆိုရှယ်လစ်ပါတီကို စတင်တည်ထောင်ကြရသည်။ ဖက်ဆစ်တော်လှန်ရေး အတွက် စုရုံးခဲ့ကြစဉ် ၁၉၄၄ ခုနှစ် ကတည်းက ဂျပန်တွေ ဆုတ်ခွာသွားကြ တော့ အင်္ဂလိပ်ကို တစ်နည်းနည်းတိုက်ကြရဦးမည်။ ထိုတိုက်ပွဲအတွက် ဆက်လက်၍ တစ်မျိုးသားလုံး ပူးပေါင်းကြကာ ဘယ်ပါတီ ညာပါတီမှ မထောင် ကြဘဲ ဖဆပလ၏ အလံတော်အောက်၌သာလျှင် အားပေါင်း၍ ကြိုးပမ်းကြ မည်ဟူသော ကတိကို သခင်သန်းထွန်းတို့က စတင်၍ ဖျက်ကြသဖြင့် သခင်မြ၊ ဦးကျော်ငြိမ်း၊ ဦးဗဆွေစသော ခေါင်းဆောင်တို့သည် ဗိုလ်ချုပ်အောင်ဆန်း၏ သဘောတူချက်ဖြင့် ဆိုရှယ်လစ်ပါတီကို တည်ထောင်ကြလေသည်။ သို့ပါလျက် လည်း ကွန်မြူနစ်ပါတီက ၇ လ ကျော်ကျော် ဦးစားရ၍သွားလေပြီ။ တပ်မ တော်မှ တိုက်ပွဲပြန် ရဲဘော်တွေကို သူတို့က သိမ်းကြုံး၍ ပါတီအင်အား စုသွားကြပြီ။ သခင်သန်းထွန်းတို့ မောက်နိုင်သောအချိန်။

လွတ်လပ်ရေးရကြ၊ ကွန်မြူနစ်တွေ ခေါင်းဆောင်၍ သူပုန်တွေထကြ၊ လွတ်လပ်စမြန်မာပြည်ကို ဘေးရန်အမျိုးမျိုး ဝိုင်းရံခဲ့သည်။ ဒုက္ခအမျိုးမျိုး

www.burmeseclassic.com

www.burmeseclassic.com



လူထုထဲက ဦးဗဆွေ



တွေ့ရသည်။ လူတွေ စိတ်ဓာတ်ပျက်ကြသည်။ ဗလောင်းဗလဲလောကထဲမှ ဆိုရှယ်လစ်နိုင်ငံ ထူထောင်ရာတွင် ဦးဗဆွေသည် ဆိုရှယ်လစ်ပါတီ အထွေထွေအတွင်းရေးမှူးအနေနှင့်၊ ဖဆပလအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးအနေနှင့် နောက်ကွယ်ရာမှ ထိန်းသိမ်းကြိုးပမ်းခဲ့လေသည်။ သူ၏ဖွဲ့စည်းရေး စွမ်းရည်၊ သစ္စာ၊ သမာဓိကို လူတွေ လေးစားကြလေသည်။ သူ၏ကိုယ်ကျိုးမရှာသော စေတနာကို ယုံကြည်ကြလေသည်။

သူသည် တည်ငြိမ် လေးနက်၏။ အေးဆေးစွာ စဉ်းစား၍ မျှတစွာ ဝေဖန်ဆုံးဖြတ်တတ်၏။ ရာထူးကို သူမမက်မော။ နှစ်ပေါင်းများစွာပင် ရာထူးမယူဘဲ စည်းရုံးမှုကိုသာ ကိုင်ခဲ့၏။ သူ့ကို ပါလီမန်အမတ်အဖြစ် အရွေးခံစေရန် ဖဆပလဦးစီးအဖွဲ့က ရွေးချယ်ကြသောအခါ သူ ခရီးသွားနေခိုက် သူ့နောက်ကွယ်ရာ၌ ဆုံးဖြတ်၍ သူ့အား ထိုဆုံးဖြတ်ချက်ကို လက်ခံရန် မငြင်းဆန်သာအောင် လုပ်ခဲ့ရသည်ဟု ကြားရဖူး၏။ ကာကွယ်ရေးဝန်ကြီးအနေနှင့် သူသည် တကယ့်အရေးကြုံခဲ့သော အချိန်က တိုင်းပြည်၏ ကံကြမ္မာကို ဖန်တီးနိုင်ခဲ့သော တပ်မတော်ကို စည်းစည်းလုံးလုံးရှိအောင် ထိန်းသိမ်းစောင့်ရှောက်ထားခဲ့၏။ အရေးကြီးသောခေတ်တွင် အရေးကြီးသော ထိပ်တန်းခေါင်းဆောင်မှုကို အောင်မြင်စွာပေးနိုင်ခဲ့သော ဦးဗဆွေ။

သူ့အကြောင်းကို ဗြိတိသျှလေဘာအမတ်ဟောင်း သတင်းစာဆရာ မစ္စတာ ဝုဒ်ဒရောဝိုင်ယတ်က ၁၉၄၉ ခုနှစ် မတ်လ ၁၂ ရက်နေ့စွဲဖြင့် လန်ဒန်ထုတ် "နယူးစတိတ်စမင်းအင်နေရှင်း" ဂျာနယ်တွင် ဤသို့ချီးကျူး၍ ရေးသားထားလေသည်။

"ဦးဗဆွေသည် မြန်မာခေါင်းဆောင် လူငယ်များအနက်မှ များစွာသော သူတို့ထက် ပိုမို၍နက်နဲသည်။ အတွေးကောင်း၍ စွမ်းအားရှိသည်ဟု ကျွန်တော် ထင်မြင်မိခဲ့သည်။ သူသည် လူထုနှင့် ရင်းနှီး၏။ မြန်မာလူထု၏ အကြောကို သိ၏။ လူထုက ဘာတွေကို လက်ခံ၍ ဘာတွေကို လက်မခံ ဆိုတာကိုသိ၏။ မြန်မာပြည်တွင် ဘာတွေမှားယွင်းနေသည်၊ ချို့ယွင်းနေသည် ဆိုတာကိုလည်း ဦးဗဆွေ ထင်ရှားစွာ သိမြင်၏။ သူ့ကို ထိုအဓိကအမှား၊ အဓိကချို့ယွင်းချက်များသည် ဘာတွေဖြစ်သနည်းဟု မေးလျှင် သူဖြေပေလိမ့်မည်။ ကျုပ်တို့မြန်မာတွေဟာ အားလုံးပဲ ဘဝင်မြင့်နေကြတယ်။ ကျောင်းသားတွေကလည်း စာမဖတ်ချင်ကြတော့ဘူး။ နိုင်ငံရေးသမားကြီးတွေ ဖြစ်နေတာပဲ။ အစိုးရအမှုထမ်း အရာထမ်းတွေရော၊ စစ်သားတွေရော ဒီလိုချည်း ဖြစ်နေတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



မာ့က်စ်ဝါဒကို လက်ခံကျင့်သုံးသော်လည်း ဝါဒမှိုင်းမမိ၊ ဆိုရှယ်လစ် ခေါင်းဆောင်တစ်ဦးလည်းဖြစ်ပြီး ဘာသာရေးကိုလည်း နှစ်နှစ်ကာကာယုံကြည် ကိုးစား၊ ထိပ်တန်းနိုင်ငံရေး ခေါင်းဆောင်တစ်ဦးဖြစ်သော်လည်း ဘဝင်မမြင့်၊ အောက်ခြေမလွတ်။ ထိုအရည်အချင်းမျိုးတွေနှင့် ပြည့်စုံသော ဦးဗဆွေလို ခေါင်းဆောင်မျိုး နောင်ခေတ်အတွက် များများပေါ်ထွက်လာပါစေတော့။

❐

www.burmeseclassic.com

www.burmeseclassic.com



## ဗိုလ်မှူးအောင်
## (ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ)
## (၃၀ ဩဂုတ် ၁၉၁၀ – ၉ နိုဝင်ဘာ ၂၀၀၄)

ပြည်သူ့ရဲဘော်အဖွဲ့၏ ဒဏ်ကြောင့် သူ့ဆံတွေ ဖြူရသည်။ အင်္ဂလိပ်ကို ပုန်းလျှိုးကွယ်လျှိုးနှင့် မြေအောက်တော်လှန်နည်းဖြင့် တစ်မျိုး၊ ပွင့်လင်းပေါ်လွင်စွာ စည်းရုံး၍ အာဏာဖီဆန်ခြင်းဖြင့် တစ်နည်း၊ အနည်းနည်းအဖုံဖုံ ကြိုးပမ်းစွန့်စားခဲ့ရစဉ်က သူ့ဆံတွေမဖြူခဲ့။ ပြည်သူ့ရဲဘော်အဖွဲ့ နှစ်ခြမ်းကွဲ၍ ညီအစ်ကိုချင်း လွတ်လပ်စ မင်္ဂလာပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် သွေးချောင်းစီးစေအောင် ပုန်ကန်မှု၊ ဒေါသ၊ မောဟတွေ လွှမ်းမိုးမှုတွေ ပေါ်ပေါက်ခါမှ သူ့ဆံတွေ ဖြူရသည်။ အသက် ၄၄ နှစ်မျှသာရှိသေး၍ ကမ္ဘာ့အတိုင်းအတာအားဖြင့် ဆိုသော် လူငယ်ပိုင်း၌ပင် တည်ရှိနေသေးသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဗိုလ်မှူးအောင်က ကျွန်တော့်အား ထိုနှစ်ခြမ်းကွဲရာဇဝင်ကို ကြေကွဲစွာ ခင်းပြလေသည်။

"ကိုယ်တို့တစ်တွေ လွတ်လပ်ရေးရခါမှ၊ အောင်ပွဲဆင်ခါမှ ရဲဘော်တွေဟာ သူတို့ပါတီတွေအပေါ်မှာထားတဲ့ သံယောဇဉ်က တိုင်းပြည်အပေါ်မှာရှိတဲ့ သစ္စာထက်ကြီးမားလို့ ပါတီတွေခေါ်ရာကို တကောက်ကောက် လိုက်ပါသွားကြတယ်။ ပါတီမှိုင်းမိကုန်ကြတယ်။ ဒါနဲ့ပဲ အားလုံးဖရိုဖရဲဖြစ်ကုန်ကြရတာပဲ။ အင်မတန်ကြေကွဲစရာကောင်းတယ်"

အင်္ဂလိပ်ကို နိုင်ငံရေးအားဖြင့် တိုက်ခဲ့သော ဗိုလ်မှူးအောင်။ "ရဲဘော်သုံးကျိပ်"ဝင်အဖြစ်နှင့် ဗမာ့လွတ်လပ်ရေးတပ်မတော် ဦးစီးတစ်ဦးအနေနှင့်

www.burmeseclassic.com

www.burmeseclassic.com



စစ်ရေးဖြင့် တိုက်ခဲ့သော ဗိုလ်မှူးအောင်။ ဖက်ဆစ်ဂျပန်တို့ကို တော်လှန်ရာတွင် တိုက်ပွဲများဆုံရာ လမ်းကြောင်းကြီးများအလယ်မှ ရှပ်ချွံစွာတိုက်ခဲ့သော ဗိုလ်မှူးအောင်။ စစ်ပြီးခေတ် လွတ်လပ်ရေးအင်အားစုတို့ကို ဗိုလ်ချုပ်အောင်ဆန်းနှင့်ယှဉ်တွဲ၍ ခေါင်းဆောင်ခဲ့သော ဗိုလ်မှူးအောင်။

သူ့မှာ သေချာပိုင်နိုင်၍ အကွက်စေ့အောင် သူ့ဇာတ်ကိုသူခင်းတတ်ပုံကလေးတစ်ခုကို တွေ့ရသည်။ တစ်နည်းဆိုသော် သူသည် စဉ်းစားထောက်ထားတတ်သည်။ ထိုသူပုန်ခေတ်၊ တော်လှန်ရေးခေတ်တွေတုန်းက သူအိမ်ထောင်မပြုခဲ့။ သူ့မှာ ရည်မှန်းသူတော့ ရှိပြီးဖြစ်နေသည်။ ဘီအိုင်အေခေတ်မှာ ဗိုလ်တွေဈေးကောင်းကြသည်။ အင်္ဂလိပ်ခေတ်တုန်းက အိုင်စီအက်စ်တွေလို မျက်နှာပွင့်ကြ၍ သမက်ဖမ်းလိုသူများကို နုတ်မရသော ဓားရည်ကြီးတွေနှင့်လိုက်ပြီး မောင်းထုတ်နေရသော အခါတော်ကြီးဖြစ်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းသည်ပင်လျှင် ထိုခေတ်၌ စွံခဲ့သည်မဟုတ်ပါလော။

ဗိုလ်မှူးအောင်သည်ကား ထိုအချိန်၌ မိန်းမ မယူ။ တိုက်ပွဲသည် မပြီးသေး။ သေပွဲသည် မပြီးသေး။ ကိုယ့်ကိုယ်ကိုယ် သရဏဂုံတင်၍ ထားနေရသေးသည်။ ချစ်လို့ယူမိသော မိန်းမကို ငယ်ငယ်ရွယ်ရွယ် မုဆိုးမ မဖြစ်စေလို။ ပုလုကွေးလွေး သားသမီးကလေးတွေကို အဖေမဲ့ သားသမီးကလေးများ မဖြစ်စေလို။ ဒါတွေကိုထောက်ထားပြီး အင်မတန်ပြင်းထန်၍ ယောကျ်ားတိုင်း မိန်းမမေတ္တာငွေ့ကိုလှုံလိုသော၊ မိန်းမတိုင်း ယောကျ်ား၏ အားကိုးစရာ ရင်အုပ်တွင် အောင်းလိုသော ခေတ်ကြီးများ ကုန်ဆုံးအောင် ဗိုလ်မှူးအောင် စောင့်နိုင်ခဲ့လေသည်။ စောင့်ရကျိုး နပ်ခဲ့၏။ ယခုမူ ဇနီးလှနှင့် သားသမီးသုံးယောက် ထွန်းကားခဲ့၏။ ကျွန်တော်နှင့် တွေ့ဆုံနေစဉ်ပင် အိမ်၏ အိပ်ခန်းအတွင်းမှ အငယ်ဆုံးသားသည် သဲမဲသန်မာစွာ အော်နေခဲ့၏။

ဗိုလ်မှူးအောင်သည် ကိုယ့်ထူးကိုယ်ချွန်သမားတစ်ယောက် ဖြစ်ပါသည်။ သူ့နောက်ကြောင်း ရာဇဝင်ကို လေ့လာလျှင် လူငယ်တိုင်း အားတက်စရာဖြစ်ရပါမည်။ သူသည် ကျေးရွာ၌မွေး၏။ ကျေးရွာကျောင်းသို့သွား၏။ လူလားမြောက်သော် ကျေးရွာ၌ သာမဏေပြု၍ ရဟန်းဘောင်၌ မွေ့လျော်မည် ပြုဖူး၏။ သို့ရာတွင် မွေ့လျော်မည်ဆိုရာ၌ တစ်ကိုယ်တည်း ဤသံသရာမှအလွတ်ရုန်း၍ နိဗ္ဗာန်ဝင်ရန် ကြိုးပမ်းဖို့ကို မလို။ ရဟန်းဘဝနှင့် စာပေပို့ချလို၏။ ကျေးရွာသားတို့ကို သွန်သင်ပြသလို၏။ လူတွေကို ဒါနအလှူပြုကြဟု တဖွဖွဟော



ပြော၍ လူတွေက လှူသမျှကို မြိန်မြိန်ခံစားသော ရဟန်းသက်သက်၏ဘဝကို သူ ရွံရှာခဲ့၏။

စာပေ၌ သူကြိုးစားထက်မြက်သလောက် လူမှုထမ်းရေး၌ သူစိတ်ပါထက်သန်ခဲ့၏။ အသက်နှစ်ဆယ်မျှသာ ရှိသေးလျက် ပထမငယ်ကိုအောင်၍ ပထမကြီးအဆင့်သို့ ရောက်လုလုဖြစ်ခဲ့၏။ သို့ရာတွင် လုလုမျှသာဖြစ်ခဲ့၍ လုလုကြီးတော့မရောက်ခဲ့။ ပထမကြီးစာမေးပွဲ၌ တခြားစာမေးပွဲဝင်များအား ရက်ရောသော စေတနာဖြင့် သူ့အဖြေစာအုပ်များမှ ကူးချခွင့်ပြုခဲ့သဖြင့် အားလုံးပင် တပျော်တပါးကြီး ရှုံးကြရလေသည်။ ကျေးရွာဘုန်းကြီးကျောင်းမှ ဆရာတော်နှစ်ပါး သုံးပါးက သာမဏေ မောင်အောင်၏ ပညာထက်မြက်ပုံ၊ လူတို့ကောင်းကျိုး ဆောင်တတ်ပုံကို ကြည့်၍ မကြည်ဖြူကြ။ ဝါတော်ကြီး၍ စိတ်အားဖြင့်နုကြသော ဘုန်းကြီးများဖြစ်ကြသည်။ သူတို့ကြောင့် မောင်အောင်သည် ရဟန်းဘောင်ကို စွန့်ခွာခဲ့ရ၏။ လူ့ဘဝမှာပင် လူမှုကို ထမ်းရတော့မည်။

ရဟန်းဘောင်မှထွက်သော မောင်အောင်သည် ထွန်တုံးနှင့်လယ်ယာသို့ ပြန်လေသည်။ လယ်ယာလုပ်ကိုင်ရခြင်းသည် သူ့အဖို့ နှပုံးချမ်းမြေ့စရာဖြစ်လေသည်။ ကိုယ့်လက်ရုံး ကိုယ်အားကိုးသမားလည်းဖြစ်ပြီး မြေကိုချစ်တတ်သူလည်း ဖြစ်သဖြင့် လယ်လုပ်၍ အေးချမ်းစွာ မိခင်အိုကို လုပ်ကျွေးတော့မည်ဟု သူပြင်လေသည်။ သို့ရာတွင် သူ့ကံက သူ့ကို သူလိုသလို မနေစေရ။ ခေတ်အခါက အေးချမ်းစွာ နေနိုင်သော ခေတ်အခါမဟုတ်။ တိုင်းပြည်၌ လူထုအုံကြွမှုတွေ၊ လွတ်လပ်ရေးကြိုးပမ်းမှုတွေဖြင့် သောသောညံနေပြီ။ လှုပ်လှုပ်ရွရွဖြစ်နေပြီ။ လယ်သမားတွေသည် တံစဉ်ကို အသာချ၍ လွတ်လပ်ရေးစစ်ချီရာလမ်းကြောင်းမှ ရဲဘက်များဆီသို့ စိတ်ညွတ်စွာ ကြည့်ကြကုန်သည်။ ရဲဘက်တွေနှင့်အတူ စစ်ချီရန်သွားကြသည်။

အလုပ်သမားများသည် အလုပ်ရုံများမှ ထွက်ခွာကာ ချီတက်ကြလေသည်။ ကျောင်းသားများသည်လည်းကောင်း၊ ဒို့ဗမာအစည်းအရုံးမှ သခင်များသည်လည်းကောင်း နှိုးကြားတက်ကြွသောလူထုကို မျက်စိတပ်ဆင်၍ ပေးနေကြသည်။ ရဲဘော်တို့ချီရာသို့ သူပါလိုက်ပါချင်သည်။ ဒို့ဗမာအစည်းအရုံး၏ ညို့ဓာတ်တွင် သူမိပြီးဖြစ်နေသည်။ သူအသင်းဝင်အဖြစ် ပထမအဆင့် လှမ်းလိုက်သည်။ နောက်တစ်စတစ်စ သူ့နယ်ဖြစ်သော ဖြူးမြို့အစည်းအရုံး၏ အမှုဆောင်အဖွဲ့ထဲသို့ သူရောက်မှန်းမသိ ရောက်သွားသည်။ ထိုမှတစ်ဆင့်

www.burmeseclassic.com



လှမ်းသော် အဆုံးမရှိသော နိုင်ငံရေးတိုက်ပွဲတို့ကို မြင်နေရပြီ။ အဆုံးမမြင်ရာ လမ်းသို့ မသွားမီ သူ့လယ်ကိုသိမ်း၍ စပါးရောင်းရငွေများကို ကျစ်လျစ်စွာ စုပြီး မိခင်အိုအား ပေးကမ်းကန်တော့ခဲ့သေးသည်။ ပြီးမှ နောက်ဆံမငင်ဘဲ ထိုကျယ်ပြန့်သော တိုက်ပွဲစက်ကွင်းထဲသို့ ရဲဝံ့စွာ လှမ်းဝင်လေသည်။

ထိုအချိန်၌ လွတ်လပ်ရေးတိုက်ပွဲသည် တစ်မျိုးသားလုံး အုံကြွကာ ပြင်းထန်၍လာလေပြီ။ ကျောင်းသားသပိတ်တွေ၊ ရေနံမြေသပိတ်တွေဖြင့် သပိတ်ချင်း ထပ်၍နေပြီ။ လယ်သမားတွေလည်း ချီကြလေပြီ။ ရာဇဝင်တွင်ရစ်ပြီဖြစ်သော သာယာဝတီညီလာခံက သခင်အပေါင်းကလည်း လွတ်လပ်ရေးကို ပြတ်သားစွာ တောင်းဆိုပြီ။ သခင်အောင်ဆန်းသည်လည်း ငါးကျပ်တန်ဝရမ်းမှ တိမ်းရှောင်ကာ ကိုယ်ယောင်ဖျောက်ကာနေခဲ့ပြီ။ ရာဇဝင်ကို ရဲရဲနီနီရေးနေသည့် အချိန်တွင် အင်္ဂလိပ်တို့၏ အကျဉ်းထောင်ထဲတော့ဖြင့် ချွေးအောင်း၍ မနေလိုပြီဟူ၍ နိုင်ငံခြားစစ်ကူကို အရှာထွက်ခဲ့ပြီ။ တရုတ်ပြည် အမွိုင်မြို့မှနေ၍ အောင်ဆန်းသည် ဂျပန်တို့နှင့်ဆက်မိပြီး ဂျပန်ပြည်သို့ကူးသည်။ ဂျပန်တို့နှင့် အရေးဆို၍ ကျေနပ်လောက်သော သဘောတူညီချက်ကိုပိုက်၍ မြန်မာပြည်သို့ ပြန်လာပြီး စစ်ပညာသင်ရဲဘော်လူငယ်များကို ခေါ်လှာသည်။ သို့နှင့် တစ်သုတ်ပြီးတစ်သုတ် မျိုးချစ်မြန်မာလူငယ်များသည် အင်္ဂလိပ်အစိုးရ၏ စုံထောက်များကို မျက်လှည့်ပြကြသလို ရုပ်ဖျက်၍တစ်မျိုး၊ ပြောင်ချ၍တစ်ဖုံ ရန်ကုန်မှ တိုကျိုသို့ ခရီးပြင်းနှင်ကြကုန်သည်။ ထိုလူငယ်သိုက်ထဲ၌ မငယ့်တငယ် ကိုအောင်လည်း ပါသွားလေသည်။

ကိုအောင်တို့အသိုက်မှာ နောက်ဆုံးအသုတ်ဖြစ်သည်။ ထိုအသိုက်ထဲမှာပင် သခင်ရှုမောင် (ဗိုလ်နေဝင်း)လည်း ပါဝင်ခဲ့၏။ သူတို့ ရန်ကုန်ဆိပ်ကမ်းမှ ခွာဖြစ်သည့်အချိန်၌ တိုကျိုသွားသင်္ဘောတွေ ပါး၍လာပြီ။ စစ်ရိပ်စစ်ငွေ့တွေ မှိုင်းမှုန်၍ လာသည်နှင့်အမျှ အသွားအလာတွေ နည်းလာကြသည်။ အင်္ဂလိပ်စုံထောက်တွေကလည်း အသွားအလာတွေကို ပို၍ကြပ်မတ်စွာ စစ်ဆေး၍လာလေသည်။ သင်္ဘောတစ်စင်းကို လွတ်သွားသဖြင့် နောက်ဆုံးဖြစ်သော နောက်တစ်စင်းကို စောင့်ရင်းနှင့် ကိုအောင်တို့တစ်သိုက် ရန်ကုန်၌ပင် ပုန်းအောင်းနေခဲ့ရသေးသည်။ ထိုအချိန်က ၄၉ လမ်းတွင် ဖွင့်လှစ်ထားသော တက္ကသိုလ်သမဝါယမအသင်းဆိုင်၌လည်း မယောင်မလည်နှင့် ဈေးရောင်းသလို စာရေးလုပ်သလို ရုပ်ဖျောက်၍ နေခဲ့ကြရသည်။



ရဲဘော်သုံးကျိပ်တို့အကြောင်းကို စာအစောင်စောင်ဖွဲ့မှ ပြည့်စုံမည်။ ဂျပန်ပြည်၌ ဆင်းရဲပင်ပန်းကြတာတွေ၊ မရပ်မနား သင်တန်းဆင်းကြ၊ မြန်မာ့လွတ်လပ်ရေးအတွက် အိပ်မက်မက်ခဲ့ကြ၊ ပြင်ဆင်ခဲ့ကြရတာတွေ။ ရဲဘော်သုံးကျိပ်မော်ကွန်းကို ရာဇဝင်တစ်အုပ်ရေးမှ ပြည့်စုံမည်။


ရေးလည်းရေးမှဖြစ်မည်။ ဂျပန်ပြည်တွင် ဟိုမှာရုပ်ဖျောက်နေရ၊ သည်မှာရုပ်ဖျောက်နေရ၊ ဟိုတယ်မှာတည်းခိုရ၊ ဂျပန်အိမ်များတွင် ခွဲ၍ တည်းခိုရ။ အဲဒီတုန်းကတည်းက ကိုအောင်မှာ အသက်အားဖြင့်၊ သိက္ခာအားဖြင့် လူငယ်တွေထဲက လူကြီးဖြစ်ခဲ့သည်။ အချင်းချင်း စကားများကြလည်း ရဲဘော်တွေက သူ့ဆီကိုသာ ပြေးလာ၍ တိုင်တောကြသည်။ ရဲဘော်တွေ ဆူပူသောင်းကြမ်းလွန်း၍ နေကြလျှင်လည်း ကိုအောင်က ဟန့်တားမှ ငြိမ်ကြသည်။ ဟိုတယ်မယ်ကလေးများသည်လည်း ရဲဘော်များ၏ အတင့်ရဲလွန်းခြင်းတို့မှ ထွက်ပြေးတိမ်းရှောင်ကြလျှင်လည်း ကိုအောင်၏အခန်းထဲသို့ အပြေးကလေး ဝင်လာကြကာ ခုတင်အောက်တွင် ရင်တဖိုဖိုနှင့်လာ၍ ဝပ်လာကြသည်။ ကိုအောင်၏အခန်းထဲသို့ ရောက်လျှင် ရဲဘော်များမှလည်းကောင်း၊ ကိုအောင်မှလည်းကောင်း လုံခြုံလေသည်။

စစ်ဖြစ်၍ ဗမာ့လွတ်လပ်ရေးတပ်မတော်သည် မြန်မာပြည်တွင်းသို့ စစ်ကြောင်းအသွယ်သွယ်မှ တပ်ဖြန့်၍ဝင်ရာတွင် ဗိုလ်မှူးကြီးအောင်သည် တပ်ဦးမှ ပါဝင်ခဲ့သည်။ ဦးစီးဗိုလ်မှူးတစ်ဦးအဖြစ်နှင့် တပ်တွေကို အုပ်ချုပ်ရသည်။ ဗိုလ်မှူးရန်နိုင်၏ တပ်ရင်း ၂ တွင် ခေတ္တမျှ တပ်ရေးအဖြစ် ပါဝင်ခဲ့ပြီး လွတ်လပ်ရေးတပ်မတော်ရုပ်၍ ဗမာ့ကာကွယ်ရေးတပ်မတော် ဖွဲ့စည်းသောအခါ ဗိုလ်မှူးအောင်သည် တပ်ရင်း ၅ ၏ တပ်ရင်းမှူးဖြစ်လာသည်။ ထိုမှတပ်ချဲ့၍ တိုင်းများဖွဲ့ရာ တောင်ပိုင်းစစ်ဌာနချုပ်ကို ဦးစီးရသည်။ ဗိုလ်မှူးအောင်၏ လက်စွဲ ဗိုလ်သူရဲတို့မှာ ဗိုလ်ကြီးစိန်မှန် (အထူးတိုင်းမင်းကြီးအဖြစ်နှင့် ဆူပူမှုများတွင် တိုက်ခိုက်ရင်း ကျဆုံးသည်။) နှင့် ဗိုလ်ကြီးအောင်ကြီး (ယခုစစ်ရုံးချုပ်စစ်ဦးစီးဗိုလ်မှူးကြီး)တို့ ဖြစ်ကြလေသည်။

ဂျပန်ကို မတော်လှန်မီ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် တိုင်းအသီးသီးနှင့် တပ်ရင်းတပ်ခွဲတို့ကို စစ်ဆေးကြည့်ရှုပြီးမှ ဗိုလ်မှူးအောင်၏တိုင်းသည် စည်းကမ်းအကျနဆုံး၊ အဖွဲ့အစည်း အသေသပ်ဆုံးဟူ၍ ဆုံးဖြတ်ကာ သူကိုယ်တိုင်သွားရောက်ခိုအောင်း၍ တော်လှန်ရေးကိုစရန် ဆုံးဖြတ်လေသည်။ ဗိုလ်

www.burmeseclassic.com

www.burmeseclassic.com



ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးအောင်



ချုပ်ကို ဂျပန်များက မျက်ခြည်ပြတ်မခံ စောင့်ကြည့်နေရာမှ ပျောက်၍၊ သရက်စခန်းသို့ ယူရသည်မှအစပြု၍ ပြဿနာတွေ၊ အန္တရာယ်တွေ ပြည့်ကျပ်သော တော်လှန်ရေးဖြစ်ခဲ့လေသည်။ ဗိုလ်မှူးအောင်တို့ စစ်နယ်အတွင်းမှ ဂျပန်တို့ပြို၍ အလုံးအရင်းနှင့်ဆင်းကြသည်။ မကြာခဏ ရင်ဆိုင်တိုက်ပွဲများ ဖြစ်ရသည်။ ပြောက်ကျားစစ်ဆင်ရေးကတော့ နေ့စဉ် ထမင်းစားရေသောက်တာမျိုး ရှိး၍သွားတော့သည်။

ဂျပန်ရန်သူထက်ပို၍ ဗိုလ်မှူးအောင်အား ခေါင်းရှုပ်စေခဲ့တာများကတော့ ဗိုလ်ချုပ်အောင်ဆန်း၏ လုံခြုံရေး၊ တော်လှန်ရေးမစမီကလေးတွင် ကပျာကသီ ဖွဲ့စည်းခဲ့ကြသော အမျိုးသမီးတပ်မှ ရဲမေများကို ထိန်းသိမ်းစောင့်ရှောက်ရေး၊ ဆေးဆရာဝန်ဗိုလ်ကြီးများကို ရဲဘော်များက စစ်တိုက်သူများမဟုတ်၊ အနာကို ပတ်တီးစည်းပေးရသူများသာဟု အထင်အမြင်သေးမှုကို ဖြေရှင်းရေး စသည်တို့ ဖြစ်လေသည်။ ဗိုလ်ချုပ်က တိုက်ချင်ခိုက်ချင် ကြွကြွရွရွဖြစ်၍ သူ့လုံခြုံရေးကို တာဝန်ယူရတာ မလွယ်ခဲ့။ အလားတူ ရဲမေများ၊ ရဲဘော်များက ဆော့ချင်စမ်းချင် ကြွကြွရွရွနှင့် ထိန်းသိမ်းရတာ မလွယ်ခဲ့။

ပတ်တီးစည်း ဆေးဗိုလ်ကြီးများ အရေးကိစ္စကတော့ တစ်ခါတွင် သူတို့နားပူနားဆာလုပ်လွန်းကြ၍ ရဲဘော်တစ်စုကို အုပ်ချုပ်စေကာ ဆရာဝန်ဗိုလ်တွေကို တိုက်ပွဲသို့ သွားစေလိုက်ရာမှ သူတို့ပြဿနာ ငြိမ်းအေးတော့သည်။ တိုက်ပွဲကို အမြည်းရရုံမက ဂျပန်တပ်မကြီးနှင့် ရင်ဆိုင်တိုးမိပြီး၊ အဝိုင်းခံခဲ့ကြရပြီး မိုးတွေရွာ၊ ချောင်းရေတွေလျှံပြီး ဂျပန်တပ်တွေ အကွဲတွင်မှ သုတ်ခြေတင်ခဲ့၍ အသက်နှင့်ကိုယ် အနိုင်နိုင်ပါ၍ ပြန်လာကြသော ဆေးဗိုလ်ကြီးများသည် နောင်ခါတွင် တိုက်ပွဲမြည်းလိုသည် မပြောကြတော့။ ရဲဘော်များကကည်း သူတို့ကို မလေးမခန့်မလုပ်ကြတော့။

စစ်သည် ငရဲနှင့်တူသည်မှာ မှန်ပါသည်။ စစ်ပြီး၍ လွတ်လပ်ရေးပန်းတိုင်သို့ ရောက်ခါနီးကာမှ ရဲဘော်အချင်းချင်းကွဲကြ၊ အယူသီးစွာဖြင့် ဘဝခြားသကဲ့သို့ စိမ်းကားကြ၊ တိုက်ခိုက်သတ်ဖြတ်ကြ။ ဒါတွေက ပြည်သူ့ရဲဘော် အစည်းအရုံးကို ဗိုလ်ချုပ်အောင်ဆန်း၏ ညွှန်ကြားချက်အရ ဗိုလ်အောင်ကြီးနှင့် အတူ တည်ထောင်ဖွဲ့စည်းခဲ့သော ဗိုလ်မှူးအောင်အဖို့ အသည်းကွဲစရာ၊ အနည်းဆုံး ဆံဖြူစရာဖြစ်လာရသည်။ ရဲဘော်တွေသည် ရဲဘော်ဟုသာ စည်းလုံးညီညွတ်စွာ မတည်ဘဲ ဖြိုကြွဲကြရသည်။ အရောင်အဆင်းတွေ ဆင်မြန်းကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



ခွဲခြားကြရသည်။ ရဲဘော်တွေ သူပုန်မဖြစ်ရအောင်၊ ကွန်မြူနစ်မှိုင်း မမိကြရအောင် ဗိုလ်မှူးအောင် အနိုင်နိုင်ထိန်းသိမ်းခဲ့သည်။ ပြည်သူ့ရဲဘော် အစည်းအရုံးကို တပ်ဖွဲ့အနေနှင့် ဖျက်သိမ်းရတော့မှ ဗိုလ်မှူးအောင် စိတ်အေးချမ်းရသည်။ ယခုအခါ စစ်ပြန်စစ်မှုထမ်းဟောင်းများအဖွဲ့ကို တည်ထောင်ကာ ကမ္ဘာစစ်ပွဲကြီးများက ပြန်သမျှ ရဲဘော်ဟောင်းကြီးတွေကို စုရုံးပြီး လူမှုဝန်ထမ်းကိစ္စတို့ကိုသာ ဗိုလ်မှူးအောင် အာရုံပြု၍ နေနိုင်ပြီ။

ပြည်သူ့ရဲဘော်မှသည် ဝန်ကြီးအဖွဲ့သို့။

ဗိုလ်မှူးအောင်သည် ပြန်လည် ထူထောင်ရေးဝန်ကြီးအဖြစ် အမှုထမ်းနေစဉ်ပင် ကွန်မြူနစ်သူပုန်တို့ကို ဒီမိုကရေစီတပ်ပေါင်းစုထထောင်၍ ပြည်တော်သာ မြန်မာနိုင်ငံကို ထူထောင်လှည့်ကြပါဟု ဖိတ်ခေါ်ရင်းနှင့် ဗိုလ်မှူးအောင်နှင့် ဆိုရှယ်လစ်ပါတီဝင် ရဲဘော်ဝန်ကြီးဝန်ငယ်များ ရာထူးက ထွက်ခဲ့ကြသေးသည်။ သို့ရာတွင် ကွန်မြူနစ်များကတော့ ထိုဖိတ်ခေါ်ချက်ကို လက်မခံကြ။ သရော်ပြု၍ သောသောညံ့ညံ့ ရယ်ကြသည်။ မတတ်နိုင်တော့သည့်အဆုံးမှ အစိုးရက သူပုန်များကို သူသေသေ ငါသေသေ အဆုံးထား၍ တိုက်စစ်ဆင်လေသည်။ သူပုန်များသည် ကတိတွေ စကားတွေကို မလေးစားကြ။ လက်နက်အင်အားဖြင့်၊ သေနတ်ဖြင့် စကားပြောမှ နားထောင်ကြ၊ လေးစားကြသည်။

"သူတို့ခေါင်းဆောင်တွေက အခုအခါဆိုရင် ဗိုလ်ချုပ်မှူးကြီးအဆင့်အတန်းထက်တောင်ပိုပြီး ဖီးလ်မာရှယ်တွေ ဖြစ်ကုန်ကြပြီ။ အဲဒါတွေကို သူတို့ရာထူး တစ်ထစ်မလျှော့ဘဲ ကိုယ်တို့တပ်မတော်ထဲမှာ လက်ခံရမတဲ့။ အဲဒီလိုဆိုတော့ ကိုယ်တို့ ဗိုလ်ချုပ်နေဝင်းကတောင် အောက်ဆင်းပြီး သူတို့ကို အလေးပြုရတော့မလို …"

ဗိုလ်မှူးအောင်သည် ရယ်၍ သူအတွင်းသိဖြစ်သော ကွန်မြူနစ်တွေ၊ ရဲဘော်ဖြူတွေကြောင်းကို ကျွန်တော့်အား ပြောပြဖူးသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ဗိုလ်မှူးအောင်သည် ကိုယ့်ထူးကိုယ်ချွန်သော သတ္တိခွဲဖြင့်သာ ဤသို့သော တိုင်းပြည်၌ အရေးကြီး၍ ဂုဏ်သိက္ခာနှင့်ပြည့်သော နေရာသို့ ရောက်ခဲ့ရသည်။ သူ့မှာ ကောလိပ်တက္ကသိုလ်များသို့ တက်ရောက်ခွင့် မရခဲ့ပါ။ ခေတ်ပညာတွေကို စာသင်ခန်း၌ မဆည်းပူးခဲ့ရပါ။ သို့ရာတွင် ဘဝတက္ကသိုလ်သည် ပညာရှာတတ် ယူတတ်သူများအဖို့ ပို၍ပင် ကြွယ်ဝသေးသည် မဟုတ်ပါလော။ ဗိုလ်မှူးအောင်သည် ထိုဘဝတက္ကသိုလ်မှ



ပညာများကို ဂုဏ်ထူးဖြင့် အောင်ခဲ့သည်။ သူ့မှာ စူးစမ်းစိတ်၊ သင်မှတ်လိုသောစိတ်၊ ပညာကို လက်ခံသိမ်းဆည်းနိုင်သောသတ္တိ အပြည့်အဝရှိလေသည်။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌအဖြစ်နှင့် ရှိခဲ့စဉ်ကလည်း လွှတ်တော်၏ ဥပဒေများ၊ နည်းများ၊ ထုံးတမ်းစဉ်လာများကို နက်နဲစွာ လေ့လာခဲ့ရ၍ ဥက္ကဋ္ဌရာထူး အပ်နှင်းခံရသောအခါ သူ့မှာ အသင့်ဖြစ်၍ နေခဲ့လေသည်။

စူးစမ်းဝေဖန်တတ်သော သူ၏သတ္တိကို ဗိုလ်မှူးအောင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဆိုဗီယက်ရုရှားနိုင်ငံများသို့ ဗဟုသုတရှာရင်း၊ ချစ်ကြည်ရေးတည်ဆောက်ရင်း ခရီးလှည့်လည်ခဲ့စဉ်က ကျပ်ပြည့် အသုံးချနိုင်ခဲ့လေသည်။

"တရုတ်ပြည်မှာ ထူးခြားချက်တစ်ခုကတော့ စည်းကမ်းရှိရှိနဲ့ တစ်မျိုးလုံးကြိုးစားပြီး ပြည်သစ်ထူနေကြတာ တစ်ခုပဲ။ အပြင်လူအနေနဲ့ကြည့်ရင်တော့ သူတို့ရဲ့ စည်းကမ်းကြီးတာ၊ ကျပ်တည်းကျဉ်းမြောင်းတာကိုကြည့်ပြီး သနားစရာပဲ။ ဒါပေမဲ့ သူတို့အဖို့တော့ ဘာမှမထူးခြားဘူး။ တစ်မျိုးလုံး စစ်သားတွေဖြစ်နေကြသလိုပဲ။ လက်ငင်းအကျိုးကတော့ တိုင်းပြည် ဖွံ့ဖြိုးကြွယ်ဝတယ်။ ငတ်မွတ်ခြင်းမရှိဘူး။ ပြည့်တန်ဆာတွေ လမ်းပေါ်မှာ မရှိတော့ဘူး။ လွတ်လပ်ပျော်ရွှင်စွာ အိမ်ထောင်ပြုကြ၊ ထူထောင်ကြနိုင်တယ်။ ဒါတွေကို ဘယ်ကသက်သေပြသလဲဆိုရင် ကိုယ်တို့တွေ့ခဲ့ရတဲ့ အမျိုးသမီးရွယ်ရွယ်များဟာ ဆယ်ယောက်မှာ ကိုးယောက်လောက် ကိုယ်ဝန်ဆောင်တွေ ဖြစ်နေတဲ့အချက်ကပြတာပဲ"

သမ္မတကြီး မော်စီတုံးနှင့် နှုတ်ဆက်၍ ချစ်ကြည်ရေး အာလာပသလ္လာပ ပြောဆိုရင်း၊ ဝန်ကြီးချုပ် ချူအင်လိုင်းနှင့် ဆွေးနွေးရင်း၊ ဂုဏ်ပြုဧည့်ခံပွဲတွေ တက်ရင်း မျက်လုံးထောင့်ချက်များမှနေ၍ လမ်းများပေါ်မှ မိန်းမရွယ်ရွယ်တို့၏ ဗိုက်စာရင်းကောက်နိုင်ခဲ့သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ဗိုလ်မှူးအောင်၏ စူးစမ်းထောက်လှမ်းနိုင်မှုစွမ်းရည်ကို ကျွန်တော်တို့ ချီးကျူးရမည်သာ။

❐

www.burmeseclassic.com

www.burmeseclassic.com



# ဗိုလ်ခင်မောင်ကလေး

## (ပြည်ထဲရေးဌာနဝန်ကြီး)

## (၁၂ အောက်တိုဘာ ၁၉၁၂ – ၂၇ စက်တင်ဘာ ၁၉၈၅)

၁၉၄၃ ခုနှစ်ကလား၊ ၁၉၄၄ ခုနှစ်ကလား၊ ကောင်းစွာ မမှတ်မိတော့ပါ။ သည်တစ်ခေတ်တွင် အချိန်တွေ၊ နှစ်တွေ လုစ်ခနဲ လုစ်ခနဲ ကုန်သွားတာ မြန်လွန်းလှပါသည်။ ကျွန်တော်မှတ်မိတာကတော့ ထိုအချိန်ပိုင်း၌ ကျွန်တော်သည် မြန်မာ့တပ်မတော် ရိက္ခာပစ္စည်းထောက်ပံ့ရေးတပ်ရင်း၌ အမှုထမ်းနေခဲ့သည်။ တပ်ရင်းမှူးမှာ ယခု ပြည်ထဲရေးဌာနဝန်ကြီး၊ ထိုစဉ်အခါက ဗိုလ်ကြီးဗိုလ်ခင်မောင်ကလေးပင် ဖြစ်သည်။ တပ်ရင်းမှူးနှင့်ကျွန်တော်တို့ ရင်းနှီးနီးကပ်စွာ အလုပ်လုပ်ခဲ့ရသည်။ အမှန်ဆိုတော့ ရဲဘော်များ၊ တပ်ကြပ်၊ အရာခံအရာရှိများ အားလုံးပင် ရင်းနှီးနီးကပ်စွာ လုပ်ကိုင်ကြပြီး ရိက္ခာဝယ်သူဝယ်၊ ပို့သူပို့၊ ခရီးထွက်၍ ပစ္စည်းရှာဖွေစုဆောင်းကြနှင့် အတော်အလုပ်များသော၊ ခြေရှုပ်သော တပ်ရင်းပါပေ။ ရဲဘော်များမှ တပ်ရင်းမှူးအထိဆိုလျှင် လူပေါင်း စုံလင်လှပေသည်။ တိုက်စစ်မှလာသည့် စစ်သားများ၊ ကျောင်းမှထွက်ပြေး၊ အိမ်မှထွက်ပြေးပြီး စစ်မှုထမ်းလာသည့် မျိုးချစ်လူငယ်များ၊ စာသင်ခန်းကို စွန့်ခွာပြီးလာခဲ့သော ကျောင်းဆရာများ၊ နိုင်ငံရေးသမားလူထွက်များ၊ ကုန်သည်ပွဲစားလူထွက်များ၊ အနုပညာသည်များ၊ စာရေးဆရာများ လူမျိုးကိုစုံလို့။

တပ်ရင်းမှူး ဗိုလ်ခင်မောင်ကလေးကတော့ သူ့တစ်ယောက်တည်းနှင့်ပင် အမျိုးစုံခဲ့သော၊ နေရာတကာတွင် သူမပါလျှင် မပြီးခဲ့သော မပါတပါ အလွန်ပါ ဆရာကြီး ဖြစ်ခဲ့လေသည်။ ကျောင်းဆရာ၊ ရာဇဝင်ဆရာ၊ နိုင်ငံရေး

www.burmeseclassic.com

www.burmeseclassic.com



သမား၊ လွတ်လပ်ရေးတပ်မတော်မှစ၍ချီခဲ့သော မမောမပန်းစစ်သား၊ ဂီတနှင့် စာပေတွင် မွေ့လျော်သော အနုပညာသမား။ သူ့ကိုလေ့လာရတာကပင်လျှင် စိတ်ဝင်စားစရာ ကောင်းလှသည်။ ကျွန်တော် တစေ့တစောင်း အကဲခတ်လေ့လာ ကြည့်ခဲ့သည်။ သူသည် ဒေါဟန်ပါပါ ပြောဟောတတ်သည်။ ထိမိသော စကားလုံးများကိုရှာ၍ ပြုံးကာပြုံးကာ ပြောတတ်သည်။ သူ့မှာ လူကိုဆွဲငင်တတ်သော သံလိုက်ဓာတ်ရှိသည်။ ရဲဘော်တွေကို တန်းစီ၍ မကြာခဏ စိတ်ဓာတ် တရားဟောတတ်သည်။ သူတပ်ကိုရောက်ကတည်းက အရေးကြီးအမိန့်များ တစ်နေ့တစ်ခါလို ထုတ်ဆင့်လာလိုက်သည်မှာ လအနည်းငယ်ကြာသောအခါ အမိန့်စာတွဲဖိုင်ကြီးမှာ တာဝန်ကျတပ်ကြပ်များက ခေါင်းအုံး၍ အိပ်လို့ရအောင် ထူထဲ၍လာခဲ့လေသည်။

သူသည် စားရည်ကို သူများဗိုလ်များကဲ့သို့ အချိုးကျအောင် ခါး၌ မလွယ်ဘဲ ပခုံး၌ ထမ်းပိုးထမ်းသလို ထမ်းတတ်သည်။ တစ်ခါက စားရည် ထိပ်မှာ ငှက်ပျောသီးတစ်ခိုင်ကို ချိတ်ဆွဲ၍ ပခုံးမှာ ထမ်းပိုးသွားတာကို မြင် လိုက်ရဖူးသည်။ အမူအရာ၊ အပြောအဟော၊ အတွေးအခေါ်တို့မှစ၍ အလုံးစုံ ကြွယ်ဝသော ဗိုလ်ခင်မောင်ကလေးသည် အတ္ထုပ္ပတ္တိပြုစုသူ စာရေးဆရာအဖို့ တကယ့်ရေးစရာတွေချည်း ဖြစ်နေသည်။ တစ်ခါတစ်ခါ၌ ဗိုလ်ခင်မောင်ကလေး ၏ ဟောလုံး၊ ပြောလုံး၊ ဒေါလုံးကလေးများသည် ပေါ်ပေါက်လာလတ္တံ့သော သူ့အတ္ထုပ္ပတ္တိကို ရေးသားမည့်သူ၏အကျိုးကို ရည်စူး၍များ ပိုမို၍ ထူးခြား ပြောင်လက်အောင် ဆောင်ထားလေသလားလို့ ကျွန်တော်တွေးခဲ့မိသေးသည်။

၁၉၁၂ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့တွင် အဖ ဦးဖိုးလှ၊ အမိ ဒေါ်အေးမယ်တို့မှ ဒုတိယမြောက်သားအဖြစ် မွေးဖွားခဲ့သော ဗိုလ်ခင်မောင် ကလေးသည် အသက် ၄၀ အဝင်၌ ဝန်ကြီးဖြစ်ခဲ့သည်။ သည်အရွယ်နှင့် သည်နေရာသို့ ရောက်သည်မှာ ခရီးပြင်းနှင်ခဲ့လို့သာ ဖြစ်သည်။ နှင်သလောက် တွင်ခဲ့လို့သာ ဖြစ်သည်။ ထိုခရီးပြင်းနှင်ခဲ့သော လမ်းတစ်လျှောက်လုံးမှာ သူသည် စိတ်ထက်သန်ခဲ့သည်။ ပြင်းထန် ကျယ်လောင်ခဲ့သည်။ စိတ်ကူးယဉ်ခဲ့သည်။

သူ့ကို ၁၉၃၆ ခုနှစ် ကျောင်းသားသပိတ်ကြီးက နိုင်ငံရေးနယ်တွင်းသို့ ဇွတ်ဆွဲ၍ သွင်းခဲ့သည်။ သို့ရာတွင် သူကလည်း မသွင်းခင်က ဝင်ချင်ချင်။ ၁၉၃၆ ခုနှစ်တွင် တက္ကသိုလ်ကျောင်းသားကြီး ကိုခင်မောင်ကလေးသည် ဒီဂရီကို လက်လှမ်းမီနေပြီဖြစ်ပြီး စာမေးပွဲဝင်ဖို့လည်း နီးနေပြီ။ သို့ရာတွင် သပိတ်သံ



ကြားလျှင် မန္တလေးသား ဘုန်းကြီးကျောင်းတွေအကြား၌ ကြီးပြင်းခဲ့ရသော ကိုခင်မောင်ကလေးသည် အောင့်အည်းခြင်းငှာ မစွမ်းနိုင်ခဲ့။ စာအုပ်များကိုစွန့်၍ သပိတ်စခန်းသို့ ချီခဲ့လေသည်။ သပိတ်တပ်ကြီးကို ခေါင်းဆောင်ခဲ့လေသည်။ သပိတ်ကြီးပြီးဆုံးအောင်မြင်ပြီးမှ ၁၉၃၇ ခုနှစ်တွင် သူသည် ဘီအေဘွဲ့ထူးကို ဆွတ်ယူပြီး မန္တလေးမြို့ အမျိုးသားကျောင်း၌ ရာဇဝင်ဆရာအဖြစ်နှင့် ဝင်ရောက်၍ သူ့ကျောင်းသားများကို နိုင်ငံရေးသင်တန်းများ ပေးနိုင်ခဲ့သည်။

သူ၏ ရာဇဝင် အယူအဆများသည် သစ်ဆန်းလေသည်။ သူ့အယူ အဆနှင့် အချက်အလက်များသည် များသောအားဖြင့် ကျောင်းသုံး အင်္ဂလိပ် အစိုးရသဘောကျ စာအုပ်ကြီးများတွင် မပါကြ။ သူတစ်ဦးတည်းသာ မဟုတ်၊ သူ၏ အမျိုးသားကျောင်းကိုယ်တိုင်ကလည်း ထူးခြားသောကျောင်း ဖြစ်သည်။ ကျောင်းဟူ၍ပင် ခေါ်ရသော်လည်း နိုင်ငံရေးသမားကလေးများကို မွေးမြူထုတ် လုပ်ပေးရာဌာနကြီးဖြစ်၏။ မျိုးချစ်စိတ်သွေးထိုးပေးသောဌာန၊ တက်ကြွသော စိတ်ကို ဆွ၍ပေးသောဌာန။ စာတွေသင်၍ စာမေးပွဲကိုလည်း အောင်ရပါသည်။ သို့ရာတွင် ဒါတွေက နောက်အရေးဖြစ်သည်။ လတ်တလောပြဿနာမှာ မြန်မာပြည် လွတ်လပ်ဖို့ဖြစ်သည်။ ထို့ကြောင့် အမျိုးသားကျောင်းသား ကျောင်း သူကလေးများသည် တက်တက်ကြွကြွ ရှိတတ်ကြသည်။ ဆူလောင်ပူလောင် ရှိတတ်ကြသည်။ မြန်မာတစ်မျိုးလုံး တာဝန်တွေကို သူတို့ပခုံး၌ ထမ်းပိုးထားရ သကဲ့သို့ အရေးကြီးနေပုံရတတ်ကြသည်။ အတိုဆိုသော် "ဆရာခင်မောင် ကလေး"လေးများနှင့် တူကြသည်။

ဆရာခင်မောင်ကလေးသည် ဆရာတစ်ဝက် နိုင်ငံရေးသမားတစ်ဝက် ဖြစ်ခဲ့၏။ ကျောင်းတွင်းကျောင်းပြင်၌ ဟောရပြောရအမော။ ဖွဲ့ရစည်းရ အမော။ သူတို့၏ ကြိုးပမ်းမှုများကြောင့် အထက်မြန်မာပြည် လွတ်လပ်ရေးအင်အားစုများ ၏ ဗဟိုအချက်အချာသည် မန္တလေးမြို့ဖြစ်လာ၏။ သူတို့တစ်သိုက်ပင်လျှင် ၁၉၃၈ ခုနှစ် အမျိုးသားစိတ်ဓာတ်အုံကြွဖို့ ပြင်ကာစ၊ အားယူကာစတွင် ရန်ကုန် မှ မန္တလေးသို့ အသစ်စက်စက် ပူပူနွေးနွေး ဒို့ဗမာသီချင်းကို ယူဆောင်လာကြ၍ ဟောပြောပွဲများ၊ စည်းဝေးပွဲများတွင် မြိန်ရေရှက်ရေ ဆိုကြလေသည်။ ထိုစဉ် အခါက နိုင်ငံရေးအခြေအနေတွင် ဒို့ဗမာသီချင်းကို ဆိုရန်ကိစ္စမှာ မလွယ်ကူလှ။ တော်တော့်သတ္တိနှင့်လည်း မဆိုရဲ။

ဆရာခင်မောင်ကလေးသည် ဒို့ဗမာသီချင်းကို မန္တလေးတွင် ခေတ်စားခဲ့

www.burmeseclassic.com

www.burmeseclassic.com



ရုံမှုနှင့် အားမရသေး။ ၁၉၃၈ ခုနှစ် ကျောင်းသားများသပိတ်တွင် ကျောင်းသားကျောင်းသူများကို ခေါင်းဆောင်၍ ဆရာပီသစွာ သပိတ်စခန်းရှိရာ အိမ်တော်ရာဘုရားသို့ ချီတက်ခဲ့၏။ အာဇာနည်ခေါင်းဆောင်တစ်ဦးအဖြစ်နှင့် ပန်းကုံးစွပ်ခံခဲ့၏။ ပန်းကုံးကို လည်ပင်း၌ ချိတ်ဆွဲ၍ ရဲရဲတောက်မိန့်ခွန်းမိန့်ကြားနေသော ကျောင်းသားခေါင်းဆောင် ဆရာခင်မောင်ကလေးကို ကျွန်တော်မှတ်မိပါသေး။ မြင်ယောင်မိပါသေး။ ထူထဲသော လူထုအလယ်ရှိ စင်မြင့်ပေါ်၌ ပန်းကုံးစွပ်ခံရပြီးသော ဆရာခင်မောင်ကလေးသည် နယ်ချဲ့ကို စကားလုံးပြောင်ပြောင်နှင့် စကားစစ်ဆင်၍ နေလေသည်။ လူထုက သည်လိုစကားလုံးပြောင်ပြောင်များကို နှစ်သက်သည်။ သည်လိုဒေါ်မောတွေကို အားရသည်။ တဖျောင်းဖျောင်း သြဘာပေးကြလေလေ ဆရာခင်မောင်ကလေး၏ ဒေါတွေမောတွေ ထန်လာလေလေ၊ စကားလုံးတွေ ပြောင်လာလေလေ။ သူသည် တိုင်းပြည်အတွက် အသက်စွန့်ရန် အသင့်ရှိကြောင်း ကြေညာလိုက်သောအခါ၌မူ လူထုသည် အထူးအားရနှစ်သက်ခြင်းကို ရှည်လျားသော တစ်ခဲနက်သြဘာပေးခြင်းဖြင့် ပြကြ၏။ အသက်စွန့်ဖို့ လိုမည် မလိုမည် အပထား၍ လိုလျှင် မိမိတို့အတွက် စွန့်လွှတ်မည့်သူတစ်ဦး အဆင်သင့်ရှိနေကြောင်း သိ၍ထားရခြင်းသည်ပင်လျှင် လူထုအဖို့ ဝမ်းသာအားရစရာ ကျေနပ်စရာပင် မဟုတ်လော။

အသက်စွန့်ရန် အချိန်ကား မလှမ်းမကမ်း၌ပင် ရပ်၍ စောင့်နေလေပြီ။ ၁၉၃၈ ခုနှစ်တွင် ကျောင်းသားသပိတ်များအပြင် လူထုအုံကြွမှုများ ပေါ်ပေါက်လာလေသည်။ မန္တလေးမြို့တွင် လူထုစည်းဝေးပွဲများ ပို၍ ကြီးမား၍လာ၏။ လူထု၏အသံသည် ပို၍ ကျယ်လောင်တင်းမာ၍လာ၏။ အရပ်သားများသာမက သံဃာတော်အရှင်မြတ်များပင်လျှင် အမျိုးသားတပ်ဦးတွင် ချီတက်ကြသည်။ မန္တလေးမြို့မှ သံဃာတော်များသည် အများအားဖြင့် တာဝန်ကြီးကြပါပေသည်။ မြို့ရွာလုံခြုံအေးချမ်းရေးမှအစ နိုင်ငံရေးရာအထိ သူတို့မနေသာကြ။ လွတ်လပ်ရေးတိုက်ပွဲတွင်လည်း သူတို့ကပင် စိတ်ဓာတ်ပြင်းထန်၍ ခေါင်းဆောင်မှုကို ပေးနိုင်ကြသေးသည်။

ဗိုလ်အောင်ကျော်ကျဆုံး၍ တစ်နိုင်ငံလုံး စိတ်ထိခိုက်ကြသည့်အထဲတွင် မန္တလေးမှ သံဃာများလည်း ပါခဲ့ကြပါသည်။ စိတ်ထိခိုက်ရုံနှင့် မပြီး။ သံဃာတော်အချို့တို့သည် လမ်းများမှရပ်၍ စောင့်တော်မူကြကာ လာသမျှလူရွယ်တို့ထံမှ ၎င်းတို့၏ ဗိုလ်ဆံတောက်ကို ဆီး၍အလှူခံကြပြီး နေရာတွင်ပင်



သင်တုန်းဓားဖြင့် အင်္ဂလိပ်နယ်ချဲ့စနစ်၏ အမွေဆိုးကြီးဖြစ်သော ဗိုလ်ကေကို သုတ်သင်ရှင်းလင်းပေးခဲ့ကြသည်။ ထိုသို့သော အလှူဒါယကာများထဲတွင် ကျွန်တော်ပါ အဆစ်ပါသွားခဲ့မိ၍ ခေါင်းတုံးပြောင်ပြောင်ကို ဖုံးမိအောင် အိမ်ထဲမရှောင်၊ အိမ်ပြင်မရှောင်၊ ကျောင်းခန်းထဲမရှောင်၊ ကျောင်းခန်းပြင်မရှောင် ဦးထုပ်ခပ်ပျော့ပျော့ကို ဆောင်းကာ သုံးလေးလ နေခဲ့ရသည်မဟုတ်လော။ ထိုခေတ်တက်ကြွမှုတို့၏ အရှိန်အဝါတွေဖြစ်ခဲ့သည်။

တက်ကြွမှုကို အင်္ဂလိပ်အစိုးရတို့က လက်ပိုက်၍ မနေနိုင်ခဲ့။ ဖိနှိပ်ချုပ်ချယ်ပြန်တော့လည်း ပို၍ အုံကြွကာလာတတ်သည်။ အင်္ဂလိပ်တို့မှာ လူထုကို မည်မျှ ဖိနှိပ်၍၊ ချောက်၍ မည်မျှအချိုသွေး၍ ချော့ရမည်ကို မမှန်းဆနိုင်ခဲ့ကြပေ။ သူတို့ တွေဝေခဲ့ကြရသည်။ အခက်တွေ့ခဲ့ကြရသည်။ သွေးတိုးစမ်း၍ မန္တလေးမြို့၌ စီတန်းလမ်းလျှောက်ကာ ဆန္ဒပြကြရာတွင် သေနတ်ဖြင့် ပစ်ခတ်သဖြင့် သံဃာများ၊ လူများ၊ ကျောင်းသားကလေးများအပါအဝင် အားလုံးပေါင်း ၁၇ ဦးကျဆုံးရသည်။ အင်္ဂလိပ်သည် ၎င်း ၁၇ ဦးအား အာဇာနည်ဘဝသို့ သေနတ်ကျည်ဆန်ဖြင့် ပင့်၍တင်ပေးလိုက်လေသည်။ မန္တလေးလူသတ်ပွဲသည် အင်္ဂလိပ်အစိုးရကို လူထုက စိတ်အနာကြီးနာအောင် ဖန်တီး၍ပေးလိုက်၏။ လူထုသည် အလံများကို ရင်ဝယ်ပိုက်၍ ကျဆုံးကြရာသော သံဃာတော်များကိုလည်းကောင်း၊ အသက် ၁၃ နှစ်မျှသာရှိ၍ နုနယ်သေးသော ကျောင်းသားကလေး မောင်တင်အောင်သည် ကျည်ဆန်တွေအကြားသို့ တိုး၍ တက်သဖြင့် နောက်ဆုံးတွင် အသက်ပျောက်ရသည့် အဖြစ်ကိုလည်းကောင်း မေ့လို့မရ။ ခွင့်လွှတ်၍မရ။

ထိုသွေးချောင်းစီးသော မန္တလေးလူထုဆန္ဒပြပွဲ၌ ခေါင်းဆောင်တစ်ဦးအဖြစ်ပါဝင်၍ သီသီကလေးလွတ်လာခဲ့သော ဆရာခင်မောင်ကလေးသည် ဆက်၍ နိုင်ငံရေးကြိုးပမ်းမှုများကို ပြုခဲ့လေသည်။ သူနှင့် သူ့ရဲဘော်တွေ ထွင်လိုက်သော “သူပုန် သူပုန် ထထ”ဟူသော ကြွေးကြော်သံတွေ တိုင်းပြည်အနှံ့ ညံ၍ လာကုန်သည်။ “လူမိုက်အလိုရှိသည်”ဟူသော ဆောင်ပုဒ်သည်လည်း အဓိပ္ပာယ်ပါသည်ထက်ပါ၍ လာလေသည်။ ခေတ်သည် ယဉ်သောခေတ်၊ လိမ္မာသောခေတ် မဟုတ်တော့။ ကြမ်းသောခေတ်၊ မိုက်သောခေတ်ဖြစ်၍လာပြီ။

လူလိမ္မာတွေသည် ဝိဇ္ဇာဂုဏ်ထူးအတန်း ကောင်းကောင်းရအောင်

www.burmeseclassic.com

www.burmeseclassic.com



မိုးရှာထဲမှ ရဲဘော်တစ်စု -
ဦးထွန်းဝင်း၊ ဦးကျော်ငြိမ်း၊ ဗိုလ်ခင်မောင်ကလေး၊ ဦးတင်၊ ဦးဘစော



ကြိုးစား၍ တစ်နှစ်ပတ်လုံး မျက်နှာသုတ်ပဝါကို ရေစိမ်၍၊ ခေါင်း၌ပေါင်းကာ မအိပ်မနေစာကျက်၍ အိုင်စီအက်စ်၊ ဘီစီအက်စ် စာမေးပွဲများကို အလုအယက် ဝင်ကြသည်။ သူတို့ရာထူးရတော့ သမက်ဖမ်းသူများက သူတို့ကို အလုအယက် ဈေးပေးကာ ဝယ်ယူကြသည်။ ထိုသူတို့သည် ဘဝအတွက် ဖူလုံမှုကို ရှာကြသည်။ လိမ္မာကြသည်။ သို့ရာတွင် လူမိုက်တွေကား စာအမေ့မေ့၊ ထမင်းအမေ့မေ့ နှင့် လမ်းတွေမှာ အော်ဟစ်ဆူပူ၍ လွတ်လပ်ရေးတိုက်ပွဲဆင်နေကြသည်။ ည လူခြေတိတ်တွင် သူတို့ လျှို့ဝှက်ကြံစည်နေကြလေသည်။ သူတို့က မိုက်၍ ဟိုသူတို့က လိမ္မာသည်။ သို့ရာတွင် တိုင်းပြည်သည် ထိုအချိန်က မိုက်သောသူတို့ကိုသာ များများလို၍ နေပေသည်။

၁၉၃၆ ခုနှစ် သပိတ်သည် သပိတ်ခေါင်းဆောင်များကို သွေးသောက်ရဲဘော်များအဖြစ်သို့ ပို့လိုက်သည်။ အောင်ဆန်း၊ သခင်နု၊ ကျော်ငြိမ်း စသည်ဖြင့် နောင်တိုင်းပြည်၏ကံကြမ္မာကို ဖန်တီးကြမည့် လူငယ်တစ်သိုက်ကို တိုက်ပွဲက သွေးစည်း၍ပေးလိုက်သည်။ သည်လူသိုက်တွေထဲကပင် ဗမာ့တော်လှန်ရေးပါတီ ဟူ၍ သူပုန်အဖွဲ့ပေါ်၍ လာလေသည်။ ထွက်ရပ်ဂိုဏ်းတွင်လည်း သည်လူငယ်သိုက်တွေပင်လျှင် ထိရောက်သော ခေါင်းဆောင်မှုကို ပေးကြသည်။ ဆရာခင်မောင်ကလေးမှာ သူပုန်ပါတီ၏ အထက်မြန်မာပြည် ကိုယ်စားလှယ်အဖြစ် စည်းရုံးရသည်။ ရဲဘော်သုံးကျိပ်တွေ လာခါနီး၊ အင်္ဂလိပ်ပြေး၍ ပြေးရခါနီးတွင် ဦးကျော်ငြိမ်းသည် သူပုန်ပါတီ၏ ခေါင်းဆောင်အဖြစ် မန္တလေးသို့ ရောက်လာသည်။ ဗမာထွက်ရပ်ဂိုဏ်း အာဏာရှင်ကြီး ဒေါက်တာဘမော်သည် ထိုအချိန် မိုးကုတ်တွင် အင်္ဂလိပ်က အကျဉ်းချခြင်းကို ခံယူနေရသေးသဖြင့် ဦးကျော်ငြိမ်းနှင့် မန္တလေးမှ သခင်သိန်းဖေတို့ မိုးကုတ်သို့ ခက်ခက်ခဲခဲ သွားရောက်ကာ ဒေါက်တာနှင့် ဆက်ခဲ့ကြ၏။

ဒေါက်တာဘမော်က ဗမာ့လွတ်လပ်ရေးတပ်မတော် သေနာပတိအဖြစ်နှင့် ချီတက်လာပြီဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းထံသို့ စာတစ်စောင် ရေး၍ ပေးခဲ့ရာ ဆရာခင်မောင်ကလေးကပင် တာဝန်ယူ၍ စာကို ဗိုလ်ချုပ်ထံအရောက် ပို့ခဲ့သည်။ မန္တလေးမှ ရန်ကုန်သို့အလာ လမ်းတွေမှာ စစ်တလင်းတွေ ဖြစ်ကုန်ပြီ။ အင်္ဂလိပ်တွေကဆုတ်၊ ကရုတ်တပ်တွေက ဖရိုဖရဲ၊ ရွာတွေမီးလောင်၊ ရေတာရှည်တွင် တရုတ်တပ်မဟာတစ်ခုက ဂျပန်ကို အသေအလဲခံ၍နေရာ ၎င်းစစ်မြေကို ကျော်လွှန်ရန်ကိုပင် အတော်စွန့်စားခဲ့ရ၏။ အဆင့်အဆင့်အန္တရာယ်များကို

www.burmeseclassic.com

www.burmeseclassic.com



ကျော်ပြီးပြန်တော့ ကိုယ့်ဘက်သား အချင်းချင်းကပင်မှားယွင်း၍ ဆရာခင်မောင်ကလေးကို ဖမ်းဆီးစစ်ဆေးလား လုပ်ခဲ့ကြနှင့်။ ဗိုလ်ချုပ်ထံရောက်၍ စာကို ပေးပြီးမှ တာဝန်ပေါ့ခဲ့ရ၏။

ဗိုလ်ချုပ်က သူ၏ရဲဘော်ကြီး ဆရာခင်မောင်ကလေးကို စစ်ရာထူးအပ်နှင်း၍ လွတ်လပ်ရေးတပ်မတော်တွင် အမှုထမ်းစေခဲ့သည်။ သို့နှင့် မန္တလေး၊ အမရပူရတို့ဘက်သို့ နောက်တစ်ကြိမ်ပြန်၍ ရောက်သောအခါ ဆရာခင်မောင်ကလေးမှာ ဗိုလ်မှူးခင်မောင်ကလေးဖြစ်၍ နေခဲ့သည်။ သူ့ခါးမှာ ဓားရှည်ကြီးနှင့်။

ဗိုလ်ခင်မောင်ကလေးသည် သူ့တပ်နှင့် ရှမ်းပြည်ကို ဝင်ခဲ့ရသည်။ ရှမ်းပြည်တွင် လူထုက သူတို့ကို အားရဝမ်းသာကြိုဆိုကြသလောက် တချို့သောစော်ဘွားတို့က သူတို့၏ ပဒေသရာဇ်စားကျက်တွင်ဝင်လာသော အနှောင့်အယှက်များအဖြစ် တပ်မတော်ကို မလိုလားကြ။ ဂျပန်များနှင့် ရန်တိုက်ပေးကြလေသည်။ ကြက်၊ အရက်၊ ပါးအို့နီသော ရှမ်းမယ်ကလေးများနှင့် မြူသော် ဂျပန်တို့သည် တင်နိုဟောကာကိုပင် မေ့တော့တော့ဖြစ်ကာ ပရိယာယ်များသောအချို့သော စော်ဘွားတို့၏ ဆွဲဆောင်ရာကို ပါကြလေသည်။ သို့နှင့် ရှမ်းပြည်၏စခန်းတစ်နေရာတွင် ဗိုလ်ခင်မောင်ကလေး၏တပ်နှင့် အကြိတ်အနယ် တိုက်ပွဲဖြစ်တော့မလို ဖြစ်ခဲ့ရ၏။ သေနတ်တွေပြင်၍ တိုက်ပွဲနေရာယူကြပြီးမှ ကံအားလျော်စွာ ဟီရားအိုကာ အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ဦးလှမောင်တို့ (ယခုတရုတ်ပြည်ဆိုင်ရာ မြန်မာသံအမတ်ကြီး) ရောက်ရှိလာပြီး ဖျန်ဖြေကြ၍ အေးဆေးသွားကြလေသည်။ ဦးလှမောင်သည် ထိုစဉ်ကတည်းက ပါးနပ်လိမ္မာမှုရှိပြီးအဖျန်ဖြေကောင်းတစ်ဦး ဖြစ်ခဲ့လေသည်။ မြန်မာနှင့် ဂျပန်တို့၏ ခက်ခဲသောဆက်ဆံရေး၌ အဖိုးမဖြတ်တန်သော သံအမတ်တစ်ဦးပါပေ။

ဗမာ့လွတ်လပ်ရေးတပ်မတော်မှ တရွေ့ရွေ့နှင့် ဂျပန်တော်လှန်ရေးသို့။ ၁၉၄၄ ခုနှစ်နောက်ပိုင်းတွင် တော်လှန်ရေးလုပ်ငန်းများသည် ပိုမိုအရေးကြီး၍ ထိရောက်လာသည်နှင့်အမျှ ပြည်သူ့အင်အားစုကိုလည်း ခိုင်မာစွာထူထောင်ရန်လိုလာသဖြင့် ဗိုလ်ချုပ်အောင်ဆန်းသည် မြစ်ဝကျွန်းပေါ်နယ်များ၌ ပုန်းအောင်းကာ နောက်လိုက်တော်ဗိုလ်ပါနှင့် ငါကိုယ်တော်တစ်ယောက်တည်း ကြံနေသောသခင်စိုးအား ဆက်သွယ်သိမ်းသွင်းရန် လိုလာ၏။ ထို့ကြောင့် အကြိမ်ကြိမ်ဆက်ကြည့်ပြီး စက်တင်ဘာလအတွင်းတွင် ဗိုလ်ခင်မောင်ကလေး၊ ဦးဗဆွေ



(ယခုကာကွယ်ရေးဌာနဝန်ကြီး)၊ ဦးဘဆွေကလေး (သုခမတင်းကုပ်)၊ သခင်ချစ်(ယခုကွန်မြူနစ်)၊ ဗိုလ်အောင်ကြီး (ယခု စစ်ဦးစီးဗိုလ်မှူးကြီး)နှင့် ဗိုလ်မောင်မောင်(ယခု စစ်လေ့ကျင့်ရေးမှူး ဗိုလ်မှူးကြီး) တို့တစ်စုသည် တိတ်တဆိတ် ရန်ကုန်မှထွက်၍ သခင်စိုးရှာပုံတော် ထွက်ခဲ့ကြ၏။ သခင်စိုးနှင့်တွေ့၍ အကြိမ်ကြိမ်ဆွေးနွေးကြပြီး ဖက်ဆစ်ဆန့်ကျင်ရေးစာတမ်းကို အတည်ပြုခဲ့ကြ၏။

ညီညွတ်ရေးအတွက်မို့သာ ကွန်မြူနစ်တွေနှင့် ပေါင်းရသော်လည်း ဗိုလ်ခင်မောင်ကလေးအဖို့မှာမူ ကွန်မြူနစ်သဘောကို ထိုစဉ်ကပင် မနှစ်မြို့လှ။ တော်လှန်ရေးစ၍ ဗိုလ်ချုပ်အောင်ဆန်းတို့နှင့်အတူ သရက်စခန်း၌ ရှိခဲ့စဉ်က မှတ်သားခဲ့သော သူ့မှတ်တမ်းတွင် –

"ကွန်မြူနစ်တွေဟာ သစ္စာရှိတာ မဟုတ်ဘူး။ တစ်နေ့တော့ သူတို့နဲ့ ငါတို့ တွေ့ကြရဦးမည်"

ဂျပန်ကို တော်လှန်၍ ပြီးဆုံးသောအခါ နိုင်ငံရေးသို့ပြန်၍ ရောက်ကြရပြန်သည်။ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်လည်း မြန်မာများထဲမှ ထိုအချိန်အထိ အိပ်မက်ပင် မမက်ရဖူးသော ဗိုလ်မှူးချုပ်ရာထူးကို မဟာမိတ် သေနာပတိချုပ် မောင့်ဘက်တန်က တောင်းတောင်းပန်ပန် ပေးသည်ကို မယူ။ ဖဆပလအဖွဲ့ကြီးကိုခေါင်းဆောင်၍ လူထုကို လွတ်လပ်ရေးသို့ အပြင်းချီစေရန် အချိန်ကျရောက်ပြီကို ဗိုလ်ချုပ်သိ၏။ ဗိုလ်ချုပ်နှင့်အတူ နိုင်ငံရေးတွင် ဝင်ရောက်လုပ်ကိုင်ကြသူများအနက် ဗိုလ်ခင်မောင်ကလေးလည်း ပါဝင်ခဲ့၏။ သူသည် ဖွဲ့စည်းရေး၊ ပြင်ဆင်ရေး၊ ဟောပြောရေး စသည့် သူ့အချစ်ဟောင်း လုပ်ငန်းကြီးများနှင့် ပြန်၍ ဂဟေဆက်ရသဖြင့် အားရဝမ်းသာနှင့် မနေမနား ကြိုးပမ်းခဲ့၏။ နိုင်ငံရေးလုပ်ငန်းများမှာ သူ့အဖို့ သဘာဝဖြစ်၍နေပြီမို့ ကြိုးပမ်းရသော်လည်း မောပန်းခြင်း မရှိ။ နေ့မနား ညမနား လုပ်ကိုင်ရတာတွေမှာ ပျော်စရာတွေဖြစ်နေ၏။

ထိုမှတစ်စတစ်စနှင့် ဖဆပလတပ်ကြီးသည် လွတ်လပ်ရေးအောင်ပွဲခံခဲ့ရ၏။ နယ်ချဲ့သမားကို တော်လှန်တိုက်ခိုက်ရတာ တစ်နည်းဆိုတော့ လွယ်၏။ လွတ်လပ်ရေးရပြီး ကိုယ့်တိုင်းပြည် ကိုယ့်အမျိုးသားချင်း စည်းလုံးညီညွတ်စွာ ထူထောင်ရတာက ခက်၏။ အတိုဆိုတော့ အတိုက်အခိုက်နှင့် အဖျက်လုပ်ငန်းသည် လွယ်၏။ ထူထောင်ခြင်းနှင့် အပြုလုပ်ငန်းသည် ခက်၏။ ထိုအပြုလုပ်ငန်းများတွင် ဗိုလ်ခင်မောင်ကလေးသည် အရေးကြီးသောနေရာ

www.burmeseclassic.com

www.burmeseclassic.com



များမှ ပါဝင်ခဲ့၏။ သခင်မြ ခေါင်းဆောင်သော လွတ်လပ်သော မြန်မာနိုင်ငံ၏ အခြေခံဥပဒေ၏မူများကို ချထားရေး ကော်မတီငယ်တွင် ပါဝင်ခဲ့သည်မှအစ ကော်မတီကြီး၊ ကော်မတီငယ် အများအပြားတွင် ဗိုလ်ခင်မောင်ကလေး မပါလျှင် မပြီး။

ဥပဒေပြုလွှတ်တော်သို့ မန္တလေးမြို့နယ် တစ်နယ်မှ ရွေးကောက်ခြင်းခံခဲ့ရ၏။ (ယခုမူ သိမ်ဖြူတိုက်နယ်မှ ပြည်သူ့လွှတ်တော်သို့ တင်မြှောက်ခြင်းခံထားရ၏။) လွတ်လပ်ရေး မကြေညာမီ ဗိုလ်ခင်မောင်ကလေး ပါဝင်ခဲ့သော အထူးအရေးကြီးသည့်အဖွဲ့မှာ နယ်ခြားဒေသများ၏ရှေ့ရေးကို ဆုံးဖြတ်ရန် ၎င်းဒေသမှ လူများ၏ ဆန္ဒကို စူးစမ်းသည့် ကော်မရှင်ပင် ဖြစ်သည်။ ၎င်းကော်မရှင်၏ ကြိုးပမ်းမှုကြောင့် နယ်ခြားဒေသမှ လူမျိုးများသည် ဗမာနှင့်တွဲကာ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာခြင်းကို အဆုံးသတ်အောင်မြင်စေခဲ့၏။

အမတ် ဗိုလ်ခင်မောင်ကလေးမှသည် ပါလီမန်အတွင်းဝန် ဗိုလ်ခင်မောင်ကလေးသို့။ ထိုမှသည် သစ်တောရေးနှင့် လယ်ယာစိုက်ပျိုးရေးဝန်ကြီးသို့။ ထိုမှတစ်ဆင့် ပြည်ထဲရေးဝန်ကြီး။ နောက်ကြောင်းကို ပြန်ကြည့်လျှင် မည်မည်ရရ အကောင်အထည်ဖော်ခဲ့သော လုပ်ငန်းများ အားရလောက်အောင် များပြား၍ လာပြီ။ အစိုးရအမှုထမ်းများ လစာကော်မရှင်ဥက္ကဋ္ဌအဖြစ် လစာများ ပြင်ဆင်တိုးမြှင့်ပေး၊ ရှားပါးစရိတ်များ ထုတ်ပေးခဲ့ခြင်းဖြင့် အစိုးရအမှုထမ်းများကို ကူညီဖေးမခဲ့နိုင်သည်။ ထိုသို့ လစာစရိတ်များ တိုး၍ပေးခြင်းဖြင့် အစိုးရ၌ တစ်နှစ်လျှင် ငွေ သုံးကုဋေခွဲပို၍ ကုန်ကျသည်ကို ဗိုလ်ခင်မောင်ကလေးက ဂုဏ်ယူ၍မဆုံး။

ထို့နောက် ကရင်ပြည်နယ် သီးခြားပေးခြင်းကို ထောက်ခံခဲ့သော နယ်သီးခြားပိုင်းခြားရေး ကော်မရှင်။ ထိုကော်မရှင်တွေနှင့် တစ်ဆက်တည်း ကယားပြည်နယ် ကော်မရှင်။ ထို့နောက် ဒီမိုကရေစီ အုပ်ချုပ်ရေးကို ကျေးရွာများအထိ အမြစ်တွယ်အောင် ဥပဒေဖြင့် ဖန်တီးခြင်း။ စည်းရုံးရေးဖြင့် လုပ်ကိုင်ခြင်း။

"အစိုးရဆိုတာ ရန်သူမျိုးငါးပါးအပါအဝင်လို့ ဆိုထုံးရှိနေတာကို ပြည်သူတွေပါ အစိုးရအဖြစ် ဝင်ပြီး ပါဝင်စေခြင်းဖြင့် အဲဒီဆိုထုံးနဲ့ အစွဲကို ပပျောက်အောင် လုပ်ရမယ်"ဟု ဗိုလ်ခင်မောင်ကလေးက ဆိုသည်။ မြန်မာစာကို ရုံးသုံး ဖြစ်လာစေရန် လုပ်ကိုင်ရာ၌လည်း ဗိုလ်ခင်မောင်ကလေးသည် ထိရောက်



ပြတ်သားစွာ ခေါင်းဆောင်ခဲ့လေသည်။ အစိုးရဌာနအချင်းချင်း ဆက်သွယ်ရာတွင် မြန်မာလို ရေးသားရမည်။ အစိုးရအမှုထမ်းများ မြန်မာပြည်တွင်းဖြစ် အဝတ်အထည်များကို ဝတ်ဆင်ရမည်။ အစိုးရရုံးစာရေးမများ ဂါဝန်ကြွေကင်းမဲ့အောင် အင်္ကျီပါးလက်တိုနှင့် အတွင်းခံ နိမ့်လျှောလျှော့မဝတ်ရ စသော အမိန့်စာချွန်များသည် တဖွဲဖွဲနှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ ကျဆင်းခဲ့သည်။

ပြည်ထဲရေးဌာနဝန်ကြီး ဗိုလ်ခင်မောင်ကလေး၏ ပြုပြင်ရေးစိတ်ဓာတ်ပြင်းထန်မှုကို လက်တွေ့အနီးကပ်ဆုံး တွေ့ကြုံရသူတို့မှာ ရဲအဖွဲ့တို့ပင် ဖြစ်လေသည်။ မြန်မာပြည်ရာဇဝင်တွင် ပုလိပ်တို့ကို ရွံ့စရာမုန်းစရာသာ ကြုံတွေ့ခဲ့ကြရ၍ ပုလိပ်ဆိုရင် လူပုလိပ်ရော၊ ရောဂါပလိပ်ရော ဘယ်သင်းမှ မကောင်းဘူးဟု ပြောစမှတ်ပြုကြသည်။ ဒါတွေကို အမြစ်ကလှန်၍ ပြည်သူ့ရဲအဖွဲ့ကြီးဖြစ်အောင် အစိုးရက ကြိုးစားခဲ့ရာတွင် ဗိုလ်ခင်မောင်ကလေးက ဌာနဆိုင်ရာအဖြစ်နှင့် အထိရောက်ဆုံးခေါင်းဆောင်ရသည်။

ဟိတ်ဟန်မလုပ်၊ မမော်မကြွားတတ်သော ဗိုလ်ခင်မောင်ကလေးသည် လွယ်အိတ်တစ်လုံးကို လွယ်ကာ အချိန်မရွေး ရဲအဖွဲ့များ၊ မြို့စွန်ရှိ ကင်းဂိတ်များ၊ နယ်ရှိရဲဌာနများကို သွားရောက်၍ စစ်ဆေးတတ်သည်။ ကြုံလျှင် သူကိုယ်တိုင်ဦးစီး၍ သူပုန်နယ်ထဲသို့ တိုက်ကင်းလှည့်ချင်သည်။ ရန်ကုန်မြို့စွန်ပိုင်း၌ ဓားပြမှုကြီးများဖြစ်လျှင် သေနတ်သံမစဲမီ ပြည်ထဲရေးဝန်ကြီးကိုယ်တိုင် ခြေမြန်ရဲအဖွဲ့နှင့်အတူ ရောက်လာတတ်သည်။ တစ်ခါတစ်ခါတွင် လမ်းဘေးထမင်းဆိုင်တွင် ဝင်ရောက်၍ အားရပါးရလွေးတတ်သည်။ သည်ဝါသနာအထူးအဆန်းတွေရှိ၍ အချိန်မရွေး မမျှော်လင့်ရာမှ ဆိုင်းမပါဗုံမပါဘဲ ရောက်လာတတ်သော ပြည်ထဲရေးဝန်ကြီးကို ရဲအဖွဲ့က ကြောက်ရွံ့ရိုသေသည်။ သူ့စနစ်နမူနာကိုလိုက်၍ ပြည်သူ့ရဲဘဝသစ်ကို ထူထောင်ရာတွင် အတော်ပင် အောင်မြင်မှုများ ရရှိသည်။

ဗိုလ်ခင်မောင်ကလေး၏အိမ်၌ အစောင့်အရှောက်များ ထားရှိသည်ကို မတွေ့ရ။ ဝင်သွားလျှင် အထူးမေးမြန်းစစ်ဆေးခြင်းလည်း မရှိ။ မိတ်ဆွေတွေ လာ၍လည်ပတ်ကြလျှင် လွတ်လပ်စွာ ဝင်ထွက်သွားလာကြသည်။ အချိန်အားရှိလျှင် သားသမီးများဖြစ်ကြသော မိုးသိကြား (အသက် ၁၀ နှစ်)။ မိုးမင်္ဂလာ (၄ နှစ်)နှင့် မယ်သကြီ (၃ နှစ်) တို့နှင့် သူတို့၏ အဖေသည် ပျော်ရွှင်စွာ ကစားတတ်သည်။ ကလေးတွေက သူ၏အလုပ်စားပွဲတွင် လာ၍ ရှုပ်ကြ

www.burmeseclassic.com

www.burmeseclassic.com



လွန်းလျှင်တော့ အညာသားကြီး ဗိုလ်ခင်မောင်ကလေးက "ညည်းတို့ တော်ရာ သွားကြဦး။ ကျုပ် အလုပ် လုပ်ရဦးမယ်"ဟု နှင်လွှတ်ရသည်။

သူ့စာအုပ်စားပွဲပေါ်တွင် စာအုပ်တွေ ဖိုင်တွဲတွေအပြည့်။ မာ့က်စ်ဝါဒ စာအုပ်တွေ၊ ဗုဒ္ဓဘာသာ သာသနာရေးစာအုပ်တွေ၊ အုပ်ချုပ်ရေး၊ နိုင်ငံရေး စာအုပ်တွေ။ ဗိုလ်ခင်မောင်ကလေးသည် ဘာသာကို ကိုးစားသည်။ ဒီမိုကရေစီကို ယုံကြည်သည်။ သူ၏ဒီမိုကရေစီနှင့် ဆိုရှယ်လစ်ဝါဒသည် ဗုဒ္ဓဘာသာနှင့်ယှဉ်၍ ညှိ၍ထားပြီးသော ဝါဒလမ်းစဉ်ဖြစ်သည်။ ထိုဝါဒကို တိုင်းပြည်၌ပျံ့နှံ့ရအောင် ဆိုလျှင် အိမ်တိုင်းမှာ လက်ခံလိုက်နာကြမှ အိမ်ရာတွေက ပိုလျှံ၍ တိုင်းပြည်သို့ ပျံ့မိ ငုံမိမည်ဟု သူ ယူဆသည်။ ထို့ကြောင့်လည်း ဗိုလ်ခင်မောင်ကလေးနှင့် တက္ကသိုလ်ကျောင်းမှ မိတ်ဆွေဟောင်း ငယ်ကျွမ်းဆွေ ဇနီးသည် ဒေါ်သိန်းနုတို့၊ ဖိုးသိကြားတို့၊ ဖိုးမင်္ဂလာတို့၊ မယ်သကြာတို့သည် သာယာသော ဒီမိုကရေစီ အိမ်ထောင်ကို ဝိုင်း၍ထူထောင်နေကြပါသည်။

▢

www.burmeseclassic.com



## ဦးထွန်းဝင်း

### (ပြန်ကြားရေးဌာနဝန်ကြီး)

### (၃၁ ဒီဇင်ဘာ ၁၉၁၇ – ၁၉၇၀)

အစိုးရအဖွဲ့ဝင် မြန်မာခေါင်းဆောင်များသည် ဘယ်လိုပုဂ္ဂိုလ်မျိုးဖြစ်ကြပါသနည်း။ အဘယ်အသိုင်းအဝိုင်းများကြားမှ ပေါ်ထွက်လာကြပါသနည်း။ အဘယ်အလေ့အကျင့်မျိုးနှင့် အဘယ်အတွေ့အကြုံမျိုး ရှိထားကြပါသနည်း။ အဘယ်ပုံရုန်းကန်လှုပ်ရှားလာခဲ့ကြ၍ အဘယ်အနစ်နာခံမှုမျိုးကို အတူတကွ ခံယူခဲ့ကြဖူးပါသနည်း။

ဤမေးခွန်းများကို ဖြေဆိုရမည်ရှိသော် ၎င်းတို့အနက် များစွာသော ပုဂ္ဂိုလ်များကိုယ်တိုင် ခေါင်းဆောင်မှုပေးသူကပေး၍ ကိုယ်ဖိရင်ဖိပါဝင်ဆင်နွှဲသူက ဆင်နွှဲခဲ့ကြသော ၁၉၃၆ ခုနှစ် ကျောင်းသားသပိတ်ကြီး ဖြစ်ခဲ့သည်မှအစ ယခု မြန်မာ့ခေါင်းဆောင်အများအပြားပင် အေးအတူပူအမျှ တစ်လှေတည်းစီး၍ တစ်ခရီးတည်း ထွက်လာခဲ့ကြသူများ ဖြစ်ကြကုန်၏။ အနစ်နာခံကြရာတွင်လည်း အတူတူ၊ တိုက်ပွဲဝင်ကြရာတွင်လည်း အစုမကွဲခဲ့ကြပေ။ ယင်းသပိတ်ကြီးမှအစ ဖွဲ့နှောင်ရစ်ချည်လာခဲ့ကြသော သွေးစည်းမကြီးသည် နှစ်ကာလရွှေ့လျားလာခဲ့သည့်တိုင်အောင်ပင် အစည်းမပြေ မသွေမကွဲ ရှိနေခဲ့ပေ၏။ သပိတ်ကြီး ပြီးခဲ့သည့်နောက်၌ ၎င်းတို့၏နှလုံးအိမ်အကြားတွင် တောက်လောင်လျက်ရှိခဲ့သော အမျိုးသားစိတ်ဓာတ်မီးလျှံသည်လည်း ငြိမ်းမှိန်၍ မသွား။ သံမဏိပြင်းထန်သည်ထက်သာ သံမဏိပြင်းထန်၍ လာခဲ့ပေ၏။ များစွာသော ခေါင်း

www.burmeseclassic.com

www.burmeseclassic.com



ဆောင်များအဖို့ရာ၌ သပိတ်အရေးတော်ပုံသည် ခရီးလမ်း၏ အဆုံးမဟုတ်ချေ။ ခရီးလမ်း၏ အစသာလျှင် ဖြစ်ခဲ့ပေသတည်း။

သပိတ်ကိစ္စပြီးဆုံးသွားသည့်နောက်၌ လူငယ်များအဖို့ နိုင်ငံရေးလုပ်ငန်းမှတစ်ပါး အခြားဆောင်ရွက်စရာလုပ်ငန်း မရှိတော့ချေ။ အချို့သော ကျောင်းသားများကား နောင်သောအခါ မြန်မာနိုင်ငံဝန်ထမ်း (ဘီစီအက်စ်)ဟူ၍ ဖြစ်လာသည့် ထိုခေတ်အဖို့ သွားရည်ကျလောက်သော "အိုင်စီအက်စ်"ဘဝမျိုးကို ချိန်ဆဲ၊ မှန်းဆဲပင် ရှိကြပေသေး၏။ သို့သော် ၎င်းအာသာဆန္ဒမှာ ချိုးနှိမ်၍ မရနိုင်လောက်အောင် ပြင်းပြခြင်းကား မရှိလှပေ။ ကျောင်းသားသပိတ်ကြီးနှင့် နိုင်ငံရေးတိုက်ပွဲများသည် "အိုင်စီအက်စ်" ဖြစ်ချင်ကြသော စိတ်များကို ချိုးနှိမ်၍ ပစ်ခဲ့နိုင်ကြလေသည်။ ဤဆန္ဒမျိုးမှာ ဖြစ်ရိုးဖြစ်စဉ် ဆန္ဒမျိုးသာ ဖြစ်ပေသည်။ ဆင်စီး၍ မြင်းရံသည်ကိုသာ ကြည့်လိုကြသော မိဘနှင့် ချစ်သူတို့၏ဆန္ဒမှ မထင်မရှား အရောင်ဟပ်သွားခဲ့မိကြခြင်းများသာ ဖြစ်ပေသည်။ တစ်နည်းဆိုရသော် "အိုင်စီအက်စ်"များ ရေပန်းစားနေသော ခေတ်ဖြစ်သဖြင့် ထိုခေတ်၏ ကွယ်ပျောက်လုဆဲ အလေ့အထတစ်ခုကို အားကျမိခြင်းမျှသာ ဖြစ်ပေသတည်း။

ဤသို့ဖြင့် တက္ကသိုလ်တွင် ဒီဂရီဘွဲ့ထူးများ ယူသူကယူကြ၍ မည်သည့် ဒီဂရီမျှမယူဘဲ တက္ကသိုလ်နယ်မြေမှ ထွက်ခွာသွားသူတို့ကလည်း ထွက်ခွာသွားခဲ့ကြပေသည်။ သူတို့သည် ပင်နီကိုဝတ်ကြ၏။ ဂန္ဒီဦးထုပ်ကို ဆောင်းကြ၏။ နိုင်ငံရေး စာအုပ်ထူထူကြီးများကို ဖတ်ကြပြီး စကားကို အမျှင်မပြတ် ပြောလာကြလေသည်။ သူတို့ကဲ့သို့ နိုင်ငံရေးစိတ်ဓာတ်တက်ကြွ၍ မနေသူများအဖို့၌ကား သူတို့အစား အလိုလို စိတ်မောလူမောဖြစ်လာရုံမက တစ်နည်းအားဖြင့် ရယ်စရာကြီးပင် ဖြစ်နေပေတော့၏။

သူတို့ကား တို့ဗမာအစည်းအရုံးဝင် သခင်များဖြစ်၍နေကြပေပြီ။ သို့တည်းမဟုတ် တို့ဗမာအစည်းအရုံးကို လိုလားသူများ ဖြစ်၍နေကြပေပြီ။ သွားလေရာအရပ် ရောက်လေရာဌာနသို့ မြန်မာတစ်ပြည်လုံးကို (မြန်မာ့အရေးတစ်ခုလုံးကို) ကျောပိုးသယ်ယူ၍ သွားနေကြတော့၏။ "သိပ်"အရေးကြီးနေကြတော့၏။ "သိပ်" ကြီးကျယ်နေကြတော့၏။

"ဘီအိုင်အေ"ဟူ၍ ခေါ်ဆိုကြသော ဗမာ့လွတ်လပ်ရေးတပ်မတော် ဝင်၍လာသောအခါ သူတို့သည် ဘီအိုင်အေအလံတော်အောက်သို့ ပြေးဝင်



စုရုံးကြပြီး အထက်ပိုင်းစစ်ချီရေးတွင် ပါဝင်လိုက်ကြလေသည်။ တော်လှန်မှုဖြစ်လာပြန်သောအခါ၌ ပခုံးတွင် ရိုင်ဖယ်ကိုလွယ်၍ ချိုင်းအောက်၌ နိုင်ငံရေးသဘောတရားစာရွက်များနှင့် ကြေညာစာတမ်းများကို ညှပ်လျက် တောဝင်ကြရပြန်၏။ သူတို့သည် ကြွေးကြော်သံများကို တရိုက်မက်မက် မြိန်ရေရှက်ရေ ဟစ်ကြွေးကြကုန်၏။ ခုံဖိနပ်များကို ဂုဏ်ယူ၍ စီးကြ၏။ သူတို့၏အလုပ်ကိုလည်း နှစ်နှစ်ခြိုက်ခြိုက် ယုံယုံကြည်ကြည် ဆောင်ရွက်ခဲ့ကြလေသည်။

လူရည်ခြားသူများအဖို့ ဘုရင်ခံအိမ်တော်မှ လက်ဖက်ရည်ပွဲ ဖိတ်စာရဖို့လောက်ကိုသာ လည်တဆန့်ဆန့်ရှိနေကြ၍ လင်ဈေး မယားဈေးတွင်လည်း ဈေးကောင်းမိဖို့လောက်ကိုသာ ကြည့်သူက ကြည့်နေကြသော အချိန်၌ လူငယ်ခေါင်းဆောင်များမှာကား မတူတရူ စာအုပ်များကို ဖတ်ရှုလျက်လည်းကောင်း၊ အာဂစိတ်ကူးကြီးများကို ထုတ်နေကြလျက်လည်းကောင်း၊ အကြံအစည်ကြီးအကြံအစည်ကလေးများကို စီမံစိုင်းပြင်းလျက်သာလည်းကောင်း အချိန်ကိုတရွေ့ရွေ့ကုန်စေလျက် ရှိပေ၏။ သူတို့လုပ်ခဲ့သမျှ မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ၊ အမြင်ကျယ်သည်ဖြစ်စေ၊ အမြင်တိုသည်ဖြစ်စေ၊ နိုင်ငံရေးပါးဝသည်ဖြစ်စေ၊ မဝသည်ဖြစ်စေ သူတို့၏လုပ်ငန်းကို အက္ခရာတင်ခဲ့ကြရပေပြီ။ သူတို့အဖို့အရာ၌ ကိုယ်လုပ်နေသော အလုပ်တွင် တစ်စုံတစ်ရာ စနိုးစနောင့်လည်း မဖြစ်၊ သို့လော သို့လောလည်း မဖြစ်၊ ဇဝေဇဝါလည်း မဖြစ်ခဲ့ကြပေ။ အခြားသူများမှာမူ သူတို့ကဲ့သို့ မလုပ်ခဲ့ကြသည်သာမက လုပ်နေသော သူတို့ကိုပင် သရော်လှောင်ပြောင်၍ နေလိုက်ကြသေး၏။

သို့ဖြစ်၍ အလုပ်လုပ်လာခဲ့သူများက ယနေ့ ခေါင်းဆောင်တက်၍ ဖြစ်နေကြသောအချိန်တွင် သူတို့လို လုပ်၍မလာကြသူများမှာ ဗိုလ်နေမြဲ ကျားနေမြဲဘဝ၌သာ ရှိနေကြတော့၏။ ဦးထွန်းဝင်းမှာ ဆိုခဲ့သော ၁၉၃၆ ခုနှစ်၏ နိုင်ငံရေး ကျောင်းထွက်တစ်ဦးပင်ဖြစ်၍ ထိုကျောင်းတော်ကြီး၏ စာမေးပွဲကို အောင်မြင်လာခဲ့သူပင် ဖြစ်ပေ၏။ ဤသို့သော အသိုက်အဝန်း၊ ဤသို့သော ပတ်ဝန်းကျင်၊ ဤသို့သော နောက်ခံတို့ဖြင့် ပေါက်ဖွားဖြစ်ပေါ်လာသူတစ်ဦးပင် ဖြစ်ပေ၏။ ဤတွင်ရွေ့ကား ဦးထွန်းဝင်း၏ ဇာတ်လမ်း အကျဉ်းချုပ် အချီးနိဒါန်းဖြစ်ပေသတည်း။

•

www.burmeseclassic.com

www.burmeseclassic.com



ထွန်းဝင်းကလေးကို ၁၉၁၇ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ထားဝယ်မြို့၌ ဖွားသန့်စင်ခဲ့ပေသည်။ ယနေ့တိုင် အသက်ထင်ရှားရှိလျက်နေသော သူ၏ဖခင် ဦးပိန်မှာ ဆန်စက်ပိုင်ရှင် ကုန်သည်တစ်ဦးဖြစ်၏။ အမိဖြစ်သူ ဒေါ်လန်းမှာ ထွန်းဝင်းကလေး အခါလည်သားက ကွယ်လွန်ခဲ့သဖြင့် အမေနှင့် ကြာရှည် အတူမနေခဲ့ရရှာချေ။ သို့ဖြစ်၍ ဖခင်ဖြစ်သူမှာ ထိုဇနီးမှ ကျန်ရစ်ခဲ့သည့် ကေပုတ္တ မနုရကွေ့ တစ်ဦးတည်းသော မိတဆိုးကလေးကို ပို၍ ချစ်ရတော့၏။

ထွန်းဝင်းကလေးသည် ငါးသိုင်းချောင်းမြို့ အမျိုးသားကျောင်း၌ ကျောင်းစ၍နေပြီး အဆိုပါ မူလတန်းကျောင်းမှတစ်ဖန် ပုသိမ်မြို့သို့ ပြောင်း၍ အမျိုးသား အထက်တန်းကျောင်းတွင် နေခဲ့လေသည်။ ဉာဏ်ကောင်းသူတစ်ဦးဖြစ်သည်နှင့် အညီ ၁၀ တန်းစာမေးပွဲ အောင်သည်အထိ ခက်ခက်ခဲခဲ မရှိလှဘဲ မှန်မှန်ကြီးအတန်းတက်လာခဲ့ကာ ယူနီဗာစီတီ တက္ကသိုလ်သို့ ရောက်ခဲ့ပြန်၏။ တက္ကသိုလ်တွင် သူသည် ဝိဇ္ဇာဘာသာကိုယူခဲ့၍ "အိုင်အေ" စာမေးပွဲကို တစ်နှစ်တည်းဖြင့် အလွယ်ကလေး ခုန်လွှားကျော်နင်းနိုင်ခဲ့လေသည်။ အကြောင်းမူ သူသည် "အထူးတန်း"ကျောင်းသားတစ်ဦး ဖြစ်သောကြောင့်တည်း။

"စကောလားရှစ်"ထူးချွန်ဆုကို ပိုက်၍သူသည် ဘီအေတန်းသို့ တက်ခဲ့ပြန်သောအခါ "ဂုဏ်ထူး"တန်း၌ တစ်နေရာ ချီးမြှင့်ခြင်းခံရပြန်၏။ သို့ဖြင့် ဘီအေ(ဂုဏ်ထူး)နှင့် အိုင်စီအက်စ် ဖြစ်နိုင်ဖို့လမ်းသည် သူ့အဖို့ ချောချောမောမောကြီးဖြောင့်ဖြူးနေသယောင် ရှိနေလေတော့၏။ သို့သော် ခေတ်ကား ပြောင်းလဲလျက် ရှိနေပေပြီ။ ခေတ်ပြောင်းသလို တက္ကသိုလ်လောကသည်လည်း ပြောင်းလဲ၍ လာနေပေ၏။ ကျောင်းသားများထဲ၌ အင်းလျားဆောင်၏ (ကျောင်းသူများ)ညို့ဓာတ်တွင်နစ်ကာ "အိုင်စီအက်စ်"လမ်းကို သဲသဲမဲမဲ လိုက်နေကြသူများ ရှိသေးသည်ကား မှန်၏။ သို့သော် ကျောင်းသားထုအသစ်ထဲ၌ ကျော်ငြိမ်း၊ ခင်မောင်ကလေး၊ လှမောင် အစရှိကုန်သော မီးခဲများလည်း မီးရဲစပြု၍ နေပေပြီ။ စပ်မိနေပုံကား ဤ ၃ ယောက်စလုံးပင် မန္တလေးကျောင်းထွက်များ ဖြစ်နေခြင်း ဖြစ်လေ၏။

စကောလားရှစ်ထူးချွန်ဆုဖြင့် တက်၍လာခဲ့သော ကျောင်းတော်သားကြီးကိုထွန်းဝင်းအဖို့ ကြုံဆုံနေရပုံတစ်ခုကား စာအုပ်နှင့်မျက်နှာခွာ၍ မဖြစ်အောင် ကြိုးကြိုးကုတ်ကုတ် အားထုတ်ရမည့် ဂုဏ်ထူးတန်းစာမေးပွဲအတွက် ကာလကြီးက သောင်းကျန်းဆူပူလွန်းအားကြီး၍ နေခြင်းပင်ဖြစ်ပေ၏။ သူအဖို့၌



သူ၏ အပေါင်းသဟာယများမှာ အားကျစရာလည်း ကောင်းနေ၏။ စိတ်နှောက်ကျိစရာလည်း ကောင်းလှ၏။ ၁၉၃၆ ခုနှစ် ကျောင်းသားသပိတ်ကြီးသည် ကိုထွန်းဝင်း၏ ကံကြမ္မာကို အဆုံးအဖြတ်ပေးလိုက်လေတော့၏။

"ကျွန်တော့်ရဲ့ အဆောင်မှူး ဦးကာကို ကျွန်တော် အင်မတန်ရိုသေလေးစားပါတယ်။ စာလည်း သိပ်ကျက်ချင်ပါတယ်။ ဒါပေမဲ့ အရေးတော်ပုံရဲ့ ခေါ်သံကို ကျွန်တော် ဘယ်နည်းနဲ့မှ လျစ်လျူရှုမနေနိုင်တော့ဘူး။ ယူနီဗာစီတီ ဥပဒေနဲ့ ဦးချိုထဲသွေးရောက်နေကြတဲ့ မျက်နှာဖြူကထိက အချို့ကိုလည်း ကြည့်မရတော့ဘူး။ အဲဒါနဲ့ ကျွန်တော်လည်း သပိတ်စခန်းကို ပြောင်းသွားခဲ့တယ်"

ကိုထွန်းဝင်းသည် သပိတ်စခန်း၌ ကိုနုနှင့် လူငယ်သစ်တစ်စုကို ဆုံစည်းရလေသည်။ ထိုသပိတ်စခန်း၌ သူ၏နိုင်ငံရေးခရီးစဉ်သည် အစပြုခဲ့လေသည်။

၁၉၃၇ ခုနှစ်၌ ကိုထွန်းဝင်းသည် ဘီအေဂုဏ်ထူးတန်းနှင့်တကွ အိုင်စီအက်စ်ဖြစ်ချင်သမျှသော အာသာဆန္ဒများကို စွန့်လွှတ်လိုက်ပြီး ဘီအေ ဒီဂရီ ရိုးရိုးကိုသာ ယူငင်လိုက်လေသည်။ သူ၏ကံကြမ္မာသည် အိုင်စီအက်စ်ဘဝ လမ်းကြောင်းခရီးတွင် မမွေ့လျော်။ အခြားခရီးလမ်းတစ်မျိုး၌သာ ရှိနေလေပြီကို သူနားလည်လေသည်။ ထို့ပြင် သူသည် သူ့ကိုယ်သူ နားလည်သူလည်း ဖြစ်လေသည်။ စိတ်ထွေစရာများကား များပြားလှ၏။ စာမေးပွဲဖြေရခြင်းများနှင့် ဘွဲ့ထူးယူရခြင်းများမှာ သူ့အဖို့ခက်ခဲခြင်း မရှိလှပေ။ သို့သော် သူကား တစ်ဖြစ်လဲခဲ့ပေပြီ။ စာအုပ်များ၌ အာရုံစိုက်၍ မရတော့ပေ။ သူ့အာရုံများမှာ အသည်းလှိုက်ဖိုစရာကောင်းလှသော လွှင်တီးပြင်ကျယ်ကြီးထဲ၌သာ လွင့်ပါးရောက်ရှိနေလေတော့သည်။ နိုင်ငံရေးလွင်တီးပြင်နှင့် ဘဝလွင်တီးပြင်ကြီးများပင်တည်း။

သူသည် ဥပဒေတန်းကို ကြိုးကြားကြိုးကြား တက်ခဲ့ပြန်သည်။ သို့သော် မကြာမီပင် လက်လွှတ်လိုက်ပြန်၏။ နောက်တွင် သူချစ်သော မိန်းကလေးကို လက်ထပ်၍ ယူလိုက်လေသည်။ မင်္ဂလာဆောင်လေလံဈေး၌ အများဆုံး ဈေးတက်၍ ပေးမည့်သူကို မရှာဖွေ၊ မစောင့်လင့်၊ မဖိတ်ခေါ်ခဲ့ပေ။ သူ့ဆန္ဒမှာ ကိုယ့်အိုးကိုယ့်အိမ်ကလေးဖြင့် အိမ်တစ်ဆောင်မီးတစ်ပြောင် နေချင်လာခြင်းသာ ဖြစ်၏။

၁၉၃၇ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂ၌ ဘဏ္ဍာရေးမှူးဖြစ်ခဲ့သည်။ ပြိုင်ဘက်မရှိ အရွေးခံခဲ့ရလေသည်။ ထိုနှစ်က သမဂ္ဂဥက္ကဋ္ဌမှာ

www.burmeseclassic.com

www.burmeseclassic.com



ကိုလှမောင်[၁] ဖြစ်၏။ သို့သော် တက္ကသိုလ်မှာ ကိုထွန်းဝင်းအဖို့ ကျဉ်းမြောင်း၍ နေလေသည်။ သူသည် ကျယ်ပြန့်သော လောကကြီးအတွင်းသို့ထွက်၍ လောက၏အတွေ့အကြုံကို ရှာချင်၍နေလေပြီ။ ဤစိတ်ကူးဖြင့် သူသည် ဝင်ငွေနည်းလှသော ကျောင်းဆရာအလုပ်ကို ဝင်၍လုပ်ခဲ့လေသည်။ သူဖြစ်ချင်နေသော အလုပ်မျိုးအတွက် သူ့စိတ်တွင် ဒွိဟဖြစ်နေခြင်းမျိုး မရှိပေ။ ကျောင်းဆရာအလုပ်ကို သူဝင်လုပ်ခြင်းမှာ ဤအလုပ်ဖြင့် တစ်သက်လုံး ရိုးမြေကျနေတော့အံ့ဟု ရွေးချယ်လိုက်ခြင်း မဟုတ်ပေ။ သူသည် ပန်းတနော်မြို့ ဗုဒ္ဓဘာသာအထက်တန်းကျောင်း၌ အထက်တန်းပြဆရာ သွားလုပ်နေ၏။ သူ့အပေါင်းသဟာယမှာ အမျိုးသားအထက်တန်းကျောင်း ကျောင်းဆရာ ဦးသန့်[၂] ဖြစ်ပေသည်။ ဦးနုသည် ဥပဒေတန်းတက်ရန် တက္ကသိုလ်သို့ပြန်ခဲ့၍ ၁၉၃၆ ခုနှစ် ကျောင်းသားသပိတ်ကြီးကို ဦးမဆောင်မီ အဆိုပါကျောင်း၌ပင် ကျောင်းဆရာအဖြစ် အမှုထမ်းခဲ့ဖူး၏။

မည်သို့ပင်ဖြစ်စေ ဦးထွန်းဝင်းမှာ ပန်းတနော် ဗုဒ္ဓဘာသာအထက်တန်းကျောင်း၌ ကြာရှည်မမြဲခဲ့ချေ။ လအနည်းငယ်မျှလောက်သာ အလုပ်လုပ်ခဲ့ရ၏။ မကြာမီ "အောင်ကျော်"အရေးတော်ပုံကြီး ပေါ်ခဲ့၍ ၁၉၃၈ ခုနှစ် ကျောင်းသားလှုပ်ရှားမှုကြီး ဖြစ်ပေါ်လာသောအခါ၌ ၎င်း၏ကျောင်းမှ ကျောင်းသားများလည်း သပိတ်မှောက်၍ ဆန္ဒပြကြသည်တွင် ဦးထွန်းဝင်းအပေါ်၌ ကျောင်းသားများကို သပိတ်မှောက်အောင် လှုံ့ဆော်ပေးသည်ဟူသော ပြစ်တင်မှုကြီး ကျရောက်လာတော့၏။ ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးမှုများပြုလုပ်ပြီး လျှို့ဝှက်အစီရင်ခံစာများတင်လာ၏။ ဦးထွန်းဝင်းသည် ထိုကျောင်းမှ ထွက်ခဲ့ရကာ ရန်ကုန်သို့ ပြန်ခဲ့ရလေသည်။

မိတ္ထီလာ အမျိုးသားအထက်တန်းကျောင်းသို့ သွားရောက်ဖွင့်လှစ်ဆက်ခံရန်အတွက် ရန်ကုန်မှ မိတ်ဆွေများဖြစ်သော ဦးစိုးသိန်း[၃]နှင့် ဦးဘရှမ်း[၄] အပြင် အခြားအပေါင်းသဟာယများဖြင့် မိတ္ထီလာသို့ ထွက်ခွာလာခဲ့ကြကာ ထိုကျောင်းတွင် ဆရာအဖြစ် အမှုထမ်းနေခဲ့ရသည့် ရက်လများမှာ ဦးထွန်းဝင်းအဖို့ ပျော်ရွှင်စရာ အချိန်တစ်ချိန်ပင် ဖြစ်ခဲ့ပေ၏။ လူငယ်ကျောင်းဆရာများ

၁။ ယခုအခါ တရုတ်ပြည်တွင် သံအမတ်ကြီး ဖြစ်နေသည်။
၂။ ယခုအခါ ဝန်ကြီးချုပ် အတွင်းဝန် ဖြစ်နေသည်။
၃။ ဘီအေ၊ ဘီအယ်လ်။ ယခုအခါ ကျောင်းဆရာဖြစ်နေသည်။
၄။ ယခုအခါ ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့တွင် ဥက္ကဋ္ဌဖြစ်နေသည်။



သည် ထိုကျောင်း၌ ကိုယ့်မင်းကိုယ့်ချင်း ဖြစ်၍နေကြတော့သည်။ ကျောင်းသူကျောင်းသားများအား မိမိတို့ စိတ်တိုင်းကျ ပုံသွင်းပြုပြင်နိုင်ခွင့်ရ၍ နေကြ၏။ မည်သည့်အချုပ်အချယ်မှ မရှိခဲ့ပေ။ အားလုံးသည် သာသနာပြုပုဂ္ဂိုလ်များပမာ အားထုတ်ရွက်ဆောင်၍ လာခဲ့ကြရာ ကျောင်းကြီးသည်လည်း ၎င်းတို့၏ ပြုစုအုပ်ထိန်းမှုဖြင့် စည်ကားသိုက်မြိုက်လာခဲ့လေသည်။ ကျောင်းသူကျောင်းသားများမှာ ပျော်ရွှင်အားရလျက် ရှိကြတော့၏။ စာမေးပွဲအောင်စာရင်းများသည်လည်း ရာနိုင်နှုန်း တိုးတက်မြင့်မားလာခဲ့လေသည်။

သို့ရာတွင် ပျော်ရွှင်မှုသည် သူ့သဘာဝအတိုင်း တာမရှည်ခဲ့ပေ။ မကြာမီပင် စိတ်ဆိုးဒေါသထွက်လျက်ရှိသော စစ်ရိပ်စစ်ငွေ့အမှောင်တိုက်ကြီးသည် တရိပ်ရိပ်ပိတ်ဖုံး ယှက်သန်းလာခဲ့လေတော့သည်။ ဤတွင် သပိတ်မှောက်သမားများ၏ နိုင်ငံရေးသည် ပို၍ပို၍သာ အရေးကြီးလာလေဟန်ရှိသော တာဝန်များဆီသို့ ဦးလှည့်ရောက်ရှိသွားခဲ့၏။ လူငယ်ကျောင်းဆရာကလေးများကို ပြန်လည်စုရုံးခေါ်ငင်ဖို့နှင့် ၎င်းတို့အား တာဝန်ပေးအပ်ရန်ပင်ဖြစ်ပေသည်။

မန္တလေးမြို့ အမျိုးသားအထက်တန်းကျောင်း၌ ကျောင်းဆရာလုပ်နေသော ခင်မောင်ကလေးနှင့် တက္ကသိုလ်ကျောင်းသား ဘောလုံးသမား ဘခဲ* တို့သည် ပြည်သူ့တော်လှန်ရေးအတွက် စည်းရုံးရေးတာဝန်ဖြင့် ရန်ကုန်မှ တက်လာခဲ့ကြ၏။ ခုံဖိနပ်သံ တဂေါက်ဂေါက်ဖြင့် ကြွေးကြော်သံများ ပဲ့တင်ရိုက်ခတ်စေလျက်ရှိခဲ့ကြသော ကျောင်းသားများသည် ယခုအခါ ပိုမိုကြီးကျယ်မြင့်မားလှသော အလုပ်ကြီးတစ်ခုကို ရွယ်စူးရည်မှန်းခြင်းပြု၍ နေကြလေပြီတကား။ ပုန်ကန်ရေးနှင့် တော်လှန်ရေးလုပ်ငန်းများသည် သူတို့၏ အလုပ်တစ်ခု ဖြစ်လာလေပြီတကား။

ကျောင်းဆရာ ထွန်းဝင်းသည် တော်လှန်ရေး အကြံအစည်ကြီးထဲတွင် အလိုတူအလိုပါတစ်ဦး ဖြစ်လာခဲ့လေသည်။ သို့ဖြင့် မိတ္ထီလာကျောင်းဆရာအလုပ်မှ ဖဲကြဉ်ထွက်ခွာလာခဲ့ရပြန်၏။ စစ်ထဲသို့မဝင်မီ သူသည် ဖခင်ကြီးနေထိုင်လျက်ရှိသော ကနောင်မြို့သို့ ခေတ္တခဏ သွားရောက်နေထိုင်ခဲ့လေသည်။

ဦးထွန်းဝင်းသည် ရန်ကုန်မြို့သို့လာ၍ ဘီအိုင်အေဌာနချုပ်နှင့် ဆက်သွယ်ရာ ဗိုလ်ချုပ်အောင်ဆန်းက သယ်ယူပို့ဆောင်ရေးနှင့် စစ်ပစ္စည်းထိန်းသိမ်းရေး တာဝန်ကို ပေးအပ်ပြီး အထွေထွေဌာန၌ အမှုထမ်းစေလေသည်။ ဗိုလ်ထွန်း

* ယခုအခါ ဗမာ့တပ်မတော်တွင် လက်ဖတင်နင်ကာနယ် ဗိုလ်ဝင်းအမည်ဖြင့် ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝင်းကား တိုက်ရခိုက်ရသော အလုပ်များနှင့် စစ်ကို သဘောမကျနိုင်ခဲ့ပေ။ အထူးသဖြင့် မပြုသင့် မပြုထိုက်လှသော ရက်စက်ယုတ်မာမှုများနှင့် ဒေါသကြီးမှုများကို မလိုလားခဲ့ပေ။ သူကား စည်းရုံးရေးအလုပ်မျိုးနှင့် ဌာနကိုကိုင်၍ လုပ်နေရသော လုပ်ငန်းမျိုးကိုသာ နှစ်ခြိုက်လျက်ရှိ၏။

သူသည် ဘတ်စ်ကား အကျန်အကြွင်းများ၊ လှည်းများ၊ နှစ်လုံးပြူးသေနတ်များနှင့် ရိုင်ဖယ်သေနတ်များကို လှည့်လည်စုဆောင်းရသည့် အလုပ်နှင့် မြန်မာ့လွတ်လပ်ရေးတပ်မတော် အထက်ပိုင်း စစ်ချီရေးကိစ္စအတွက် လုံးပန်းရခြင်း အလုပ်များ၌ ပျော်မွေ့နှစ်ခြိုက်လှ၏။ သို့သော် ဘီအိုင်အေစစ်သားအချို့၏ ဟိတ်ဟန်ပြမှုနှင့် ၎င်းတို့၏ စိတ်မချမ်းသာစရာ အပြုအမူများကိုမူ သူသည် အော့နလုံးနာ၍ လာခဲ့သည်။ ကျောင်းဆရာခမျာ ရက်စက်ကြမ်းကြုတ်လှသည့် အမြင်မတော်မှုများကြောင့် နေမထိထိုင်မသာဖြစ်ရရှာ၏။

ဗိုလ်ထွန်းဝင်းမှာ ဧရာဝတီ မြစ်ညာအရပ် "တညောင်"ရွာ ရောက်သည့်အထိ ဗိုလ်ချုပ်အောင်ဆန်း၏လက်အောက်တွင် အမှုထမ်းကာ လိုက်ပါသွားရလေသည်။ စစ်တန်းကြီးမှာ စစ်တန်းရှည်ကြီးဖြစ်၏။ ကောလိပ်ကျောင်းသားများ၊ ကျောင်းဆရာများ၊ ကျောင်းသားများ၊ နိုင်ငံရေးသမားများ၊ တောင်သူလယ်သမားများအပြင် စိတ်အကြံအမျိုးမျိုးဖြင့် တပ်ထဲသို့ ဝင်ရောက်လာကြသူ အများအပြား ပါဝင်ပေသည်။ ဖုန်တထောင်းထောင်းထလျက်ရှိသော စစ်ကြောင်း၏ နောက်ပိုင်းတွင် သုံး၍မရတော့သည့် လေးလံလှသော ဂျပန်အမြောက်ကြီးများကို ဆွဲယူ၍လာကြလေသည်။

တပ်ကြီးချီတက်၍ လာခဲ့သည့်အခါ ဗိုလ်ထွန်းဝင်းသည် ဂျပန်အမြောက်များထက် သာလွန်ကောင်းမွန်သော လက်နက်ပစ္စည်းများကို စုစည်းရမိခဲ့၏။ သို့သော် "အထက်အမိန့်"က ဂျပန်အမြောက်များကို သယ်ယူ၍လာခဲ့ရမည်ဟု ဆိုထားသဖြင့် အမိန့်ကို ဖီဆန်ရန်ထက် အသေခံပစ်လိုက်မည်ဟူသော စစ်သွေးများ တက်ကြွလျက်ရှိသည့် ဘီအိုင်အေသည် အမြောက်ကြီးများကို အမိန့်အတိုင်းပင် တစ်ဆွဲတည်း ဆွဲယူသယ်ဆောင်၍ လာခဲ့ကြလေသည်။ သို့သော် ဧရာဝတီမြစ်ကို ဖြတ်ကျော်ကြရသည်နှင့် တစ်ပြိုင်နက် "အထက်အမိန့်"၏ အဆင်ခြင်ဉာဏ် ကင်းမဲ့လှပုံကို လက်တွေ့သိနားလည်လာခဲ့ကြတော့၏။ အမြောက်ကြီးများမှာ လေးလံလှသလောက် အသုံးမဝင်အရာမရောက်ဘဲ ၎င်းတို့ကို သယ်ယူနေရသည့် ဝဋ်ဒုက္ခကသာလျှင် ပိုမို လေးလံကြီးမားလာနေ



သည်ကို ရိပ်မိလာကြလေ၏။ သို့ဖြစ်၍ သူတို့သည် လမ်းတစ်လျှောက်လုံး သယ်ယူလာခဲ့ကြရသည့် "ဘိုးတော်လက်ထက်က" ပစ္စည်းကြီးများကို ဝမ်းနည်းစွာဖြင့်ပင် နှုတ်ဆက်ခွဲခွာ စွန့်ပစ်ထားခဲ့ကြရတော့သည်။

ဘီအိုင်အေနှင့်အတူ ချီတက်ရခြင်းဖြင့် ဗိုလ်ထွန်းဝင်းအဖို့ ပညာတစ်ခု ရရှိလာခဲ့ရပေသည်။ ဤပညာကား အခြားမဟုတ်။ မျက်နှာဖုံးများ ကွာကျခြင်းကို မြင်ရခြင်းဖြစ်၏။ ဥပမာဆိုရလျှင် ခရိုင်များတွင်ရှိသော သခင်အချို့သည် သေနတ်ကိုလွယ်၍ စစ်တိုက်လိုက်ဖို့ထက် အုပ်ချုပ်ရေးအရာရှိများ၊ ငြိမ်းချမ်းရေးကော်မတီဥက္ကဋ္ဌများ ဖြစ်ချင်သူကသာ များနေသည်ကို တွေ့ရှိလာခြင်းဖြစ်ပေ၏။ ဘီအိုင်အေစစ်တပ်ကြီး ဖြတ်သန်းချီတက်သွားရာ တစ်လျှောက်၌ ရွာခံရပ်ခံသခင်များက ဆီး၍တောင်းဆိုကြသောအရာမှာ "အာဏာ"ဖြစ်၏။ အုပ်ချုပ်ရေးအခွင့်အာဏာဖြစ်၏။ မင်းမူရေး တန်ခိုးအာဏာဖြစ်၏။ ပုလဲလက်ကိုင်တပ်ထားသော ပစ္စတိုသေနတ်များကို သူတို့၏ ခါးသိမ်ကလေးများတွင် ထိုး၍ ရင်တမော့မော့ ခေါင်းတမော့မော့နှင့် ဝင့်ကြွား ဟိတ်ထုတ်ကြဖို့ရန်ပင် ဖြစ်၏။ ကျောင်းတော်က ရန်စများကို ရှင်းလင်းသုတ်သင်ပစ်ကြရန်လည်း ဖြစ်၏။ အဆုံးစွန်အားဖြင့်ကား သူတို့အရပ် သူတို့ဒေသ၌ သေးနုတ် ပက်စက်လှစွာ ကိုယ်ပိုင်နိုင်ငံတော်ကလေးများ ထူထောင်တည်ဆောက်နိုင်ခွင့် တန်ခိုးအာဏာကို တောင်းဆိုကြတော့သည်။

ဘီအိုင်အေစစ်ချီမှုမှာ ဇာတ်လမ်း၏အဆုံး ဖြစ်မလာနိုင်သေးဘဲ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးအတွက် ဆက်လက်တိုက်ခိုက်ကြရဖို့ ရှိနေသေးကြောင်းကို ဗိုလ်ချုပ်အောင်ဆန်းနှင့် ၎င်း၏ရဲဘော်များ စဉ်းစားမိလာလေသည်။ သို့ဖြစ်သောကြောင့်ပင် ဗိုလ်ချုပ်နှင့် ဗိုလ်ထွန်းဝင်းတို့က သူတို့၏အပေါင်းအဖော်များနှင့် သခင်များအား ကိုယ့်အိမ်ကိုယ့်ရွာ ကိုယ့်အရပ်၌ တွယ်ကပ်၍ မနေစေလိုခြင်း ဖြစ်ပေသည်။ အိမ်ကိုပစ်၍ ၎င်းတို့နှင့်အတူ စစ်ထွက်ခဲ့ကာ စစ်၏အရသာကို မြည်းကြည့်စေချင်ကြသည်။ အဘယ်လက်နက်ကို အဘယ်ပုံကိုင်၍ အဘယ်ပုံ ပစ်ခတ်ရသည်ဟူသော စစ်လေ့ကျင့်မှုများကို ရရှိထားစေလိုပေသည်။ သို့နှင့်လည်း အချို့သော သခင်များမှာ ဗိုလ်ချုပ်တို့ဆန္ဒအရ စစ်ထဲသို့ ဝင်၍ လိုက်လာကြသည်ဟူ၍သာ ဆိုနိုင်သည်။ စင်စစ်သော်ကား သူတို့ကို စစ်ထွက်ရာသို့ "တရွတ်တိုက်"၍ ဆွဲခေါ်လာရပုံမှာ စောစောက လမ်းတစ်

www.burmeseclassic.com

www.burmeseclassic.com



လျှောက်တွင် လုံးလုံးသုံးမရသဖြင့် မင်းဝံတောင်ခြေ၌ ပစ်ထားခဲ့ရသည့် ဂျပန် အမြောက်အို အမြောက်ဟောင်းကြီးများကို အလေးခံပြီး ဆွဲယူလာခဲ့ရသည်နှင့် ဘာမျှမခြားလှတော့ချေ။

မျက်နှာဖုံးများ ကွာကျလာပုံများမှာ ဘီအိုင်အေ ကြိုဆိုရေးအတွက် ညတွင်းချင်း "သခင်"ဖြစ်လာသော နယ်ခံရပ်ခံနိုင်ငံရေးသမားများသာ မဟုတ်၊ "ကယ်တင်သူများ"အဖြစ်ဖြင့် ခပ်များများ ကြော်ငြာထားခဲ့သော ဂျပန်များ ကိုယ်တိုင်ပင်လျှင်လည်း မကြာမီပင် ဇာတိပြ၍ လာကြတော့သည်။ ဂျပန့်စစ် ဘက်မှာ ကောက်ကျစ်လှ၏။ ရိုင်းစိုင်းလှ၏။ သွေးခွဲအုပ်ချုပ်မှုတွင် တစ်ကြိမ်က "မာစတာဟောင်း" ဖြစ်ခဲ့ကြသည့် ဗြိတိသျှတို့လောက်နီးနီးပင် လိမ္မာပါးနပ်လှ ပေသည်။

ဘီအိုင်အေ တပ်တစ်တပ်ကို အုပ်ချုပ်၍ ချီတက်လာခဲ့သော ဗိုလ်ထွန်း ဝင်း၏တပ်သည် ညောင်ဦးမှတစ်ဆင့် မန္တလေးမြို့သို့ ရောက်ရှိလာသောအခါ နိုင်ငံရေး လုပ်ကြံမှုများနှင့် အာဏာလုပွဲများ ထောင်းလမောင်းထမျှ စတင်လျက် ရှိနေလေပြီကို တွေ့ရှိရတော့သည်။ မြန်မာနိုင်ငံရေးသမား အချင်းချင်းလည်း အာဏာလုနေကြ၏။ နိုင်ငံရေးသမားများနှင့် ပေါက်ဖွားစတပ်မတော်။ ဘီအိုင် အေနှင့် ဂျပန်။ ဤသို့ပင် တစ်ယောက်တစ်ပြန် အာဏာလုပွဲကို ဆင်နွှဲနေကြ တော့သည်။ တွေ့မြင်ရချက်မှာ စိတ်နောက်ကျိဖွယ်လိလိ ဖြစ်တော့၏။ ဗိုလ် ထွန်းဝင်းသည် သူ့တပ်ကို ကပျာကသီခေါက်၍ ဗန်းမော်သို့ ချီတက်ခဲ့မိ တော့သည်။

မေမြို့ကိုဖြတ်၍ ဝင်ခဲ့ကြသောအခါ ဂျပန်အားကိုး နိုင်ငံရေးသမား များနှင့် တွေ့ရပြန်တော့သည်။ ဗိုလ်ထွန်းဝင်းနှင့် သူ၏တပ်သားများသည် ဗိုလ်ချုပ်အောင်ဆန်းကို လိုက်၍ရှာကြ၏။ တွေ့လျှင် ဂျပန်၏ အစောင်အမ အကြည့်အရှုကို တမော့မော့မျှော်ကိုးနေကြသည့် အဆိုပါ နိုင်ငံရေးသမားများ၏ ရှေ့၌ ဗိုလ်ချုပ်အောင်ဆန်းကို ချီတက် အလေးပြုကြလေသည်။ ဤပုံအရွဲ့တိုက် ခဲ့ကြပြီးမှ ရှေ့သို့ ဆက်လက်ချီတက်ခဲ့၏။ တစ်လျှောက်လုံးမှာ ကျီးနှင့်ဖုတ်ဖုတ် ဖြစ်၍ နေလေသည်။ ရွာများမှာ ချန်ကေရှိတ်၏ ဝါပ်များဒဏ်ကြောင့် မွမွကြေ လျက်ရှိနေ၏။ တရုတ်တပ်များသည် ပြေးရင်းလွှားရင်း ရွာများကို ဝင်၍ မွှေနှောက်မီးရှို့ခဲ့ကြသဖြင့် ရွာသူရွာသားများမှာ ရွာတွင် မနေနိုင်ကြတော့ချေ။ တောတောင်များ ရှိရာသို့ ထွက်ပြေးခိုအောင်း၍ နေကြရပေပြီ။ ကပ်ဆိုက်နေ



ပုံကား စစ်ဘေးစစ်ဒဏ်အပြင် ဝမ်းရောဂါကပါ ဝိုင်းကူနှိပ်စက်နေပြန်ခြင်း ဖြစ်ပေ၏။ သို့ဖြစ်၍ မြင်မကောင်း ရှုမကောင်းဖြစ်နေသော အလောင်းများသည် လမ်းတစ်လျှောက်၌ ပြန့်ကျဲလျက်နေလေတော့သည်။ အသည်းဖိုစရာ စစ်ချီမှု တစ်ခုပင်ဖြစ်ပေသတည်း။

ဗိုလ်ထွန်းဝင်းသည် သူ့တပ်သားများကို ကောင်းမွန်စွာ ထိန်းသိမ်းလေ သည်။ စည်းကမ်းကို တင်းတင်းထား၏။ အစားကို ပူပူနွေးနွေး သန့်သန့်ရှင်းရှင်း စားစေ၍ ရေကိုလည်း ကျိုချက်ပြီးမှ သောက်စေလေသည်။ ဤသို့ဖြင့် ဗန်းမော် ရောက်သည်အထိ သူ့တပ်ထဲမှ တစ်ယောက်တလေမျှ အဖိတ်အစဉ်မရှိခဲ့ပေ။

ဗန်းမော်သို့ ချီခဲ့စဉ် လမ်း၌ သူ့မိတ်ဆွေကျောင်းနေဖက် သပိတ်မှောက် ရဲဘော် ဥပဒေတန်းသား ကျော်ငြိမ်းကို ခဏမျှတွေ့ခဲ့ရ၏။ ကျော်ငြိမ်းမှာ ဗမာ့တော်လှန်ရေးပါတီ၏ အထက်မြန်မာပြည် ခေါင်းဆောင်ဖြစ်၍ ဗန်းမော်သို့ သွားရောက်ခဲ့ပြီး မေမြို့တွင် ရှိနေသော အောင်ဆန်းနှင့် အခြားခေါင်းဆောင် များထံ မြန်မာ့နောင်ရေးကို ဆွေးနွေးဖို့ ပြန်ဆင်းလာခဲ့ခြင်း ဖြစ်၏။

စစ်ကြီးပြီးခဲ့လေသည်။ သို့မဟုတ် အချုပ်အားဖြင့် ဆိုရလျှင် တိုက်ပွဲ နိုက်ပွဲများ ရပ်စဲခဲ့လေသည်။ သို့ဖြစ်၍ ဗိုလ်ထွန်းဝင်းသည် ဗိုလ်ဘဝမှ ထွက် လိုက်၏။ စစ်တပ်မှခွာခဲ့၏။ မန္တလေးနှင့် မေမြို့တို့ကို နှုတ်ဆက်၍ အာဏာ လုပွဲများနှင့် ရာထူးရာပွဲများကို ကျောခိုင်းကာ ဖခင်ကြီးရှိရာ ကနောင်မြို့သို့ စုန်ချလာခဲ့လေသည်။ သူ့တာဝန်ကား ပြီးခဲ့ပေပြီ။

သူနှင့်အတူ သူ၏တပ်သားများအပြင် တုန်ကင်းတစ်စင်းအပြည့် လက် နက်မျိုးစုံလည်း ပါ၍လာလေသည်။ ဂျပန်ကို တိုက်ရလျှင် အသင့်ထွက်နိုင်ရန် အတွက် လက်နက်လူသူ စုစည်းခဲ့ခြင်းဖြစ်၏။ သို့သော် အချိန်ကား မရောက် လတ်သေးပေ။ စစ်တို့သည် ဆက်တိုက်ဖြစ်၍မနေ။ စစ်တစ်ခုပြီးလျှင် ထိုစစ်၏ အမြတ်ကို ဝေခြမ်းရပေဦးမည်။

သို့ဖြစ်သည့်အတိုင်း ဦးထွန်းဝင်းသည် စစ်ခေတ်အတွင်း၌ ကနောင်၌ပင် အေးအေးချမ်းချမ်း နေထိုင်ခဲ့လေသည်။ ဤသို့နေထိုင်ခဲ့ရင်း မိမိ၏တစ်သက်တာ ၌ ပထမဆုံးအကြိမ် ဖခင်ကြီး၏အလုပ်ကို ဝင်ရောက်ကူညီလုပ်ကိုင်နိုင်ခဲ့၏။ ထိုခေတ်က ငွေရှာနည်းမှာ မခက်ခဲလှချေ။ ပစ္စည်းတစ်ခုကို ဝယ်ယူ၍ သိုလှောင် ထားလိုက်လျှင် တက်ဈေးဖြင့် အမြတ်ပေါ်လာတော့၏။ တစ်နေရာမှ ပစ္စည်းကို တစ်နေရာသို့ပြောင်း၍ လက်လွှဲလက်ပြောင်းရောင်းရုံဖြင့်လည်း အမြတ်အစွန်း ကောင်းကောင်းရနိုင်သောခေတ် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကုန်သည် ဦးထွန်းဝင်းသည် သောက်တူကြီးတစ်စင်းတွင် ဆန်အပြည့်တင်၍ ကနောင်နှင့် ရေစကြိုကို ကူးသန်းနေ၏။ ထိုစဉ် ဗြိတိသျှ လေတပ်မတော်မှ "ကျွဲညီနောင်" အမည်ရ ဗုံးကြဲတိုက်လေယာဉ်များသည် မြစ်ကြောင်းနှင့် ကုန်းလမ်း၌ လှုပ်ရှားသွားလာနေကြသော မြင်မြင်သမျှ အရာဝတ္ထုတို့ကို ပစ်ခတ်ဖျက်ဆီးရန် နှစ်စင်းတွဲ နှစ်စင်းတွဲ ပေါ်ပေါက်လာတတ်သည့်အချိန်လည်း ဖြစ်ပေသည်။ ပူစရာဆို၍ ဤတစ်ရန်သာ ရှိနေ၏။ သို့သော် ၎င်း "ကျွဲကြီး"များ၏ ရန်ကို ရှောင်ရှားသောနည်းမှာ မခဲယဉ်းလှပေ။ ကောင်းကင်ကို အမြဲစောင့်ကြည့်နေပြီး လေယာဉ်ပျံမြင်ရသည်နှင့် တစ်ပြိုင်နက် လှေပေါ်မှ ခုန်ချ၍ ရေအောက်ခပ်နက်နက်၌ သတိနှင့်ငုပ်နေလိုက်လျှင် ရေမွန်းရုံမှတစ်ပါး ဘေးအားလုံးကင်း၏။ "ကျွဲညီနောင်"သည် ဂျပန်တို့ထက် အပေါင်းရ အသင်းရ ကောင်းသေးသည်ဟု ဦးထွန်းဝင်းက ထင်မိလေသည်။

ဂျပန်ခေတ်တစ်ခေတ်လုံး ဦးထွန်းဝင်းသည် ကနောင်အိမ်တွင် နေလိုက်၊ ဆန်လှေဖြင့် မြစ်ကြောင်းတွင် စုန်ဆန်သွားလာလိုက်လုပ်၍ နေလေသည်။ နိုင်ငံရေးထဲ၌ များများစားစားဝင်ရောက်လှုပ်ရှားခြင်းကား မပြုပေ။ ထိုအချိန်တွင် သခင်နှင့် "ဆင်းရဲသား" ပါတီဝင်များမှာ နေရာလုရင်း တစောင်းမဲမဲရှိနေကြ၏။ သခင်များက သူတို့၏ ဘက်တော်သား "ပညာတတ်"တို့ကိုသာ ရာထူးပေးချင်ကြရာ ဦးထွန်းဝင်းထံသို့လည်း အစိုးရအလုပ်ဝင်လုပ်ဖို့ ပြောလာကြသူများရှိလေသည်။ ထိုခေတ်ကား လူတိုင်း သခင်ဖြစ်နေသော ခေတ်ဖြစ်၏။ လူတိုင်း ဓားမဦးထုပ်ဆောင်း၍ ဓားမပါတီဝင်ဖြစ်နေသောခေတ် ဖြစ်လေသည်။ ၎င်းတို့သည် ရန်ကုန်သို့ သွားကြ၍ ပြန်လာသည်ဆိုလျှင်ပင် ရင်ဘတ်၌ မြားစိမ်း၊ မြားဝါ၊ မြားရွှေရောင်များ တဝင်းဝင်းနှင့် ဖြစ်၍လာကြတော့၏။ ဦးထွန်းဝင်းကား ဘယ်ကိုမှမသွား။ သူ့အိမ်တွင်ပင် သူကုပ်၍ နေလေသည်။ ရယ်လည်း ရယ်ချင်၍နေ၏။ သို့သော် သူသည် ပတ်မကြီးကို ထိုးဖောက်သူမျိုးကား မဟုတ်ပေ။ ရန်ကုန်က သူ့အား ခရိုင်အရာရှိတစ်ဦးအဖြစ် ရွေးချယ်လိုက်၏။ သူက စိတ်ဝင်စားမှုမရှိသောအခါ အခြားတစ်ယောက်က ဦးထွန်းဝင်း၏နာမည်ကိုယူ၍ ထိုရာထူးကို လက်ခံလိုက်လေသည်။

*

တော်လှန်ရေးကြီးဆင်နွှဲကြဖို့အချိန် ရောက်လာသောအခါ၌ကား တစ်မျိုးပြောင်းလဲ၍ သွား၏။ ဤအရေးတော်ပုံမှာ တစ်မျိုးသားလုံး၏ အရေးတော်ပုံကြီးဖြစ်၍



မလုပ်လျှင် မဖြစ်သော အလုပ်ကြီးဖြစ်ရာ ဦးထွန်းဝင်း ထွက်ပေါ်လာပြန်လေသည်။

သူသည် ကနောင်နယ်အတွက် တာဝန်ယူ၍ ကွပ်ကဲအုပ်ချုပ်ခဲ့၏။ ပြောက်ကျားများကို စုရုံး၏။ လက်နက်များကို တိတ်တဆိတ်သွင်းယူ၏။ သူ့နယ်နှင့် ကပ်၍နေသောအရပ်တွင်လည်း သူ၏ရဲဘော်ကြီးတစ်ဦးဖြစ်သော သခင်ချစ်မောင်သည် အလားတူတာဝန်ကြီးကို အောင်အောင်မြင်မြင်ကြီး ထမ်းဆောင်လျက် ရှိနေခဲ့လေသည်။ ထိုနယ်၌ သခင်ချစ်မောင်မှာ ခရိုင်နိုင်ငံရေးတာဝန်ခံဖြစ်၍ တပ်မတော်မှ ကပ္ပတိန်အောင်မင်းမှာ စစ်ရေးတာဝန်ခံဖြစ်လေသည်။ အောင်မင်းမှာ ကွန်မြူနစ်ပါတီဝင်ဖြစ်၏။ ကွန်မြူနစ်တစ်ယောက်ပီပီပင် သူသည် သူ့ကိုယ်သူ ကွန်မြူနစ်ပါတီဝင်ဖြစ်ကြောင်းကို ဖွင့်မပြောပေ။ သူ့အလုပ်ကား တောင်ပေါ်သို့တက်၍ ခံတပ် အခိုင်အလုံဆောက်ကာ ထိုခံတပ်ထဲမှ မထွက်ဘဲနေတော့ခြင်းပင်ဖြစ်၏။ သူ့နောက်သို့ ရှိသမျှသော လက်နက်ကိုင်အားလုံးကိုလည်း အပါခေါ်၍ သွားလိုက်သေး၏။ သို့မှသာလျှင် သူ့အသက်လုံခြုံရေးအတွက် ကိုယ်ရံတော်သက်တော်စောင့်များ ရပေလိမ့်မည်။ သူကား အရေးကြီးသော ပုဂ္ဂိုလ်ကြီးဖြစ်၏။ သို့ဖြစ်၍ နောင်လာနောက်သားတို့အတွက် သူ့ကို မှည့်တစ်ပေါက်မစွန်းအောင် ပေါင်းချောင်တွင် ထည့်၍ထားရပေလိမ့်မည်။ သူ့အနေဖြင့် အသက်ဘေးနှင့်နီးသော မအပ်ရာသည့် စွန့်စားမှုများကို မလုပ်သင့်။ သူ့အဖို့ ရှေ့အရေးများ အများကြီး ရှိနေသေး၏။ သမ္မတနိုင်ငံကြီး ပေါ်ထွန်းလာသော တစ်နေ့တွင် "ရဲဘော်အောင်မင်း"ကို ပြည်သူလူထု၊ သူ့လူထုက အလိုရှိလာလိမ့်မည် မဟုတ်ပါလော။

ဤသို့ဖြင့် ဟင်္သာတခရိုင်၌ ဆင်နွှဲခဲ့ရသော တော်လှန်ရေးသည် မည်သည့် အကူအညီမျှ မရခဲ့ပေ။ တကွဲတပြား ဖြစ်နေသော ပြောက်ကျားတပ်များကသာ မိမိတို့ဘာသာမိမိတို့ ဂျပန်ကို တိုက်ထုတ်ခဲ့ကြရကုန်၏။ အောင်မင်းက ဤအချိန်တွင် ဘာလုပ်နေသနည်း။ ဂျပန်ကို တိုက်နေသော ပြောက်ကျားများထံသို့ သူပုန်းနေသော တောထဲမှလှမ်း၍ ကွန်မြူနစ်စာပေများ ဖြန့်ချိ၍နေလေသည်။ ရံဖန်ရံခါ၌လည်း သူ၏နာမည်ကို "မင်းနောင်"မှ "မိုးညို" ဟူ၍ ပြောင်းလဲလိုက်သည် အစရှိသော ကြေညာစာတမ်းမျိုးကို ထုတ်ပြန်လေသည်။ ကျွန်ုပ်မှာ ဟင်္သာတခရိုင်တွင် ပြောက်ကျားများနှင့်အတူ ရှိနေသူဖြစ်ရာ

www.burmeseclassic.com

www.burmeseclassic.com



သူရဲကောင်းဗိုလ်ချုပ်ကြီးက သူ့စိတ်ရူးပေါက်တိုင်း ဤသို့ဤနှယ် သူ့နာမည်ကို အသစ်ပြင်၍ အဘယ်ပုံ မှည့်ခေါ်လိုက်ပြီဖြစ်ကြောင်း စာတစ်တန်ပေတစ်တန် နှင့် အခန့်သား ကြေညာစာပေးပို့လိုက်သည့်အခါများ၌ ပြောက်ကျားရဲဘော်များနည်းတူ ကျွန်ုပ်လည်း အော်ဂလီဆန်၍ လာမိပေ၏။ သို့သော် သူ့နာမည်သူ ဂျိုးဆက်စတာလင်ဟူ၍ပင် ပြောင်းပြောင်း၊ ဝင်စတန်ချာချီဟူ၍ပင် မှည့်မှည့် ကျွန်ုပ်တို့ကမူ လားလားမျှ အရေးမလုပ်ကြပေ။ ကျွန်ုပ်တို့ လိုချင်သောအရာကား သေနတ်နှင့် ရိက္ခာသာဖြစ်၏။ စစ်ရေးစစ်ရာ စာရွက်စာတမ်းများသာလျှင် ဖြစ်၏။ ဤပစ္စည်းများကား ဘယ်ကမျှ ရောက်မလာခဲ့ပေ။

လေးမျက်နှာမြို့ကို သိမ်းရာ၌လည်း အောင်မင်းမပါ။ ကနောင်မြို့ကို သိမ်းရာတွင်လည်း အောင်မင်းမရှိ။ ဦးထွန်းဝင်းပင် သိမ်းယူရ၏။ မြန်အောင်ကို သိမ်းရာ၌လည်း အောင်မင်းမပါလေ။ သခင်ချစ်မောင်ကသာ သိမ်းရ၏။ ဟင်္သာတမြို့တွင်းသို့ အောင်မင်းသည် အောင်ပွဲခံရန် ဒုက္ခိတဆင်ကျိုးကြီးတစ်ကောင်ကိုစီး၍ ဝင်လာသောအခါ၌ သူ့ပုံပန်းမှာ စစ်အောင်လာသောသူရဲကောင်းကြီးတစ်ယောက်နှင့်မတူ။ ဆပ်ကပ်ထဲက လူပြက်နှင့်သာတူတော့သည်။ သို့သော် သူမလုပ်ဘဲနေခဲ့သော အလုပ်များအတွက်ကား သူ့ကိုကျေးဇူးပင် တင်ရပေဦးမည်။ အကြောင်းမူ သူသည် သူ့ရဲဘောကြောင်ကြောင်နှင့် တောင်ပေါ်သို့တက်၍ ပုန်းနေခဲ့သည့်အတွက် ဟင်္သာတဘက်၌ ကွန်မြူနစ်ပါတီစည်းရုံးရေး လုပ်ငန်းများ လစ်ဟင်းခဲ့ရပေ၏။ သို့ဖြစ်သောကြောင့်ပင် ကွန်မြူနစ်တို့ လက်နက်ကိုင်၍ ဆူပူသောင်းကြမ်းကြသောအချိန်၌ ဟင်္သာတခရိုင်တွင် ကွန်မြူနစ်တို့၏ အင်အားမှာ ပိုးစုန်းကြူးလက်သလောက်မျှသာ ရှိခဲ့ပေတော့သည်။

*

တော်လှန်ရေးအပြီးတွင် ဖဆပလအဖွဲ့ကြီး ပေါ်ပေါက်၍လာလေသည်။ ဦးထွန်းဝင်းသည် စစ်ခေတ်အတွင်းက မွေးလာခဲ့သမျှသော အားတို့ကို ဖဆပလ လုပ်ငန်းများ၌ သွန်ထုတ်၍အသုံးပြုတော့သည်။ ဗြိတိသျှတို့လည်း ပြန်ရောက်လာကြပြီဖြစ်ရာ များစွာသော နိုင်ငံရေးသမားများမှာ ခေါင်းလျှိုကိုယ်ရှိန်သတ်၍ သွားကြလေသည်။ ဖဆပလအဖွဲ့ချုပ်ကြီးသာလျှင် လွတ်လပ်ရေးပန်းတိုင်ကို ဦးထိပ်ထား၍ အတိအလင်း ခုခံတိုက်ခိုက်လာခဲ့လေသည်။ ကွန်မြူနစ်တို့ကား ဗြိတိသျှတို့ကို လက်နှစ်ဖက်ဆန့်၍ ကြိုဆိုပြီး ဗြိတိသျှတို့၏ချစ်ကြည်မှု အကာအကွယ်ကိုခံယူကာ စမ်းချောင်း၌ ဌာနချုပ်ဖွင့်ကြလေသည်။



ကွန်မြူနစ်တို့သည် ဖဆပလ အဖွဲ့ချုပ်ကြီးကို အပိုင်စီး၍ ဖြစ်နိုင်လျှင် အပိုင်စီးကြလိမ့်မည်သာ ဖြစ်၏။ သို့သော် မစီးနိုင်ခဲ့ချေ။ ဖဆပလအဖွဲ့ချုပ်ကြီးကို ဖျက်၍ရလျှင်လည်း ဖျက်ဆီးပစ်ကြဦးမည်သာဖြစ်၏။ သို့သော် မဖျက်နိုင်ခဲ့ကြကုန်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် အပေါင်းပါ လူငယ်ခေါင်းဆောင်တစ်စုတို့၏ စည်းလုံးမှုမှာ အလွန်အမင်း တောင့်တင်းလျက် ရှိနေခဲ့ပေသည်။ ထို့ပြင် တိုင်းပြည်ကလည်း သူတို့ကို ထောက်ခံလျက် ရှိနေလေသည်။ ဤအဖွဲ့ချုပ်ကြီး၏ စည်းရုံးရေးလုပ်ငန်းများကို ရွာသိမ်ရွာငယ်မကျန် မြို့ပေါ်မှဆင်း၍ စီမံဆောင်ရွက်နေသူတို့အထဲတွင် ဦးထွန်းဝင်းလည်း တစ်ဦးအပါအဝင် ဖြစ်လေသည်။

*

ကျန်အပိုင်းများမှာ မကြာလတ်သေးသည့် သမိုင်းစဉ်အတိုင်းပင် ဖြစ်လေသည်။ တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲများ ကျင်းပသောအခါ ဦးထွန်းဝင်းမှာ ဟင်္သာတအလယ်ပိုင်းမှ ပြိုင်ဘက်မရှိ အရွေးခံခဲ့ရလေသည်။ သူကား ရွေးကောက်ပွဲတိုင်း၌ပင် ပြိုင်ဘက်မရှိ အရွေးခံရသည်သာဖြစ်၏။ တိုင်းပြုပြည်ပြုလွှတ်တော်မှ ခန့်ထားလိုက်သည့် ဖွဲ့စည်းအုပ်ချုပ်ပုံစည်းမျဉ်းဥပဒေရေးဆွဲရေး ကော်မတီ ၁၁၁ ဦးရှိသည့်အနက် သူလည်း တစ်ဦးအပါအဝင် ဖြစ်ခဲ့ပေသည်။

ထို့နောက် တစ်နိုင်ငံလုံး တုန်လှုပ်ချောက်ချားသွားခဲ့သော ဗိုလ်ချုပ်နှင့် အပေါင်းပါ ခေါင်းဆောင်တို့အား လုပ်ကြံသတ်ဖြတ်မှုကြီးဖြစ်ခဲ့၏။ ထိုစဉ်က ဦးထွန်းဝင်းသည် ကော်မတီအစည်းအဝေးများသို့ တက်ရန်အတွက် သူ၏မဲဆန္ဒနယ်မှ ရန်ကုန်သို့လာပြီး ဦးကျော်ငြိမ်း၏အိမ်တွင် တည်းခိုနေခိုက်ဖြစ်ပေသည်။ သခင်သာခင်သည် တုန်တုန်ယင်ယင်နှင့် လုပ်ကြံမှုသတင်းကို တယ်လီဖုန်းဖြင့် လှမ်းပြောနေ၏။ ထိုမှနောက်တွင်ကား အလုပ်စခန်း ဝင်ကြရခြင်းပင် ဖြစ်တော့၏။

ဦးကျော်ငြိမ်းသည် လုပ်ကြံမှုသတင်းကို ကြားရသည်နှင့် ချက်ချင်း ဇူးရစ်မြို့သို့ ရောက်နေရာမှ မြန်မာပြည်သို့ ပြန်ပြေးလာလေသည်။ သူနှင့်အတူ အလုပ်လုပ်ရန်အတွက် ဦးထွန်းဝင်းကို ရရှိခဲ့၏။ ဆောင်ရွက်စရာ လုပ်ငန်းတို့ကား များပြားလှတော့သည်။ ဦးစောနှင့်အပေါင်းပါတို့ကို မကြာချက်ချင်းပင် ဖမ်းဆီးရရှိခဲ့၏။ သက်သေခံ အလုံအလောက်ကိုလည်း အလွယ်တကူပင်ရရှိ

www.burmeseclassic.com



ခဲ့လေသည်။ သို့သော် ဦးစောကား သာမန်ရာဇဝတ်ကောင်တစ်ဦး မဟုတ်ချေ။ သူ့တွင် အဆက်အသွယ်ကောင်းများ ရှိထား၏။ တန်ခိုးရှိသူများ ရှိထား၏။ အစီအမံများ ရှိထား၏။ မျှော်လင့်ချက်များ ရှိထား၏။ မျှော်လင့်ချက် ထားနိုင်လောက်သော ယုတ္တိယုတ္တာများလည်း နိုင်နိုင်လုံလုံရှိထားသူ ဖြစ်လေသည်။

လုပ်ကြံမှုကြီးကို ခုံတင်၍ စစ်ဆေးကြားနာသွားရာတွင် မတရားသဖြင့် စစ်ဆေးသွားသည်ဟု သံသယဖြစ်စရာအကြောင်း စိုးစဉ်းမျှ မရှိရအောင်ပင် ဆောင်ရွက်သွားနိုင်ခဲ့ပေသည်။ ဗိုလ်ချုပ်ကို သတ်ခဲ့ကြသူများ မှန်လျက်နှင့် ၎င်းတို့အား တရားဥပဒေအတိုင်း ရုံးတင်၍ စစ်ဆေးကြားနာကြရ၏။ ဒေါသမပါ၊ စိတ်ရှည်လက်ရှည် အေးအေးလူလူပင် စစ်ဆေးကြားနာခဲ့ကြ၏။ နည်းလမ်းကျသော စည်းကမ်းမဲ့ အပြုအမူမှန်သမျှကို ခွင့်မပြု။ အဘယ်လုပ်ကြံမှုမျိုးကိုမှလည်း အောင်မြင်၍ မသွားစေရ။ တရားသောအဆုံးအဖြတ်ကိုသာ စီရင်ချမှတ်ရပေလိမ့်မည်။

ဤကိစ္စတွင် ဦးထွန်းဝင်းမှာ အနားမနေခဲ့ရပေ။ အင်းစိန်ထောင်၊ သာယာဝတီထောင်နှင့် ရန်ကုန်ထောင်များကို တစ်လှည့်စီ ပြေးလွှားနေခဲ့ရ၏။ ထောင်များလုံခြုံရေးအတွက် အစီအမံအကာအကွယ်များကို ပိုမိုတင်းကျပ်စေရသည်။ ယုံကြည်စိတ်ချရသော အထက်တန်းအရာရှိကြီးအချို့ကို ညဘက်၌ တစ်လှည့်စီ အစောင့်ချထားရ၏။ လုပ်ဆောင်ဖွယ်ရှိသမျှကို မလစ်လပ်စေရဘဲ လုပ်ဆောင်ပေးခဲ့ရလေသည်။ နောက်ဆုံး၌ ဦးစောနှင့်တကွ သူ၏သွေးဆောင်မှုဖြင့် လုပ်ကြံရာတွင် ပါဝင်ခဲ့သော တရားခံများကို ကြိုးပေးလိုက်၏။

အင်းစိန်ထောင်အတွင်းတွင် ကြိုးပေးသော ထိုနေ့နံနက်ခင်းက တရားခံများ မိမိတို့ပြစ်မှုနှင့်မိမိတို့ အပြစ်ဒဏ်ခံသွားကြပုံကို ဦးထွန်းဝင်းသည် သွားရောက်ကြည့်ရှုခြင်း မပြုခဲ့ပေ။ သူ့တာဝန်ကား ကုန်ခဲ့ပေပြီ။ ထို့ပြင် သူသည် အသတ်အဖြတ်များကို ကြည့်ချင်သူတစ်ဦးမဟုတ်ပေ။

*

ဦးထွန်းဝင်းမှာ မိမိအဖို့ မရှိလျှင် မဖြစ်သော လက်ရုံးတစ်ဆူဖြစ်နေကြောင်းကို ဦးကျော်ငြိမ်း တွေ့ရှိလာရလေသည်။ ၁၉၄၇ ခုနှစ်၌ ဦးကျော်ငြိမ်း ပြည်ထဲရေးဌာနဝန်ကြီးဖြစ်လာသောအခါ ဦးထွန်းဝင်းမှာ ပြည်ထဲရေးဌာန ပါလီမန်အတွင်းဝန်ဖြစ်လာ၏။ နိုင်ငံခြားရေးဌာနကို ပြောင်း၍ ကိုင်သောအခါ၌လည်း ဦးကျော်ငြိမ်းသည် ဦးထွန်းဝင်းကိုပါ အပါခေါ်ယူ၍သွားခဲ့သည်။ အင်ဒိုနီးရှားပြည်၌



ဒတ်ချ်တို့ ညှဉ်းပန်းကလူပြုနေမှုကို ရှုတ်ချခဲ့သည့် အာရှကွန်ဖရင့်တစ်ရပ်ကို အိန္ဒိယပြည်တွင် ကျင်းပခဲ့စဉ်အခါကလည်း မြန်မာနိုင်ငံကိုယ်စား တက်ရောက်ခဲ့သော ဦးကျော်ငြိမ်းနှင့်အတူ ဦးထွန်းဝင်းကိုပါ တွေ့ရပြန်လေသည်။ ဤစုံတွဲမှာ ပြည်တွင်းဆူပူသောင်းကျန်းမှုများ ဖြစ်လာချိန်၌ ခဏတာမျှကွဲ၍ သွားခဲ့၏။ ဦးထွန်းဝင်းမှာ အထူးရာဇဝတ်ဝန်ရာထူးဖြင့် ဟင်္သာတသို့ ပို့လွှတ်ခြင်းခံရသောကြောင့်ပင် ဖြစ်ပေသည်။

ထိုတစ်ပိုက်တွင် ထကြွနေသူတို့ကား ရဲဘော်ဖြူများဖြစ်၏။ ၎င်းတို့သည် မြို့ရွာတစ်ပိုက်၌ သောင်းကျန်းလျက်ရှိနေရာမှ ၎င်းတို့၏လှုပ်ရှားမှုကို ဦးထွန်းဝင်းသည် လက်တစ်ဆုပ်စာလောက်သာရှိသော သစ္စာရှိတစ်စုဖြင့် ထိန်း၍ထားခဲ့လေသည်။ ကာလမှာ ဆိုး၍လာ၏။ ရွှေပြည်အေးအဖွဲ့သည် ငြိမ်းချမ်းရေးအတွက် မေတ္တာရပ်ခံအံ့သောငှာ ဟင်္သာတသို့ ရောက်ရှိလာခဲ့သည်။ ၎င်းတို့၏ ဂါထာမန္တရားကား "သူပုန်တွေ ဝင်စေ၊ ထွက်စေ၊ မေတ္တာစိတ်ကို မွေးကြကုန်လော့" ဟူ၍ဖြစ်၏။

ထိုဂါထာကြောင့် သူပုန်များသည် ဝင်ကြထွက်ကြကုန်၏။ သေနတ်တရမ်းရမ်း၊ ရင်တကော့ကော့၊ ခေါင်းတမော့မော့နှင့် လမ်းသလားကြကုန်၏။ လုယက်တိုက်ခိုက်၍ ရလာသမျှသော ငွေများကို အိတ်ထဲတွင်အပြည့်ထည့်လျက် လက်ဖက်ရည်ဆိုင်များ၌ထိုင်ကာ ဟောင်ဖွာဟောင်ဖွာလုပ်နေကြကုန်၏။ ငွေများကို ပစ်ကြ၊ စွန့်ကြဲကြကုန်၏။ မင်းညီမင်းသားများ သုံးဖြုန်းသလို သုံးဖြုန်းနေကြတော့သည်။ ဤအခြင်းအရာကိုမြင်ရသော သစ္စာရှိအစိုးရတပ်သားများမှာ တွေဝေ၍ လာခဲ့ကြသည်။ တက်ကြွလျက် ရှိခဲ့သော စိတ်ဓာတ်များမှာ သူပုန်တို့လုပ်နေပုံကို မြင်ရသည့်နောက်၌ ဖိနပ်ကြားအထိ ကျဆင်း၍သွားကြတော့၏။ ရွှေပြည်အေးအဖွဲ့၏ စိတ်ရင်းကို ပြောဖွယ်မလိုပေ။ သို့သော် သူပုန်ထနေသောအချိန်မျိုး၌ အားကိုးရာမဲ့ မေတ္တာစိတ်သည် ရိုသေလေးစားမှုရှိအောင် မလုပ်နိုင်ပေ။ အားခွန်ဗလကသာလျှင် လုပ်နိုင်၏။ ဦးထွန်းဝင်းသည် စိတ်ပျက်လက်ပျက်နှင့် စိတ်မချမ်းမသာဖြစ်ရင်း ဟင်္သာတကို ခွာခဲ့ရလေသည်။

၁၉၄၉ ခုနှစ်၌ ဆိုရှယ်လစ်ပါတီဝင်များသည် အစိုးရအဖွဲ့မှ နုတ်ထွက်ခဲ့ကြ၏။ ၁၉၅၁ ခုနှစ် မေလတွင် ဦးထွန်းဝင်းသည် ဖဆပလ အဖွဲ့ချုပ်၏ ကြွေးကြော်သံ "မဏ္ဍိုင်"သတင်းစာကို စတင်တည်ထောင် ထုတ်ဝေခဲ့လေသည်။ အဖွဲ့အစည်းတစ်ခု၏ ကြွေးကြော်သံဖြစ်ကြောင်း အတိအလင်းထုတ်ဖော်၍

www.burmeseclassic.com

www.burmeseclassic.com




အာရှဆိုရှယ်လစ်ညီလာခံ၌ ဦးထွန်းဝင်း ဟောပြောနေပုံ



သတင်းစာတစ်စောင်ကို စတင်ထုတ်ဝေရသောအလုပ်မှာ ရဲရဲတောက် စွန့်စားမှုကြီးတစ်ခုပင် ဖြစ်တော့၏။ ဤစွန့်စားမှုမျိုးကို ရှေးကလုပ်ခဲ့ဖူးသူပေါင်း များလှပြီဖြစ်ရာ အောင်မြင်ခြင်း မရှိခဲ့ကြပေ။ တစ်ခုသောအကြောင်းကား မြန်မာနိုင်ငံ၌ လူများသည် ဝါဒဖြန့်မှုကို မကြိုက်မနှစ်သက်သောကြောင့်ပင် ဖြစ်၏။ အခြားအကြောင်းမှာလည်း သတင်းစာအလုပ်ကို နိုင်ငံရေးသမားများ နားမလည်ခြင်းနှင့် မိမိတို့ ဆိုလိုချင်သည့်အရာကို လူနားထဲသို့ သိမ်သိမ်မွေ့မွေ့ မပို့သွင်းတတ်ကြခြင်းများပင်ဖြစ်ပေသည်။

"မဏ္ဍိုင်"ကား အောင်မြင်ခဲ့၏။ အကြောင်းမှု ထုတ်ဝေသူ၌ သတင်းစာဟူသည် ပိုက်ဆံပေး၀ယ်ရသူအဖို့ ပိုက်ဆံပေးရကျိုးနပ်အောင်လည်း နှစ်သိမ့်စေနိုင်ရမည်။ အခြားအလုပ်အကိုင်များနည်းတူ အလုပ်သဘော၌လည်း စနစ်တကျဖြစ်စေရမည်ဟူသော အသိတရားမျိုး ရှိထားသောကြောင့်ဖြစ်၏။ အုပ်ချုပ်မှုအယ်ဒီတာ ဦးထွန်းဝင်းသည် ယခုပြန်ကြားရေးဌာနဝန်ကြီး ဦးထွန်းဝင်းဘ၀သို့ ရောက်သည်အထိ လျှို့ဝှက်ကလောင်နာမည်အမျိုးမျိုးဖြင့် ဆက်လက်၍ ရေးကောင်း ရေးနေဦးမည်ဖြစ်သကဲ့သို့ သူ၏"မဏ္ဍိုင်"တွင် သဘောအယူကွဲပြားခြားနားနေသော ပြဿနာအရပ်ရပ်ကို ရှာကြံရွေးချယ်လျက် မကြောက်မညာ ရဲရဲဝံ့ဝံ့ ရေးသား ဖော်ပြလာခဲ့လေသည်။ "မဏ္ဍိုင်"ကား တည်တံ့ခြင်း အဖြစ်သို့ ရောက်ခဲ့ပေပြီ။ ထူထောင်သူ၏ကျွမ်းကျင်မှုနှင့် စွန့်စားမှုလက်ရာကောင်းတစ်ခုပင် ဖြစ်ပေသတည်း။

*

အင်ဒိုနီးရှားပြည်၌ ကျင်းပခဲ့သော အင်ဒိုနီးရှားဆိုရှယ်လစ်ပါတီညီလာခံသို့ မြန်မာပြည် ဆိုရှယ်လစ်ပါတီကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့ပြီး ပြန်ရောက်လာသော ၁၉၅၂ ခုနှစ်မှစ၍ ဦးထွန်းဝင်းသည် ပြန်ကြားရေးဌာနဝန်ကြီးရာထူးကို လက်ခံဆောင်ရွက်ခဲ့သည်။ သူ့လက်ထက်၌ တစ်စုံတစ်ရာ ကြီးကြီးကျယ်ကျယ် ဖြစ်ပေါ်လာမှုများ မရှိသေးသော်လည်း သတ်မှတ်ထားသော ရည်စူးချက်များကား တဖြည်းဖြည်း ပေါက်မြောက်လာလျက်ရှိနေပေသည်။ ဦးထွန်းဝင်းသည် စိတ်ကူးရှိသလောက် လျှောက်၍လုပ်သည့် အလုပ်မျိုးကို မယုံကြည်ပေ။ မိမိတိုင်းပြည်အတွင်း၌ ဒီမိုကရေစီအလင်းရောင် တောက်ပြောင်၍လာစေရန်အတွက် နားလည်လွယ်သော ပြန်ကြားဖြန့်ချိမှုအလုပ်မျိုးကိုသာ ဖိ၍လုပ်သွားချင်သူ ဖြစ်ပေသည်။ အစိုးရနှင့် ပြည်သူတို့၏ဆက်ဆံရေးများ ပိုမိုကောင်းမွန်လာအောင်လည်း အားထုတ်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ဤလုပ်ငန်းအတွက် သူဆောင်ရွက်ခဲ့သော အစီအမံတစ်ရပ်မှာ နယ်များ၌ ပြည်သူ့ဆက်ဆံရေးအရာရှိများ ပိုမိုခန့်ထားခဲ့ခြင်းနှင့် အတွင်းဝန်ရုံးရှိ ဌာန၌ ပြည်သူ့ဆက်ဆံရေးအရာရှိများ ... အသီးသီး၌ ပြန်ကြားရေးအရာရှိများ ခန့်ထားခဲ့ခြင်းများပင်ဖြစ်ပေသည်။ မြန်မာ့ရုပ်ရှင် အဆင့်အတန်း တိုးတက်လာစေအောင်လည်း ကြိုးစားခဲ့၏။ ရုပ်ရှင်မင်းသား၊ မင်းသမီးများနှင့် ဒါရိုက်တာများအတွက် ရွှေစင်ငွေစင်ဆုများ ချီးမြှင့်ခဲ့လေသည်။ တိုင်းရင်းရုပ်ရှင်ကားများကို ကာကွယ်မှုပေးသော သဘောဖြင့်လည်း ရုပ်ရှင်ရုံများသည် မြန်မာရုပ်ရှင်ကားများကို တစ်နှစ်လျှင် ရက်ပေါင်း ၆၀ မပြမနေရဟူသော ဥပဒေတစ်ခုကိုပါ တင်သွင်းပေးခဲ့ပေသည်။ ဤဥပဒေအရ ဟိုလီဝုမှ ကမ္ဘာကျော်မင်းသမီး မစ္စမာရီလင်မွန်ရိုးအဖို့ သူပါဝင်သော ဇာတ်ကားများသည် မြန်မာရုပ်ရှင်ရုံများ၌ တစ်နှစ်လျှင် ရက်ပေါင်း ၆၀ မျှ အနားရသွားတော့မည်မှာ သေချာ၍သွား၏။

ယခုကျင်းပနေဆဲ ပါလီမန်၌လည်း ဦးထွန်းဝင်းသည် ရုပ်ရှင်လုပ်ငန်းမြှင့်တင်ရေးအဖွဲ့ ဖွဲ့စည်းရေးဥပဒေကြမ်းတစ်ခုကို တင်ပြခဲ့ပြန်၏။ ၎င်းအဖွဲ့မှာ သီးခြားအာဏာရှိထားသော အဖွဲ့တစ်ခုဖြစ်၍ အစိုးရက ဆောက်ပေးထားသည့် ခေတ်မီရုပ်ရှင်စတူဒီယိုကြီးနှင့် အခြားရုပ်ရှင်လုပ်ငန်းဆိုင်ရာ ပစ္စည်းအသုံးအဆောင်များကို ရုပ်ရှင်ထုတ်လုပ်သူများအား သင့်တော်သော အခကြေးငွေဖြင့် ငှားရမ်းရန် ရည်ရွယ်ပေသည်။ ရုပ်ရှင်ကားကောင်းများ ပေါ်ထွက်လာရေးအတွက် နည်းအမျိုးမျိုးဖြင့် ကူညီအားပေးသွားဖို့ပင်ဖြစ်၏။

နိုင်ငံခြားသတင်းများ ဖြန့်ဖြူးရေးအတွက်လည်း ဦးထွန်းဝင်းသည် အပြည်ပြည်ဆိုင်ရာ သတင်းဖြန့်ချိရေးအဖွဲ့ (အိုင်အင်ဘီ)ကို ဖွဲ့စည်းပေးခဲ့ပြီး ရိုက်တာကြေးနန်းသတင်းများကို ပြည်တွင်း၌ ရိုးရိုးသားသား ဖြန့်ဖြူးပေးလျက် ရှိပေသည်။ ဦးထွန်းဝင်း၏အိမ်မှ လှမ်း၍ မျှော်ကြည့်လိုက်လျှင် အတိုင်းသား မြင်နေရသည့် အသံလွှင့်ရုံအသစ်ကြီးတစ်ခုကိုလည်း ပြည်လမ်း၌ တဖြည်းဖြည်း ဆောက်လုပ်လျက်ရှိနေ၏။ ထိုအသံ လွှင့်ရုံကြီး ပြီးစီးသွားလျှင် ကမ္ဘာသို့ အသံလွှင့်နိုင်ပေတော့မည်။

*

နိုင်ငံရေးသမားဘဝ၊ ကျောင်းဆရာဘဝ၊ စစ်သားဘဝ၊ သတင်းစာဆရာဘဝ ဟူ၍ ဘဝမျိုးစုံ ကျင်လည်၍လာခဲ့သော ဦးထွန်းဝင်း၏ လုပ်ငန်းမှန်သမျှမှာ အရာရောက်ရောက်နှင့် ပေါက်မြောက်ခဲ့ကြသည်သာဖြစ်၏။ မနားတမ်းလုပ်



ဆောင်လာခဲ့ရသော ဘဝများ၊ မမောတမ်း လုပ်ဆောင်လာခဲ့ရသော ဘဝများပင် ဖြစ်ပေ၏။

တစ်ခါတစ်ရံ ဦးထွန်းဝင်းမှာ ဘုကျကျ၊ ဘောက်ကျကျနှင့် ခပ်ကြမ်းကြမ်းပင် ပြောဆိုတတ်၏။ မိမိ၏စိတ်ထဲ ဝမ်းထဲ၌ ရှိသမျှကို အအုပ်အထိန်းမရှိ ပြောချတတ်သူပင် ဖြစ်ပေသည်။ မြန်မာပြည်ရှိ သတင်းစာဆရာများမှာ“လူညံ့” များဖြစ်သည်ဟု သူပြောဆိုဖူးကြောင်း ကြားရလေသည်။ ထိုစကားမှာ အများဆုံး မှန်ကန်လျက်ရှိ၏။ သို့သော် အမှန်ကိုပြောတိုင်း နားကခံနိုင်လိမ့်မည် မဟုတ်ပေ။ “ဒီသတင်းစာကိုတော့ ကျုပ်သဘောနဲ့မတွေ့တော့ဘူးဗျာ” ဟူသော အပြောမျိုး၊ “ဒီသတင်းစာတိုက် ပျက်တဲ့အထိ ကျုပ်တတ်နိုင်တဲ့နည်းနဲ့ လုပ်တော့မှာပဲ” ဟူသော အပြောမျိုးတို့ကို ပြောတတ်၍ အဆုံး၌ “ကျုပ်ဖျက်ချင်တိုင်းလည်း ဖျက်လို့ မရပါဘူးဗျာ။ သတင်းစာတိုက်တစ်ခု ထောင်ချင်တိုင်းလည်း ထောင်လို့ ရတာမှမဟုတ်ဘဲ”ဟု ရယ်ရွှန်းဖတ်ရွှန်း ပြောလေ့ပြောထရှိသည်ဟူ၍လည်း ကြားရ၏။ ဤသို့ လက်လွတ်စပယ် ပြောမည့်သာပြောတတ်သည်၊ နှုတ်သွားသလောက် သူ့ဝမ်းတွင်းသဘောကား မခက်ထန်လှချေ။ သူသည် သတင်းစာသမားအားလုံးနှင့် ဝင်ဆံ့၏။ သတင်းစာသမားများ၏ များစွာသော အလိုဆန္ဒတို့ကို ဖြည့်စွမ်း၍ပေး၏။ စိတ်ကောင်းမနောကောင်း ရှိသူဖြစ်၍ ခင်မင်ရင်းနှီး လွယ်တတ်သူဖြစ်၏။

သတင်းများ ဖြတ်တောက်သည့်အလုပ်ကို သူမနှစ်သက်ပေ။ လွတ်လွတ်လပ်လပ် သတင်းဖြန့်ချိမှုမျိုးကို အားပေး၏။ ဒီမိုကရေစီကို ကျပ်ပြည့်ယုံကြည်သူလည်း ဖြစ်၏။ စတော့ဟုမ်းမြို့၌ ကျင်းပခဲ့သော ဆိုရှယ်လစ်အင်တာနေရှင်နယ်ကွန်ဖရင့်သို့ မြန်မာနိုင်ငံကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့စဉ် သူသည် မော်ရိုကိုပြည်အား စကားပြောခွင့်ပေးဖို့ သူ၏ဆိုရှယ်လစ်ရဲဘော်များအား တိုက်တွန်းခဲ့၏။ ၎င်း၏တိုက်တွန်းချက် အောင်မြင်ခဲ့သဖြင့် ဆိုရှယ်လစ်အင်တာနေရှင်နယ်၌ မော်ရိုကိုပြည်သည် ပထမဆုံးအကြိမ် သူ၏အသံကို စတင်၍ ဖော်ထုတ်ခွင့်ရရှိခဲ့လေသည်။

အိမ်တွင် ဦးထွန်းဝင်း၏ နေပုံထိုင်ပုံမှာ ရိုးရိုးကလေးနှင့် ဆင်းဆင်းရဲရဲပင်ဖြစ်သည်။ သူ့၌ ချမ်းသာသမျှတွင် ဘီအိုင်အေခေတ်မှ နောက်ပိုင်းအထိ သူ၏ပေါင်းဟောင်းသင်းဟောင်းများဖြစ်ခဲ့သော ရဲဘော်ဟောင်း တစ်ခါင်

www.burmeseclassic.com



လောက်ကို အိမ်ပေါ်တွင်တင်၍ ထမင်းကျွေးထားပြီး လူတစ်လုံးသူတစ်လုံး ဖြစ်လာအောင် ကျောင်းထား၍ ပေးနေခြင်းပင်ဖြစ်သတည်း။

▢

www.burmeseclassic.com

www.burmeseclassic.com



သခင်ချစ်မောင် နှင့် ဇနီး ဒေါ်မြကြည်

## သခင်ချစ်မောင်

### (ပြည်သူ့လုပ်ငန်းဌာနဝန်ကြီး)

### (၁၄ ဇူလိုင် ၁၉၁၄ – ၉ အောက်တိုဘာ ၁၉၇၉)

တော်လှန်ရေးအတွင်းက ကျွန်တော်ကံကောင်းသည်ဟု ဆိုရပါမည်။ ရဲဘော်လုပ်ဖော်ကိုင်ဖက်များ၊ မိတ်ဆွေ အစစ် အတုများ တော်တော်စုံစုံတွေ့ခဲ့ရသည်။ ဗဟုသုတ တော်တော်ဖြစ်စေခဲ့သည်။ ရဲဘော်တွေထဲမှာဆိုလျှင် မျိုးချစ်စစ်သားတွေဆိုပြီး ကြွားဝင့်ချင်သူတွေ၊ အရေးကြုံတော့ ကိုယ်တည်းခိုနေတဲ့ရွာက ရွာသူရွာသားတွေလောက်မှ ဣန္ဒြေမဆည်နိုင်ကြသူတွေ၊ နိုင်သူကိုဖိ၍ ထောင်းကာ ဂျပန်အနံ့ရလျှင်ပင် ဝေးရာသို့ခြေကုန်သုတ်တတ်ကြသူတွေ၊ ကိုယ့်အချင်းချင်း ဗိုလ်လုပ်ချင်ကြသူတွေ။

နိုင်ငံရေးသမား ပြောက်ကျားခေါင်းဆောင်တို့ကလည်း စစ်သားရဲဘော်တွေကို အသုံးချချင်တတ်ကြသည်။ သည်ကောင်တွေမှာ နိုင်ငံရေးအသိဉာဏ်မရှိ၊ တိုက်ဖို့ ခိုက်ဖို့ ညံ့ဖို့သာ သိကြသည်၊ ဗိုလ်ကြီးအခေါ်ခံပြီး သာယာတာပဲရှိသည်၊ နိုင်ငံရေးဝါဒကို ကျမ်းကျေသူ ပါရဂူကြီးများကား ငါတို့တည်း။ မြန်မာပြည်၏ ရှေ့ရေးကား ငါတို့လက်ဝယ်မှာ။ သည်ကောင်တွေ တို့အာဏာရတဲ့အချိန်မှာလည်း အခုလိုပဲ နွံနွံအအနှင့် ခိုင်းကောင်းတဲ့နွားကြီးတွေလို ရှိနေမှာပဲ။ သည်လို အယူအဆနှင့် ဝါဒပါရဂူကြီးများက ကျွန်တော်တို့စစ်သားများကို ကြင်နာမြတ်နိုးစွာ ဆက်ဆံကြတာတွေကိုလည်း ရိပ်မိ၍ ကြိတ်ရယ်မိခဲ့ရသည်။

တချို့ကလည်း ကျွန်တော်တို့ကို အသုံးချချင်ကြသည်။ မှတ်မိပါသေးသည်။ ဟင်္သာတမြို့ကို ကျွန်တော်တို့ဝင်၍ ခေတ်ပြောင်းခေတ်လွဲတွင် ခေတ္တမျှ

www.burmeseclassic.com

www.burmeseclassic.com



ထိန်းသိမ်းထားကြသည်။ ဂျပန်တွေဆုတ်ခွာ၍ ကျွန်တော်တို့ မြို့ထဲသို့ ဝင်သလော၊ ကျွန်တော်တို့ ချဉ်းကပ်လာ၍ ဂျပန်တွေ ဆုတ်ခွာထွက်ပြေးလေသလော မပြောတတ်။ သည်ဟာကို ရာဇဝင်ဆရာတို့ စူးစမ်း၍ မှတ်ချက်ချကြပါစေ။ ကျွန်တော့်ကိုယ်တွေ့အားဖြင့် သိသည်မှာ မြို့ထဲသို့ဝင်မိကြလျှင် ဗိုလ်တွေများပြီး ဗိုလ်တိုင်းဗိုလ်တိုင်း ဧရာမ သူရဲကောင်းကြီးတွေ ဖြစ်နေကြ၏။ အပြိုင်အဆိုင် လူစုကာ အားပြိုင်နေကြ၏။ မြို့၏ ယာယီအုပ်ချုပ်ရေးကို ကျွန်တော်တို့ တာဝန်ယူရ၏။ ထိုသို့တာဝန်ထမ်းဆောင်ရာတွင် မြို့ပြင်မှာ တစ်ခါတစ်ခါတွင် လမ်းမှား၍ ဖြတ်ကျော်ကာ သွားကြသော ဂျပန်တပ်များ၏ ဘေးရန်၊ မြို့တွင်း မြို့ပြင်တွင်ထကြသော ခိုးသူဓားပြတို့၏ ဘေးရန်တို့ကို ကြီးမားလှသည်ဟု မတွေ့ခဲ့ရ။

နိုင်ငံရေး ရဲဘော်တချို့ကလာ၍ တိုးတိုးတိတ်တိတ်နှင့် သူတို့က စိတ်မချရ မသင်္ကာရဟူ၍ ဆုံးဖြတ်ထားသော မြို့ရွာမှ လူငယ်လူကြီးတွေ၊ ရဲဘော်အချင်းချင်းတွေကို သုတ်သင်ပစ်ရန် နားပူလာကြသည်ကို ပို၍ပူပင်စိတ်ဆင်းရဲခဲ့ရ၏။ အချင်းချင်းတွေကို အလွယ်တကူ မစစ်မဆေးဘဲ ဘဝတုံးလုပ်ပစ်ရန်မှာ ပြင်းထန်လွန်းလှသည်ဟု ယူဆခဲ့၏။

ကျွန်တော်တို့အားလုံး ငယ်ခဲ့ကြပါသေးသည်။ ငယ်ငယ်ရွယ်ရွယ်ကျောင်းသားအရွယ်များက အမှားအမှန်တို့ကို ခြင်းချက်မရှိ မြင်ကာ လူ၏အကျိုးအပြစ်အဆိုးအကောင်းကို တိကျစွာ ဝေဖန်ဆုံးဖြတ်နိုင်၍ လူ၏ကြမ္မာကို ဖန်တီးနိုင်သည်ဟု ကျွန်တော်မယုံကြည်ခဲ့။ ထိုပြောက်သောက်ခေတ်က လူတစ်ယောက်ကို ဖျောက်ပစ်ရန် လွယ်ပါသည်။ ဟောဟောဒိုင်းဒိုင်းတွင် လူတစ်ယောက်ပျောက်သွားနိုင်ပါသည်။ သို့ရာတွင် လူတစ်ယောက်ကို အဆုံးစီရင်ရန် လွယ်သလောက် လူ့တစ်သက်ကို ပြုစုပျိုးထောင်ရန် ခက်သည်။ ထို့ကြောင့် ပြုစုပျိုးထောင်ခြင်းငှာ မစွမ်းသောသူသည် သူမပြုနိုင်တာတွေကို ဖျက်ဆီးပစ်ဖို့ အခွင့်အရေးမရှိဟု ယူဆခဲ့သည်။ ထို့ကြောင့် နိုင်ငံရေးရဲဘော်တွေ ယူလာကြသော မသင်္ကာသူစာရင်းတွေသည် ကျွန်တော့်အင်္ကျီအိတ်ထဲ၌ပင် အောင်း၍နေတတ်ခဲ့၏။ ကျွန်တော် ဘာမျှမလုပ်။

သို့နှင့် ရက်အတန်ငယ်ကြာလျှင် အင်္ဂလိပ်စစ်သင်္ဘောကလေးတစ်စင်းနှစ်စင်းသည် ရှေ့ပြေးကင်းအဖြစ်နှင့် ဟင်္သာတဆိပ်ကမ်းသို့ မရဲတရဲနှင့် ကပ်လာ၏။ ထိုအခါ၌ တချို့သော နိုင်ငံရေးရဲဘော်တို့သည် အင်္ဂလိပ်များဆီသို့



အပြေးသွားကာ အလေးပြုသတင်းပို့ကြလေ၏။ မဟာမိတ်တို့သည် ကြင်နာစွာနှင့် စစ်အတွင်း သုံးနှစ်သုံးမိုး ငတ်ပြတ်နေခဲ့ကြသော လူကလေးများကို ချောကလက်ထုပ်များ၊ သကြားခဲများ ပေးကမ်း၏။ ၎င်းတို့ကို ကျေးဇူးတင်စွာလက်ခံကြ၍ အားရဝမ်းသာစွာ မြို့သို့ပြန်လာခဲ့ကြသော နိုင်ငံရေးရဲဘော်တို့သည် သူတို့မသင်္ကာ၍ အစဖျောက်လိုသူတို့ကို မေ့၍သွားကြ၏။ ကျွန်တော့်အား နားမပူကြတော့။ နေ့စဉ်အချိန်မရွေး ဆိပ်ကမ်း၌ ဆိုက်ကပ်ထားသော အင်္ဂလိပ်စစ်သားတို့ထံ အစားဝင်ရခြင်းဖြင့် အချိန်ကုန်ကြ၏။ စိတ်ကျေနပ်မှုကိုရကြ၏။ ထိုနိုင်ငံရေးရဲဘော်တချို့ထဲမှပင်လျှင် မြန်မာပြည် လွတ်လပ်ရေးရပြီးနောက် ရာထူးမရသူတွေ တောခို၍ သူပုန်ထကြရာတွင် လိုက်ပါသွားကြလေသည်။

ဤသည်တို့ကား တော်လှန်ရေးက လူ၏အရုပ်ဆိုးသော အစိတ်အပိုင်းတစ်ပိုင်းကို ကျွန်တော့်အား လှစ်၍ပြခဲ့ခြင်း ဖြစ်လေ၏။ လှပသော အပိုင်းတွေကိုလည်း မြင်ခဲ့ရပါသည်။ ယုံသလင်းရွာကို အခြေပြု၍ တော်လှန်ရေးကို ကိုယ်ဖိရင်ဖိပါဝင်ခဲ့သော ကရင်ခေါင်းဆောင် မန်းဘခိုင်။ သူသည် သစ္စာရှိ၏။ ဖြောင့်မှန်တည်ကြည်၏။ ထိုစဉ်က သူနှင့်ရင်းနှီးစွာ ဆွေးနွေးကြည့်သောအခါ သူသည် အင်္ဂလိပ်ကိုတကယ့်ယုံကြည်မှုနှင့် လေးစားကြည်ညိုသည်ဟု ကျွန်တော်ထင်မိခဲ့၏။ သို့ရာတွင် ယေါပင်သဘောနှင့် အင်္ဂလိပ်ကို တောင့်တသည်မဟုတ်။ တကယ့်မူသဘောအားဖြင့် လက်ခံခြင်းဖြစ်သည်ဟု ကျွန်တော် ထင်မြင်ခဲ့၏။ မှားလျှင်လည်း မှားမည်။

နောက် သခင်ချစ်မောင်။ နိုင်ငံရေးခေါင်းဆောင်များထဲတွင် သူသည် တည်ငြိမ်၏။ နက်နဲစွာ စဉ်းစားတတ်၏။ ခိုင်မြဲ၏။ သူ၏အတွေးအမြင်တို့သည် သဘာဝကျနစ်၍ အဖြစ်အစစ်အမှန်တို့နှင့် စပ်ဟပ်၍ရ၏။ စိတ်ကူးယဉ်တွေ မဟုတ်။ သူသည် စာအုပ်ကြီးတွေထဲမှ စကားလှလှ ဝါဒချောချောတွေနှင့် စုံမက်၍ မနေ။ သူ၏မျက်စိအစုံသည် လက်ငင်းနှင့်လက်တွေ့အပေါ်၌ အမြဲရှိနေတတ်ကြ၏။ သူ၏ ယေါပင်ပြဿနာများကို လေ့လာချက်သည် တောက်ပြောင်၍ မက်မောစရာ အထင်ကြီးစရာတွေ ဖြစ်ချင်မှဖြစ်မည်။ သို့ရာတွင် ထိုလေ့လာချက်တို့သည် လက်တွေ့လုပ်ငန်းများနှင့် နီးစပ်၏။ သခင်ချစ်မောင်တွင် နိုင်ငံရေးမာနတွေ တော်တော်ကင်းစင်၏။ သူနှင့်ဆိုလျှင် နိုင်ငံရေးရဲဘော်တွေထက် စစ်သားရဲဘော်တွေပါ သင့်မြတ်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်ပင်လျှင် တော်လှန်ရေးအတွင်းက ဟင်္သာတခရိုင်အတွင်း ဝေန်မြစ်၏ အထက်ပိုင်း တစ်ပိုင်းလုံးပါဝင်သော စစ်နယ်တစ်နယ်ကို အုပ်ချုပ်ဦးစီးရန်တာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ခဲ့၏။ လူမျိုးစုံ၊ စိတ်ဓာတ်မျိုးစုံ ပါဝင်ခဲ့သော တော်လှန်ရေးအင်အားစုတို့ကို သင့်မြတ်စွာ အတူယှဉ်တွဲ၍ အလုပ်ဖြစ်အောင် လုပ်နိုင်စေရန် ဖွဲ့စည်းအုပ်ချုပ်ရန်မှာ မလွယ်ကူခဲ့။ စစ်သားကလည်း နိုင်ငံရေးသမားတွေကို အလဟဿလေထွားနေကြသော လေအိုးကြီးများဟူ၍ အထင်သေးခဲ့ကြ၏။ နိုင်ငံရေးသမားတွေကလည်း စစ်သားများကို သူတို့၏ သက်တော်စောင့်သာသာလောက်သာ သဘောထားချင်ကြသည်။ ဒါတွေကို သခင်ချစ်မောင်က စေ့စပ်ညီညွတ်စေ၍ အုပ်ချုပ်နိုင်ခဲ့သည်။ တော်လှန်ရေး၌ အသက် ၃၀ မျှသာရှိခဲ့သော သခင်ချစ်မောင်သည် ထိုငယ်ရွယ်စဉ်ကပင် ထူးချွန်သော ခေါင်းဆောင်မှုစွမ်းရည်ကို ပြနိုင်ခဲ့သည်။

သခင်ချစ်မောင်၏ နောက်ကြောင်းရာဇဝင်တွင် ကြိုးစားမှုတွေ၊ ကိုယ်ထူးကိုယ်ချွန် သတ္တိဗွဲတွေကို အပြည့်တွေ့ရသည်။ ဟင်္သာတခရိုင် ကြံခင်းမြို့တွင် ၁၉၁၄ ခုနှစ် ဇူလိုင်လ ၁၄ ရက်နေ့၌ အဘဦးမြ၊ အမိဒေါ်ပုတို့မှ သားသမီး ၄ ယောက် ထွန်းကားရာတွင် သားအထွေးဆုံးအဖြစ် မွေးဖွား၍ ငယ်စဉ်က ကျီးသဲကျောင်း ဘုန်းတော်ကြီး ဦးလက်ပန်ထံ ပညာသင်ကြားခဲ့ရ၏။ ထိုမှ စာကို ကြိုးစားလျက်နှင့်ပင် နိုင်ငံရေးစာပေတို့ကို မြည်းတတ်လာ၏။ ၁၉၃၄ ခုနှစ်တွင် မြန်အောင်မြို့ အစိုးရအထက်တန်းကျောင်းမှ ဆယ်တန်းအောင်၍ တက္ကသိုလ်သို့ ဆက်၍မသွားတော့ဘဲ ရန်ကုန်မြူနီစီပယ်အဖွဲ့ရုံးကြီး၌ စာရေးအဖြစ် ဝင်ရောက်၍ လုပ်ကိုင်ခဲ့လေသည်။ ရန်ကုန်၌ နိုင်ငံရေးထကြွမှုတွေနှင့် ပူပူနွေးနွေး နီးကပ်နေ၏။ ဒို့ဗမာအစည်းအရုံး၊ နဂါးနီစာပေများ စသည်တို့သည် ကိုချစ်မောင်ကို ဖိတ်ခေါ်ဆွဲဆောင်ကြ၏။ ရုံးအားလပ်ချိန်များတွင် နဂါးနီစာအုပ်များနှင့် မွေ့လျော်ခဲ့သော ကိုချစ်မောင်သည် သခင်ဘွဲ့ခံ ဒို့ဗမာအစည်းအရုံးဝင်အဖြစ်သို့ မကြာမီပင် ရောက်လေ၏။

ထိုအတွင်း ၁၉၃၇ ခုနှစ်တွင် မြန်အောင်သူ မမြကြည်နှင့် အိမ်ထောင်ကျခဲ့၏။ ဆိုးတူကောင်းဖက် သစ္စာမေတ္တာနှင့် ခိုင်မြဲစွာ ထူထောင်နိုင်ခဲ့သော သာယာသည့် အိမ်ထောင်ဖြစ်ခဲ့လေသည်။ ထိုသို့မခိုင်မြဲခဲ့ပါက ခဏနှင့် ပြိုပျက်ဖို့သာ ဖြစ်ခဲ့မည်။ အဘယ်ကြောင့်ဆိုသော် မြန်မာပြည် လွတ်လပ်ရေးအတွက် လူထုတိုက်ပွဲတွေ ပြင်းထန်လာခဲ့လေသည်နှင့်အမျှ သခင်ချစ်မောင်မှာလည်း



နိုင်ငံရေးကိစ္စတွေနှင့် ပို၍သာ အလုပ်များလာ၍ ဖြစ်လေသည်။ ဒို့ဗမာအစည်းအရုံး နှစ်ခြမ်းကွဲသောအခါ သခင်ချစ်မောင်သည် သခင်အောင်ဆန်းတို့ အခြမ်းဘက်သို့ ညွတ်ခဲ့၏။ သို့ရာတွင် လက်တွေ့အရေးကြီးသည်က ဗမာ့တော်လှန်ရေးပါတီ (ဘီအာရ်ပီ) ပင်ဖြစ်၍ တော်လှန်ရေးအတွက် ပြင်ဆင်နေကြတာတွေ၊ အပြေးအလွှား စည်းရုံးကြတာတွေနှင့် အလုပ်များခဲ့ရသည်။

ဗမာ့လွတ်လပ်ရေး တပ်မတော်ကြီး အောင်လံလွှင့်၍ဝင်လာ၊ မြန်မာပြည်ကို ဂျပန်တို့က လွတ်လပ်ပြီဟု ကြေညာ၊ အတုပင်ဖြစ်စေ လွတ်လပ်သောတိုင်းပြည်၏ အယောင်အဆောင်တွေနှင့်၊ အထူးသဖြင့် ဗမာ့တပ်မတော်ကြီးနှင့်။ ထိုအချိန်တွင် သခင်ချစ်မောင်သည် မြန်အောင်နယ် လူငယ်အစည်းအရုံးကို တာဝန်ယူ၍ ဖွဲ့စည်းလေသည်။ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ခိုင်းစေချက်အရ ဗမာ့တပ်မတော် စစ်သားစုဆောင်းရေးကိုပါ တာဝန်ယူ၍ လုပ်ကိုင်ပေး၏။ တော်လှန်ရေးအတွက် ပြင်ဆင်ရပြန်တော့ နယ်၌အသင့်ပြင်ခြင်း၊ အဆက်အသွယ်ပြုလုပ်ပေးခြင်း၊ ဝါဒဖြန့်ပေးခြင်းတို့ကို လုပ်ပေး၏။

အိန္ဒိယရှိ အင်္ဂလိပ်တို့နှင့် ဆက်သွယ်ကြရန်အတွက် လူငယ်တွေကို နယ်ခြားမှ ခိုး၍ထုတ်ကြရာတွင် သခင်ချစ်မောင်သည် ဟင်္သာတမှ ဗိုလ်ဗသိန်းတို့ လူသိုက်ကို ကူညီ၍ပို့ပေးခဲ့၏။ ဗိုလ်ဗသိန်း အိန္ဒိယသို့ ပျောက်မသွားမီ ကျွန်တော် အကြိမ်ကြိမ်အခါခါ တွေ့လိုက်ရလေသည်။ ပြုံးတူးပျာတာနှင့် ခင်မင်စရာလူတစ်ယောက် ဖြစ်လေသည်။ သူသည် စာပေကို ဝါသနာပါ၍ တက္ကသိုလ်တွင် အင်္ဂလိပ်စာဂုဏ်ထူး ယူခဲ့သူဖြစ်၏။ အိန္ဒိယသို့ရောက်ပြီး လေထီးနှင့် မြန်မာပြည်သို့ဆင်းရန် ပြန်အလာတွင် လေယာဉ်ပျံပျက်၍ အသက်ဆုံးရှုံးရလေသည်။

လက်နက်ကိုင် တော်လှန်ရေးအပြီးတွင် နိုင်ငံရေးအားဖြင့် အင်္ဂလိပ်ကို ဖဆပလအဖွဲ့နှင့် ဗိုလ်အောင်ဆန်းက ဦးစီးခေါင်းဆောင်၍ တိုက်ခဲ့၏။ ထိုအခါတွင် သခင်ချစ်မောင်သည် ဟင်္သာတနယ်မှ ခေါင်းဆောင်တစ်ဦးအနေနှင့် ထိရောက်စွာ စည်းရုံး၍ တိုက်ပွဲဝင်ခဲ့၏။ တိုက်ပွဲပြင်းထန်စဉ်မှာပင် ကွန်မြူနစ်တွေ သွေးဖည်၍ ဖဆပလ ခေါင်းဆောင်မှုကို လုယူကြရန် ကြိုးစားကြသည်။ အဖွဲ့ကို အတွင်းမှနေ၍ ဖျက်ဆီးပြန်သည်။ ဒါတွေပေါ်တော့ ကွန်မြူနစ်တွေကို ဖဆပလမှ ထုတ်ပယ်ကြရသည်။ ကွန်မြူနစ်ပါတီကို ခုခံနိုင်ရန် ဆိုရှယ်လစ်ပါတီကို ထောင်ကြ၏။ ထိုပါတီသို့ သခင်ချစ်မောင်ဝင်ရောက်ခဲ့၍ ပထမတွင် နယ်ခေါင်းဆောင်၊ နောက်တစ်စတစ်စနှင့် ဌာနချုပ်ခေါင်းဆောင်ပိုင်းသို့ ရောက်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



လေသည်။ ဖဆပလအဖွဲ့ချုပ် ဗဟိုဦးစီးအဖွဲ့သို့ ဟသ်ာတမှ ခေါင်းဆောင်တစ်ဦး အဖြစ် ဝင်ရောက်ခဲ့ရပြီး တောင်သူလယ်သမားအစည်းအရုံးတွင်လည်း ခေါင်းဆောင်တစ်ဦး ဖြစ်ခဲ့၏။

နဂိုအခံအားဖြင့် ရင့်သန်ပြီးဖြစ်နေသော မျိုးချစ်ပုဂ္ဂိုလ်တစ်ဦးသည် မိမိ၌ ရှိပြီးဖြစ်သော ပညာဗဟုသုတအပေါ်တွင် နိုင်ငံခြားဗဟုသုတ အတွေ့ အမြင်ကို ထပ်လောင်းရသော် ပို၍ ပြည့်ဝလာတတ်၏။ ပို၍အမြင်ကျယ်လာ၏။ သို့ရာတွင် မနူးမနပ်နှင့် တစ်ယူသန်နိုင်ငံရေးသမားတစ်ယောက်သည် နိုင်ငံခြားသို့ ရောက်ရှိစေကာမူ ပို၍ပြည့်ဝမလာဘဲ ပို၍ပင် တိမ်ကောကျဉ်းမြောင်း၍ လာတတ်ပေသည်။ သခင်ချစ်မောင်သည် ပထမအမျိုးအစားမှ နိုင်ငံရေးသမားတစ်ယောက်ဖြစ်သဖြင့် သူ၏ နိုင်ငံခြားဗဟုသုတများသည် သူ့ကို ပြည့်ဝပြည့်စုံအောင် ဖန်တီး၍ပေးခဲ့၏။

၁၉၄၈ ခုနှစ်တွင်ပင် ဥရောပတိုက်၌ ကျင်းပခဲ့သော လယ်ယာစိုက်ပျိုးရေး ဆိုင်ရာ နိုင်ငံပေါင်းစုံစည်းဝေးပွဲသို့ တက်ရောက်ခဲ့ရသည့် ဗဟုသုတ၊ လွတ်လပ်စ မြန်မာပြည်မှ တက်ကြွပြင်းထန်သော စိတ်တို့ကို နိုင်ငံခြားတွင် ဆက်ဆံရေး၊ လေ့လာရေးတို့အတွက် ထိန်းသိမ်းချုပ်တည်းရသည်။ မြန်မာပြည်တွင် နယ်ချဲ့ကိုတိုက်သောအခါက အော်ဟစ်ခဲ့သော အသံမျိုးနှင့် နိုင်ငံပေါင်းစုံ ဗိုလ်ပုံအလယ်တွင် အော်၍ဟစ်၍မဖြစ်၊ ဖာတ်ကွက်တစ်မျိုးကြည့်၍ ကရသည်။ ပို၍ယဉ်ကျေး သိမ်မွေ့ပါးနပ်ရသည်။ ထိုသို့ ဖာတ်ကွက်ချက်ချင်းပြောင်း၍ ကရသည်ကို သခင်ချစ်မောင်သည် နိုင်နင်းစွာ သယ်နိုင်ခဲ့၏။

ထို့နောက် ၁၉၅၂ ခုနှစ်တွင် ဝန်ကြီးဦးကျော်ငြိမ်းက ခေါင်းဆောင်၊ သခင်ချစ်မောင်က နိုင်ငံရေးအုပ်ချုပ်ရေးဘက်က ဒုတိယခေါင်းဆောင်အဖြစ် ယူဂိုစလေဗီယားကို အဓိကထား၍ ဥရောပနိုင်ငံများသို့ စစ်နှင့်အုပ်ချုပ်ရေး ကိစ္စတို့ကို လေ့လာရန်နှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရေးရရှိရန်အတွက် မစ်ရှင်ကြီးတစ်ခုဖွဲ့၍ သွားရောက်ခဲ့ကြသည်။ ထိုအချိန်မှအစပြု၍ ယူဂိုစလေဗီယား နိုင်ငံနှင့် မြန်မာ၊ အစ္စရေးလ်နိုင်ငံနှင့် မြန်မာတို့သည် ချစ်ခင်ရင်းနှီးစွာ ဆက်ဆံကူးလူး၍ တစ်ဦးအကျိုးကိုတစ်ဦး ဖြစ်ထွန်းစေခဲ့ကြသည်ဟုဆိုလျှင် မမှား။ ၁၉၅၄ ခုနှစ်တွင် အမေရိကန်ပြည် နယူးယောက်မြို့ရှိ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေ ညီလာခံသို့ မြန်မာကိုယ်စားလှယ်တစ်ဦးအနေနှင့်လည်း သခင်ချစ်မောင် တက်ရောက်ခဲ့သေးသည်။ သို့ရာတွင် ညီလာခံအပြီးအထိ တက်ရောက်ခွင့်



မရရှိခဲ့။ ရန်ကုန်မှ အစိုးရအဖွဲ့က သူ့အား အိမ်ရာဆောက်လုပ်ရေးဝန်ကြီး အဖြစ် ခန့်ထားပြီးဖြစ်၍ တာဝန်ထမ်းဆောင်ရန် အမြန်လာဖို့ ကြေးနန်းရိုက်၍ ခေါ်ယူသဖြင့် ပြန်ခဲ့ရလေသည်။

ဘီအာရ်ပီဝင် သူပုန်သခင်ချစ်မောင်၊ တော်လှန်ရေးသမား သခင်ချစ်မောင်၊ ဟသ်ာတမှတက်သော တိုင်းပြည်ပြုလွှတ်တော်အမတ်၊ ယခု ကြံခင်းမှ စေလွှတ်သော ပြည်သူ့လွှတ်တော်အမတ်၊ ပြည်ထဲရေးဌာနဝန်ကြီး၏ ပါလီမန်အတွင်းဝန် သခင်ချစ်မောင်၊ တပ်မတော် အားသစ်လောင်း၍ သောင်းကျန်းသူ ဥပဒေမဲ့သမားတွေကို တိုက်ခိုက်နှိမ်နင်းရင်းပင် စနစ်တကျ၊ စည်းကမ်းရှိရှိ၊ ခေတ်မီမီဖွဲ့စည်းရာတွင် ထိရောက်စွာ ခေါင်းဆောင်ပိုင်းက ပါဝင်ခဲ့သော ကာကွယ်ရေးဝန်ကြီး၏ ပါလီမန်အတွင်းဝန် သခင်ချစ်မောင်၊ အိမ်ရာဆောက်လုပ်ရေးဝန်ကြီးအဖြစ် ပြည်သူ့အိုးအိမ်တွေကို ကြိုးစား၍ ပြန်လည်ထူထောင်ပေးခဲ့သူ ယခု ပြည်သူ့လုပ်ငန်းဌာနဝန်ကြီး။

ဤသခင်ချစ်မောင်တွေထဲတွင် ဘယ်သခင်ချစ်မောင်က တိုင်းပြည်၏ အကျိုးကို အများဆုံး သယ်ပိုးရွက်ဆောင်ခဲ့ပါသနည်း။ ဘယ်သခင်ချစ်မောင်ကို ဦးစားပေး၍ ဂုဏ်ပြုကြပါမည်နည်း။

ကျွန်တော့်အဖို့ အဖြေရှာဖို့ မခက်ပါ။ မြန်မာပြည်လွတ်လပ်ပြီးနောက် မကြာမီ ကွန်မြူနစ်တွေ၊ ရဲဘော်ဖြူတွေ သောင်းကျန်းသူပုန်ထကြစဉ်က အနုနည်းအားဖြင့် သူတို့ခေါင်းဆောင်များကို ပြန်လည် သိမ်းသွင်း၍ ဒီမိုကရေစီတပ်ပေါင်းစုကြီးကို ဖွဲ့စည်းကြရန်၊ ငြိမ်းချမ်းရေးကို အရယူ၍ တိုင်းပြည်တွင် ထူထောင်ရေးလုပ်ငန်းတို့ကိုလုပ်ကြရန် စိုင်းပြင်းကြသည်။ မရတော့မှ၊ မတတ်သာသည့်အဆုံးမှ သူသေသေ ကိုယ်သေသေ ပြန်၍ တိုက်စစ်ဆင်ကြရသည်။ ထိုခေတ်ပိုင်းတွင် အန္တရာယ်ထူပြောသော သူပုန်တွေနှင့် စေ့စပ်ရေး၊ ပြည်သူ့ပြောက်ကျားတွေကို ဖွဲ့စည်းခေါင်းဆောင်၍ ပြန်တိုက်ခြင်း၌ မားမားမတ်မတ် ပါဝင်ခဲ့သော သခင်ချစ်မောင်ကို တိုင်းပြည်က သခင်ချစ်မောင်တွေ အများအနက်မှ အများဆုံး ကျေးဇူးတင်ရမည်ဖြစ်ပါ၏။ ထိုခေတ်ရာဇဝင်ကို အောက်ပါကဲ့သို့ သခင်ချစ်မောင်က ပြည်သူ့လွှတ်တော်တွင် တစ်ခါက ခင်းပြခဲ့ဖူးလေသည်။

"၁၉၄၈-၄၉ ခုနှစ်တုန်းက ဖြစ်ပျက်ခဲ့တာတွေဟာ မေ့ပျောက်နိုင်တဲ့

www.burmeseclassic.com

www.burmeseclassic.com



သခင်ချစ်မောင်နှင့် ရုရှားမှ ခေါင်းဆောင်ကြီး ဗီရှင်စကီး။
ကုလသမဂ္ဂအစည်းအဝေးတွေ့ဆုံညီလာခံ၌ ဗီရှင်စကီး မကွယ်လွန်မီကလေးတွင် -



ရာဇဝင်တွေ မဟုတ်ပါဘူး။ လောင်လိုက်တဲ့မီးတွေ၊ သေလိုက်တဲ့အသက်တွေ၊ ကျွန်တော်တို့ရဲ့ လက်မောင်းပေါ်မှာ အသက်ထွက်သွားရတဲ့ လူတွေဟာလည်း အများကြီးပါပဲ။ ကျွန်တော်ကိုယ်တိုင်လည်း မသေလို့ ကျန်ခဲ့တာပါ။ အဲသည် အချိန်တုန်းက ကျွန်တော်တို့ဟာ နံရံကိုကျောပေးပြီး ပြည်ထောင်စုကြီးကို ကယ်တင်ခဲ့ပါတယ်။ ကျွန်တော်တို့က သူတို့ကို ဘယ်လောက်အထိ လိုက်လျော ခဲ့သလဲဆိုလျှင် ထောင်ထဲမှာချထားတဲ့ ကွန်မြူနစ်တွေကို ကျွန်တော်တို့က ထုတ်ပေးခဲ့ပါတယ်။ သည်သူပုန်သူကန် ပုဂ္ဂိုလ်တွေကို ဗိုလ်မှူးအောင်အိမ်ပေါ် မှာ ထမင်းတင်ကျွေးထားပြီး သုံးလလုံးလုံး ညှိနှိုင်းရေးစကားဆိုကြပါတယ်။ ၄၇ ကြိမ်တိုင်တိုင် ညှိနှိုင်းရေးစကားဆိုခဲ့ကြပါတယ်။ မရှိသေစကား နောက်ဆုံး မကောင်းတဲ့မိန်းမ လိုချင်တယ်ဆိုတဲ့အတွက် ကျွန်တော်တို့ ရှာပေးရသည်အထိ အခွင့်အရေးပေးခဲ့ပါတယ်။

"တရုတ်ထမင်းစားရတာ ငြီးငွေ့တယ်ဆိုလို့ ကုလားထမင်း ကျွေးပါ တယ်။ ကုလားထမင်းကို ငြီးငွေ့ပြန်လျှင် ဗိုလ်မှူးအောင် အစ်မကြီးက ချက်လိုက် ပြုတ်လိုက်ရတာ ဖတ်ဖတ်ကို မောနေတာပါပဲ။ နောက်ဆုံး ဒီမိုကရေစီ တပ် ပေါင်းစုကို တည်ထောင်ကြဖို့ သူတို့ရဲ့ မကွေးညီလာခံမှာ တင်ပြဖို့လိုတယ်ဆိုလို့ ကျွန်တော်ကိုယ်တိုင် ကိုယ်ရံတော်လုပ်ပြီး သံချပ်ကာကားကြီးနှင့် ပြည်အထိ လိုက်ပို့ခဲ့ပါတယ်။ နောက်ဆုံး ညီလာခံကလည်း သဘောတူညီချက်တွေကို လက်မခံ၊ သခင်သန်းထွန်းတို့ကလည်း စစ်ရဲတပ်ရင်းတစ်ခုလုံးကို ရထား၊ ရေနံချောင်းကရလာတဲ့ ငွေတွေကလည်း ရှိနေတာကြောင့် သွေးနားထင်ရောက် နေကြပါတယ်။ နောက်ဆုံးအခြေအနေကျမှ ပြည်ထောင်စုအန္တရာယ်ကို ကာ ကွယ်ကြဖို့ တို့အသက်နှင့် စတေးပြီး ခုခံတိုက်ကြစို့လို့ ဆုံးဖြတ်ချက်ချပြီး ကျွန်တော်တို့ တိုက်ခိုက်ခဲ့ကြပါတယ်။ သေနတ်ကျောပိုးပြီး ၇ ရက်လုံးလုံး ဖိနပ်မချွတ်ရတဲ့ တိုက်ပွဲတွေကို တိုက်ခဲ့ပါတယ်။ ထမင်း ၄ ရက်လုံးလုံး မစားရဘဲလည်း တိုက်ခိုက်ခဲ့ရပါတယ်"

တိုက်ပွဲအမျိုးစုံမှ အသက်မသေကျန်ရစ်ခဲ့သည့် သခင်ချစ်မောင်သည် ယခုအခါ ပြည်သူ့လုပ်ငန်းဌာနဝန်ကြီးအဖြစ်နှင့် ယခင်တက်ကြွသော စိတ်ဓာတ် မျိုးနှင့်ပင် တိုက်ပွဲဆင်၍ နေသေးသည်။ အစိုးရအမှုထမ်း အရာထမ်းတို့၏ မရိုးသားမှုလောဘ၊ မကြိုးစားမှု စသည်တို့ကို တိုက်ဖျက်နေရသေးသည်။ သူသည် ဟိတ်ဟန်ကြီးတာကို မကြိုက်။ တစ်ခါက နယ်လှည့်သွားရာတွင်

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်ဂေါက်သီးအိတ်ကြီး တလွယ်လွယ်နှင့် ဂိုက်ထွားနေသော ခရိုင်အရာရှိကြီးတစ်ဦးအား မြန်မာလိုပဲ ကျည်းသားရိုက်ကစားပါလား၊ဟု ဘုကျကျမှတ်ခဲ့ဖူးသည်။ လက်နက်ကိုင်၍ အင်္ဂလိပ် ဂျပန်တို့ကို တော်လှန်ခဲ့ရတာတွေနှင့် ယခုလို စိတ်ဓာတ်ပျက်ပြားနေကြတာတွေ၊ ဘဝင်မြင့်နေကြတာတွေ၊ အကျင့်ပျက်ပြားနေကြတာတွေကို တိုက်ခိုက်ရှင်းလင်းရခြင်းတို့သည် ဘယ်ကပို၍ ပြင်းထန်ခက်ခဲသည်ကို ကျွန်တော်မသိ။

❒

www.burmeseclassic.com

www.burmeseclassic.com



# ဦးသန်းအောင်

(ပညာရေးဌာနဝန်ကြီး)

(၈ ဩဂုတ် ၁၉၀၂ – ၁၄ ဇန်နဝါရီ ၁၉၈၆)

မြန်မာပြည်မှာ တော်လှန်ရေးကြီးတစ်ခု နေ့စဉ်နှင့်အမျှ သွေးထွက်သံယို မဖြစ်ရဘဲ ဖြစ်ပျက်၍နေသည်ကို လူအများ သတိမမူမိကြ။ သောင်းကျန်းသူ သူပုန်တို့က မီးရထားလမ်းတွေကိုဖျက်၊ ရွာတွေကို မီးနှင့်ရှို့၊ လူတွေကို သတ်နှင့်လုပ်ကြကာ တော်လှန်ရေးဆင်နွှဲနေကြသည်ဟု ကြွေးကြော်၍ တော်လှန်ရေးနာမည်ကို ဖျက်နေသော တော်လှန်ရေးအတုကိုသာ နေ့စဉ် ကြားနာမြင်တွေ့ခံစားနေရသဖြင့် မသိချင်၍မနေရ သိနေကြရ၏။

ညင်သာသော တော်လှန်ရေး၊ စစ်မှန်သော တော်လှန်ရေး၊ ချစ်စဖွယ်သော တော်လှန်ရေးသည်ကား အခြားမဟုတ်။ မြန်မာပြည်၌ လူမှုဖူလုံရေးလုပ်ငန်းအဝဝကို မနားမနေ တပ်မကြီးဖြန့်၍ လုပ်နေကြတာ ဖြစ်၏။ ကျန်းမာရေးဘက်တွင်လည်းကောင်း၊ လူမှုလုံခြုံရေးဘက်တွင်လည်းကောင်း၊ ပညာရေးဘက်တွင်လည်းကောင်း အဘက်ဘက်က အသဲအမဲပြုပြင်မှုတွေ၊ ခေတ်ပြင်ဘဝသစ်ထူထောင်ရေးလုပ်ငန်းတွေကို လုပ်နေကြသည်။ ဒါတွေကို ရွာတစ်ရွာဝင်၍ မီးရှို့သွားသည့် သောင်းကျန်းမှုတစ်ခုလောက် သတင်းထူး မဟုတ်။ မီးရထားလမ်းတွေဖျက်၍ ခရီးသည်တွေကို သတ်ဖြတ်လုယက်ကြသော သောင်းကျန်းမှုတစ်ခုလောက် သတင်းထူး သတင်းဆန်း၊ လန့်စရာ၊ ထိတ်စရာ သတင်းမဟုတ်။ ထို့ကြောင့် အပြုတော်လှန်ရေးကို လူတွေ သိသင့်သလောက် မသိကြ။ အပြုလုပ်ငန်းများသည် လန့်စရာ၊ ထိတ်စရာ၊ ရင်ဖိုစရာတွေ မဟုတ်ကြသဖြင့် သိလည်းမသိချင်ကြ။

www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆိုတော့ အပြုတော်လှန်ရေးကြီးက ပို၍ပင် စိတ်ဝင်စားဖွယ်၊ အားရဖွယ်ကောင်းပါသည်။ စစ်ဒဏ်ကို အကြိမ်ကြိမ်ခံလိုက်ရ၍ ပြာပုံအတိ ဖြစ်နေသော မြန်မာပြည်တွင် ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးနိုင်သော လွတ်လပ်ရေးကို ရရှိကြပြီးနောက် လူသစ်တည်၍ ပြည်သစ်ဆောက်နေကြသော တော်လှန်ရေးသည်လည်း စစ်ပွဲကြီးတွေ တိုက်ကြခိုက်ကြတာမျိုးလို စိတ်ဝင်စားဖွယ်၊ စိတ်လှုပ်ရှားဖွယ်၊ အားရဖွယ်တို့နှင့် ပြည့်စုံလှပါသည်။ အခက်အခဲအမျိုးမျိုး တွေကို ကြုံတွေ့နေကြရသည်၊ အဖျက်မျိုးစုံနှင့် ရင်ဆိုင်၍ စစ်ပြိုင်တိုက်ခိုက်နေကြရသည်။

မောင်သောင်းကျန်းတို့၏ အဖျက်တွေသာမကသေး၊ စိတ်ဓာတ်ပျက်ပြားနေကြသူတွေ၏အဖျက်၊ ရာထူးကြီးတွေ ယူထားကြပြီး၊ စာအုပ်ကြီးတွေ ယူထားကြပြီး၊ စာအုပ်ကြီးကြီးတွေကို ဆရာတင်၍ စာအုပ်ထဲ၌ပါသလောက်၊ ပါသလိုသာ လုပ်တတ်ကြ၊ လုပ်ချင်ကြသော ခေတ်ဟောင်းမှ အကြွင်းအကျန် လူတွေ၏ အဖျက်။ လုပ်ချင်တာတွေ များလှသည့် အထဲတွင် ငွေမရှိ လူမရှိ။ နတ္ထိဗလာမှ ပြည်တော်သာကို ထူနေကြရသည်။ ဒါထက်ပို၍ စိတ်ဝင်စားဖွယ်ကောင်းသော တိုက်ပွဲကြီးမျိုးတွေကို ရှာ၍တွေ့နိုင်ကြပါမည်လော။

ထိုပြည်တော်သာစစ်ပွဲကြီးတွင် ဖိုးသုညတွေ ပပျောက်ရေးအတွက် ပညာရေးဘက်က အထူးအရေးတကြီးထား၍ အခိုင်အလုံ စစ်ပြုနေရသည်။ ဘဝသစ်ဘယ်လိုပင်ထူထူ ဖိုးသုညတွေလက်ထဲသို့ ထိုဘဝသစ်ကို အပ်နှင်းခဲ့ရမည်ဆိုလျှင် ဘဝသစ်ထူထောင်ရတာ မောရုံပဲရှိမည်။ ဒါကြောင့် ပညာရေးကို အဓိကထား၍ အားပေးနေသည်။ ပညာရေးအတွက်ဆိုလျှင် အစိုးရ၏ ဘဏ္ဍာငွေမှ လိုသလောက်ရက်ရောစွာ ဝေခွဲ၍ပေးခဲ့ကြသည်။ အင်္ဂလိပ်တို့၏ လက်အောက်၌ စာရေးစာချီတွေကို ထုတ်ပေးဖို့သက်သက်လောက်သာ ဆောက်လုပ်ထားသကဲ့သို့ ရှိခဲ့သော ပညာရေးစက်ရုံကြီးကို ယခုအခါ ဖြိုဖျက်၍ အသစ်ထူထောင်ခဲ့ပြီ။

ပညာတော်လှန်ရေး၊ အမှောင်ခွင်း၍ အလင်းပေးရေးတို့သည် ပြည်တော်သာ၏ အရေးကြီးသော စစ်မျက်နှာကြီးတစ်ခုဖြစ်၏။ ထိုစစ်မျက်နှာကို ယခုအထိဆိုလျှင် ငါးနှစ်လုံးလုံးဆက်၍ တစ်သမတ်တည်း မလျှော့သောဇွဲနှင့် ဦးစီးအုပ်ချုပ်ကွပ်ကဲခဲ့သူမှာ ပညာရေးဝန်ကြီး ဦးသန်းအောင်ပင် ဖြစ်လေသည်။ သူ့အား လူကဲခတ်ကောင်းသော၊ လူရွေးမမှားတတ်သော ဝန်ကြီးချုပ်ဦးနုက



အထူးရွေးချယ်၍ ပညာရေးဌာနကို အုပ်ချုပ်စေခဲ့သည်။ လွန်ခဲ့သောငါးနှစ်က ပညာရေးဘက်တွင် အောင်မြင်မှုများသည် ဝန်ကြီးချုပ်၏ လူရွေးကောင်းခြင်း၊ တာဝန်ပေးမှန်ကန်ခြင်းတို့ကို ထောက်ခံသလိုရှိနေပေသည်။

ထိုစဉ်က အာချီဘောလ်ရစ်ဗားဟု အမည်တွင်ခဲ့သော မောင်သန်းအောင်သည် ၁၉၀၂ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့ဖွားဖြစ်၏။ သူ၏အဘိုးမှာ အင်္ဂလိပ်လူမျိုးအစစ်ဖြစ်၍ ပန်ဂျပ်တပ်မဟာ ၅ ကိုဦးစီးသော ဒုတိယဗိုလ်မှူးကြီး ဆာအက်ဖ်၊ ဂျေ၊ ရစ်ဗား ဖြစ်ခဲ့လေသည်။ အဘိုးသည် တောင်ငူမြို့၌ တပ်ချနေခဲ့စဉ်က အဘွား တောင်ငူသူ ဗမာလူမျိုးစစ် ဒေါ်ပေါ်ဥနှင့် မှုးစာဆုံခဲ့၏။ အာချီဘောလ်၏ဖခင် မစ္စတာ အီး၊ ရစ်ဗားသည်လည်း ဗမာစစ်အမျိုးသမီးကြီး ဒေါ်ငွေသင်နှင့် မှုးစာဆုံခဲ့ပြန်၏။ အာချီသို့ တစ်ဆင့်တစ်ဆင့်ရောက်လာလျှင် အင်္ဂလိပ်သွေးသည် ဖျော့တော့တော့သာ ပါလာတော့သည်။ ဖခင်ကြီးသည် သရက်မြို့၌ ကျောင်းဆရာအဖြစ် အမှုထမ်းခဲ့ပြီးနောက် ပုလိပ်ဘက်တွင်လည်း အရာရှိတစ်ဦးအဖြစ် အမှုထမ်းခဲ့ဖူးလေသည်။ နောက် ဇာတိတောင်ငူမြို့သို့ ပြောင်းရွှေ့ကြသောအခါ ရိုမင်ကက်သလစ်ခရစ်ယာန်ဘာသာဝင် အာချီကလေးကို မြန်မာဗုဒ္ဓဘာသာဘုန်းကြီးကျောင်းသို့ မိဘများက စေလွှတ်၍ ပညာယူစေကြ၏။

ဘုန်းကြီးကျောင်းသား မောင်အာချီသည် မြန်မာသဒ္ဒါ၊ စာပေကျမ်းဂန်တို့ကို စိတ်အားထက်သန်စွာ လေ့လာသင်ကြားခဲ့၍ မြန်မာစာ၌ အခြေခံကောင်းရရှိခဲ့လေသည်။ ဘုန်းတော်ကြီးကျောင်းမှ တောင်ငူ မြန်မာအလယ်တန်းကျောင်းသို့ ပြောင်းရွှေ့ပြန်သောအခါတွင်လည်း မြန်မာစာကိုသာ ဖိ၍လေ့လာခဲ့ရ၏။ မြန်မာစာပေ၌ မွေ့လျော်ခဲ့၏။ ရန်ကုန် စိန့်ပေါလ်အင်္ဂလိပ်ကျောင်းသို့ ရောက်သောအခါ အင်္ဂလိပ်စာဘက်၌ အခြေခံညံ့နေသေးသဖြင့် မောင်အာချီသည် အတော်ပင် အားခဲ၍ ကြိုးစားခဲ့ရ၏။ သို့ရာတွင် ဇွဲကောင်းကောင်းနှင့် ကြိုးစားခဲ့သဖြင့် မကြာမီပင် ထိပ်တန်းမှအောင်မြင်ခဲ့သည်။ ၇ တန်းစာမေးပွဲ၌ စကောလားရှစ်ရ၍၊ ၁၀ တန်းစာမေးပွဲတွင် မြန်မာဘာသာဂုဏ်ထူးဖြင့် အောင်မြင်လေသည်။

မောင်အာချီ၏အစ်ကိုကြီးက ညီငယ်ကို ကောလိပ်ကျောင်းသို့သွား၍ အထက်တန်းပညာများကို ဆည်းပူးစေလို၏။ ညီငယ်၏ထူးချွန်သော ပညာဉာဏ်ကို အားရကျေနပ်၍ အစွမ်းကုန်တိုးတက် အောင်မြင်စေချင်၏။ သို့ရာတွင်

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်၌ မောင်အာချီသည် အချစ်နယ်တွင် ကျွမ်မိနေပြီ။ လွတ်အောင်ရုန်းထွက်၍မရ။ ဟသ်ာတသူမငွေသင် ပျိုဖြူသည် ထိုအခါက စိန့်ပေါလ်ကျောင်းနှင့် မျက်နှာချင်းဆိုင် အိမ်တစ်ဆောင်တွင် မိဘများနှင့်အတူ နေထိုင်လျက် ရှိခဲ့၏။ မောင်အာချီသည် ကျောင်းသွားကျောင်းပြန်တွင် မငွေသင်ကို ချောင်းမြောင်း၍ကြည့်ရတာမှာ အရသာကြီးတစ်ခုဖြစ်နေခဲ့ရာမှ တစ်စတစ်စ ရင်းနှီးမှုကိုရှာရ၏။ အိမ်သားတွေနှင့် ခင်မင်အောင် လမ်းရှာ၍ပေါင်းသင်းရ၏။ ဖွဲ့ကောင်းသော အာချီသည် မကြာမီပင် အိမ်သို့ ဝင်နိုင်ထွက်နိုင် အခွင့်အရေးရပြီး မငွေသင်နှင့် ရင်းနှီးလာလေသည်။

မငွေသင်ကလေးသည် ဂီတကိုချစ်၏။ မြန်မာစောင်းကောက်ကို ပိုင်နိုင်စွာ တီးတတ်၏။ မငွေသင်ကို ခင်မင်သော မောင်အာချီသည် ဂီတကိုပါ ချစ်တတ်၍ လာခဲ့၏။ ဂီတကိုချစ်သော မငွေသင်သည် မောင်အာချီကိုပင် ခင်မင်လာလေသည်။ မောင်အာချီကို ကောလိပ်ကျောင်းသို့ပို့လိုသော အစ်ကိုကြီးသည် ညီငယ်ကို တောင်ငူသို့ခေါ်သွားလေသည်။ သို့ရာတွင် အချစ်ကိုခွဲ၍မရ။ ခွဲရန်ကြံရွယ်လျှင် ပိုမို၍ပင် ကြီးမားခိုင်ခံ့၍ လာတတ်သည့်သဘောရှိသော ထူးဆန်းသည့်ပစ္စည်း။ တောင်ငူသည် ရန်ကုန်မဟုတ်ပါ။ သို့ရာတွင် တောင်ငူမှ ရန်ကုန်သို့ လာ၍ရပါ၏။ ခရီးပင်ကွာဝေးစေကာမူ လာလျှင် ရောက်ပါသည်။ ထို့ကြောင့် မောင်အာချီသည် တောင်ငူမှရန်ကုန်သို့ ပြေးလာ၏။ လာ၍ရောက်၏။ ရောက်လျှင် မငွေသင်နှင့် ဖူးစာဆုံ၏။

ပျော်ရွှင်သော အိမ်ထောင်ကိုစ၍ ငယ်ငယ်ရွယ်ရွယ်ပင် ပျိုးထောင်ကြသဖြင့် ယခုအခါတွင် ထူးချွန်သောသားကြီး ၆ ယောက်နှင့် ချစ်စဖွယ်သော သမီးထွေးကလေး ခင်သန်းနွယ်တို့ကို မွေးဖွားစောင့်ရှောက်လာနိုင်ခဲ့ကြပြီ။ အိမ်ထောင်ဦးတွင် အလုပ်အကိုင်ခက်ခဲ၍ ဆင်းရဲခဲ့ကြသလောက် ယခုမူ ကြွယ်ဝပြည့်စုံကြပြီ။ ထွန်းကားသော သားသမီးများသည်ပင်လျှင် အဖိုးမဖြတ်နိုင်သော ရတနာကြီးတွေ ဖြစ်နေပေပြီ။

အိမ်ထောင်ဦးတွင် ဝမ်းစာရှာရင်းနှင့် ကိုအာချီသည် မိခင်စိန့်ပေါလ်ကျောင်း၌ပင် ကျောင်းဆရာကလေးလုပ်ခဲ့သည်။ မြန်မာစာထူးချွန်သူဖြစ်၍ တစ်ဆင့်တစ်ဆင့်တက်ကာ နောက်ဆုံးတွင် အထက်တန်းများ၌ပင် မြန်မာစာပေကို ပို့ချ သင်ပြခဲ့၏။ စာပေသင်ပေးရသော အရသာမှာ ထူးမြတ်လှပါပေသည်။ မြန်မာစာပေသည်လည်း နက်နဲသိမ်မွေ့လှပါပေသည်။ မစ္စတာရစ်ဗားခေါ်



ဦးသန်းအောင်သည်လည်း မြန်မာစာပေ သင်ကြားပို့ချရသည်ကို နှစ်သက်လှပါသည်။ စာလုံးတစ်လုံးဆိုလျှင် ခွဲစိတ်၍၊ ကျနစွာရာဇဝင်ခင်း၍ ရှင်းပြတတ်၏။ သူသင်ပြသော စာပေသည် အသက်ဝင်၍နေလေသည်။ စာပေကို ကဗျာဖြစ်အောင်၊ ရာဇဝင်မြောက်အောင် ပြသတတ်သူတည်း။

စာပေသင်ပြရုံမျှနှင့် တဖြည်းဖြည်းနှင့် မှန်မှန် တိုးပွားလာသော အိမ်ထောင်၏စရိတ်တို့ကို မရှာနိုင်သဖြင့်လည်း ရန်ကုန်တက္ကသိုလ်၌ ဒုတိယတန်းရှေ့နေသင်တန်းများကို တက်ရောက်ကာ ဒုတိယတန်းရှေ့နေအဖြစ်ကို ရရှိခဲ့၍ အချိန်အားတွင် ရှေ့နေလိုက်လိုက်သေး၏။ ရှေ့နေသင်တန်း၌ ဆရာကြီးများကား ခေကြသူတွေ မဟုတ်။ ဦးမေအောင်၊ ဆာကျေ၊ အေ၊ မောင်ကြီး၊ ဆာမြဘူးစသော ပုဂ္ဂိုလ်ကျော် ပညာရှင်တွေဖြစ်ခဲ့ကြ၏။ ဦးသန်းအောင် တက်ရောက်ခဲ့သော ၁၉၂၂–၂၃ ခုနှစ် ရှေ့နေသင်တန်းများသည် တက္ကသိုလ်က နောက်ဆုံးပေးသော သင်တန်းများ ဖြစ်ခဲ့၏။ စာပေ၌ မွေ့လျော်၍ ကျောင်းဆရာအဖြစ် လုပ်ကိုင်လျက်ရှိသော ဦးသန်းအောင်အဖို့ ရှေ့နေလိုက်ရခြင်းသည် စာသင်ခန်းတစ်ခန်းမှ နောက်တစ်ခန်းသို့ ပြောင်းရွှေ့၍ သင်ပြရတာနှင့် တူ၏။ သဘောမှာ တစ်သဘောတည်းဖြစ်၍ အပြောအဟောကောင်း ဦးသန်းအောင်အဖို့ အောင်မြင်တာချင်း တူနေ၏။

နံနက်ပိုင်းတွင် ၁၁ နာရီအထိ ကျောင်း၌ စာသင်၍၊ ၁၁ နာရီကျော်လျှင် ရုံးတွေ၌ အမှုလိုက်၍၊ ညနေပိုင်းတွင် ကျောင်း၌ စာသင်ပြန်၍၊ ညပိုင်းတွင် အိမ်၌ ကျောင်းသားအချို့ကို အလွတ်ပညာသင်ကြားပို့ချ၍ မအားမလပ်နိုင်အောင် အလုပ်ဖြင့် ပြည့်ကျပ်နေသောဘဝ။ သို့ရာတွင် ဦးသန်းအောင်သည် မောပန်းခြင်းမရှိ။ လုပ်စရာဟူသမျှကို မနားမနေလုပ်၏။ သပ်ရပ်သေချာစွာ ပြီးစီးမှ စိတ်ကျေနပ်၏။ ကြိုးစားရကျိုးလည်း နပ်ပေသည်။ ဆရာဦးသန်းအောင်၊ ရှေ့နေဦးသန်းအောင်ကို လူချစ်လူခင်များခဲ့၏။ တပည့်များက ရှိသေကြ၏။ တပည့်ဟောင်းများကလည်း ရှိသေစွာသတိရကြ၏။

သည်စေတနာတွေစုပေါင်း၍ မစ္စတာရစ်ဗား ခေါ် ဦးသန်းအောင်အားတိုင်းပြည်ပြုလွှတ်တော်သို့ ၁၉၄၇ ခုနှစ် ဧပြီလတွင် အင်္ဂလိပ်–မြန်မာ ကပြားများက သူတို့အတွက်ရရှိသော လူမျိုးရေးနေရာ လေးနေရာအနက် တစ်နေရာကို ယူရန် ရွေးကောက် တင်မြှောက်လိုက်ကြလေသည်။ မေမြို့၊ ရန်ကုန်မြို့တို့မှ အင်္ဂလိပ်–မြန်မာတို့က စုပေါင်း၍ မြန်မာပြည်လုံးဆိုင်ရာ အင်္ဂလိပ်–မြန်မာ

www.burmeseclassic.com

www.burmeseclassic.com



ကောင်စီ ပြည်လုံးကျွတ်အစည်းအဝေးသို့ ကိုယ်စားလှယ်တော်များ လွှတ်ကြ၏။ ရန်ကုန်မြို့တော်ခန်းမကြီးတွင် ကျင်းပခဲ့သော ထိုအစည်းအဝေးက တိုင်းပြည်ပြု လွှတ်တော်သို့ အမတ်လေးဦး ရွေးချယ်တင်မြှောက်ကြရာတွင် မစ္စတာရစ်ဗားကို အများသဘောကျ အတိုက်အခံမရှိ ရွေးချယ်လိုက်ကြ၏။

မစ္စတာရစ်ဗားသည် အင်္ဂလိပ်–မြန်မာဟု ခေါ်သာခေါ်ရသည် ဘုန်းကြီး ကျောင်းထွက် မြန်မာစာဆရာဖြစ်၏။ မြန်မာစာကို အရည်ကျို၍သောက်ခဲ့သူ၊ ဘုန်းကြီးကို စာချမည့်သူမျိုး။ ယခု မြန်မာ့ခေတ်သို့ ရောက်ပြီ။ မြန်မာလို ပြောဟော၍ မြန်မာတွေနှင့်ပူးပေါင်းကြရမည်။ အင်္ဂလိပ်–မြန်မာများဟူ၍ ခွဲခွဲ ခြမ်းခြမ်း လုပ်၍မရ။ မြန်မာပြည်သစ်တွင် အင်္ဂလိပ်–မြန်မာတို့သည် မြန်မာသာ ဖြစ်ရမည်။ ဤသို့နိုးကြားသောစိတ်များဖြင့် မစ္စတာရစ်ဗားကို အမတ်အဖြစ် ရွေးချယ်တင်မြှောက်လိုက်ကြလေသည်။

လွှတ်တော်ထဲတွင် မစ္စတာရစ်ဗားသည် အပြောအဟောကောင်း သလောက် စေတနာထက်ထက်သန်သန်နှင့် ဆောင်ရွက်ခဲ့၏။ အခြေခံဥပဒေ ရေးဆွဲရာတွင်လည်းကောင်း၊ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေကို ရေးဆွဲရာတွင်လည်းကောင်း၊ ဥပဒေကိစ္စမျိုးစုံ၊ ပညာရေးကိစ္စအဝဝတို့တွင် ထူးချွန်စွာအမှုထမ်းခဲ့လေသည်။ ခေတ်သစ်မြန်မာပြည်တွင် ကပြားပြဿနာ ဟူ၍ မရှိတော့လေအောင် ဆောင်ရွက်ခဲ့ရာတွင် မစ္စတာရစ်ဗားသည် ရဲရင့်ခဲ့၏။ သဘောထားကြီးခဲ့၏။ ကပြားအမတ်ပင်ဖြစ်လင့်ကစား ကပြားတွေအတွက် လူမျိုးရေးသဘောဖြင့်ခွဲ၍ လွှတ်တော်တွင် နေရာမယူလိုပါ၊ အထူးအခွင့်အရေး များ၊ အထူးအကာအကွယ်များ မယူလိုပါဟု မစ္စတာရစ်ဗားက တဖွဖွ ပြောခဲ့၏။ ကပြားများသည် မြန်မာဖြစ်ကုန်ကြပြီ။ ကပြားဟူ၍ ခွဲခြား၍မရှိတော့ဟု သူကပင် အကြိမ်ကြိမ် ဆော်သြခဲ့လေသည်။

လူတကာ အစည်းအရုံးဖွဲ့၍ ရာထူးတည်မြဲရေးအတွက် အားမွေးနေကြ ချိန်တွင် မစ္စတာရစ်ဗားသည် အင်္ဂလိပ်–မြန်မာတို့ကို အဖွဲ့အစည်း၊ သီးခြားလူ နည်းစုအနေဖြင့် တည်ရှိနေခြင်းကို မူအားဖြင့် လက်မခံသဖြင့် ဖြိုဖျက်ခဲ့လေ သည်။ ဤသို့ဖျက်လျှင် မဲတွေကွဲပြန့်သွားလေသည်။ သူ့နောက်မှအင်အားသည် ကွဲပျက်၍ သွားလေသည်။ သို့ရာတွင် ဒါကအရေးမကြီး။ အရေးကြီးတာက ကပြားပြဿနာဟူ၍ မြန်မာပြည်မှာ မရှိတော့။ အင်္ဂလိပ်သွေး အနည်းငယ် ရောစပ်နေပါစေ၊ စိတ်ဓာတ်အားဖြင့် ဗမာစစ်တွေလို၊ တချို့ဗမာစစ်တွေထက်



ပို၍ပင် ဗမာဖြစ်၍နေကြပြီ။ ၁၉၅၀ ခုနှစ်ထဲတွင် ပြည်ထောင်စုသား အင်္ဂလိပ်– မြန်မာများအသင်းဟူ၍ ပေါ်ပေါက်ခဲ့၏။ ရည်ရွယ်ချက်မှာ အင်္ဂလိပ်သွေး အနည်းငယ်ပါသော မြန်မာများသည်လည်း ကျပ်ပြည့် ပြည်ထောင်စုသားတွေ အဖြစ် ရှိနေကြပါသည်ဟု ကြေညာရန်ဖြစ်လေသည်။ ထိုအသင်း၏ ဥက္ကဋ္ဌမှာ ရှည်ရှည်ဝေးဝေး တွေးတောနေရန်မလို၊ ဦးသန်းအောင်ခေါ် မစ္စတာရစ်ဗားပင် ဖြစ်လေသည်။

၁၉၄၉ ခုနှစ် ဖေဖော်ဝါရီလထဲတွင် ဦးသန်းအောင်သည် စစ်သေနာပတိ ချုပ်၊ ဒုတိယဝန်ကြီးချုပ်၊ ပြည်ထဲရေးဝန်ကြီးနှင့် ကာကွယ်ရေးဝန်ကြီးဖြစ်သော ဗိုလ်ချုပ်နေဝင်း၏ ပါလီမန်အတွင်းဝန် ဖြစ်လာ၏။ အရေးကြီးလှသောအချိန် တွင် တကယ့်အရေးကြီးသော ဌာနများကို ဦးစီး၍ ဗိုလ်ချုပ်ကဲ့သို့သော တကယ့် ခေါင်းဆောင်တစ်ဦးနှင့် အလုပ်လုပ်ခဲ့ရသော ဗဟုသုတ။ ဗိုလ်ချုပ်သည် လျင် မြန်၏။ ရှုပ်ရှုပ်ရှုပ်ရှုပ်လုပ်တာကို ကြိုက်၏။ အပြောသမားတွေကို မကြိုက်။ သူ့အနားဌ ခစားနေသူတွေကို မလိုလား။ ဗိုလ်ချုပ်သည် ဦးသန်းအောင်ကို ကျေနပ်အားကိုးခဲ့၏။ ဒိထက်ပို၍ ဦးသန်းအောင်ကို ချီးကျူးထောက်ခံနိုင်သော အချက် မရှိနိုင်တော့ပါ။

၁၉၅၀ ခုနှစ်၊ ဧပြီလတွင် ပါလီမန်အတွင်းဝန်ဘဝမှ ဝန်ကြီးဘဝသို့ ဦးသန်းအောင် တက်လှမ်းရလေသည်။ ပထမသော် ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးအဖြစ် သောင်းကျန်းမှုဘေးတို့မှ ပြေးလာခဲ့ကြသော ဒုက္ခသည်တို့ကို ကြည့်ရှုစောင့်ရှောက်ရလေသည်။ စနစ်တကျ မူကိုချမှတ်၍ ကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ကိုင်ခဲ့၏။ ၁၉၅၀ ခုနှစ် စက်တင်ဘာလတွင် ပညာရေးဝန်ကြီးအဖြစ်ပါ ပူးတွဲ၍ တာဝန်ယူရလေသည်။ ထို့နောက် ၁၉၅၃ ခုနှစ် အစပိုင်းတွင် ပြည်တော်သာစီမံကိန်းများ အစပျိုးသည်နှင့် ပညာရေးဝန်ကြီး ဌာနမှာလည်း အဆပေါင်းမြောက်မြားစွာ အရေးကြီးလာသည်ဖြစ်၍ ၎င်းဝန်ကြီး ဌာနကို သီးခြားခွဲ၍ ဦးသန်းအောင်ပင်လျှင် ဆက်လက်၍ ကိုင်ရလေသည်။ ကျောင်းဆရာ ဦးသန်းအောင်သည် ဆရာအကြီးဆုံးဘဝသို့ ရောက်ရလေပြီ။ ရေသို့လွှတ်သော ငါးပမာတည်း။

ပညာရေးကို အထူးအားပေး၍ ဝန်ကြီးချုပ်ဦးနုကိုယ်တိုင်က ဖိုးသုည တွေ ပပျောက်ရေးအတွက် ကိုယ်ထိလက်ရောက်၊ မနေမနား လုပ်ကိုင်နေချိန် တွင် မမောမပန်း လုပ်တတ်ကိုင်တတ်သော ဝါသနာရှိ၍ စာပေနှင့်ဆရာဘဝတွင်

www.burmeseclassic.com



ဝန်ကြီးနှင့် ဝန်ကြီး - ဦးသန်းအောင် နှင့် ပညာရေးပြပွဲတစ်ခုမှ "ဝန်ကြီး"

www.burmeseclassic.com



ပျော်မွေ့သော ဦးသန်းအောင်ကို ပညာရေးဝန်ကြီးအဖြစ် ဆီလျော်စွာ ရွေးချယ်ခန့်ထားလိုက်သဖြင့် ပညာရေးလုပ်ငန်းစဉ်တို့မှာ တစ်ဟုန်ထိုးတိုးတက်လာခဲ့လေသည်။

ဦးသန်းအောင်သည် ပညာရေးဝန်ကြီးအဖြစ်နှင့် ဦးစွာပထမ ရဲဘော်ရဲဘက်တော် ဆရာဆရာမများ၏ဘဝကို မြှင့်တင်ပေးခဲ့၏။ တက္ကသိုလ်တွင် အခြေခံဝိဇ္ဇာသိပ္ပံဘွဲ့တွေကိုယူ၊ ထို့နောက် ဆရာဖြစ်ဘွဲ့ကို ယူကြရပြီးမှ အထက်တန်းဆရာ၏ တာဝန်ကိုခံယူကြရသော ဆရာဆရာမတို့သည် ရုံးတွေက စာရေးကြီးတွေလောက် အဆင့်အတန်းမမီကြ။ ရသောလစာငွေများကလည်း မဝတဝစားသောက်၊ မလုတလု ဝတ်ဆင်စာသာရှိလေ၏။ ရပ်ထဲရွာထဲ၌ဆိုလျှင်လည်း လူနံ့လူချာတွေအဖြစ် နောက်ပိုင်းချောင်ကျကျမှာ ခိုကပ်၍နေခဲ့ကြရ၏။

ယခုမူ ဆရာဆရာမတို့၏ လစာငွေများကိုလည်း ပြင်ဆင်တိုးမြှင့်ပေးပြီးပေပြီ။ ယခုတိုင် လောက်ငပြီး တန်ဖိုးအစစ်အမှန်ကို ရရှိကြပြီဟူ၍ မဆိုသာသေးသော်လည်း ဆရာ့တန်ဖိုးကို အသိအမှတ်ပြုပြီးသား ဖြစ်နေသည်။ တိုင်းပြည်၏ လုပ်ငန်းအရပ်ရပ်တို့တွင်လည်း ဆရာဆရာမများကို ရှေ့တန်းမှ ထားရှိကာ နေရာပေး၍ နေကြပေပြီ။ ကျောင်းဆရာကြီး ဦးနုတို့၊ ဦးသန်းအောင်တို့၏ ကျေးဇူးပင်တည်း။ ဦးသန်းအောင် ပညာရေးဝန်ကြီးဖြစ်ခြင်းနှင့် အစိုးရကျောင်းများ၊ တက္ကသိုလ်များတွင် အခလွတ် ပညာသင်ကြားခွင့်ပေးသောစနစ်ထွင်လိုက်ခြင်းသည် တိုက်ဆိုင်၍နေခဲ့၏။ ၎င်းမူကို အစိုးရအဖွဲ့က သတ်မှတ်ခဲ့သော်လည်း အသေးစိတ် အောင်မြင်အောင်၊ ထမြောက်အောင်လုပ်ကိုင်ခဲ့သော ဌာနတာဝန်ခံမှာ ဦးသန်းအောင်ပင်ဖြစ်ခဲ့လေသည်။

ဒါတွင်မကသေး။ ကျောင်းတွေ အမြောက်အမြား ဖွင့်လှစ်ပေးခဲ့ပါသေးသည်။ ပညာသင်ယူရန် အခွင့်အရေးသည် လူနည်းစု၏ ပိုင်နက်မဟုတ်စေရ။ ဆင်းရဲသား သားသမီးရော၊ သူကြွယ်သားသမီးရော ပညာသင်ကြား၍ ထိပ်တန်းသို့တက်နိုင်ရန် ကျပ်ပြည့်တင်းပြည့် ထပ်တူထပ်မျှ အခွင့်အရေးရကြပါစေ။ ကျောင်းသားတွေက ခဲခဲခက်ခက် အဝေးရပ်ရှိကျောင်းများသို့ မသွားကြပါစေနှင့်။ ကျောင်းတွေက ကျောင်းသား အရှာထွက်ကြပါစေ။ တက္ကသိုလ်က လူထု၏အိမ်ပေါက်ဝမှရပ်၍ လူထုကို ဖိတ်ခေါ်ပါစေ။ ချော့မြှူပါစေ။ ထို့ကြောင့်ပင် နေ့ချင်းညချင်း မူလတန်းကျောင်းများမှ တက္ကသိုလ်ကျောင်းများအထိ အရေအတွက် အဆပေါင်းများစွာ တိုးတက်ကာ ဖွင့်လှစ်ခဲ့ကြလေသည်။ အစိုးရ

www.burmeseclassic.com

www.burmeseclassic.com



အတွက်တွေကို ယှဉ်၍ ကြည့်ပါ။ ဂဏန်းတွေ၊ အရေအတွက်တွေက မညာကြပါ။ ညာလျှင်လည်း နည်းနည်းပါးပါးသာ ညာနိုင်ပါသည်။

အင်္ဂလိပ်လက်အောက်ခံဘဝက မြန်မာပြည်၌ မူလတန်းကျောင်းဆို၍ တစ်ကျောင်းမျှ မရှိခဲ့။ ယခု မူလတန်းကျောင်းပေါင်း တစ်သောင်းကျော် ဖွင့်လှစ်ခဲ့သည်နှင့်အမျှ မူလတန်းကျောင်း ဆရာဆရာမတွေ အမြောက်အမြား လို၍လာလေသည်။ လိုသလောက်ကို အမြန်ရရှိလေအောင် အထူးသင်တန်းများကို ဖွင့်၍ အရေးပေါ် ဆရာဆရာမများကို ဖြစ်မြောက်စေခဲ့၏။ ၂ နှစ်အတွင်း သင်တန်းပတ် ၈ ခုပေးခဲ့ကာ ဆရာ ဆရာမပေါင်း ၈,၀၀၀ ကို လေ့ကျင့်၍ ပေးခဲ့သည်။ ၎င်းအရေးပေါ် ဆရာ ဆရာမများကို အစိုးရ အထောက်အပံ့နှင့် တက်ရောက်နိုင်ကြစေရန် စီစဉ်ပြီးဖြစ်လေသည်။

ကျောင်းမှထွက်ကြလျှင် စာရေးစာချီ၊ မြို့အုပ် ဝန်ထောက် လုပ်ကြနိုင်ဖို့အတွက်သာ ယခုကျောင်းတွေက ကျောင်းသားများကို ပြုပြင်ပြင်ဆင်ပေးမည် မဟုတ်။ ကျောင်းတွေသည် လစား၊ စာရေးစာချီ ထုတ်လုပ်ရာ စက်ရုံကြီးများ မဟုတ်ကြတော့။ ဘဝနှင့် လက်တွေ့ နီးကပ်စွာ စပ်ဟပ်၍ရသော ဘဝတက္ကသိုလ်တွေ ဖြစ်ကြရမည်။ စာမေးပွဲအောင်၍ လက်မှတ်ရရန်၊ ဘွဲ့ထူးယူရန်၊ နံပါတ်ချိတ်ဆွဲရန် ဌာနတွေ မဟုတ်တော့။ ကျောင်းများ၊ တက္ကသိုလ်များသည် လူ့ဘဝပင် ဖြစ်ရမည်။ ဘဝနှင့် အလှမ်းကွာလျက် မရှိစေရ။ သဘာဝကျနသော လူ့ဘဝဖြစ်ရမည်။ ကျောင်းများ၌ ပန်းချီ၊ ဂီတ၊ ဥယျာဉ်စိုက်ပျိုးခြင်း စသည်တို့ကို လေ့ကျင့်ကြ လေ့လာကြရမည်။ မိန်းကလေးများအဖို့ဆိုလျှင် အိမ်တွင်းမှုပညာကို သင်ယူကြရမည်။ အကျင့်သီလပြည့်ဝရေးအတွက် ဘာသာရေးစသောသင်ခန်းစာများကို ယူကြစေရမည်။ အတိုဆိုရသော် ကျောင်းသည် လူ့ဘဝဖြစ်စေရမည်။

ဝါသနာအထုံအလျောက်၊ ပါရမီအခံအလျောက် ကျောင်းသားတွေ အသက်မွေးဝမ်းကျောင်းပညာရပ်များကို ဆည်းပူးလေ့ကျင့်နိုင်စေရန်ကိုလည်း ပြည်တော်သာပညာရေးဝါဒက မေ့၍မထားပါ။ ယခုအခါဆိုလျှင် စက်မှုလက်မှုကျောင်းတွေ ဆောက်လုပ်ဖွင့်လှစ်၍နေပြီ။ မကြာမီက မန္တလေးတွင်ဖွင့်ခဲ့၏။ ၁၉၅၆ ခုနှစ် ဇွန်လထဲတွင် ကျောင်းသား ၆၀၀ ကျော် လက်ခံ၍ စက်မှုပညာရပ်မျိုးစုံ သင်ကြားပေးနိုင်သော စက်မှုလက်မှု အထက်တန်းကျောင်းကြီးကို ရန်ကုန်မြို့ ကန်တော်ကြီးနံဘေးတွင် ဖွင့်လှစ်တော့မည်။ ဗိုလ်ချုပ်အောင်ဆန်း



ပန်းခြံနှင့် မျက်နှာချင်းဆိုင်တွင် တည်ရှိနေမည့် ကျောင်းကြီးသည် ဗိုလ်ချုပ်ချမှတ်ခဲ့သောလမ်းစဉ်မှ ဝွားဝွားစွင့်စွင့် ပေါ်ထွက်လာသော ဗိုလ်ချုပ်၏ဆန္ဒကို အသက်သွင်းထားခြင်း တစ်ရပ်ပင်တည်း။

ဒါတွေတွင် မကသေး။ ပညာရေးလောကတွင် တိုးတက်နေတာတွေကို ရေးရမည်ဆိုလျှင် စာတစ်အုပ်ရေးရမည်။ စာအုပ်ပေါင်းများစွာရေးမှ စေ့စုံမည်။ ကျောင်းအရေအတွက်တွေ များတာသာမဟုတ်။ ကျောင်း၏ဘဝသဘောကို ပြောင်းပစ်တာကပင်လျှင် တော်လှန်ရေးကြီးတစ်ရပ်ဖြစ်၏။ ပညာရေး၏အခြေခံရည်ရွယ်ချက်တွေ ပြောင်းလာသည်နှင့်အမျှ ပညာရေးတိုးတက်မှု စခန်းတွေကလည်း ပြောင်း၍လာ၏။ လူထုကို ပညာပေးနိုင်ရန်အတွက် ကျောင်းများ၊ တက္ကသိုလ်များ၌ ဘာသာမျိုးစုံကို မြန်မာလို သင်ကြားပို့ချပေးကြမည်။ အင်္ဂလိပ်စာကို ဘာသာရပ်တစ်ရပ်အနေနှင့် ကျနစွာလေ့လာကြမည်။ နည်းသစ်တွေထွင်၍၊ တိုက်ရိုက်သင်ကြားနည်းတွေကို ပယ်၍ သွယ်ဝိုက်သောနည်းများဖြင့် ကျောင်းသားကလေးများ အင်္ဂလိပ်စာကို သဘာဝကျကျ လက်ခံနိုင်အောင် သင်ပေးကြမည်။ သို့ရာတွင် အခြားသောဘာသာရပ်များကိုမူ မြန်မာလိုသင်ပေးမည်။ ဒါမှ မြန်မာကျောင်းသားများ လွယ်လင့်တကူ လေ့လာနိုင်ကြမည်။ ဤသို့ မူအားဖြင့် ကွဲပြား၍ လာလေသည်။

ဦးသန့်အောင်သည် ပညာရေးလောကသစ်ကြီးကို ထူထောင်ရာတွင် ခွဲကြီးလုပ်ပါပေသည်။ ညအခါများတွင် မိုးချုပ်မီးထွန်းသည်အထိ ရုံး၌ မနားတမ်း လုပ်ကိုင်တတ်၏။ အကြောင်းကိစ္စရှိလျှင် မလေးမကန် ခရီးထွက်၍ ကိုယ်တိုင် နယ်အခြေအနေ၊ ကျောင်းအခြေအနေများကို လေ့လာကြည့်ရှုရမှ ကျေနပ်၏။ စီမံကိန်းသစ်တွေကို ရေးဆွဲလျှင် စာရွက်ပေါ်တွင် ရေးဆွဲပြီးတာနှင့် ကျေနပ်တတ်သူမဟုတ်။ လက်တွေ့လုပ်၍ အကောင်အထည်ဖော်တာကို မြင်ရမှ ကျေနပ်၏။ ကျောင်းတွေ မည်မျှဖွင့်ပြီးပြီ၊ မည်မျှဖွင့်ဦးမည်၊ ဆရာတွေ ဘယ်နှယောက် ပေါ်ထွက်ခဲ့ပြီ၊ နောက်ဘယ်လောက်ကြာလျှင် ဘယ်နှယောက် ထွက်ပေါ်လာဦးမည် စသည်တို့ကို သူ့စိတ်ထဲတွင် ဇယားကွက်ချ၍ ကွက်ကွက်ကွင်းကွင်း ရှင်းရှင်း မှတ်သားထားပြီးသား အမြဲရှိ၏။ သူ့ဌာနကို သူသိ၏။ ခင်တွယ်၏။ သူ့ဆရာများနှင့် ရင်းနှီး၏။ စိတ်ကူးများ၊ အကြံဉာဏ်များကို လဲလှယ်ဆွေးနွေးချင်၏။ ပြဿနာတစ်ခု ပေါ်လာလျှင် အရေးပေါ် အဖြေရှာရတာနှင့် မကျေနပ်။ အမြစ်ကိုရှာ၍ ဖြေဆေးကိုဖော်လို၏။

www.burmeseclassic.com

www.burmeseclassic.com



ယခု ကျောင်းတွေ အမြောက်အမြား ရှိသလောက်၊ ကျောင်းသားတွေ သိန်းချီ၍ ပေါ်နေသလောက်၊ ကျောင်းတွေ တိုးတက်နေသလောက်၊ တိုးတက် နိုင်ငံရေး ကျောင်းသားများသည် ကျောင်းများသို့ မတိုးနိုင်၊ ခြေကုပ်မယူနိုင်ကြ။ တက္ကသိုလ်အပြင်ဘက်ရှိ ပညာရေးလောကသည် သန့်ရှင်းနေသဖြင့် သန့်ရှင်း နိုင်ငံရေးကျောင်းသားများသည်လည်း ဝင်၍ မရှုပ်နိုင်ကြ။ သို့ရာတွင် ဦးသန်း အောင်သည် မကျေနပ်သေး၊ အားမရသေး။ နောင်အရှည်ကို ကြည့်၍ စိတ်ကူး တုန်း၊ ပြင်ဆင်တုန်းပင်ရှိ၏။ ကျောင်းသားတွေကို စာသင်ခန်းအပြင်ချိန်များ၌ ဂီတ၊ အက၊ အနုပညာအဖွဲ့အစည်းများ ဖွဲ့စည်းပေးမည်။ ဆွေးနွေးပွဲများ၊ စကား အချေအတင်ပြောပွဲများတွင် စိတ်ပါဝင်စားစေမည်။ လောကဓာတ်၊ ရာဇဝင် သုတေသနများ လုပ်စေမည်။ မူလအခြေခံ စစ်ပညာများကို သင်ယူလိုသူများ သင်ယူနိုင်ရစေမည်။ ကင်းထောက်၊ ငှက်ပြာအဖွဲ့အစည်းများကို အားပေး၍ ဖွဲ့စည်းပေးမည်။ ကျောင်းသား၊ ဆရာ ပူးတွဲ၍ ကျောင်းရေးကိစ္စတို့ကို စီမံခန့်ခွဲ စေမည်။ ကျောင်း၏ကြမ္မာကို ဖန်တီးစေမည်။ ဒါတွေကို နှစ်အတန်ကြာအတွင်း တစ်စတစ်စ ပြုပြင်ပျိုးထောင်ပေးခြင်းဖြင့် ပြည်တော်သာ မြန်မာပြည်နှင့် ထိုက်တန်သော မောင်မယ်သစ်လွင်ကလေးများ၊ ခေါင်းဆောင်လောင်းများကို တည်ထောင်ပေးမည်။

သည်စီမံကိန်းတွေကို ရေးဆွဲရင်း၊ ကျောင်းသုံးစာအုပ်အသစ်တွေ ရေး သားထားတာတွေကို ဖတ်ရှု၍ စာပြင်ရင်း၊ ဟော်လန်နိုင်ငံတွင် ပုံနှိပ်လျက် ရှိပြီဖြစ်သော မူလတန်းနှင့် အထက်တန်းကျောင်းများအတွက် ပထမဦးဆုံး အကြိမ် ရေးသားတီထွင်ထားခြင်းဖြစ်သည့် မြန်မာလို ကမ္ဘာ့ပထဝီဝင်စာမူကြမ်း များကို ဖတ်ရှုပြင်ဆင်ရင်း၊ သူ၏ မမောမပန်းနိုင်သော အတွင်းဝန် ဦးဘကျော် နှင့် ပညာရေးဌာန ညွှန်ကြားရေးဝန်များ၊ ဖို့ဒ်ဖောင်ဒေးရှင်းမှ မေတ္တာဖြင့် ကူညီ ပေးပို့သော ပညာရေးပါရဂူများနှင့် ဆွေးနွေးရင်း ဦးသန်းအောင်သည် တိုင်းရင်း ဖြစ် ဆေးပေါ့လိပ်ကြီးတဖွာဖွာနှင့် နေ့စဉ် နေထွက်မှနေဝင်အထိ အလုပ်လုပ် လျက် ရှိပေသတည်း။

❐ ❐ ❐

# AUNG SAN OF BURMA ( MYANMAR )

Compiled and Edited by

## DR. MAUNG MAUNG

(Second Edition)

Aung San was absolutely honest. He was a good military leader too, brave and skilful. He was a patriot, and his patriotism and honesty won respect from all of us in Japan as well as on our march.

*Keji Suzuki ( Bo Mogyoe )*

The greatest impression he made on me was one of honesty. He was not free with glib assurances and he hesitated to commit himself, but I had the idea that if he agreed to do something he would keep his word. I could do business with Aung San.

*Field Marshal Sir William Slim*

---

- ❐ နိုင်ငံတစ်နိုင်ငံ၏ ကာကွယ်ရေးတွင် ရှေ့တန်းစစ်မျက်နှာဖြစ်သော သံတမန် ဆက်ဆံရေးဆိုင်ရာ အခြေခံသဘောနှင့် အဖြစ်အပျက် အကြောင်းအရာ ဆိုင်ရာ ဗဟုသုတများ
- ❐ ဂရိ (ခေါမ) ခေတ်မှ မျက်မှောက်ကာလအထိ ကမ္ဘာ့သံတမန်ဆက်ဆံရေး သမိုင်း၊ မြန်မာ့သံတမန်ဆက်ဆံရေးသမိုင်းနှင့် သံတမန်အတတ် အစဉ် အလာများ
- ❐ မျက်မှောက်ခေတ် ကျင့်သုံးနေသော သံတမန်ရေးရာကျင့်ဝတ်၊ လုပ်ထုံး လုပ်နည်း၊ သံခင်းတမန်ခင်းဆိုင်ရာများအကြောင်း စာတွေ့ ကိုယ်တွေ့ ကျွမ်းကျင်သူ မြန်မာသံတမန်ကြီးတစ်ဦး၏ အမျိုးသားစာပေဆု (နိုင်ငံရေး စာပေ) ဆုရစာအုပ်

## ဦးအောင်သန့်

# သံကြီးတမန်ကြီး သံခင်းတမန်ခင်း

---

မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ စာပေ၊ ယဉ်ကျေးမှု နယ်ပယ် အသီးသီးမှ ထင်ရှားကျော်ကြားသည့် သမိုင်းဝင်ပုဂ္ဂိုလ်ကျော်တို့၏ အတ္ထုပ္ပတ္တိကို ကျစ်လျစ်နိုင်မာစွာ ပြုစုထားသော စာအုပ် –

## မြန်မာလူကျော် ၁၀၀ (ပထမအုပ်)

## မောင်ဇေယျာ

www.burmeseclassic.com

www.burmeseclassic.com

. . . ပုဂံဝန်ထောက်မင်း ဦးတင်၏ "မြန်မာမင်းအုပ်ချုပ်ပုံ စာတမ်း" ၌ကား ဦးဘိုးလှိုင်၏ "ရာဇဓမ္မသင်္ဂဟကျမ်းသည် သိပေါမင်းတရားကို ဆုံးမသော ကျမ်းဖြစ်သည်" ဟု ဆိုသည်။ ××× 

ဥတုဘောဇနသင်္ဂဟကျမ်း အပါအဝင် လောကီလောကုတ္တရာဆိုင်ရာ ကျမ်းပေါင်းများစွာကို ရေးသားပြုစုခဲ့သော လက်ရုံးရည် နှလုံးရည်နှင့် ပြည့်ဝပြီး ပညာတံခွန် လူရည်ချွန်သော

မြန်မာပညာရှိကြီး

## ယောမင်းကြီး ဦးဘိုးလှိုင်၏ အတ္ထုပ္ပတ္တိနှင့်

# ရာဇဓမ္မသင်္ဂဟကျမ်း စတုတ္ထအကြိမ်

မောင်ထင် တည်းဖြတ်ပြုစုသည်။

---

ဆီဆာ၊ ။ အို ဘရုတ၊ သင်ပင် ပါဝင်သလော။ ဤသို့ တပြီးကား ဆီဆာသည် ကျဆုံးရတော့အံ့။ ×××

ရောမသမိုင်း၏ အရေးကြီးသော ကဏ္ဍတစ်ရပ်ကို အာဝဇ္ဇန်းရွှင်ရွှင် စကားလုံးကြွယ်ကြွယ်ဖြင့် ဖတ်မငြီးအောင် ရေးသားထားသည့် ရှိတ္တစပီးယား၏ လက်ရာမွန်

# မန်းတင် ( မြန်မာပြန် ) ဂျူလိယက်ဆီဆာ

---

- မြန်မာ့သမိုင်း၊ စာပေ၊ ယဉ်ကျေးမှုတို့ကို အထူးပြု၍ အင်္ဂလိပ်ဘာသာဖြင့်လည်းကောင်း၊ မြန်မာဘာသာဖြင့်လည်းကောင်း သုတေသနစာတမ်းများ ရေးသားပြုစုခဲ့ကြသဖြင့် ကမ္ဘာ့ပညာရှင်များအလယ်တွင် ထင်ရှားကျော်ကြားလှသော မြန်မာပညာရှင်များနှင့်
- မြန်မာဆရာတော်ကြီးများ ရေးသားပြုစုခဲ့သည့် ဗုဒ္ဓဝင်၊ သာသနာဝင်ကျမ်းများမှ အစပြု၍ နေ့စဉ်မှတ်တမ်း၊ မေတ္တာစာ၊ ပြဇာတ်၊ ဝတ္ထု၊ ဓမ္မသတ်နှင့် ရာဇဝင်ကျမ်းများကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုရေးသားနိုင်ခဲ့သဖြင့် ကမ္ဘာကျော်ခဲ့သော မြန်မာစာအုပ်များအကြောင်း

## ကမ္ဘာသိမြန်မာများနှင့် ကမ္ဘာသိမြန်မာစာအုပ်များ

**မောင်ဖေယျာ**

နိုင်ငံစုံသံတမန်ဆက်ဆံရေး၏ ဗဟိုအချက်အချာဖြစ်သည့် ကမ္ဘာ့ကုလသမဂ္ဂနှင့် မြန်မာနိုင်ငံတော်၏ကဏ္ဍကို မထိုင်ထားလျက် ကုလသမဂ္ဂတွင် မြန်မာနိုင်ငံ ပါဝင်ဆောင်ရွက်ခဲ့သည်တို့ကို ကြွယ်ဝလှသော စာတွေ့ကိုယ်တွေ့များဖြင့် ယှဉ်တွဲပြုစုထားသော –

# မြန်မာ့အရေး ကမ္ဘာ့အရေး

## နိုင်ငံစုံ သံတမန်ဆက်ဆံရေး

## Conference Diplomacy [ မိတ်ဆက် ]

## ဦးအောင်သန့်

၂၀၀၇ ခုနှစ်၊ တွန်းဖောင်ဒေးရှင်းစာပေဆု (ရည်ညွှန်းကျမ်းစာပေ)ဆုရ စာအုပ်

---

Talk about the Myanmar chronicle, and the almost immediate response is, "Ah yes, *The Glass Palace Chronicle*." And if the person making the response is not Myanmar, his reference is almost certainly to Pe Maung Tin and Luce's translation of the *Chronicle*, not to the Myanmar original.

- *Tun Aung Chain*

Professor and Member of the Myanmar Historical Commission

## THE GLASS PALACE CHRONICLE
OF
## THE KINGS OF MYANMAR

TRANSLATED BY

PE MAUNG TIN & G.H. LUCE

---

Myanmar has a long and rich tradition of literature, largely undiscovered by other countries due to the unavailability of translation.

Here in this volume is a selection of short stories, ranging from one written in the 1930s to the present day. They cover a wide range of subjects but the common factor is that each gives a glimpse of the nature of the people of Myanmar, who are the true representatives of the country.

## SELECTED MYANMAR SHORT STORIES

TRANSLATED BY


**MA THANEGI**

---

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



- မြန်မာ့လွတ်လပ်ရေးသမိုင်း၊ နိုင်ငံရေးသမိုင်းတွင် အဓိကနေရာမှ ပါဝင်လှုပ်ရှားခဲ့သူအချို့တို့၏ အတ္ထုပ္ပတ္တိကို စာရေးသူကိုယ်တိုင် တွေ့ဆုံ မှတ်တမ်းတင်ထားသည့် စာအုပ် ---
- **သက်ရှိရာဇဝင်** ဟူသည့် အမည်အတိုင်း ၎င်းတို့၏ ပုဂ္ဂိုလ်ရေးဘဝ၊ နိုင်ငံရေးဘဝကို လေ့လာရင်း မြန်မာ့နိုင်ငံရေးသမိုင်းကိုလည်း ခြေရာကောက်နိုင်မည့် ပညာရှင် ဒေါက်တာမောင်မောင် ၏ အနုပညာမြောက် ခြယ်မှုန်းထားသည့် စာအုပ် ---

BURMESE CLASSIC .com

khit kyawzwar

www.burmeseclassic.com